www.burmeseclassic.com



BURMESE CLASSIC .com

# ဇော်ဂျီ
# မဟာဆန်ချင်သူ

သတ္တမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC .com

# ဆရာဇော်ဂျီ [ ၁၉၀၇– ၁၉၉၀ ]

ဧရာဝတီတိုင်း ဖျာပုံမြို့တွင် အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့မှ ၁၉၀၇ ခု မေလ ၁၂ ရက် သောကြာနေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးသိန်းဟန် ဖြစ်သည်။
ဖျာပုံမြို့ အမျိုးသား အထက်တန်းကျောင်း၊ ရန်ကုန် မြို့မ အမျိုးသား အထက်တန်းကျောင်း၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ခဲ့သည်။ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(၁၉၂၉–၃၀)၊ မဟာဝိဇ္ဇာဘွဲ့(၁၉၃၆)၊ ဒဗ္ဗလင်တက္ကသိုလ်မှ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့(၁၉၄၀) တို့ကို ရခဲ့သည်။
ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် မြန်မာစာနည်းပြ (၁၉၃၀)၊ မြို့မ အမျိုးသား အထက်တန်းကျောင်း အထက်တန်းပြ(၁၉၃၁–၃၄)၊ မန္တလေး ဥပစာကောလိပ် မြန်မာစာနည်းပြ (၁၉၃၆–၁၉၃၈)၊ တက္ကသိုလ် စာကြည့်တိုက်မှူး(၁၉၄၀)၊ ဂျပန်ခေတ် ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ဒုတိယ ကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ ကျောင်းသုံးစာအုပ်ပြုစုရေး ညွှန်ကြားရေးမှူး(၁၉၅၂–၅၈)၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ(၁၉၅၉)၊ ဂုဏ်ထူးဆောင် မြန်မာစာပါမောက္ခ (၁၉၆၁)၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ(၁၉၆၅–၁၉၇၅) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးအဖြစ်မှ ၁၉၆၇ တွင် အငြိမ်းစားယူသည်။
၁၉၂၃ မှ စ၍ ကဗျာများ စ ရေးသည်။ ထင်ရှားသော စာအုပ်များမှာ **မဟာဆန်ချင်သူ** (၁၉၃၄၊ ၁၉၇၀)၊ **ဂျူရတ်နှင့်မားဂရက်** (၁၉၄၁)၊ **ဗိုလ်တောက်ရွှေဝါ ကဗျာများ** (၁၉၅၁)၊ **သခင်ကိုယ်တော်မှိုင်းဋီကာ**(၁၉၅၅)၊ **ဇော်ဂျီ၏ စာ**(၁၉၆၀)၊ **ဗေဒါလမ်းကဗျာများ** (၁၉၆၃၊၁၉၉၇)၊ **ရသစာပေနိဒါန်း**(၁၉၆၅)၊ **ရသစာပေအဖွင့်**(၁၉၆၆)[**ရသစာပေ နိဒါန်းနှင့် အဖွင့်** (၁၉၇၆)]၊ နိုဗဲဆုရ စာရေးဆရာများနှင့် သူတို့၏ ကမ္ဘာကျော် ဝတ္ထုတိုများ ဖြစ်သည့် **မိုးကြယ်မို့လား**(၁၉၆၆)၊ **လမ်းသစ်**(၁၉၆၆)၊[**မိုးကြယ်မို့လားနှင့် လမ်းသစ် ဝတ္ထုတိုများ** (၁၉၇၇)]၊**နင်လားဟဲ့ ချစ်ဒုက္ခ**(၁၉၇၉၊၁၉၈၄)။ **ကဗျာပေါင်းချုပ်**(၁၉၆၇)၊ **ပလေးတိုးနိဒါန်း** (၁၉၆၇၊ ၁၉၉၆)၊ **ကဗျာပေါင်းချုပ်သစ်**(၁၉၇၄)၊ **သိန်းနှင့် ကျားဋီကာ**(၁၉၈၄)၊ **ရွှေခေတ်ပုဂံ ကဗျာများ** (၁၉၈၇)၊ စာပေါင်းချုပ် ပထမတွဲ(၁၉၉၃)၊ ဒုတိယတွဲ(၁၉၉၄)၊ တတိယတွဲ (၁၉၉၄)၊ စတုတ္ထတွဲ(၁၉၉၅)တို့ ဖြစ်ကြသည်။ 'စိတ္တသုခ လင်္ကာ'ဖြင့် သစ္စဝါဒီဆု (၁၉၂၄)၊ 'သခင်ကိုယ်တော်မှိုင်းဋီကာ'ဖြင့် စာပေဗိမာန် စာပဒေသာဆု(၁၉၅၅)၊ 'နင်လားဟဲ့ ချစ်ဒုက္ခနှင့် အခြားဝတ္ထုတိုများ'ဖြင့် အမျိုးသားစာပေ ဘာသာပြန် ရသစာပေဆု(၁၉၇၉)၊'ရွှေခေတ် ပုဂံကဗျာများနှင့် အခြားကဗျာများ'ဖြင့် အမျိုးသားစာပေ ကဗျာဆု(၁၉၈၇) ရရှိခဲ့သည်။
၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် အနိစ္စရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၃၄၀/၂၀၀၀ (၅) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၈၁၈ / ၂၀၀၀ (၁၁) ]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် -(၁၉၃၄)
ဒုတိယအကြိမ် -(၁၉၃၅)
တတိယအကြိမ် -(၁၉၃၆)
စတုတ္ထအကြိမ် -(၁၉၄၀)
ပဉ္စမအကြိမ် -(၁၉၆၅) ပုဂံစာအုပ်တိုက်
ဆဋ္ဌမအကြိမ် -(၁၉၇၀) ပုဂံစာအုပ်တိုက်
သတ္တမအကြိမ် -(၂၀၀၁) ရာပြည့်စာအုပ်တိုက်

အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ

ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ပ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ

ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်

အေဇက်

❑

စာအုပ်ချုပ်

ကိုမြင့်

❑

မျက်နှာဖုံး ဝန်းချို

ဝသုန်

❑

တန်ဖိုး

၃၅၀ ကျပ်

## မာတိကာ

- တတိယအကြိမ် တည်းခြင်းအတွက် အမှာစာ ၉
- ဒုတိယအကြိမ် တည်းခြင်းအတွက် အမှာစာ ၁၀
- ကျွန်ုပ် ဘာသာပြန်တုန်းက ၁၁

၁။ **မဟာဆန်ချင်သူ** ၁၅
  နိဒါန်း ၁၆
  မိုးလျှံနှင့် မဟာဆန်ချင်သူပြဇာတ် ၁၉

၂။ **အမေ့မင်္ဂလာ** ၁၃၇
  နိဒါန်း ၁၃၈

၃။ **စိန်တစ်လုံး** ၁၆၇
  နိဒါန်း ၁၆၈

၄။ **ရသေ့ဝှ** ၁၉၁

၅။ **သကုဏ္ဍလ** ၂၀၃

၆။ **မဲဇာတောင်ခြေရတု** ၂၃၇
  သရုပ်ဖော်ပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com

## တတိယအကြိမ် တည်းခြင်းအတွက်
## အ မှာ စာ

ဤအကြိမ်တွင်လည်း အခြေခံသဘောကို မပြောင်း။ ဒုတိယအကြိမ် တည်းခဲ့သော စာတို့ကို ပိုမို ချောမောပြေပြစ်အောင် နေရာအချို့၌ ပြုပြင်ပေးခြင်းမျှသာ ဖြစ်ပါသည်။

၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ။ ဇော်ဂျီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယအကြိမ် တည်းခြင်းအတွက်
## အ မှာ စာ

မဟာဆန်ချင်သူ ပြဇာတ်ကို ၁၉၃၄ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ဖြစ်ပါသည်။ ထိုအခါမှစ၍ ပြန်လည် ကြည့်ရှုနိုင်ခြင်း မရှိဘဲ အဆင်သင့်သလို ပုံနှိပ်ခဲ့သည်ဖြစ်ရာ အမှားအယွင်း၊ အပေါက်အကျများ ရှိခဲ့သည်ကို သတိပြုမိပါသည်။ ဤတစ်ကြိမ်တွင် အမှားအယွင်းတို့ကို လည်းကောင်း၊ အပေါက်အကျ တို့ကို လည်းကောင်း ပြင်ဆင်နိုင်ခွင့် ရသဖြင့် တတ်အားသမျှ ပြင်ဆင်ခဲ့ပါသည်။ ထို့ပြင် မပီသ သည်ကို ပီသအောင်၊ မချော သည်ကို ချောအောင် ပြင်ဆင်ခြင်းလည်း ရှိပါသည်။ သို့ရာတွင် အခြေခံသဘောကိုကား မပြောင်းမလဲ ထိန်းမြဲ ထိန်းထားပါသည်။

ထို့ပြင် ဆိုစရာရှိသေးသည်မှာ မဟာဆန်ချင်သူ ပြဇာတ်နှင့်အတူ တစ်ခန်းရပ် ပြဇာတ်ငယ် ငါးဇာတ်ကို ပူးတွဲ၍ ပုံနှိပ်ခြင်း ဖြစ်သည်။ ထိုဇာတ်များကို စစ်ပြီးခေတ်တွင် မဂ္ဂဇင်းများ၌ ဖတ်ဖူးကြမည်ဟု ထင်ပါသည်။ ထိုဇာတ် ငါးဇာတ်အနက် "အမ္ဗမင်္ဂလာ" ဇာတ်နှင့် "စိန်တစ်လုံး" ဇာတ်တို့သည် ဆီလျော်အောင် မြန်မာပြန်ထားခြင်း ဖြစ်၍၊ "ရသေ့ဂူ" ဇာတ်သည် ကျောင်းကပွဲအတွက် အရေးခိုင်းသဖြင့် မရေးတတ် ရေးတတ် မျက်စိကန်းတစ္ဆေမကြောက် ရေးခဲ့ရသော ဇာတ် ဖြစ်ပါသည်။

ထို့ပြင် ထိုဇာတ် ငါးဇာတ်အနက် ဇာတ်သုံးဇာတ်သည် ဇာတ်ခုံ၌ ခင်းကျင်းပြသဖူးသော ဇာတ်များဖြစ်၍၊ "အမ္ဗမင်္ဂလာ" ဇာတ် တစ်ဇာတ်သာလျှင် ခင်းကျင်းပြသခြင်း မပြုဖူးသေးသော ဇာတ်ဖြစ်သည်။ ထိုဇာတ်တို့ကို မဟာဆန်ချင်သူ ပြဇာတ်ကဲ့သို့ပင် ယခုအခါ၌ အမှားအယွင်း၊ အပေါက်အကျတို့အတွက် လည်းကောင်း၊ ပီသမှု၊ ချောမောမှုတို့အတွက် လည်းကောင်း ပြင်ဆင်ခွင့်ရသဖြင့် ပြင်ဆင်ထားပါသည်။

၁၉၆၅ ခုနှစ်၊ မတ်လ။ ဇော်ဂျီ

BURMESE CLASSIC .com

## ကျွန်ုပ် ဘာသာပြန်တုန်းက

လူမျိုးခြားတို့၏ စာပေများကို မြန်မာဘာသာပြန်ဆို၍ ပျံ့နှံ့စေရလျှင် မြန်မာပြည်မှာ အကျိုးဖြစ်ထွန်းလိမ့်မည်ဟု ကျွန်ုပ် ယုံကြည်သည်။ အများလည်း ယုံကြည်ကြလိမ့်မည်ဟု ကျွန်ုပ် ထင်သည်။ ကျွန်ုပ် ယုံကြည်ပုံမှာ (၁) မြန်မာဘာသာ ဝေါဟာရ အားအင်ကြီးထွားလာမည်။ (၂) မြန်မာအမျိုးသားစာဖတ်သူတို့သည် ဉာဏ်သစ် စိတ်ကူးသစ်၊ ဉာဏ်အထူးအဆန်း စိတ်ကူးအထူးအဆန်းတို့ကို ဖတ်ဖူးလာကြလိမ့်မည်။ (၃) ဉာဏ်ခံကြီးသော အမျိုးသားတို့သည် အမြင်သစ်ကို မြင်၍ ဉာဏ်သစ်ကို ထုတ်တတ်လာကြလိမ့်မည်။

ကျွန်ုပ် ကျကျနန ကျေကျေနပ်နပ် ဘာသာပြန်သည်ဟု ဆိုရသော စာအုပ်ဦးရေမှာ နှစ်အုပ်သာ ရှိသေးသည်။ "မဟာဆန်ချင်သူ"ပြဇာတ်နှင့် "သကုန္တလာ"ပြဇာတ်တို့ ဖြစ်သည်။ သကုန္တလာမှာ ကျွန်ုပ် ဘာသာပြန်တုန်းတန်းလန်းပင် ရှိသေးသည်။ မဟာဆန်ချင်သူ မူလဇာတ်မှာ ပြင်သစ်ဘာသာဖြင့် ရေးသားသော ဇာတ်ဖြစ်၍၊ သကုန္တလာ မူလဇာတ်မှာ သက္ကတဘာသာဖြင့် ရေးသားသော ဇာတ်ဖြစ်သည်။ ကျွန်ုပ်သည် ပြင်သစ်ဘာသာကိုလည်း မတတ်၊ သက္ကတကိုလည်း မတတ်သောကြောင့် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသော စာအုပ်များကို ဖတ်ရှု၍ မြန်မာဘာသာ ပြန်ဆိုရသည်။

ကျွန်ုပ်သည် မဟာဆန်ချင်သူကို "ဆီလျော်အောင်" ဘာသာပြန်သည်။ သကုန္တလာကို "တိုက်ရိုက်"ဘာသာပြန်သည်။ ဆီလျော်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်ခြင်း ဆိုသည်မှာ မူရင်းဇာတ်တွင် ပါဝင်သော လူမျိုးတို့၏ နာမည်၊ အလေ့အထ၊ အမူအရာ၊ အသုံးအနှုန်းတို့ကို ပယ်၊ လူ့သဘော၊ ဇာတ်သဘောကိုသာ ယူပြီးနောက် တိုင်းရင်းသားတို့၏ နာမည်၊ အလေ့အထ၊ အမူအရာ၊ အသုံးအနှုန်းတို့နှင့် တွဲစပ်၍ ဘာသာပြန်ခြင်း ဖြစ်သည်။ တိုက်ရိုက်ဘာသာပြန်ခြင်း ဆိုသည်မှာ မူရင်းဇာတ်တွင် ပါဝင်သော လူမျိုးတို့၏ နာမည်၊ အလေ့အထ၊ အမူအရာ၊ အသုံးအနှုန်းတို့ကိုလည်း ယူ၊ လူ့သဘော၊ ဇာတ်သဘောကိုလည်း ယူ၍ ဇာတ်မူရင်းအတိုင်း ဘာသာပြန်ရာတွင် ဘာသာပြန်သူ၌ ဘာသာပြန်နိုင်သော သတ္တိအပြင် တိုင်းရင်းသားတို့၏သဘော သက်ဝင်အောင် ညှိနှိုင်းတတ်သော သတ္တိလည်း လိုအပ်လှပေသည်။ တိုက်ရိုက် ဘာသာပြန်ရာတွင်မူကား ညှိနှိုင်းတတ်သော သတ္တိ မလိုတော့ပေ။ သို့ရာတွင် အလွန်သေချာ၊ အလွန်စေ့စပ်ရသော သတိနှင့် ဉာဏ်လိုပေသည်။

မဟာဆန်ချင်သူ ဇာတ်ကို ဆီလျော်အောင် ဘာသာမပြန်ခင် ကျွန်ုပ်သည် ဤဇာတ်ကို လေးခါတိတိ ဖတ်သည်။ ပထမတစ်ကြိမ် ဖတ်လိုက်ကတည်းက ကျွန်ုပ် အလွန်နှစ်သက်သည်။ မူလ ဇာတ်ရေးဆရာကြီး မိုးလျဲ၏ အာဘော်ကို ရေးရေးမျှ သိလိုက်သည်။ မိုးလျဲသည် မဟာသွေးနှင့်ပေါင်းမှ ဂုဏ်ရှိသည်၊ မဟာသွေးနှင့် အကျွမ်းဝင်မှ ပေါ်ထင်သည်၊ မဟာသွေးတုကို တုမှ ယဉ်ကျေးသည်ဟု တကယ်အထင်ကြီးနေ၍ မြင်းစီးလို့မှ အထီးမှန်း အမမှန်း မသိ၊ အကြွား တဖောင်ဖောင်နှင့် ယောင်တောင်တောင် အတတ ခွကျလှသော လူစားကို ပြောင်လှောင်လိုသည်၊ အပြစ်တင်လိုသည်။ ၎င်းအပြင် လူပြိန်း နားမလည်နိုင်လောက်အောင် စကားပြောတတ်၍၊ လူ့သဘောကို ဂရုမထားဘဲ ရှေ့နှင့် နောက် မညီညွတ်ကြ၊ ဒေါသကြီးတတ်ကြသော ပညာတတ် ကျမ်းတတ် ပုဂ္ဂိုလ်မျိုးကိုလည်း ကဲ့ရဲ့သည်။ ဤလူ့ဇာတိ သဘောနှစ်ရပ်ကို မိုးလျဲသည် ပရိသတ်တို့၏ နား၊ မျက်စိတွင် ထင်ရှားစွာ ပေါ်ထင်လာအောင် သရုပ်ဖော်၍ ရေးသားသည်။ ရေးရာတွင်





လည်း ရုပ်ပြောင်ကာတွန်း ဆရာများကဲ့သို့ တဟားဟား တဝါးဝါး ရယ်မောစရာ ဖြစ်အောင် ရေးသားလေသည်။ ပြောင်လှောင်ရာတွင်လည်း မိုးလျဲသည် ပရိသတ်တို့၏ စိတ်၌ "ဪ ဒီလို လူစားမျိုးတွေဟာ လောကမှာ ရှိကြတာပဲ။ သနားဖို့သာ ကောင်းတော့တယ်" .စသော ကောင်းမြတ်သော စေတနာများ ဖြစ်ပေါ်လာအောင် ပြောင်လှောင်ထားသည်။

ကျွန်ုပ်သည် မိုးလျဲကို ချီးမွမ်း၍ မနေနိုင်တော့ပြီ။ ငါတို့ မြန်မာပြည်တွင် သူ ပြောင်လှောင်ထားသော လူစားမျိုးတွေ အများကြီး ရှိပါတကားဟု တွေးမိသည်။ ကျွန်ုပ် ကိုယ်ကိုပင် ကျွန်ုပ် မသင်္ကာချင်သလိုလို ဖြစ်လာသည်။ တိတ်ဆိတ်စွာ နေ၍ မဖြစ်ကပြီ။ စိတ်၌ ဆင်ခြင်မိ၊ သတိဖြစ်မိသကဲ့သို့ ငါ့အမျိုးသားတို့လည်း ဆင်ခြင်နိုင်ကြပါစေ၊ သတိပြုနိုင်ကြပါစေ။ ငါ ဘာသာပြန်တော့အံ့။ ပြန်လည်းပြန်၏။ အောင်မြင်လည်း အောင်မြင်ခဲ့ပြီ။

မြန်မာတို့၏ သဘောနှင့် ယှဉ်တွဲ၍ ဘယ်ကဲ့သို့ ဆီလျော်အောင် ပြန်နိုင်ပါအံ့နည်း။ အခက်အခဲများ ပေါ်လာလေသည်။ ဤအချက်သည် ဆီလျော်အောင် ဘာသာပြန်လိုသူတို့၏ အရေးတော်ပုံတည်း။

ဇာတ်လမ်းမှာ ဤသို့ ဖြစ်သည်။ ပါရစ်ရွှေမြို့တော်တွင် ဂျော်ဒိန်းမည်သော သူဌေးနှင့် သူဌေးကတော်တို့တွင် ချစ်မြတ်နိုးအပ်သော သမီးတစ်ယောက် ရှိသည်။ ဂျော်ဒိန်းသည် မင်းနှင့် ကျွမ်းဝင်လိုသူ ဖြစ်သဖြင့် မဟာဆန်သူ ပီပြင်အောင် မိမိကိုယ်ကို မိမိ ကြိုးစားနေသည်။ ခေတ်ဆန်သော အဝတ်အကျီကိုမှ ဝတ်ချင်သည်။ မင်းညီမင်းသားများတို့ကဲ့သို့ အတီးအမှုတ်၊ အကအခုန်၊ ဓားရေး လှံရေး၊ ကဗျာလင်္ကာတို့ကို တတ်လိုသည်။ နန်းတော်သူကလေး တစ်ယောက်ကိုလည်း မယားငယ် ပြုလိုသည်။ ဘယ်နေရာမှာမှလည်း မစွမ်း။ မစွမ်းလျက်နှင့်လည်း တဖောင်ဖောင်၊ ဟိတ်လုံးဟန်လုံး ထွား၍ တတ်ယောင်ကား လုပ်ချင်သေးသည်။ မယားက ဆုံးမ၏။ နားမထောင်။ သမီးက ဖျောင်းဖျ၏။ နားမဝင်။ အခိုင်းအစေက မဲ့ရွဲ့၏။ ဒေါသပင် ထွက်သေးသည်။ ဖြစ်ရပုံမှာ ဂျော်ဒိန်းသည် သူ့သမီးကို ဝန်



www.burmeseclassic.com

www.burmeseclassic.com



ကတော် ဖြစ်စေချင်၏။ 'မိဖုရားဖြစ်အောင် အကြံမထုတ်ရလား' ဟုပင် ကြိမ်းမောင်းလိုက်သေးသည်။ သမီးကား ကုန်သည်သားတစ်ယောက်နှင့် မေတ္တာရည်ငံရင်း ရှိ၏။ မအေကလည်း သဘောတူသည်။

နောက်ဆုံးတွင် ချစ်သမီး၏ ရည်းစား ကုန်သည်၏ သားသည် အဘိုးကြီး၏ အကြိုက်ကိုလိုက်၍ မင်းသားယောင်ဆောင်ပြီး သကာလ သမီးကို ညာ၍ လက်ထပ်လိုက်လေသည်။ ဂျော်ဒိန်းမှာ နန်းတော်သူကိုလည်း မယားငယ် မပြုလိုက်ရ၊ သမီးကိုလည်း မှန်းရွယ်သည့်အတိုင်း မဆောင်ရွက်လိုက်ရဘဲ ပိုက်ဆံကုန်၊ လူပန်း အဖတ်တင် ကျန်ရစ်ခဲ့တော့သတည်း။

ကျွန်ုပ်သည် မဟာဆန်ချင်သူကို မြန်မာနှင့် ဆီလျော်အောင် ဘာသာပြန်ခဲ့သည်။ နောက်ဆုံး ကျွန်ုပ် ပြောလိုသည်မှာ မူလ ပြင်သစ်ဆရာကြီး၏ အာဘော်ကို ကျွန်ုပ် အလွန်ဂရုစိုက်သည်။ အရေးအသားတွင်လည်း စကားယဉ်ကို ကျွန်ုပ် ပဓာန မထား။ သူ့မူအတိုင်း ရိုင်းလျှင် ရိုင်းသလို၊ ယဉ်လျှင် ယဉ်သလို၊ ကြမ်းလျှင် ကြမ်းသလို၊ ရွှန်းလျှင် ရွှန်းသလို ရေးသားသည်။ ဇာတ်ခန်း ဇာတ်ကွက်ကိုလည်း မူအတိုင်း ခွဲပေးထားသည်။ ဘာသာပြန်သူသည် မူလစာကို ပြင်ဆင်ရန် မဟုတ်၊ မူလဆရာ၏ အာဘော်၊ အာဝဇ္ဇန်းရှိသမျှတို့ကို မဖျက်ဆီးအပ်။ မူလဆရာ၏ ဘာသာစကားမှ ဘာသာပြန်သူ၏ ဘာသာစကားသို့ မူမပျက် ပြောင်းလွှဲပေးရန်သာ ဖြစ်သတည်း။

မောင်သိန်းဟန် (ဇ်ဝနာဘွဲ့ရ)

[ မြန်မာ့အလင်း နှစ်သစ်မင်္ဂလာသတင်းစာ၊ တန်ခူးလ၊ ၁၂၉၈ (ဧပြီ ၁၉၃၆) ]

# မဟာဆန်ချင်သူ ပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

မြန်မာသက္ကရာဇ် ၁၀၀၀ ကျော် ဝန်ကြီးပဒေသရာဇာ ရေးသော မဏိကက်ဇာတ်၏ ခေတ်မှစ၍ ဆတိုင်းမှူးတံ ဦးကူး ရေးသော လူဝံမောင်နှမ ပြဇာတ်ခေတ်အထိ ပြန့်ပွားလာခဲ့သော မြန်မာ နန်းတွင်းပြဇာတ်၊ ကဇာတ်များတွင် ပြောစကားများသည် ကာရန်စကားများ ဖြစ်ကြသည်။ စကား အသုံးအနှုန်းသည် အထိပ်အညွန့် အတွန့်အတက် များလှ၍ ယိုးဒယားပန်းခက်များနှင့် တူလှပေသည်။ တာဝတိံသာ၊ ဝေဇယန္တာနတ်နန်း၊ မြင်းမိုရ်တောင်၊ သီတာခုနစ်တန်၊ သတ္တရဘန်၊ ဗာရာဏသီ၊ သိကြား၊ နတ်၊ မြင်းပျံ၊ ဘီလူး၊ ဇော်ဂျီ၊ ရသေ့၊ မင်းသား ချောချော သတ္တိရှိရှိ၊ မင်းသမီးလှလှ သေးသေးသွယ်သွယ်၊ စကားတတ် အောင်သွယ် အပျိုတော် မကလေး များစွာပါသည်။ တစ်မျိုးလျှင် ဖတ်၍ကောင်းသော ဇာတ်မျိုးများပေတည်း။

တစ်ဖန် မြေပိုင်း ပုံရှည်ခေတ်မှစ၍ ရုံတိုး ဇာတ်ခုံခေတ်တိုင်အောင် ခင်းကျင်း ပြသလာခဲ့သော ဇာတ်ခင်းပုံ၊ ဇာတ်ကပုံတွင် နတ်ကတော်ထွက်၊ ဝန်ထွက်၊ ရှင်ဘုရင်ထွက်၊ တိုင်းပြည်တည်။ ထို့နောက် သိကြားဖြစ်ဖြစ်၊ ဘီလူးဖြစ်ဖြစ်၊ သူဌေးကြီးဖြစ်ဖြစ် ထွက်။ ထို့နောက် မင်းသမီး၊ မင်းသား အကအခုန် အဆိုတို့နှင့် နှစ်ပါးသွား။ လူရွှင်တော်များက ရယ်စရာများကို ညှပ်။ နောက် လွမ်းခန်း ဆွေးခန်း ဖော်။ ထို့နောက် အရှေ့လောကဓာတ်မှ ဝါရောင်ခြည် ထွက်ပေါ်လာပြီ ဖြစ်သဖြင့် ဇာတ်သိမ်းပြီးလျှင် ခေတ္တသာ သတိရတတ်၍ တော်တော်ကြာလျှင် မေ့သွားခြင်းကို





ခံရတတ်သော "ထို့ကြောင့် ဤလို" စသော ဩဝါဒများကို ဇာတ်ခုံပေါ်မှနေ၍ ကလေးများကို ဆုံးမသလို ဆုံးမ။ ထို့နောက် ပွဲသိမ်းလိုက်လေ၏။ တစ်မျိုးလျှင် ကြည့်၍ ကောင်းသော ဇာတ်ခင်းပုံ၊ ကပုံမျိုးများပေတည်း။

ယခု ဤဘာသာပြန် ပြဇာတ်သည်ကား ဖော်ပြခဲ့သော ဇာတ်မျိုးတို့နှင့် မတူ။ ဇာတ်ခင်းပုံမှာလည်း ဖော်ပြခဲ့သော ဇာတ်ခင်းပုံမျိုးနှင့် မတူ။ တစ်နည်းအားဖြင့် ဆိုရသော် ဤဘာသာပြန် ပြဇာတ်၌ မြန်မာတို့ ရှေးရိုး ဇာတ်သဘော မပါဟု ဆိုရပေမည်။ ထို့ကြောင့် ရှေးရိုး မြန်မာဇာတ်များနှင့်သာ မွေ့လျော်ခဲ့ကြသော သူတို့အား ဤနိဒါန်းမှနေ၍ တောင်းပန်ချင်သည်မှာ ဤဇာတ်မျိုးလည်း တစ်မျိုးကောင်းပေသည်ဟု ဆိုချင်ခြင်းပင်တည်း။ အုတ်အော အုတ်အောဟု မြည်တတ်သော ဥသြငှက်လည်း လွမ်းစရာဖြစ်သည်။ ကြက်ဖကြီးလည်း သူ့၏ အမောက်ကြီးတကားကားနှင့် လှပ ပေသတည်း။

ဤခေတ်တွင် ကျွန်ုပ်တို့သည် ရှေးရိုးသဘောနှင့်သာ ကျေနပ်နေဖို့ မဟုတ်။ တိုးတက်၍ ကြံစည်သင့်သော အချိန်လည်း ဖြစ်တော့သည်။ တိုးတက်၍ ကြံစည်ခြင်းသည် ထိတ်လန့်စရာ မဟုတ်ပေ။ ချစ်စရာသာ ဖြစ်သင့်လှပေသည်။

မြန်မာပြည်၌ ယခုအခါတွင် မြန်မာစာပေနှင့် စပ်လျဉ်း၍ ရှေးရိုးမပါလျှင် ထိုရှေးရိုးမပါသော စာမျိုးကို အရေးမယူလောက်သော စာဟု ယူဆလျက် နေကြသည်။ သို့ယူဆခြင်းသည် စင်စစ် မှားလေသည်။ အကြင် စာတစ်ပုဒ်သည် ရှေးရိုးကို မမီ၊ ကျမ်းဂန်ကို မမှီသော်လည်း လောကကို ကြံသော စာမှန်က စာမည်တော့သည်။ ယခင်အခါများက ကျွန်ုပ်တို့၏ မြန်မာစာပေသည် ထိုသို့ ထိုသို့ ဖြစ်ခဲ့သည်။ ယခုအခါတွင် ဤသို့ ဤသို့ အဘယ်ကြောင့် မဖြစ်နိုင်ပါသနည်း။

ဤ "မဟာဆန်ချင်သူ" ဘာသာပြန် ပြဇာတ်တွင် ပြင်သစ်လူမျိုး ဆရာကြီး မိုးလျဲသည် မိမိ၏ ပဋိဘာန်ဉာဏ်ဖြင့် ဤသတ္တလောကကြီးကို ပူပူနွေးနွေး သုံးသပ် လေ့လာပြီးလျှင် သောလုံးလှိုင်လှိုင်ဖြင့် တန်ဆာဆင်ထားသော "လူ့ဇာတိ" တစ်ခုကို ပြခဲ့သည်။ ထို့ကြောင့် ဤပြဇာတ်ကို ဖတ်ရှုသူတို့သည် မှတ်စရာ သားစရာဟု ခေါ်ဆိုကြသော မှတ်စရာ သားစရာ ဗဟုသုတ အတိုအစတို့ကို



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီး အလေးမမူဘဲ၊ ဆရာကြီး မိုးလျှံ မြင်သလို မြင်အောင်ကြည့်၍ ဆင်ခြင်ကြပါကုန်။

ဤပြဇာတ်ကို ဘာသာပြန်ဆိုရာတွင် ကျွန်ုပ်အား ကူညီကြသော ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်အုပ် ဝိဇ္ဇာဘွဲ့ရ ဦးခင်ဇော်၊ ဝတ်လုံတော်ရ ဦးချန်ထွန်းနှင့်တကွ ဘန်ကောက်မြို့မှ စာလာသင်သော မြို့မကျောင်းသားဟောင်း မောင်ဘိုးစိန် တို့ကို ကျေးဇူးတင်ပါသည်။ ရှေးဦးစွာ "ဆရာဝန်ပါပဲ" ပြဇာတ်ကို ဘာသာပြန်ခဲ့သော ဦးဘသောင်းကိုလည်း သတိရပါသည်။

၁၂၉၃ ခု ကဆုန်လ။ မောင်သိန်းဟန်

၁၉၃၁။

## မိုးလျှံနှင့် မဟာဆန်ချင်သူ ပြဇာတ်

မိုးလျှံ၏ နာမည်ရင်းသည် ပိုကယ်လင် ဖြစ်သည်။ ကုန်သည်မျိုးရိုး ဖြစ်၏။ ခရစ်သက္ကရာဇ် ၁၆၂၂ ခုနှစ်တွင် ပြင်သစ်မြို့တော် ပါရစ်၌ ဖွားမြင်သည်။ ငယ်ရွယ်စဉ် အခါက ဂရိတ်လူမျိုး၊ ရောမလူမျိုး ပညာရှိတို့ ရေးသားသော ယထာဘူတကျမ်းများကို လေ့လာခဲ့ဖူးသည်။ မိုးလျှံသည် ကုန်သည်မျိုးရိုး ဖြစ်သော်လည်း အတီးအမှုတ် အကအခုန်၌ ဝါသနာပါသဖြင့်၊ အသက် နှစ်ဆယ် ပြည့်သောအခါ မိမိကိုယ်တိုင် ဇာတ်ထောင်၍ ပါရစ်မြို့တော်တွင် ခင်းကျင်းပြသကာ အသက်မွေးသည်။ ထိုအခါက ပါရစ်မြို့တော်တွင် နိုင်ငံကိစ္စ ထူထပ်လှသဖြင့် သူ၏ဇာတ်ကို မည်သူမျှ ဂရုမစိုက်နိုင်ကြချေ။ မိုးလျှံသည် မွဲလေသည်။ ပွဲ၌ထွန်းသော ဖယောင်းတိုင်ဖိုးကိုပင် အကျေ မပေးနိုင်သဖြင့် ခေတ္တ အချုပ်အနှောင် ခံရဖူးသည်။

ပါရစ်မြို့တော်၌ လေးနှစ်တိုင်တိုင် ဇွဲကောင်းကောင်းဖြင့် မိမိ၏ဇာတ်ကို ထင်ပေါ်အောင် ကြိုးစားပါသော်လည်း အထ မမြောက်ခဲ့ချေ။ နောက်ဆုံး၌ မိမိ၏ ဇာတ်သမားများနှင့် နယ်သို့ ထွက်၍ ဇာတ်ရေးကာ တစ်လှည့်၊ ဇာတ်ကကာ တစ်လှည့် အသက်မွေးရသည်။ ကျော်စောခြင်းလည်း ရှိလာသည်။ ဆယ့်လေးပါးမြောက် လွီဘုရင်သည် သူ၏ဇာတ်များကို နှစ်သက် အားရတော်မူသဖြင့် ပါရစ်မြို့တော်သို့ ခေါ်၍ မြှောက်စားချီးမြှင့်သည်။

မိုးလျှံသည် သနားကြင်နာတတ်သောသူ ဖြစ်သည်။ ရက်ရောခြင်း ရှိ၍ ပျော်ပျော်ရွှင်ရွှင် နေတတ်သူ ဖြစ်သည်။ သူရေးသော ဇာတ်များသည် ဟာသဇာတ်



www.burmeseclassic.com

www.burmeseclassic.com



များသည်။ ရေးသော အကြောင်းအရာသည် သူ့ခေတ်က "လောကီထုပ္ပတ်လူတို့ဇာတ်" အကြောင်း ဖြစ်သည်။ ပြဇာတ်ရေးရာတွင် ဂုဏ်ပကာသနကို လွန်မင်းစွာ ခုံမင် လိုက်စားတတ်သော လူစားတို့၏ သဘော၊ ကြောင်သူတော်တို့၏ သဘော၊ ဆေးသမား အတုအယောင်တို့၏ သဘောကို အများသိကြအောင်၊ သတိထားမိလာကြအောင် ပြောင်လှောင်၍ ရေးသားသည်။ ဟာသနှင့် လူ့လောက ရေးပြမှုအရာတွင် အင်္ဂလိပ်လူမျိုးတို့သည် မိုးလျဲကို ရှိတ်စပီးယားနှင့် နှိုင်းကြသည်။ ကျွန်ုပ်တို့အဖို့မှာ ဦးပုညနှင့် တူသည်ဟု ဆိုသင့်သည်။

ဤမြန်မာဘာသာပြန် မဟာဆန်ချင်သူ ပြဇာတ်ကို ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီးသော (Le Bourgeois Gentilehomme) အင်္ဂလိပ်ဘာသာပြန်မှ မြန်မာဘာသာသို့ ပြန်ဆိုရသဖြင့် မူရင်း ပြင်သစ် ပြဇာတ်မှ နှစ်ဘ၀ ပြောင်းခဲ့ပေပြီ။ ထို့ကြောင့် မူရင်းပြဇာတ်၏ ဂုဏ်သတ္တိကို လက်ဆုပ်မိမိ သိနိုင်ရန် ခဲယဉ်းသည်။ ပြင်သစ်စာပေသမိုင်း၌ ဤပြဇာတ်သည် အကောင်းဆုံး ပြဇာတ်တစ်ပုဒ် ဖြစ်၍ အလွန်ကျော်စောသည်။

ဇာတ်လမ်းတစ်ခုလုံးသည် ဤမြန်မာဘာသာပြန် ဇာတ်၌ ဦးရွှေနှောင်း၏ အကြောင်း ဖြစ်သည်။ ဦးရွှေနှောင်းသည် ဆီကုန်သည်ဖြစ်၍ မင်းနှင့် အလွန်ယဉ်ပါးလိုသဖြင့် အပြောအဆို အနေအထိုင်မှစ၍ မဟာဆန် အောင်၊ ရပ်ကြီးသား ပီအောင် ကြိုးကြိုလျက် နေသည်။ ဆရာ အမျိုးမျိုးတို့ကို ငှား၍ မိမိအိမ်၌ ယဉ်ကျေးသည်၊ သိမ်မွေ့သည် ဆိုသော ထိုပညာများကို သင်ကြားလေ့လာသည်။ သင်ကြားရင်း မိမိကိုယ်ကို မိမိ အထင်ကြီး သွေးကြီးလာပြီးလျှင် မိမိ၏သမီးသည် မဟာဆီ မဟာသွေးနှင့်သာ ထိုက်တန်သည်ဟု ထင်နေသည်။ နောက်ဆုံး၌ ဂုဏ်ရည်ချင်း တူမျှသော သမီး၏ ချစ်ရည်းစားက ယိုးဒယား(ထိုင်း) မင်းသားယောင်ဆောင်၍ သမီးကို ယူလိုက်သည်။

ဇာတ်လမ်းသည် တိုလှသော်လည်း လူတို့၏ ဇာတိကိုပြရာတွင် ထင်ရှားလှ၍ ဟာသရသနှင့် ပြည့်စုံသည်။ အပြန်အလှန် ပြောဆိုသော စကားများ၌ ဇ၀နဉာဏ် ပါသည်။

## ဇာတ်ဆောင်သူများ

| | | |
|---|---|---|
| ဦးရွှေနှောင်း | = | ဆီကုန်သည်သူဌေး |
| ဒေါ်ခါ | = | သူဌေးကတော် |
| မရွှေသစ် | = | ဦးရွှေနှောင်း၏ သမီး |
| မယ်မှုန် | = | မရွှေသစ်ကို စောင့်ရှောက်သူ |
| မောင်ပန်းလွှာ | = | မရွှေသစ်၏ ရည်းစား |
| မောင်ဆောင်း | = | မောင်ပန်းလွှာကို စောင့်ရှောက်သူ |
| ခင်ခင်ထား | = | ၀န်ကတော်ကျ |
| မောင်မောင်ဆင် | = | ခင်ခင်ထား၏ ရည်းစား၊ ထုံးဘိုရှာစာ |
| ငကြွယ် နှင့် ငနွယ် | = | ဦးရွှေနှောင်း၏ အခိုင်းအစေများ |

နှင့်

အဆိုသင်ဆရာ၊ အကသင်ဆရာ၊ သဂြိုဟ်ဆရာ၊ သိုင်းဆရာ၊ အပ်ချုပ်သမား၊ ဖိနပ်ချုပ်သမား၊ သိကြား ဗြဟ္မာများ၊ ပုဏ္ဏားများ၊ အတီးအမှုတ် ဆရာများ၊ သူတို့၏ အခြားတပည့်လက်သားများ။

* * *

**အချိန်**

သီပေါမင်းတရား လက်ထက်တော်။

* * *

**နေရာ**

ရတနာပုံ မန္တလေးမြို့စွန်ရှိ ဦးရွှေနှောင်း၏ အိမ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း॥ ॥ ၁

### ဇာတ်ကွက် ၁

[ ဆီကုန်သည် ဦးရွှေနှောင်း၏ အိမ်သို့ အကသင်ဆရာ၊ အဆို
သင် ဆရာနှစ်ဦးနှင့် တပည့်လက်သားများ ရောက်လာကြစေ။]

အဆိုသင်ဆရာ ॥ ॥ ကဲ ကဲ၊ တပည့်တို့။ သူဌေးမင်းကို စောင့်ရင်း ဒီမှာ ထိုင်ကြကွယ့်။

အကသင်ဆရာ ॥ ॥ မင်းတို့ကလည်း ဒီမှာ ထိုင်ကြကွယ့်။

အဆိုသင်ဆရာ ॥ ॥ (တပည့်တစ်ယောက်ဆီသို့ လှမ်း၍) သီချင်း ရေးပြီးပြီလား ဟေ့။

တပည့် ॥ ॥ ဟုတ်ကဲ့၊ ပြီးပါပြီ။

အဆိုသင်ဆရာ ॥ ॥ မှန်း ... ကြည့်ရအောင်။ အဲ ... အဲ၊ တော်ပြီ တော်ပြီ။

အကသင်ဆရာ ॥ ॥ ဘယ့်နဲ့ ... နောင်ကြီးတို့က သီချင်းဆန်းတွေ ရေးနေ ထင်တယ်။

အဆို ॥ ॥ ဩော် ဆန်းဆို ကျုပ်တို့ သူဌေးမင်းက ခပ်ဆန်းဆန်း ကြိုက်သကောလေ။ စောင့်ရင်း ဆိုသလို၊ တပည့်ကျော်ကို အရေးခိုင်းထားရတယ်ဗျ။

အက ॥ ॥ တစ်ဆိတ် ဆိုကြည့်ရအောင်လေ။

အဆို ॥ ॥ အို ... ညီမောင်နှယ်၊ အလျင်လိုလှ ချေကလား။ သူဌေးမင်း ကြွလာတော့ ကြားရမှာပေါ့ဗျ။ သူဌေးမင်း ကြွလာပါတော့မယ်။ စောင့်ပါဦး။





အက ॥ ॥ ကောင်းပါ့ဗျာ၊ ကောင်းပါ့။ နို့ ... နောင်တော်တို့ ကျုပ်တို့ရဲ့ ပညာတွေဟာ စင်စစ် ကဲ့ရဲ့ ရှုတ်ချစရာတွေ မဟုတ်ဘူးနော်။ အင်မတန် အဖိုးတန်တဲ့ ပညာတွေ ဖြစ်တယ်။

အဆို ॥ ॥ အေးပေါ့။ အဖိုးတန်ဆို၊ ကျုပ်တို့မှာ ဦးရွှေနှောင်း လို လူမျိုးနဲ့တွေ့လို့ ငွေဝင်လမ်းမှန်ပြီး ကျုပ်တို့ရဲ့ လိုဘ ပြည့်စုံနေတယ် မဟုတ်လား။ ညီမောင်လည်း သိတဲ့အတိုင်း ဦးရွှေနှောင်းဟာ တကယ်ဆို ကိုယ်က ကုန်သည်ကပဲ။ ရိုးရိုးတန်းတန်း နေပါတော့လား။ အခုတော့ သူကလည်း သူ့ကိုယ်သူ မဟာမျိုး မဟာနွယ်ထင်ပြီး နန်းတော်သားများလို အယဉ်အကျေး အသိမ်အမွေ့ ကြိုက်လိုက်ရတာ လွန်လို့။ လောကမှာ ဒီလို လူမျိုးတွေချည်း ရှိနေမယ်ဆိုလျှင် ညီမောင်တို့ ကျုပ်တို့ဟာ ငွေပုံပေါ် ကားရားခွ ထိုင်နိုင်ကြတာပေါ့။

အက ॥ ॥ အို ... နောင်ကြီးနှယ်။ ကိုယ့်ဘက်ကိုချည်း ယက်သကိုးဗျ။ ပရဟိတဆိုသလို ကျုပ်တို့ရဲ့ ပညာကိုလည်း တတ်မြောက်အောင် သင်ပေးဖို့ ကိစ္စကလည်း ရှိပေသေးတယ် နောင်ကြီးရဲ့။

အဆို ॥ ॥ အေးလေ၊ ကိစ္စကလည်း ကိစ္စပေါ့။ နို့ပေတဲ့ ငွေများများ ပေးနိုင်ပါစေ ဆိုတာကိုလည်း အောက်မေ့ရလိမ့်မယ်။ ဒီလိုမှ မအောက်မေ့ရဘူးဆိုလျှင် ကျုပ်တို့ဟာ ဒီပညာကို ဘာလုပ်ဖို့ သင်မှာလဲ။ စဉ်းစားဦးလေ။

အက ॥ ॥ ကျုပ်တော့ အတည့်ပြောရမှာဖြင့် ဒီပညာကို သင်တာဟာ ဂုဏ်ကျက်သရေကို လိုလားလို့ သင်တာပဲ နောင်ကြီးရေ့။ ကျုပ်မှာတော့ ပရိသတ်က ဝိုင်းပြီး ဩဘာပေးလိုက်ပြီလား ဆိုလျှင် တစ်ကိုယ်လုံးကို စိမ့် စိမ့် သွားတာပဲ။ ဒီလိုရှိတယ် နောင်ကြီးရဲ့။ သဘင်ပညာ ဆိုတာဟာ ဘန်ဆာဆင်တတ်တဲ့ အလင်္ကာပညာမျိုး ဖြစ်တော့ လူရူး လူမိုက်တို့နဲ့ နည်းနည်းမှ တန်တာမဟုတ်ဘူး။ နားမလည် ပါးမလည်တဲ့ လူ့ငနွားရှေ့မှာ သွားပြီး ပညာစွမ်းကို ထုတ်ပြရမယ်ဆိုလျှင် ဗုန်းခနဲ လဲသေဖို့သာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အလင်္ကာပညာကို နားလည်တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်များက ကျုပ်တို့ရဲ့ ဗွမ်းရည်ကို တော်၏ မတော်၏ ချင့်ချိန်ပြီး ချီးမွမ်းလိုက်လျှင် ကျုပ်တို့မှာ ပင်ပန်းကျိုးလည်း နပ်၊ ဝမ်းလည်း မြောက်တာပဲ။ ဒီတော့ ကျုပ်တို့ရဲ့ သဘင်ပညာမှာ အရေးကြီးတဲ့ ရည်ရွယ်ချက်က ပရိသတ်များ နားလည်အောင် ပြသပြီး ချီးမွမ်းထောမနာ ပြုကြအောင် ကြံစည်တတ်ခြင်း ရှိရမယ်။ အတည့်ပြောရမှာဖြင့် ပညာရှိ မင်းပရိသတ်တို့ရဲ့ ချီးမွမ်းသံကလေးကို နားထောင်ရလျှင် အမြတ်ဆုံးပဲလို့ ထင်တယ်။

အဆို ။ ။ အေးပေါ့။ ကျုပ်လည်း အများက ဝိုင်းပြီး ချီးမွမ်းတာကို သဘောကျပါတယ်။ နှစ်သက် ဝမ်းမြောက်စရာလည်း ဖြစ်ပါတယ်။ ဝိုင်းဝိုင်းပြီး ချီးမွမ်းကြတာဟာ အကောင်းဆုံးပေါ့။ သို့သော် ချီးမွမ်းသံကလေးနဲ့သာ ကျေနပ်နေရမယ်ဆိုလျှင် ထမင်းငတ်လိမ့်မယ်။ ပညာရှိကြီးများ ချီးမွမ်းတာကိုသာ တစ်သက်လုံး နှစ်သက်နေမယ် ဆိုလျှင်လည်း ဝမ်းအကျောင်းရ ခက်တော့မပေါ့။ ဒီတော့ သူ့အကျိုး ကိုယ့်အကျိုး ဆိုတာလို အကျိုးနှစ်ခုဒွန်တွဲနေမှ ကောင်းတယ်။ ကုန်ကုန် ပြောလိုက်မလေ။ ငွေအိတ်ကြီးကို သွန်သွန်ပြီး ချီးမွမ်းမယ်ဆိုလျှင် ဘယ်ပြောကောင်းမလဲ ... ငါ့လူရ။ ကိုယ်တို့လူ ဦးရွှေနှောင်း ဆိုတာကတော့ တတ်ယောင်ကားနဲ့ ဘာမှ နားမလည်ရှိးမှန်ရဲ့။ သူ ပြောလိုက် ဆိုလိုက်လျှင် အလွဲချည်းပဲ။ နို့ပေတဲ့ ငွေဆိုတဲ့ ဒေါင်း ဒင်္ဂါးတွေကိုတော့ ရက်ရက်ရောရော ပေးသဗျ။ ငွေကသာ အရာရာမျိုးမှာ အောင်မြင်တယ် ဆိုတာကို ညီမောင် အသိသား မဟုတ်လား။ ဒီတော့ ဦးရွှေနှောင်းလို လူမျိုးဟာ ကျုပ်တို့အဖို့မှာ ပညာရှိများထက် အဖိုးတန်ဟန်ကျသဗျ။

အကာ ။ ။ အတည့် ပြောရမှာဖြင့် နှောင်ကြီးပြောတဲ့ စကားလည်း မှန်ရဲ့။ နို့ပေမဲ့ နှောင်ကြီးက ငွေစကား ပြောလွန်းအားကြီးတယ် ထင်တယ်။ အတ္တဟိတ ကိုယ်ကျိုးသက်သက် လိပ်ကြီးလို ကိုယ့်ဘက်ယက်တဲ့ သဘောဟာ သူယုတ်မာတို့ရဲ့သဘော ဖြစ်လေတော့ နှောင်ကြီးတို့လို၊





ကျုပ်တို့လို အလင်္ကာသမားများဟာ ဒီသဘောကို များများကြီး ရှောင်ဖို့ သင့်တယ်။

အဆို ။ ။ ဟော့ ဟော့၊ ဘုရားအလောင်းရဲ့။ တော်စမ်း။ မင့်ပါးစပ်က ဘုရား ဘုရား။ လက်ကတော့ ကိုးရိုးကားရား။ ဟိုလူကြီးက ငွေပေးတော့လည်း မင်း မယူဘဲနေတာ မဟုတ်ဘူး။ တော်ကွယ်။

အကာ ။ ။ ဩော်၊ ယူတာလည်း ယူတာ တခြားပေါ့ နှောင်ကြီးရဲ့။ နို့ပေမဲ့ နှောင်ကြီးက ငွေစကား ပြောလွန်းလို့ပါ။ တကယ်ဆိုတော့ သူ့ခမျာကို ပညာတတ်အောင်၊ ဝါသနာပါအောင် သင်ပေးရမယ်လို့လည်း အောက်မေ့ကောင်းပါတယ်။

အဆို ။ ။ ဟာ၊ မင်းလိုဖြင့် ငါလည်း အောက်မေ့တတ်သားပေါ့ကွ။ အေးလေ။ ဘာပဲပြောပြော၊ သူ ငှားရမ်း ခိုင်းစေတဲ့အတွက် တို့မှာ နာမည်တစ်လုံး ရဦးမှာပေါ့။ သူ့ကိုသာ မြှောက်ပေး၊ ငွေတော့ ကျပြီးသားပဲ။

အကာ ။ ။ တော်ဦး၊ တော်ဦး။ ဟောဟိုမှာ လာနေပြီ။

* * *

### ခန်းတွဲ ၂

[ ဦးရွှေနှောင်းသည် သားမွေးအင်္ကျီကြီးကို ဝတ်ဆင်၍ နောက်ပါ အနိုင်းအစေ နှစ်ယောက်နှင့် ထွက်လာစေ။ ]

ဦးရွှေနှောင်း ။ ။ အလို ဆရာတို့။ ဒီတစ်ခါ စောစောကြွလာကြသကိုး။ ကိုင်း ကိုင်း ... ဆရာတို့ရဲ့ ရှူးတူးတူး ပညာကလေးတွေကို ပြကြစမ်းလားဗျာ။

အကာ ။ ။ ဘာပြောတယ်၊ သူဌေးမင်းရဲ့။

နှောင်း ။ ။ ဟား ... ဟား ... ဟား။ အနို့ ဘယ်လိုဆိုရမလဲ။ အမိန့်ရှိကြစမ်းလားလေ။

အကာ ။ ။ ဩော် သူဌေးမင်းနယ်။ ကျွန်တော်တို့ရဲ့ သဘင်ပညာဟာ အဋ္ဌာရသ ၂၈ ပါးမှာ တစ်ပါး ပါတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



အဆို ။ ။ ကဲ ... ကဲ အဆင်သင့်ပဲ။ စကြစို့လေ။

နှောင်း ။ ။ ကျုပ်ဟာ ဒီမနက် သီသီကလေး အချိန်နောက်ကျသွားတယ်။ သည်းခံကြဗျ ... နော်ဗျာ။ ဘာကြောင့်လဲလို့ဆိုတော့ ကျုပ်က ယနေ့တော့ တကယ့် ဂုဏ်နဲ့ဒြပ်နဲ့ ပြည့်စုံကြွယ်ဝတဲ့ လူကုံထံ ရွှေမြို့တော်သားများလို ဝတ်စားဆင်ယင်ချင်တဲ့ ဆန္ဒအာသီသ ရှိသကိုးဗျ ... ဟုတ်စ။ ကျုပ်မိတ်ဆွေတစ်ဦးက ရွှေမြို့တော်မှာ မပေါ်သေးတဲ့ ပဝါတစ်ပိုင်ကို လက်ဆောင်အဖြစ် ပို့လိုက်တယ်လေ။ ဒီတော့ ခပ်ဆိုင်းဆိုင်းပေါ့ဗျာ။

အဆို ။ ။ မှန်ပါ။ သူဌေးမင်းမှာ အရေးကြီးတယ်ဆိုလျှင်လည်း ကျွန်တော်တို့က ဆိုင်းရမှာပေါ့။

နှောင်း ။ ။ အဲ ... ကောင်းသဗျာ။ တယ်ကောင်း။ နောက်ပြီးတော့ အနီလို ရှိသကိုး။ ကျုပ်ဆီကို ထိုင်မသိမ်းအင်္ကျီ တစ်ထည်ကိုလည်း အပို့လွှတ်လိုက်လိမ့်မယ်။ ဒီတော့ ခပ်ဆိုင်းဆိုင်းပေါ့ဗျာ။ နို့မှ ...။

အက ။ ။ သဘောတော် အတိုင်းပါ ခင်ဗျား။

နှောင်း ။ ။ အဲ အဲ၊ နို့မှ ကျုပ်ရဲ့ဦးခေါင်းမှ ခြေဖျားတိုင်အောင်၊ ခြေဖျားမှ ဦးခေါင်းတိုင်အောင် ကျကျနန လှလှပပကြီး ဝတ်ဆင်ထားတာကို မြင်ရမှာပေါ့ ... ဟုတ်စ။

အဆို ။ ။ အင်း ... သူဌေးမင်းနဲ့ ထိုင်မသိမ်းအင်္ကျီနဲ့ဆိုလျှင်တယ် ကျက်သရေရှိမှာပါပဲဗျား။

နှောင်း ။ ။ ၎င်းနောက် အနီလို ရှိသေးသကိုးဗျ။ ထိုင်မသိမ်းအင်္ကျီဆိုတာမှာလည်း ကျုပ်အတွက် သီးသန့်ပြီး ချုပ်လုပ်ထားတဲ့ အင်္ကျီဖြစ်သကိုးဗျ ... ဟုတ်စ။

အက ။ ။ အင်္ကျီက တယ်လှမနော် သူဌေးမင်းရဲ့။

နှောင်း ။ ။ အို ... လှဆို ဘာပြောကောင်းမလဲ။ ယခု ပို့လိုက်မယ့် အင်္ကျီမျိုးကို ရွှေမြို့တော်မှာ လူကုံထံ မင်းစိုးရာဇာများသာ ဝတ်စားဆင်ယင်ကြတယ်လို့ ကျုပ် အချုပ်သမားက ပြောတယ်ဗျ။ ဟုတ်စ။





အဆို ။ ။ လျော်ကန်ပါပေတယ်ဗျာ။ လျော်ကန်ပါပေတယ်။

နှောင်း ။ ။ ဟဲ့ ... ကြွယ်တို့၊ နွယ်တို့။ ဒီအကောင်တွေ ဘယ်သွားနေကြတာလဲ။

ကြွယ် ။ ။ ရှိပါ့ဘုရား၊ ရှိပါ့။ ဘာများ အလိုတော် ရှိပါသတုံး ဘုရား။

နှောင်း ။ ။ ဘာမှတော့ အလိုမရှိပါဘူး။ ငါခေါ်တာ ကြားရဲ့လားလို့ စမ်းခေါ်ကြည့်တာ။ (ဆရာများဘက်သို့ လှည့်၍) ဟော ... ဒီမှာကြည့်စမ်း။ ကျုပ် ဝတ်ဆင်ထားတဲ့ ဒီသားမွေးအင်္ကျီကြီးကော မဟန်ဘူးလား။

အက ။ ။ အင်မတန် တင့်တယ် ခမ်းနားပါပေတယ် သူဌေးမင်း။

နှောင်း ။ ။ (ဦးရွှေနှောင်းသည် သားမွေးအင်္ကျီကြီးကို ချွတ်၍ တရုတ်ရင်ဖုံးအင်္ကျီ ခပ်ကျပ်ကျပ်နှင့် ဟန်ပါပါရပ်လျက်) ဒီရင်ဖုံးအင်္ကျီကို လည်း ကြည့်စမ်း။ ဝတ်ရတာ နည်းနည်းတော့ ကသိကအောင့် အနိုင်သား။

အဆို ။ ။ ဩော် ... ခေတ်အလိုက် ခါတော်မီပုံဆိုတော့ အင်မတန်မှ လှပယဉ်ကျေးပါပေတယ် သူဌေးမင်း။

နှောင်း ။ ။ ကြွယ်။

ပထမအစေခံ ။ ။ ဘုရား။

နှောင်း ။ ။ ဟဲ့ ... နွယ်ကော။

ဒုတိယအစေခံ ။ ။ ရှိပါ့ဘုရား – ရှိပါ့။

နှောင်း ။ ။ အေး ... အေး။ ရှိလျှင်ပြီးရော။ ကိုင်း ... တော်ပြီ တော်ပြီ။ အလုပ်စခန်းကလေး စ လိုက်ကြဦးစို့ရဲ့။

အဆို ။ ။ စ ဆို ဒီလိုကိုး။ ရှေးဦးစွာ ဟော ... ကျွန်တော်တည့် ကျော် စပ်ဆိုထားတဲ့ တေးတစ်ပုဒ်ကို နားထောင်ဖို့ပဲဗျ။ တပည့် ဆိုပါတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဖောစပ်ရာမှာ အင်မတန်မှ ထက်မြက်တဲ့ ပုဂ္ဂိုလ်ကလေးပါပဲ သူငွေးမင်းရဲ့။

နှောင်း ။ ။ ဟော့ ဆရာရဲ့၊ နေစမ်းပါဦး။ တပည့်က ဆရာထက် တော်နိုင်မှာလားကွ။

အဆို ။ ။ ဩော် တပည့်က စပ်တယ်ဆိုတာနဲ့ အထင်လွဲဖို့ မဟုတ်ပါဘူး။ ဒီတပည့်မျိုးကတော့ ဆရာ့ထက် လက်စောင်းထက်ပါတယ်။ ရွှေစာရံ ရှုးရပါစေရဲ့၊ ယုံပါတော့။ ကဲ ... ကဲ။ နားဆင်တော်မူပါ သူငွေးမင်း။

နှောင်း ။ ။ ဟဲ့ ... ငကြွယ်။ ငါ့သားမွေးအကျီ ပေးစမ်း။ ငါ သားမွေးအကျီ ဝတ်ပြီး နားဆင်စမ်းမယ်။ ဟဲ့ ... နေဦးဟဲ့၊ နေဦး။ မဝတ်ဘဲ နားဆင်ရလျှင် သာကောင်းလိမ့်မယ် ထင်တယ်။ ဟယ် ... ပေးတော့၊ ပေးတော့။ ဝတ်ပြီး နားဆင်မှ သာကောင်းမယ်။ ဟုတ်စ။

(တပည့်က သီဆိုရမည်မှာ)

'ပျောင်းလို့သာခွေ၊ ခင်တို့ဆွေ တစ်ပင်နတ်မှာဖြင့်၊ ရွှင်တတ်နိုင်ဘဲ။ မျက်ထားတော်သုန်၊ ဒိတ်ဒိတ်ကယ် ရွှေရင်တုန်လှချည့်၊ စံပယ်ငုံ မေတစ်ဖူး ရယ်ကြောင့်၊ (မောင်မောင့်မှာဗျာ) ရှုးလိမ့်မလွဲ။'

နှောင်း ။ ။ အင်း ... ကောင်းတော့ ကောင်းပါရဲ့။ နို့ပေတဲ့ ပျင်းစရာကြီး။ လူ့ကို အိပ်ချင်သွားတာပဲ။ ခပ်ရွှင်ရွှင်မှ ကျုပ်က ကြိုက်တာဗျ။

အဆို ။ ။ ဩော် ဒီလိုရှိတာကိုး သူငွေးမင်းရဲ့။ သီချင်းစပ်ရာမှာ ရသကိုလိုက်ပြီး အသံသွင်းပေးရတယ်။ ဥပမာ လွမ်းစရာအကြောင်း ဖွဲ့နွဲ့မယ်ဆိုလျှင် အသံကလေးကိုက လွမ်းစရာအသံ ဖြစ်ပေါ်လာရမှာကိုး သူငွေးမင်းရဲ့။

နှောင်း ။ ။ နေစမ်း၊ နေစမ်း။ ကျုပ် လူပျိုတုန်းက ရည်းစားစာ ပေးဖူးတယ်။ အဲဒီတုန်းက ဖောထပ်တစ်ပုဒ်တောင် ရေးဖူးသေးတယ်။ တောက် ...၊ ပါးစပ်ဖျားတင် မေ့သွားတယ်။ နေစမ်းလေ၊ ဒီသီချင်းထဲမှာ 'ပေါင်ဖြူဖြူ မျက်ခုန်းနဲ့' ဆိုတာ ပါပါတယ်။





အက ။ ။ ဘယ့်နဲ့၊ ဘယ့်နဲ့၊ ပေါင်ဖြူဖြူ မျက်ခုန်း ပါတယ်။

နှောင်း ။ ။ အဲ ... အဲ၊ သတိရလာပြီ။

'အလုံနယ် ကျေးတောက၊ ချောလိုက်တဲ့ မေကညာ၊ ပြောလိုက်ပ သေချာအောင်၊ မောင်နှင့်မယ် နှစ်ပါး။ ။ ကိုနှောင်းရဲ့ ချစ်စရာငယ်၊ မြတ်စိန္တေ ရှုးရပါလိမ့်။ ။ မညားလို့ တစ်ပါးရှောင်လျှင်၊ သည်လူမှာ ခက်ဆုံး။ ပေါင်ဖြူဖြူ မျက်ခုန်းနှင့် ခြေသလုံးနှစ်သွယ်။ ။ ဖယောင်းလို ပျော့ပျောင်းလို့၊ လက်နှစ်ချောင်း ယဉ်တယ် ...။ ။' ဘယ့်နဲ့ မကောင်းလား ဗျာ။

အဆို ။ ။ ကောင်းပါ့ခင်ဗျား။ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းမှာတင် မက၊ ကျန် သုံးကျွန်းမှာတောင် ရှားပါတယ် သူငွေးမင်း။

အက ။ ။ စာ အသွားအလာ၊ လေယူလေသိမ်းများလည်း တယ် ညက်ညောပါတယ် သူငွေးမင်း။

နှောင်း ။ ။ အမယ်၊ ဒါတောင် ကျုပ်ဟာ ဆရာနဲ့ ကျကျနန သင်ကြားရတာ မဟုတ်သေးဘူးဗျ။

အဆို ။ ။ သူငွေးမင်း ခင်ဗျား၊ ကျွန်တော် တစ်ခုလောက် အစီရင်ခံစမ်းပါရစေ။ သူငွေးမင်းဟာ အတီးအမှုတ်ရော၊ အကရော သင်ဖို့ ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပညာနှစ်ရပ်ဟာ ဒွန်တွဲနေသကိုး သူငွေးမင်းရဲ့။

အက ။ ။ ဒီပညာတွေကို တတ်ပြီလားဆိုလျှင် သိမ်မွေ့တဲ့ တရားကို အလွယ်ကလေးနဲ့ ကျင့်နိုင်ပါတယ် သူငွေးမင်းရဲ့။

နှောင်း ။ ။ ဟော့ ဆရာတို့ရဲ့။ ရွှေမြို့တော်သား လူကုံထံ မင်းစိုးရာဇာတွေဟာ အတီးအမှုတ် အကအခုန် ပညာကို လေ့လာ လိုက်စားကြသလား့ကွယ့်။

အဆို ။ ။ အင်မတန်မှ လေ့လာ လိုက်စားကြပါတယ် သူငွေး မင်း။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ ဟာ ... အနှီလိုဖြင့် ငါလည်း လိုက်စားမှာပေါ့ကွ။ နို့ပေတဲ့ ကျုပ်မှာက အချိန်စာရင်းလုပ်ဖို့ ခက်နေတယ်။ ဘာကြောင့်လဲ လို့ ဆိုတော့ သိုင်းဆရာကိုလည်း ငှားထားတယ်။ သင်္ဂြိုဟ်ဆရာကိုလည်း ငှားထားတယ်။ ဒီမနက်မှာပဲ သူတို့ လာကြလိမ့်မယ် ထင်တယ်။

အဆို ။ ။ သင်္ဂြိုဟ်ဆိုတာလည်း ကောင်းပါရဲ့။ နို့ပေတဲ့ အတီး အမှုတ် ဆိုတာမှာလည်း ...။

အက ။ ။ မှန်ပါတယ် သူဌေးမင်း။ အကတို့ အတီးအမှုတ်တို့ ဆိုတာမှာလည်း အင်မတန်မှ အရေးရောက်ပါတယ်။

အဆို ။ ။ ဟော သူဌေးမင်းရဲ့၊ နိုင်ငံတော်၏ ကြီးပွားရာ ကြီးပွားကြောင်းကိစ္စမှာ အတီးအမှုတ်ပညာလောက် အသုံးဝင်တဲ့ပညာဟာ ဘယ်မှာမှ မရှိဘူး။ မသေမချင်း မှတ်ဗျ။

အက ။ ။ ဟော သူဌေးမင်းရဲ့။ မနုဿလူ့ဘုံမှာ အကပညာ လောက် အသုံးဝင်တာဟာ ဘယ်မှာမှ မရှိဘူးဗျ။

အဆို ။ ။ အတီးအမှုတ်ပညာ မရှိလျှင် နိုင်ငံတော်ဟာ ဘယ် တော့မှ မတည်တံ့ မခိုင်ခံ့ဘူးဗျ။

အက ။ ။ ဟော၊ အကပညာ မရှိလျှင်လေ ဤမဟာပထဝီ မြေကြီးပေါ်မှာ ရှိတဲ့ လူသတ္တဝါတွေဟာ ဘယ်တော့မှ အေးချမ်းသာယာစွာ နေရမယ် မဟုတ်ဘူးဗျ။

အဆို ။ ။ ဆူပူ သောင်းကျန်းကြတာတွေ၊ ခဏခဏ စစ်မက် ဖြစ်ပွားကြတာတွေဟာ အတီးအမှုတ်ပညာကို ဂရုမစိုက်ကြလို့ပေါ့။

အက ။ ။ ဟော၊ လောကမှာ ရေးလွန်လေပြီးသော အခါမှစ၍ ယခုတိုင် မဖြစ်တန်ဘဲ ဖြစ်ကြရတဲ့ ဒုက္ခတွေ၊ ပညာရှိများရဲ့ အမှားတော်ပုံ တွေ၊ စစ်ဗိုလ်ကြီးများ စစ်ရှုံးရကြတဲ့ အကြောင်းတွေဟာ အကပညာကို သေသေချာချာ မလိုက်စားကြလို့ပေါ့။

နှောင်း ။ ။ ဆရာတို့ စကားတွေ ဘယ့်နဲ့ဟာတွေလဲ။ ရှင်းကြ စမ်းပါဦးဟ ဆရာတို့ရ။





အဆို ။ ။ စစ်ဖြစ်ပွားတယ် ဆိုတာဟာ လူမျိုးအချင်းချင်း မသင့် မြတ်ကြလို့ မဟုတ်လား သူဌေးမင်းရဲ့။

နှောင်း ။ ။ အေး၊ ဟုတ်သကွ။

အဆို ။ ။ ဒီတော့ တကယ်လို့ ကမ္ဘာပေါ်မှာရှိတဲ့ ရှိရှိသမျှ လူခပ်သိမ်းဟာ အတီးအမှုတ်ပညာကို လိုက်စား ဝါသနာပါကြမယ်ဆိုလျှင် စိတ်သဘောထားချင်း တူညီပြီး သင့်သင့်မြတ်မြတ် နေတတ် ထိုင်တတ် ကြမှာပေါ့။

နှောင်း ။ ။ အေး၊ မှန်သပေါ့။

အက ။ ။ ကဲ ကဲ၊ ကျွန်တော်ကလည်း ရှင်းရသေးတာပေါ့။ အကြင်သူ တစ်ဦးတစ်ယောက်သည် လူမှုကိစ္စမှာ သော်လည်းကောင်း၊ နိုင်ငံ တော် ကိစ္စမှာ သော်လည်းကောင်း ချွတ်ချော် မှားယွင်းသွားပြီလို့ ဆိုလျှင် ထိုသူအား 'ဒီလူ လုပ်တာ ကိုင်တာဟာ စည်းဝါးမကျပါဘူး' လို့ ပြောကြ တယ် မဟုတ်လား သူဌေးမင်းရဲ့။

နှောင်း ။ ။ အေး၊ ပြောတယ်ပေါ့။

အက ။ ။ စည်းဝါးမကျဘူး ဆိုတာဟာ အကမတတ်တာက အစ မဟုတ်လား သူဌေးမင်းရဲ့။

နှောင်း ။ ။ မှန်သပေါ့။ ဆရာတို့ နှစ်ယောက်လုံး သိပ်တော်တဲ့ ဆရာတွေပဲ။

အက ။ ။ ဒီတော့ အခု ကျွန်တော်တို့ နှစ်ဦးစလုံးက သူဌေး မင်းကို အကပညာရော၊ အတီးအမှုတ် ပညာရော၊ နှစ်ခုစလုံးကို သိနားလည် စေချင်တဲ့ စေတနာက အင်မတန်မှ ထက်သန်နေတာကလား။

နှောင်း ။ ။ ကျေးဇူးပေါ့ မောင်ရာ။ ကျုပ်မှာ အခုတောင် အတော် ခေါက်မိသွားပြီ။

အဆို ။ ။ ကိုင်း၊ ရှေးဦးစွာ သူဌေးမင်းကို ဆိုပုံဆိုနည်းကလေး ပြရဦးမှာပေါ့။ (အကသင်ဆရာဘက် လှည့်၍) သီချင်းဆိုတဲ့အခါ ဆရာက



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ပြိုင်တည်း ရောပြီး ကပြရလိမ့်မယ်။ ဒိုးပတ်သီချင်း၊ ဒိုးပတ်အကနဲ့ပဲ စ ကြစို့ရဲ့။

နှောင်း ॥ ॥ နေစမ်းပါဦး ဆရာရဲ့။ ဒိုးပတ်သီချင်းဆိုတာ သာမညအညတြ တောသူတောင်သားတွေ ရွာရိုးလျှောက်ပြီး ဆိုတဲ့ သီချင်းကလေးပဲ။ မသေးနုပ်ဘူးလား ဆရာရဲ့။

အဆို ॥ ॥ ဒီလိုရှိသကိုး သူငွေးမင်းရဲ့။ ရှေးရှေး မဟာသမ္မတမင်းများ ရွေလက်ထက်တော်မှစပြီး ယခုထက်တိုင်အောင် ကခုန်မြူးထူးတဲ့ ပျော်ရွှင်မှုဟာ ကျေးတောသားများက အစပြုပြီးမှ တဖြည်းဖြည်း ဆန်းပြားသိမ်မွေ့လာတာကလား။ ဒီတော့ ဘိုးဘွား ဘီဘင်တို့ရဲ့ ထုံးတီး နည်းနာအတိုင်း အရိုးကို အရှက်မဖုံးစေရဘူးဆို မဟုတ်လား သူငွေးမင်းရဲ့။

နှောင်း ॥ ॥ ဒီလိုဖြင့် ကောင်းပါ့ဗျာ။ ဆိုပါတော့။

အဆို ॥ ॥ ကိုင်း ... ဆိုမယ်။

'(တို့တော့မယ်တဲ့ ဆိတ်တော့မယ်)၂ ။

ဘယ်ချောက်ကာ ညာလှမ်းလို့၊ ဖမ်းမိတော့မယ်။

လေးတောင်ပြည့် ခန်းသာလယ်မှာ

ငါးတောင်ပြည့် ခန်းသာလယ်မှာ ...

မောင်ကြံရွယ်တဲ့ စံပယ်ကုံးငယ်

အလိုဗျာ ... မင်းဘယ့်နဲ့တုံး။'

(အဆိုသင်ဆရာက သီဆိုသောအခါ အားလုံး တီးမှုတ် ကခုန်ကြရမည်။)

နှောင်း ॥ ॥ ဘယ့်နဲ့– ပြီးပြီလားဗျ။

အဆို ॥ ॥ ပြီးပါပြီ သူငွေးမင်း။

နှောင်း ॥ ॥ အင်း ... အဟန်သားပဲ။ မှတ်စရာ တယ်ကောင်း။ 'လေးတောင်ပြည့် ခန်းသာလယ်မှာ၊ ငါးတောင်ပြည့် ခန်းသာလယ်မှာ' လို့ ဆိုတော့ သူ့အခန်းဟာ ကျဉ်းကျဉ်းကလေးပေါ့နော်။ မိမှာပါပဲဗျာ၊ မိမှာပါပဲ။





အက ॥ ॥ အကကော မကောင်းဘူးလား သူငွေးမင်းရဲ့။

နှောင်း ॥ ॥ အင်း – မညံ့ကြဘူးဗျ။ ဟို ဒိုးပတ်ကြီး လည်ပင်းမှာ ဆွဲပြီး ကတဲ့ သူငယ်ဟာ တယ်လည်း ခုန်နိုင်သကိုး။

အဆို ॥ ॥ သဘင်ပညာ ဆိုတာဟာ အဆုံးရှိတဲ့ပညာ မဟုတ်ဘဲကိုး သူငွေးမင်းရဲ့။ ကျွန်တော်တို့မှာ သူငွေးမင်းအတွက် အထူးတလည် သီချင်းအမျိုးမျိုး၊ အက အခန်းခန်းများကို စီမံထားပါတယ်။ အင်မတန်လည်း ယဉ်ကျေး သိမ်မွေ့ပါတယ်။

နှောင်း ॥ ॥ တော်ကြပါပေတယ်ဗျာ။ တော်ကြပါပေတယ်။ ကျုပ်က ဒီနေ့ညနေမှာ ဧည့်သည်တစ်ယောက်ကို ဖိတ်မန္တက ပြုထားတော့ ဆရာတို့ရဲ့ ပညာစွမ်းကို ပြကြရလိမ့်မယ်။

အက ॥ ॥ သူငွေးမင်းက ခိုင်းစေတော်မူလျှင် ကျွန်တော်တို့မှာ အ ကာလိကော၊ အချိန်မရွေး နာခံရမယ့်သူများ ဖြစ်ပါတယ်။

အဆို ॥ ॥ ဒီလိုရှိသကိုး သူငွေးမင်းရဲ့ ...။ တစ်ခါ နှစ်ခါ ဖိတ်မန္တက ပြုရုံနဲ့ ဘယ်သင့်လျော်ပါ့မလဲ။ သူငွေးမင်းလို၊ အင်း ... ဘောဂဗလနဲ့ ပြည့်စုံပြီး လောကတွင် ခမ်းနားခြင်း၊ သိမ်မွေ့ခြင်း၊ တင့်တယ်ခြင်းစသော ဂုဏ်ထူးဝိသေသများကို သိနားလည်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဟာ တစ်သီတင်းကို တစ်ကြိမ် တစ်ကြိမ် အငြိမ့်သဘင်တို့နှင့် ဖျော်ဖြေကြတာကလား သူငွေးမင်းရဲ့။

နှောင်း ॥ ॥ ဟေ ... ဆရာပြောတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဟာ ဒီလိုပဲ ဖျော်ဖြေကြသလား။

အဆို ॥ ॥ ဟုတ်ပါတယ်။ ဖျော်ဖြေကြပါတယ်။

နှောင်း ॥ ॥ ဒီလိုဆိုလျှင် ကျုပ်လည်း မဖျော်ဖြေဘဲ နေလို့ ဘာဖြစ်မလဲကွယ့်၊ ဟုတ်စ။

အဆို ॥ ॥ အဲ ... သူငွေးမင်း အိမ်မှာ သီတင်းစဉ်တိုင်း အငြိမ့်သဘင်နှင့် ဖျော်ဖြေမယ်ဆိုတော့ သူငွေးမင်းရဲ့အိမ်မှာ ဓောင်းကောသတို့၊



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းတို့၊ ကြေးဝိုင်းတို့၊ ဆိုင်းဝိုင်းတို့၊ ပတ္တလားတို့၊ လင်းကွင်းတို့၊ ဗုံတို ဗုံရှည်တို့၊ ပတ်မတို့၊ နောက်ပြီး နှဲ၊ ပလွေ၊ တံမြှာ တံရှည်တို့ ...။

နှောင်း ။ ။ ဟော့ ဟော့ ... ဟိုဟာ ဘာခေါ်တယ်ကွ။ အဲ အဲ နဲ့တဲ့ ဟုတ်စ။ အော်လံ ခပ်ကြီးကြီးနဲ့ဟာ မဟုတ်လား။ ကီး ကော့ ကော် လို့များ မှုတ်လိုက်လျှင် တယ် လွမ်းစရာကောင်းသကိုး ဆရာရဲ့။ ဒါ ကျုပ် အသည်းစွဲပဲဗျို့။ ကျုပ် အသည်းစွဲပဲ။

အဆို ။ ။ ဟုတ်ကဲ့။ ဒါတွေ ဝယ်ဖို့ကိုတော့ ကျွန်တော့်ကိုသာ ငွေ မ စ တော်မူပါ။ ကျွန်တော်များ စီမံပေးပါ့မယ်။

နှောင်း ။ ။ ဟော့ ... နေဦးကွယ့်။ ကျုပ်ညှော်သည်တွေကို ညှော်ခံ ကျွေးမွေးတဲ့အခါမှာ ဆရာတို့က အငြိမ့်နဲ့ ညှော်ခံရမယ်ဆိုတာကိုလည်း မမေ့ကြနဲ့ကွယ့်။

အဆို ။ ။ ခိုင်းစေတော် မူတဲ့အတိုင်း ဆောင်ရွက်ရမယ့်လူများ ဖြစ်ပါတယ် သူဌေးမင်း။

နှောင်း ။ ။ ၎င်းနောက် အက ကလေးကလည်း ညက်ညောစေရ မကွယ့်။

အက ။ ။ အလိုတော်အတိုင်း ပြည့်ရပါစေမယ်။ 'ချွတ်' ဟန် ကလေးနဲ့များ အသုံးတော်ခံရလျှင် မကောင်းလား။

နှောင်း ။ ။ ရွှေ့ ... ဟုတ်လိုက်တာ။ ကျုပ်က ချွတ်ဟန်ကို အင်မတန် သဘောကျတာ။ အခုတောင် ကချင်လွန်းလို့ အူထဲက ယားလာ ပြီ။ ဟော့ အကဆရာရဲ့ ... လုပ်စမ်းပါဦးကွ။

အက ။ ။ သန်လျက် လိုသေးသဗျ။ သန်လျက် ...။ (ဦးရွှေ နှောင်းသည် ဆိုင်းဝိုင်းထဲမှ စည်တိုနက်သော တုတ်တိုကိုယူ၍ သန်လျက် ပြုလုပ်လေသည်။ ဆရာက ချွတ်သံကို ပါးစပ်က တော၍ အက သင်ပေး ရမည်။) ကိုင်း စ ကြစို့။ တူးတယ်-တယ်။ တူးနယ်-တယ်နဲ တယ်နယ် တဲနယ် တယ်နောင်။ တူး တယ်နယ် တဲနယ်-တယ်နောင်။ ညာခြေကို





ကြွဗျ။ ညာခြေကို ... တူး တယ်နယ်-တဲနယ် တယ်နောင်။ ခါးကြီးက ကုန်းနေတာ ကိုးဗျ။ တူး တယ်နယ်-တဲနယ်-တယ်နောင်။ အို လက်တွေကို တောင့်ထားတာကိုး ဗျ။ လက်ကို ကွေးစမ်းပါ။ တူး-တဲနယ်-ဗေပုံဖြောင်။ ဘယ်ခြေကို ကြွဦးမှ ပေါ့ဗျ။ တူး-တဲနယ်-ဗေပုံဖြောင်။

နှောင်း ။ ။ ဟမယ်လေး ... ဘယ့်နဲ့လဲ၊ ဟန်ရဲ့ မဟုတ်လား။

အဆို ။ ။ ပြောစရာ တစ်ကွက်မှ မရှိပါဘူး သူဌေးမင်း။

နှောင်း ။ ။ နေဦးကွယ့်၊ စကားမစပ်။ ရွှေနန်းတော်ကြီးက အပျို တော်တွေကို နှုတ်ခွန်းဆက်သတဲ့ နည်းနိဿရည်း ကလေးများရှိလျှင် သင်ပြကြဦးမပေါ့။ ကျုပ်မှာ ဒီလို အခွင့်ကောင်းများနဲ့ ကြုံကြိုက်ရတော့ မယ်ဗျ၊ ဟုတ်စ။

အက ။ ။ ဩော် နန်းတွင်းအပျိုတော်ကို နှုတ်ခွန်းဆက်သဖို့ ဆိုပါတော့။

နှောင်း ။ ။ အေးလကွယ့်။ သူ့နာမည်ကလေးက ခင်ခင်ထားတဲ့ ကွယ့်။ ဟော့ ... ဒါကို ဆရာတို့ ဘယ်သူ့ကိုမှ လျှောက်မပြောကြနဲ့နော်။ ကျုပ်က ဆရာတို့ကို အင်မတန်ချစ်လို့ ပြောပြတာ။

အက ။ ။ မပြောပါဘူး သူဌေးမင်းရဲ့။ သင်ပြရတာပေါ့လေ။ ကဲ ... လက်ပေး၊ လက်ပေး။

နှောင်း ။ ။ မဟုတ်ဘူးလေ။ ဆရာက လက်ဦး အရင် လုပ်ပြမှ ပေါ့။

အက ။ ။ ကဲ ... ကြည့်ပြီး မှတ်ဗျ။ နန်းတွင်းအပျိုတော် ဆို တော့ ရိုရိုသေသေ နှုတ်ဆက်ရမှာကိုးဗျ။ ဒီတော့ ရှေးဦးစွာ လက်ကို ဟော ဒါလို ယှက်။ ခါးကို ကုန်းလိုက်ပြီး နောက်ကို တစ်လှမ်းဆုတ်။ ဒါဟာ အီနောင် ကိုစံတုတ်ရဲ့ ဟန်ဗျ။ နောက်ပြီးတော့မှ ရှေ့ကို တစ်လှမ်းတက်ပြီး ပါးစပ်က 'ကျမ်းခံ့သာလို့ မာတော်မူပါစ၊ မမဘုရား' လို့ဆို။ မှတ်မိရဲ့ လား။ 'ဘုရား' ဆိုတဲ့ အသံကို ခပ်ကျယ်ကျယ် ရှည်ရှည်ကလေး ဆွဲရသဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲလို့ ဆိုတော့ ဘုရားဆိုတဲ့ အသံကို လူကြားအောင် ကျယ်ကျယ်ကလေး ဆိုလိုက်မှ သူတို့က အလွန်နှစ်သက်တာကလား။ သူတို့နှစ်သက်ပြီလားဆိုလျှင် ကိုယ့်လိုဘ မြန်မြန်ပြည့်စုံတာပေါ့ သူဌေးမင်းရဲ့။

နှောင်း ॥ ॥ ဩော် အနှာလိုကိုး။ ပြန်ပြီး ပြစမ်းပါဦးလေ။

(ဆရာက သုံးကြိမ်တိုင်တိုင် ပြစေ။)

အက ॥ ॥ ကိုင်း 'ဘုရား' လို့ ထူးပြစမ်း။ ဆရာ မပြ နည်းမကျတဲ့။ ငါးပိကင်တာတောင် ဆရာ မပြလျှင် အခက်သားကလား။ ခပ်ကျယ်ကျယ် ဆိုဗျနော်။

နှောင်း ॥ ॥ ဘုရား ... ဘုရား ... ဘုရား ...။ အင်း၊ တယ်လို့လည်း နူးညံ့သိမ်မွေ့ပါကလားနော်။ ဆိုလို့ အရသာ ရှိလိုက်တာ။ ကောင်းပေ့ဗျာ။ ဆရာ့ကို သိပ်ကျေးဇူးတင်တာပဲ။

---

အခန်း ॥ ॥ ၂

## ဇာတ်ကွက် ၁

[ အခိုင်းအစေ ကြွေယ် ထွက်လာစေ။ ]

ကြွေယ် ॥ ॥ သိုင်းဆရာကြီး အပြင်မှာ စောင့်နေပါတယ် ဘုရား။

နှောင်း ॥ ॥ ဟော ... ဟုတ်လား။ ကြွခဲ့ပါလို့ ပြောလိုက်စမ်း။ (ဆရာများဘက်သို့ လှည့်၍) ဆရာတို့က ခဏဆိုင်းပြီး၊ ကျုပ် ဓားသိုင်းကစားတာကို ကြည့်ကြဦးဗျ။

(သိုင်းဆရာသည် ဓားနှစ်ချောင်းကို ထမ်း၍ ထွက်လာပြီးလျှင် ဓားတစ်ချောင်းကို ဦးရွှေနှောင်းအား လှမ်း၍ပေးစေ။)

သိုင်းဆရာ။ ॥ ကိုင်း ... ဓားဖျားချင်း ထိလိုက်ဗျ။ အဲ ဟုတ်ပြီ။ ခြေလှမ်း မကျဲစေနဲ့ဗျ။ ရှေ့ဖဝါး နောက်ဖဝါး ညီပေ့စေ။ ခါးကို မတ်မတ်ထားရမယ်။ ခေါင်းကို မော့ဗျ။ အဲ အဲ ဟုတ်ပြီ။ ကျွန်တော်က တစ်ကြိမ်–နှစ်ကြိမ်–သုံးကြိမ်လို့ ဆိုလိုက်လျှင် သူဌေးမင်းက ရှေ့ကို တစ်လှမ်းတိုးပြီး၊ ဓားသွားချင်း ရိုက်လိုက်ရမယ်ဗျ။ ရိုက်ပြီးတော့၊ နောက်တစ်လှမ်း ဆုတ်လိုက်။ အဲဒါ ခံစစ်ခုတ်နည်းလို့ ခေါ်တယ်။ နောက်ပြီးတော့ ဘယ်ခြေဖြင့် ဘယ်ဘက်ကို လှမ်းပြီး၊ ကျွန်တော့်ကို ဓားဖျားဖြင့် ခြောက်ရမယ်ဗျ။ အဲဒါက ထိုးစစ်ခုတ်နည်းလို့ ခေါ်တယ်။ ကိုင်း၊ လုပ်ပြစမ်း။ အို ... ခါးကြီးက ကုန်းနေပြန်ပြီ။ မျက်စိကလည်း ဟိုကြည့် သည်ကြည့်နဲ့။ မလန့်ရဘူးဗျ။ ကိုင်း လုပ်ပြပါဦး။ အဲ အဲ ဟုတ်ပြီ။ (ဟု ဆို၍ သိုင်းဆရာက) ကိုင်း... ဒီက ဓားချက်ကို ရှောင်ဗျနော်။ ဒီက ဓားချက်ကို ရှောင်ဗျ။ (ဟု ဆိုရင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေနှောင်း၏ ဝမ်းဗိုက်ကို ဓားဖြင့် သုံးချက်လောက် ထိုးစေ။ ဦးရွှေနှောင်း လဲစေ။)

နှောင်း ။ ။ ဟာမယ်လေးလေး။ ဘယ့်နှဲ့ ဆရာတို့ ... ဟန်ရဲ့လား။

အဆို ။ ။ ဇမ္ဗူဒီပါမှာတော့ ရှားပါတယ် သူဌေးမင်း။

သိုင်း ။ ။ မနေ့က ဆရာ သင်ကြား ပြသထားတဲ့အတိုင်း ဓား မထိုးခင် ရှေ့ဦးစွာ ဓားရေးပြရမယ်ဗျ။ ဓားရေးပြခြင်းဆိုတာဟာ သိုင်းဆရာတို့ရဲ့ ပရိယာယ် ခေါ်တယ်။ အဲဒီ ပရိယာယ်ကို ပြလိုက်ပြီလားဆိုလျှင် တစ်ဖက် ရန်သူဟာ ဘယ်လိုလူလဲ။ သူ့ပညာ ဘယ့်ကလောက် စွမ်းသလဲ ဆိုတာကို ချက်ချင်း ချိန်ဆနိုင်တယ်။ ဒီလို ချိန်နိုင်ပြီလားဆိုလျှင် သူ မသိသေးတဲ့၊ သူ မကျွမ်းကျင်သေးတဲ့ အချက် အကွက်များကို ဖမ်းပြီး၊ ကိုယ်လိုရာ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို အလွယ်တကူ ခုတ်ပိုင်းပြီး ယူနိုင်တာပေါ့။ ဓားရေးပြခြင်း ဆိုတာမှာလည်း အရင်က ဆရာ သင်ကြားခဲ့တဲ့ အတိုင်းပေါ့။ ဒါက 'ပြည်တော်ကြည့်' ခေါ်တယ်။ ဒါက 'ထီးမိုး'။ ဒါက 'နို့စို့'။ ဒါက 'ကျွဲချို'။ ဟုတ်ပြီလား။ နောက်လည်း အမျိုးမျိုး ရှိတာပေါ့လေ။ နောက်ပြီးတော့ တစ်ခု မှတ်စရာ ရှိသေးတယ်။ ဗန်တိုအတတ် သိုင်းအတတ် ဆိုတာမှာ ခြေကွက်ကို နားလည်ရတယ်။ ခြေကွက်ကို မတတ်သေးလျှင် ဗန်တိုပညာ သိုင်းပညာမှာ မစုံလင်သေးဘူးလို့ ဆိုရမဗျ။ နောက်ပြီးတော့ လိုအပ်တဲ့ အချက်ကြီးနှစ်ခု ရှိသေးသဗျ။ ဘာများလဲ ဆိုတော့ အတိုချုပ် ပြောရမယ်ဆိုလျှင် ကိုယ်ကသာ ပေးရမယ်။ သူများ ပေးတာကို မယူရဘူးတဲ့ဗျ။ ဆိုလိုရင်းကတော့ မိမိကသာ ထိုးနိုင်ရမယ်။ ရန်သူ၏ ဓားချက်ဟာ ကိုယ့်ဘက်ကို ဝင်မလာစေရဘူးတဲ့ဗျ။ နားလည်ရဲ့ မဟုတ်လား။ နောက်ပြီးတော့လည်း ဆရာ ခဏခဏ ပြောခဲ့ဖူးပြီ။ ဓားကစားရာမှာ သင်ကြားပြသထားတဲ့ နည်းနာနိဿရည်းများကို လေ့နှံဓားထစ် မမှတ်ရဘူး။ အခါအခွင့်နှင့် လျော်စွာ ဉာဏသမ္ပယုတ်နဲ့ ယှဉ်၍ ယှဉ်၍ ကစားတတ်ရမယ်။ အဲဒါက အရေးကြီးသဗျ။ သူဌေးမင်းမှာ လက်ကျင်လည်လို့ ရန်သူ၏





ဓားချက်ကို ဉာဏသမ္ပယုတ်နဲ့ ယှဉ်၍ယှဉ်၍ ဖယ်ရှားနိုင်မယ်ဆိုလျှင် ရန်သူ့ဓားဟာ ကိုယ့်ဘက်ကို ဘယ်တော့မှ ဝင်မလာနိုင်ဘူး။

နှောင်း ။ ။ ဩော် ...ဉာဏသမ္ပယုတ်နဲ့ ယှဉ်၍ ယှဉ်၍ ကစားတတ်ပြီ ဆိုလျှင် ကိုယ့်မှာ သတ္တိနည်းနည်းနည်းမှ မရှိပေတဲ့ ရန်သူကို တိခနဲ တိခနဲ ထိုးခုတ်နိုင်တယ် ဆိုပါတော့။

သိုင်း ။ ။ အစစ်ပေါ့။ ဆရာ မနေ့က သေသေချာချာ ပြခဲ့ပြီး မဟုတ်လား သူဌေးမင်းရဲ့။

နှောင်း ။ ။ ရွှေ့ ... ဟုတ်ပြီ။ ဟုတ်ပြီ။

သိုင်း ။ ။ ကြည့်စမ်း။ ဓားသိုင်း တတ်ပြီလားဆိုလျှင် အများက ရိုသေ ခဲ့ညားလာရမယ်ဗျ။ အဲမောင်း လုံ့ရေး အတတ်ဟာ ရွှေနန်းတော်မှာ ဘယ့်ကလောက် အရေးပါသလဲ။ မင်းညီမင်းသားများသာ သင်ကြားကြရတာဗျ။ ဟော ... ဆရာတို့ရဲ့ ဓားသိုင်းအတတ်နဲ့ ဆိုတော့ ညီအစ်ကိုတော်တယ်လို့ ဆိုရမှာပေါ့။ အလကား ဘာမဟုတ်တဲ့ သဘင်ပညာတွေနဲ့တော့ မနှိုင်းအပ်ဘူးဗျ။

အက ။ ။ ဟော့ ... လူရဲ့။ စကားပြောလျှင် ကြည့်ပြောနော်။

အဆို ။ ။ တူရိယာပညာကို ယီးတီးယားတား မှတ်သလား။ ကိုရင့် ပါးစပ်ပုပ် အပ်နဲ့ ချုပ်ထားစမ်း။

သိုင်း ။ ။ မင်းတို့ ပညာတွေက ဘာမို့လို့လဲကွ။ ငါ့ပညာနဲ့ ဆိုလျှင် မိုးကြိုးနဲ့ အီးသံလို။ တယ် ...။

အက ။ ။ ကြည့်စမ်း ကြည့်စမ်း။ တယ် မိုက်လုံးထွားပါကလား။

အဆို ။ ။ ဒီအကောင် ဘယ့်နှဲ့အကောင်လဲ။

သိုင်း ။ ။ တယ် ... ဟိုအကောင်ဟာ ယိုးဒယား အကလေးနဲ့ ကွေးပြီ သေချင်တယ် ထင်တယ်။ နင်ကော ...။

အက ။ ။ လာလေ၊ သတ္တိရှိလျှင်။ လူလုပ်လို့။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ အို– ဆရာကလည်း နေစမ်းပါဦး။ ဒီက ဆရာကြီးက ခံစစ်ခုတ်နည်းတွေ၊ ထိုးစစ်ခုတ်နည်းတွေကိုလည်း တတ်တယ်။ ဉာဏသမ္ပယုတ်နဲ့ ယှဉ်၍ ယှဉ်၍လည်း လူကို သတ်တတ်တယ်ဗျ။

အက ။ ။ အို ဘာစစ်ရော၊ ညာစစ်ရော၊ ဉာဏရော၊ မဉာဏရော နားမလည်ဘူး။ ဟော့ ... လာလကွာ။

နှောင်း ။ ။ အို ... ဒေါသမကြီးနဲ့လေ။

သိုင်း ။ ။ အံမာ၊ လူပါးဝတဲ့ အကောင်ပါလား။

နှောင်း ။ ။ အို ... ဆရာကြီးကလည်း အသာနေပါလေ။

အက ။ ။ ဟဲ့၊ ဟဲ့ ...။

နှောင်း ။ ။ အို၊ ဆရာကလည်း ငြိမ်ငြိမ်နေမှပေါ့။

သိုင်း ။ ။ တယ် ... ငါ၊ ကိုယ်ပါ ပစ်သွင်းလိုက်ရ။

နှောင်း ။ ။ အို၊ ဆရာကြီးကလည်း သည်းခံမှပေါ့။

အက ။ ။ လာစမ်းပါစေလေ။ တယ် ... နဖူးပြင် ဒူးတင်လိုက်ရမလား။

နှောင်း ။ ။ အို၊ ဆရာကလည်း ဒေါသ ရှေ့မထားနဲ့လေ။

သိုင်း ။ ။ တယ် ... ငါ ဟောသလို ညာခြေကို ကွဲပြီး ဓားနဲ့ ခုန်ထိုးလိုက်ရ။

နှောင်း ။ ။ အမယ်လေး။ နေကြပါဦးဗျ။

အက ။ ။ တယ် ... ဆံပင် ဆွဲဆောင့်ပြီး ဖနောင့် နှာပေးလိုက်ရ၊ မကောင်းဘဲ နေတော့မယ်။

နှောင်း ။ ။ တောင်းပန်ပါရစေ ဆရာရဲ့။

အဆို ။ ။ ဒီ အာဏာပါးကွက်သားကို ငါပါ ဝိုင်းလုပ်မဟ။

နှောင်း ။ ။ အမယ်လေး တော်ကြပါဦးဗျ။ ကျုပ် အသည်းနှလုံး တုန်လွှန်းလို့ပါဗျာတို့။

[ ဤသို့ ရန်စကားဆိုကြ၍ ရန်ဖြစ်မည် ပြင်ကြစေ။ ]

* * *

ဇာတ်ကွက် ၂

[ သင်္ဂြိုဟ်ဆရာ ရုတ်တရက် ထွက်လာစေ။ ]

နှောင်း ။ ။ ဟော ... ဆရာကြီးပါလား။ ခက်ကုန်ပါပြီ ဆရာကြီးရဲ့။ လာပါဦးဗျ။ ဒီလူတွေကို တရားဓမ္မ ပြစမ်းပါဦး။

သင်္ဂြိုဟ်ဆရာ ။ ။ ဟော့လူတွေ၊ ဘယ့်နဲ့ ဖြစ်ကြတာလဲ။ အမိန့်ရှိကြစမ်းဦးလေ။

နှောင်း ။ ။ အမယ်လေး ဆရာကြီးရဲ့။ သူ့ပညာက သာတယ်၊ ငါ့ပညာက သာတယ်နဲ့ ငြင်းကြပြီး ရိုက်ကြမလို့ဗျ။

သင်္ဂြိုဟ် ။ ။ ဩော် ... မင်းတို့ တယ်ခက်သကိုး။ တစ်ယောက်နဲ့တစ်ယောက် ဒေါသ ရှေ့ထားကြမယ်ဆိုလျှင် ဘယ်ကောင်းနိုင်မလဲ။ ဆရာတို့ ဒေါသကထာကျမ်းကို မလေ့လာဖူးဘူး ထင်တယ်။ ဒေါသ ရှေ့ထားတာဟာ တိရစ္ဆာန်နဲ့ တူသဗျ။ ပညီဖြေ စေတသိက်နဲ့ ထိန်းသိမ်းအုပ်ချုပ်မှ လမ်းမှန် ရောက်တော့မပေါ့။

အက ။ ။ ဗျာ ... ကိုယ့်ကိုလာပြီး ဇော်ကားမော်ကားနဲ့ မင့်ပညာက ဘယ့်နှာလေး၊ ညာ့နှာလေးနဲ့ လျှာအရိုးမရှိတိုင်း တိုင်းထွာ ဆဲရေးနေတာကို ခံနေရမှာလားဗျ။ ထွီ ...။

သင်္ဂြိုဟ် ။ ။ ဩော် ... မင့်နှယ်။ တယ်လည်း ဒေါသကြီးသကိုး။ ဥတ္တမပုရိသော ယောကျ်ားမြတ်တို့၌၊ ခန္တီ သည်းခံခြင်းသည်၊ ပရမံ မြတ်သော၊ တပေါ် အကျင့်ပေတည်းလို့ သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားက ဟောတော်မူထားတယ် မဟုတ်လားဗျ။ ဟော–အကောဓေန ဇိနေကောဓ၊ အကောဓေန အမျက်မထွက်ခြင်းဖြင့်၊ ဇိနေကောဓံ အမျက်ထွက်သူကို အောင်ရာသည်လို့ ဆိုပြန်တယ် မဟုတ်လားဗျ။ အကြင်သူသည် ‘စိတ်မြွေဆိုး ပရိယတ်ကို ဆယ့်ကိုးပတ် ကျော့ပြီးလျှင် မျှော့ပမာ ရမ္မက်တို့ ဆေးပက်၍ ခွာကာမှ ပညာဓိဆုကြီးကို လက်နီးတွင် ဆွတ်လှမ်း၍ ငြိုကမ်း



www.burmeseclassic.com

www.burmeseclassic.com



မှ တက်ဆန်နိုင်ပေမည်’လို့ စလေဆရာကြီး ဦးပုညက ဆိုထားတယ် မဟုတ်လားဗျ။

သိုင်း ။ ။ သယ် ... လူလုပ်လို့။ နှင်တို့လို သဘင်သည်တွေက ငါ့ပညာနဲ့ နှိုင်းခိုင်းရအောင် တန်သလား၊ ရာသလား။

သင်္ဂြိုဟ် ။ ။ အို ... ဒေါသတရားကို ရှေ့မထားအပ်ဘူးဗျ။ အကြင်သူသည် လောကီ ကာမဂုဏ်ကို အားပေးတတ်သော ပညာတို့၌ ဂုဏ်တုဂုဏ်ပြိုင် ပြု၏။ ထိုသူသည် အချည်းအနှီးတည်းတဲ့။ ပညာနှင့်တကွ၊ သုဒ္ဓိစင်ကြယ်သော ကိုယ်ကျင့်တရားသာလျှင် လောကုတ္တရာလမ်း ဖြောင့်တန်းသတဲ့ဗျ။

အက ။ ။ ဒီလိုပါ ဆရာကြီးရဲ့။ ကျွန်တော်က အကပညာဆိုတာဟာ လောကမှာ အဖိုးတန်သလောက်တော့ အဖိုးတန်ပါသေးတယ်။ မရှုတ်ချအပ်ပါဘူးလို့ ပြောမိတာပါ။

အဆို ။ ။ ကျွန်တော်ကလည်း တူရိယာပညာဟာ မဟာဗြဟ္မာကြီးများ ကမ္ဘာသို့ ဆင်းသက်တဲ့ နေ့မှစ၍ ဂုဏ်မသေးခဲ့တဲ့ အကြောင်းကို ပြောပြတာပါ။

သိုင်း ။ ။ ဟောဒီ ဓားသိုင်းအတတ်၊ စစ်ဆင် စစ်ထိုး စက်ကြီးယန္တရားအတတ်များဟာ လောကမှာ မသင်ဘဲ မနေအပ်၊ အမွန်မြတ်ဆုံးပဲလို့ ကျုပ်က ဆိုတယ်။ ကိုင်း ... ဘာပြောကြဦးမလဲ။

သင်္ဂြိုဟ် ။ ။ အလို ... ကျားသားမိုးကြိုး။ မင်းတို့ တယ်မိုက်တဲ့ သတ္တဝါတွေပဲ။ ဟော့– ငါ့ပညာဟာ သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ ပိဋကတ် ကျမ်းတွေကွ။ ဟော့ ... တံတားအို မှောင်ကို မလျှောက်နှင့်၊ စကားဆို တောင်လို မမောက်နဲ့တဲ့ကွ။ ကြားဖူးကြရဲ့လား။ ထွီ ... ရွံသကွာ။ မင်းတို့လို လက်ဖွေ့သမား၊ ဓာတ်သမားတွေက မင်းတို့ရဲ့ ရူးရူးမိုက်မိုက် အတတ်တွေကို ပညာလို့များ ခေါ်ချင်လို့လား။ လူပါးဝလို့ ... ထွီ။ ရွံသကွာ။





သိုင်း ။ ။ ကြည့်စမ်း၊ ကြည့်စမ်း။ တယ် ... ငါပြောလိုက်ရမကောင်းဘဲ နေတော့မယ်။

အဆို ။ ။ ဟဲ့ ပခန်းသား၊ ချည်ပါသား။ လွှတ်ရာသွားစမ်း။

အက ။ ။ ဖယ်စမ်း။ မဆွဲစမ်းနဲ့။ ဒီ သီလကြောင်ကြီးကို ပြေးနှံလိုက်စမ်းမယ်။

သင်္ဂြိုဟ် ။ ။ ဟဲ့ လူဘူးတောင်းတွေ၊ သတ္တိရှိလျှင် လုပ်စမ်းကွာ။ လုပ်စမ်းကွာ။ (ဟုဆို၍ ခေါင်းနှင့် ဝင်၍ တိုးရမည်။)

နှောင်း ။ ။ အို ... ပညာရှိ ကဝိကြီးရဲ့။

သင်္ဂြိုဟ် ။ ။ သယ် ... အယုတ်တမာကောင်တွေက စော်ကားလို့။

နှောင်း ။ ။ ညည်းခံတော်မူပါ ဆရာကြီး။

သိုင်း ။ ။ လာလေ ...သတ္တိရှိလျှင်။

နှောင်း ။ ။ အို ... ဆရာကလည်း ဒေါသကို သိမ်းဆည်းမှပေါ့။

သင်္ဂြိုဟ် ။ ။ ဖယ်စမ်းလေ။ ဒီအန္ဓပုထုဇဉ်တွေကို ဆုံးမလိုက်စမ်းမယ်။

နှောင်း ။ ။ အမယ်လေး သူတော်ကောင်းကြီးရဲ့။

အက ။ ။ ဟဲ့–ကျားငေဦးလဲ။

နှောင်း ။ ။ အို–ငြိမ်ငြိမ်လေ။ ငြိမ်ငြိမ်။

သင်္ဂြိုဟ် ။ ။ ဟဲ့–အနရိယာ လူမသမာတွေရဲ့။

နှောင်း ။ ။ အို–ပညာရှိကြီးရဲ့။

အက ။ ။ တယ် ... ပတ်ကြမ်းတီးပြီး၊ နားရင်း တစ်ချက်လောက် အုပ်လိုက်ရ။

နှောင်း ။ ။ အို– ဆရာကလည်း၊ အလကား ဒေါသကြီးနေတာကိုး။

သင်္ဂြိုဟ် ။ ။ ဟဲ့– သူခိုး– ဘိန်းစား။ ဘုန်းတောင်းယာစကာ။ လူညာ– လူယုတ်မာ။ လူသတ်ယောက်ျား။ ပြည့်တန်ဆာမသား။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ အို–ပညာရှိကြီးရဲ့။ ဆရာတို့ကလည်း နေကြပါဦးဗျ။ ပညာရှိကြီးကလည်း တစ်ဆိတ် သည်းခံမှပေါ့။ အမယ်လေး ဆရာတို့ကလည်း တစ်ဆိတ်။ အို ... ဆရာကြီးကလည်း သူတော်ကောင်းဆို။ ပိဋကတ်တော်တွေကို ကျွမ်းကျင်တယ်ဆို။ လုပ်ကြပါဦး အရပ်ကတို့။

[ ဆရာများ လုံးထွေးသတ်ပုတ်၍ ဝင်ကြစေ။ ]

* * *

## ခါတ်ကွက် ၃

[ ဦးရွှေနှောင်းနှင့် ငကြွယ် – ငနွယ်တို့ ကျန်ရစ်ခဲ့စေရမည်။ ]

နှောင်း ။ ။ ဟမယ်လေးရဲ့လေး ... သတ်ကြဗျ။ သတ်ကြ။ ကျုပ်တော့ ဖတ်ဖတ်မောသွားတာပဲ။ ကြည့်ပါဦး။ သူတို့ကို ဖျန်လိုက်ရတာ သားမွေးအင်္ကျီကြီးတောင် အတော် ကြေသွားတာပဲ။ ကျွဲနှစ်ကောင် စပ်ကြားက မြေစာမြက်ကလေး မခံနိုင်ဘူးဗျ။ သတ်ကြဗျ။ သတ်ကြ။

* * *

## ခါတ်ကွက် ၄

[ သင်္ဂြိုဟ်ဆရာသည် ခေါင်းပေါင်းကို ပြင်၍ပတ်ကာ ပြန်ထွက်လာစေ။ ]

သင်္ဂြိုဟ် ။ ။ ကိုင်း၊ ကိုင်း– ပုရပိုက်များ မရှိဘူးလား။

နှောင်း ။ ။ အောင်မယ်လေး ... ဆရာကြီးရယ်။ ဘယ်မှာများ နာသွားသလဲ။ မှန်း။

သင်္ဂြိုဟ် ။ ။ အို ... ကိစ္စမရှိပါဘူး။ ကျုပ်က ပညာရှိဆိုတော့ ခန္တီတရားကို ကောင်းကောင်းကြီး ကျင့်သုံးတတ်ပါတယ်။ နေနှင့်ဦးဟနော်။ ဒီအကောင်တွေရဲ့ ညစ်ပတ်စုတ်ပဲ့တဲ့ အတတ်တွေကို စလေဦးပုညလို စာတစ်ပုဒ် ချိုးလိုက်ရဦးမှာပေါ့။ ကဲလေ ... အကျယ်အကျယ် မငြိမ်းဖွယ်တဲ့။ ဒါတွေကို ကြိမ်းဝါးနေလို့ လေကုန်တယ်။ ပုရပိုက် ပေးစမ်း။

နှောင်း ။ ။ ဒီလိုရှိတယ် ဆရာကြီးရဲ့။ ရှေးဦးစွာ ကျွန်တော်၏





အာသီသကို နည်းနည်းလောက် အစီရင်ခံချင်တယ်။ ကျွန်တော်ဟာ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းမှာ ပညာရှိ ကဝိကြီး တစ်ဆူရယ်လို့ အခေါ်ခံချင်တာ ကလား။ နို့ပေတဲ့ စေ့စေ့တွေး ရေးရေးပေါ် ဆိုတာလို ကျွန်တော့်မိဘများက ကျွန်တော့်ကို ငယ်ငယ်က ပညာမသင်လို့သာ ပညာရှိကြီး မဖြစ်ရတာကိုး။ ဒါတွေ တွေးမိလျှင် သူတို့ကို သိပ်စိတ်ဆိုးတာပဲဗျာ။

သင်္ဂြိုဟ် ။ ။ အင်း–စိတ်ဆိုးမယ် ဆိုလျှင်လည်း ဆိုးသင့်ပါရဲ့။ ဘာဖြစ်လို့လဲလို့ဆိုတော့၊ လောကနီတိကျမ်းမှာ 'မာတာဝေရီ ပီတာသတ္တု၊ ကေနဗာလေနသိက္ခိတာ' လို့ ဆိုသကိုးဗျ။ သူဌေးမင်းတော့ ကြားဖူးမှာပေါ့။ သူဌေးမင်းက ပါဠိတတ်တယ် မဟုတ်လား။

နှောင်း ။ ။ အင်း ... တတ် ... ပါ ... ရဲ့။ နို့ပေတဲ့ တပည့်နဲ့ ဆရာ ဆိုတော့၊ တပည့်လုပ်သူဟာ ဘာတစ်လုံးမှ မတတ်သေးတဲ့ အနေမျိုးနဲ့၊ ဆရာ့ထံမှာ အစကစပြီး သင်ကြားရမှာကိုး။ ဟုတ်စ။ ဒီတော့ ကျွန်တော်က မေးမယ်။ ခုနက ဆရာကြီး ရွတ်ဆိုတော်မူတဲ့ ပါဠိကလေးဟာ အနက်မြန်မာ ဘယ်လိုပါတဲ့ ဆရာကြီး ခင်ဗျာ။

သင်္ဂြိုဟ် ။ ။ ဩော်– ဒီလိုတဲ့ဗျ။ 'လောကေ လောကဌ္ဌ၊ မာတာ အမိသည်၊ ပုတ္တာနံ သားတို့၏၊ ဝေရီ ရန်သူမည်၏။ ပိတာ အဘသည်၊ ပုတ္တာနံ သားတို့၏၊ သတ္တု ရန်သူမည်၏။ ကေန အဘယ်ကြောင့်နည်း ဟူမူကား၊ ဗာလေ ငယ်စဉ်အခါ၌၊ နသိက္ခိတာ၊ အတတ်ကို မသင်စေသည်၏ အဖြစ်ကြောင့်တည်း' တဲ့။

နှောင်း ။ ။ တောက် ... ဒီပါဠိ တယ်မှန်တဲ့ ပါဠိပေပဲဗျာ။ ဟုတ်စ။

သင်္ဂြိုဟ် ။ ။ အဌာရသ ၁၈ ပါး ရှိသည့်အနက် အချို့အချို့သော ပညာရပ်များကို သူဌေးမင်း နည်းနည်း နည်းနည်းတော့ ခေါက်မိရဲ့နော်။

နှောင်း ။ ။ အို ခေါက်မိတာပေါ့။ ကျွန်တော်ဟာလေ၊ စာဖတ်တတ်တယ်။ ဟော နောက်ပြီးတော့၊ စာလည်း ရေးတတ်တယ် ... ဆရာကြီးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သဂြိုဟ် ။ ။ ကိုင်း၊ ဘယ်ပညာကို အဦးထားပြီး သင်ချင်ပါသလဲ။ သဂြိုဟ်များ မသင်ချင်ဘူးလား။

နှောင်း ။ ။ သဂြိုဟ် ... သဂြိုဟ်ဆိုတာ ဘာလဲ ဆရာကြီးရဲ့။

သဂြိုဟ် ။ ။ အို သဂြိုဟ်ဆိုတာဟာ၊ ဟော ကျုပ်တို့ရဲ့ လေးသချႅိုနဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်သချႅိုနဲ့ ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သချႅိုနဲ့ ကမ္ဘာတစ်သိန်း၊ ပါရမီအထူး ဖြည့်ဆည်းပူးပြီး သကာလ မြေထု ရေထု၊ လေထု၊ နေရ စကြဝဠာ တစ်သောင်းမျက်နှာတို့ ချာချာလည်အောင် ကျော်စောပြီး၊ ဗောဓိပလ္လင် ရွှေညောင်ပင်၌ မာရ်ငါးပါးကို အောင်၍ အနန္တာဂုဏ်၊ ဝေနေပုံကို နိဗ္ဗာန်အရောက် ကယ်တင်တော်မူသော သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူတဲ့ သုတ်ပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာ ပိဋကတ်ရယ်လို့ ပိဋကတ် သုံးပုံရှိတဲ့အနက်၊ အဘိဓမ္မာ ပိဋကတ်ထွက် တရားတွေကို ခေါ်တာကိုး သူငွေးမင်းရဲ့။

နှောင်း ။ ။ အမယ်လေးရဲ့ ... လေးဟဲ့။ နို့၊ နေပါဦး ဆရာကြီးရဲ့။ အဘိဓမ္မာ ပိဋကတ် ဆိုတာကကော ဘာတွေ ရေးထားတာလဲ။

သဂြိုဟ် ။ ။ ဩော် အဘိဓမ္မာ ပိဋကတ် ဆိုတာဟာ၊ ဓမ္မသင်္ဂဏီတဲ့။ ဝိဘင်းတဲ့။ ကထာဝတ္ထုတဲ့။ ပုဂ္ဂလပညတ်တဲ့။ ဓာတုကထာတဲ့။ ယမိုက်တဲ့။ ပဋ္ဌာန်းတဲ့ဗျ။

နှောင်း ။ ။ နို့ ... သဂြိုဟ် ဆိုတာကကော

သဂြိုဟ် ။ ။ သဂြိုဟ် ဆိုတာက အဘိဓမ္မတ္ထ သင်္ဂဟ ဆိုတဲ့ စကားဗျ။ အပိုင်းအားဖြင့် ကိုးပိုင်း ရှိသဗျ။ ဟော ... စိတ်ပိုင်းတဲ့။ စေတသိက်ပိုင်းတဲ့။ နောက်ပြီးတော့ ပကိဏ်းပိုင်းတဲ့။ ဝီထိပိုင်းတဲ့။ ရုပ်တဲ့။ ဘုံတဲ့။ သမုစ္စည်းပိုင်းတဲ့။ ပစ္စည်းပိုင်းတဲ့။ ကြားလား။ နောက်ပြီးတော့ ကမ္မဋ္ဌာန်းပိုင်းတဲ့နော်။ မှတ်ထားဗျ။ အဲဒါတွေကို သရုပ်ခွဲနည်း၊ ဟိတ်ထုတ်နည်း၊ စုတ်စောဒက ဝင်နည်း။ နောက်ပြီးတော့ လိန်အန်အနက် သဗ္ဗန်နည်းတဲ့။ အို သင်စရာတွေ အများကြီးပေါ့။ ဟော ... သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ





သမ္ပယုတ် အသင်္ခါရိကစိတ်။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ်။ အို ဒါတွေတတ်လျှင် ပြီးတာပေါ့။

နှောင်း ။ ။ ဟာဗျာ၊ စကားတွေကလည်း အခေါ်ရ ခက်လိုက်တာ။ ဒါတော့ ကျွန်တော် မသင်ပါရစေနဲ့။ နားငြီးလွန်းလို့ပါ။ ဟုတ်စ။

သဂြိုဟ် ။ ။ ကိုင်း ... ဒါဖြင့် နိတိကျမ်းများကော။

နှောင်း ။ ။ အင်း ... နိတိတဲ့လား။

သဂြိုဟ် ။ ။ ဟုတ်တယ်။

နှောင်း ။ ။ နိတိ ... တဲ့။ ဘယ့်နှာတွေလဲ ဆရာကြီးရဲ့။

သဂြိုဟ် ။ ။ နိတိ ဆိုတာဟာ ပါဠိ စကားဗျ။ 'နီ' ဆိုတာ 'ညွှန်ပြခြင်း' အနက် ထွက်သဗျ။ နိတိကျမ်း ဆိုတော့ ဤကဲ့သို့ ကျင့်အပ် ပြောအပ်တယ်။ ထိုကဲ့သို့ မကျင့်အပ်၊ မပြောအပ်ဘူးလို့ ညွှန်တဲ့ ကျမ်းဗျ။ ဥပမာ အလသဿ ကုတောသိပ္ပံ၊ အလသဿ ပျင်းသောသူသည်၊ ကုတော သိပ္ပံ ပညာ အဘယ်မှာ ရအံ့နည်း။ ဒါမျိုးပေါ့။ နောက်ပြီးတော့ လောကမှာ မိမိကိုယ်ကို မိမိ ဘယ်လို ဆင်ခြင်ထိန်းသိမ်းရမယ်။ မိမိစိတ်ကို မိမိ ဘယ်လို ချုပ်တည်းရမယ် ဆိုတာကို ပြောတာပေါ့ သူငွေးမင်းရဲ့။

နှောင်း ။ ။ ဒါလည်း ဟန်မယ် မထင်ပါဘူး။ ကျမ်းဆရာက သူ့ကိုယ်ကိုသူ လူတတ် လူလိမ္မာကြီး့လုပ်လို့။ ဘယ်လို ထိန်းသိမ်းရမလေး၊ ချုပ်တည်းရမလေးနဲ့။ ကျွန်တော် ကောင်းတယ်ထင်လျှင် ဘာမဆို လုပ်မှာပဲ။ ဥပမာဗျာ၊ ကျွန်တော့်မှာ ဒေါသထွက်စရာ အကြောင်းတစ်ခုရှိတယ် ဆိုပါတော့။ ဒီလိုဆိုလျှင် ဒီဒေါသကို မျိုသိပ်ထားရမှာလား။

သဂြိုဟ် ။ ။ ကိုင်း–ကိုင်း။ ဗေဒင်ကျမ်းကောဗျာ။

နှောင်း ။ ။ အင်း ဒါကကော ဘာတွေလဲ။

သဂြိုဟ် ။ ။ ဗေဒဆိုတာကတော့၊ သက္ကတဘာသာဖြင့် ရေးသားထားတဲ့ သာမယဇု–ဣရုကျမ်းတွေကို ဆိုသဗျ။ သာမဗေဒ ဆိုတာက သောမ ဆိုတဲ့ အနွယ်မှရတဲ့ နို့ရည်နှင့် ယဇ်ပူဇော်ခြင်း အခမ်းအနားကို ဆိုသဗျ။



www.burmeseclassic.com

www.burmeseclassic.com



ယဇု ဆိုတာက ယဇ်ပူဇော်တဲ့ နည်းနိဿရည်းကို ဆိုသဗျ။ ဣရ ဆိုတာက အဂ္ဂိ မီး၊ ဣန္ဒြ မိုးတိမ်၊ သဝိဘ နေ၊ ဝရုဏ ကောင်းကင်၊ မရုတ လေမုန်တိုင်း အစရှိတဲ့ နတ်တို့ကို ရှိခိုးပူဇော်တဲ့ ဂါထာတွေကိုးဗျ။ ဟော– ကျုပ်တို့ မြန်မာနိုင်ငံတော်မှာ အသုံးပြုတဲ့ အကောင်းအဆိုး တွက်နည်း ဟောနည်း ဗေဒင်ကတော့ ဗြို့ဟဒ်ကျမ်း၊ ရာဇမတ္တဏ်ကျမ်း၊ သူရိယသိဒ္ဓန္တကျမ်းများက လာသကိုးဗျ။ ဇောတိသ အတတ်လို့လည်း ခေါ်သဗျ။ အဲဒီ အတတ်မှာ မဟာဘုတ်တိုင် ထူနည်းကစ၍ ဂြိုဟ်နေ ဂြိုဟ်အိပ်၊ စန်းတို့၊ လက်တို့။ နောက်ပြီးတော့ သူရဒ္ဓ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒြော၊ သောရီ၊ ဂုရု၊ ဘောမ ဆိုတဲ့ ကာလကြီး အဟောတို့။ နောက်ပြီးတော့၊ စာတွေ့နဲ့နောင်း၊ စုတ်ကောင်း နဂိုရ်၊ သူအိုယာယီ ဆိုတဲ့– ယာယီကိန်းအတိုင်း ဟောနည်းတို့။ နောက်ပြီးတော့ နမန္တာ မြေခံ ဟောနည်းတဲ့။ နံပေါ် နံငုပ်တဲ့။ မြေခံတိထိတဲ့။ အို ... နောက် အများကြီး ရှိသေးတယ်။

နှောင်း ။ ။ ဟာ–များလှချည့်ကလား ဆရာရဲ့။ ကျွန်တော်က သူ့ဌေးဗျ၊ ဗေဒင်ဟောစားမှာ မဟုတ်ဘူး။

သဂြိုဟ် ။ ။ ကိုင်း–ကိုင်း။ သူဌေးမင်းရဲ့ အလိုတော်ကိုသာ အမိန့်ရှိပါတော့ဗျာ။

နှောင်း ။ ။ ကျွန်တော့် အလိုကတော့ ဒီလိုရှိသကိုး။ ကျွန်တော်က စာဖတ်လျှင် စာလုံးပေါင်း ပေါင်းပြီး ရွတ်ဖတ်သရစ္ဆယ်ချင်တာကိုးဗျ၊ ဟုတ်စ။ ကကြီးရေ နောက်ထိုးပစ် 'ကဲ' ဆိုသလိုပေါ့ဗျာ၊ ဟုတ်စ။

သဂြိုဟ် ။ ။ ဩော် ...ဖြစ်မှ ဖြစ်ရပလေ။ သာဓုဗျာ၊ သာဓု၊ သာဓု။ အလိုတော်အတိုင်း သင်ပြရတာပေါ့။ သင်ဆို၊ ဒီလိုရှိသကိုး။ ကျုပ်တို့မှာ အာစရိယဝါဒ၊ နျုပဒေသ၊ ဂရုပဒေသ၊ လဒ္ဓေါပဒေသ ဆိုသလို၊ အက္ခရာ၏ သဘောသွားကို စဉ်းစားလိုက်တော့၊ အင်း ... အက္ခရာတဲ့၊ ဗျည်းတဲ့၊ သရတဲ့။ သဘောကျရဲ့လားဗျာ။ နောက်ပြီးတော့ ရွတ်ဖတ်ရာမှာလည်း ဂရုတဲ့၊ လဟု တဲ့၊ ဒီဃတဲ့၊ ရဿတဲ့၊ တစ်မတြာတဲ့၊ နှစ်မတြာတဲ့၊ နှစ်မတြာခွဲ





တဲ့။ နောက်ပြီးတော့ ကရိုဏ်း တဲ့၊ ပယတ် တဲ့။ ဌာန် တဲ့။ ဒီလို အစီအစဉ်ရှိသကိုးဗျ။ အဲဒါတွေကို စုပြီး 'သဒ္ဒ' ဆိုတဲ့ အသံ ထွက်လာတာကိုးဗျ။ ဒီတော့ အက္ခရာတို့ အစုအပေါင်းဖြစ်တဲ့ ဝဏ္ဏထဲက သရဆိုတာကို ရှေးဦးစွာ သိသင့်သဗျ။ ဒါမှ ပင်ရင်းအသံကိုးဗျ။ ပင်ရင်းအသံ ဆိုတော့၊ အ–အာ–အိ–အီ စသည်ဖြင့် အများကြီးဗျ။ နောက်ပြီးတော့ အင်–အင့်–အင်း၊ အုံ့–အုံ–အုံး၊ အိန်–အိန့်–အိန်း စသည်ဖြင့် များစွာ ရှိသဗျ။

နှောင်း ။ ။ အို – ဒါတွေကို ကျွန်တော် အကုန်ကြားဖူးသဗျို့။

သဂြိုဟ် ။ ။ အ–သရကို ရွတ်ဖတ်တဲ့ အခါမှာ ပါးစပ်ကို မကျဉ်း မကျယ် ဖွင့်ရသဗျ။ ကိုင်း– ဆိုကြည့်စမ်းဗျာ။

နှောင်း ။ ။ အ–အ။ ဟုတ်သဗျို့။

သဂြိုဟ် ။ ။ အာ–သရကို ရွတ်ပြန်တော့ ပါးစပ်ကို ဖြဲပြီး ဆိုရသဗျ။

နှောင်း ။ ။ အ–အာ။ ရှေ့ ... ဟုတ်လိုက်လေ။ တယ် ဆိုလို့ကောင်းသဗျာ။

သဂြိုဟ် ။ ။ ဟော... ၊ အု သရက တစ်မျိုးဗျ။ ရွတ်လိုက်တဲ့အခါမှာ အောက်နှုတ်ခမ်းနဲ့ အထက်နှုတ်ခမ်း နှစ်ခုဟာ ရှေ့သို့စုပြီး အသံကို ထုတ်ရသဗျ။

နှောင်း ။ ။ အ–အာ–အု–အု–အု။ တောက် ... ၊ တော်ပေ့ဗျာ။

သဂြိုဟ် ။ ။ ဟော...၊ အင်း – ဆိုတဲ့ အသံကို ရွတ်ပြန်တော့ တစ်မျိုးဗျ။ မောလို့ ပန်းလို့ သော်လည်းကောင်း၊ စိတ်ညစ်လို့ သော်လည်းကောင်း သက်မကြီး ချလိုက်သလို ဆိုရသဗျ။ ကဲ ... ဆိုကြည့်စမ်း။

နှောင်း ။ ။ အင်း ... အင်း ... အင်း ။ သိပ်ဟုတ်သဗျာ။ ဆရာကြီး တော်ပါပေတယ်။ အင် ... အင်း။ ဆရာကြီးကို ကျွန်တော် သိပ်ကျေးဇူးတင်တာပဲ။

သဂြိုဟ် ။ ။ နောက်ပြီးတော့ 'ဩော်' ဆိုတာ ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ လက်ဦးနှုတ်ခမ်းနှစ်ခုကို စုရတယ်။ နောက်ပြီး အောက်မေးကို နည်းနည်းနှိမ့်ပြီး ဆိုရတယ်။

နှောင်း ။ ။ သြော် ... သြော်... ။ ဟုတ်သဗျို့။ ဆရာပြောတဲ့ အတိုင်းပဲ ဆရာရဲ့။ အ ... အာ ... အု ... အင်း ...အော်။

သဂြိုဟ် ။ ။ နောက်ပြီးတော့ 'သြော်' လို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ဝမ်းနည်းကြေကွဲတဲ့ သဏ္ဍာန်ဟာ မျက်နှာမှာ ပေါ်လာသဗျ။ မယုံလျှင် လုပ်ကြည့်စမ်း။ ခေါင်းဟာ နည်းနည်းညိတ်သွားပြီး၊ မျက်ခွံကလေးကလည်း နည်းနည်း ညောင်းသွားလိမ့်မယ်ဗျ။

နှောင်း ။ ။ သြော် ... သြော်။ မှန်လှချေကလား ဆရာရဲ့။ ကျွန်တော့်မှာ ငယ်ငယ်က ဒါမျိုးတွေကို မသင်ခဲ့တာ စိတ်မကောင်းဘူးဗျာ။

သဂြိုဟ် ။ ။ ကဲ–ကဲ။ နက်ဖြန်ခါကျတော့ ဗျည်းကို သင်ရသေးတာပေါ့။

နှောင်း ။ ။ ဗျည်းကို ရွတ်ဆိုလျှင်လည်း အခုလိုပဲ နက်နဲခက်ခဲတဲ့ သဘောတွေ ပါသေးသလား ဆရာရဲ့

သဂြိုဟ် ။ ။ ပါပေါ့။ ဟော 'က' လို့ ဆိုလိုက်လျှင် လက်ဦးပါးစပ်ကို ဖွင့်ရသဗျ။ နောက် အာရင်းနဲ့ လျှာရင်းကို ထိပြီး ချက်ချင်းလွှတ်လိုက်ရသဗျ။

နှောင်း ။ ။ က ...က ...က...။ တယ်ဟုတ်ပါကလား ဆရာရဲ့။ တောက် ...၊ တယ်ကောင်းပါလားနော။

သဂြိုဟ် ။ ။ ဟော 'န' ကို ဆိုစမ်း။ လက်ဦး ပါးစပ်ကို ဖွင့်လိုက်။ နောက်ပြီး လျှာထိပ်နဲ့ အာထိပ်ကို ထိပြီး လွှတ်လိုက်။ နှာခေါင်းထဲက တောင် လေထွက်လာသေးတယ်။

နှောင်း ။ ။ န ... န ... န...။ ဟုတ်သဗျို့။ မှန်လိုက်တာ ဆရာရယ်။ အမေတို့ အဖေတို့ ကျွန်တော့်ကို ဒါတွေ မသင်ခဲ့ဘူးဗျ။

သဂြိုဟ် ။ ။ ဟော 'ရ' ကို ဆိုစမ်း။ လျှာထိပ်ကို အာထိပ်သို့





ပင့်ပြီး ယူလိုက်။ နို့ပေတဲ့ အာခေါင်ကို သိပ်ပြီး ထိမထားနဲ့။ လေထုတ်လိုက်တဲ့ အခါမှာ ထွက်လာတဲ့ လေသံဟာ တလိမ့်တလိမ့်နဲ့ လိမ့်လာစေရမယ်ဗျ။ ဟော ... ကြည့် – ရ ... ရ ... ။ (လျှာလိပ်သံဖြင့် ဆိုပြစေ။)

နှောင်း ။ ။ ရ ... ရ ... ရ ... ။ ဟုတ်သဗျာ။ ဆရာကြီး တော်ပါတယ်ဗျာ။ ရ ... ။ ကျွန်တော် ငယ်ငယ်က မသင်ခဲ့ရတဲ့ နှစ်တွေကို နှမြောသဗျာ။ ရ ...။ (သံရှည်ဆွဲ၍ ဆိုစေ။)

သဂြိုဟ် ။ ။ ကိုင်း–ကိုင်း။ နောက်ကို အများကြီး သင်ရသေးတာပေါ့ဗျာ။

နှောင်း ။ ။ သင်ပါ ဆရာကြီး ခင်ဗျာ။ သင်တော်မူပါ။ စကားမစပ်၊ ကျွန်တော့်မှာ တိုးတိုးကလေး ပြောစရာတစ်ခု ရှိတယ်။ တစ်ဆိတ် ဒီအနား တိုးစမ်းပါ။ ကျွန်တော့်မှာ မှန်နန်းတော်ထဲက အပျိုတော် ချောချောကလေး တစ်ယောက်နဲ့ မေတ္တာသက်ဝင်နေတယ် ဆိုပါတော့။ အဲဒါ ကျွန်တော်က နန်းဟန်ပါပါ မှာတမ်းတစ်စောင်လောက် ရေးချင်တယ်။ ဒီတော့ တတ်အားသရွေ့ ဆရာကြီးက ကူမတော်မူပါ ဆိုတာ တောင်းပန်ပါတယ်။ အားလည်း နာပါရဲ့ ဆရာကြီးရယ်။ ကျေးဇူး မမေ့ပါဘူး။

သဂြိုဟ် ။ ။ သြော်– ဒီလိုလား။

နှောင်း ။ ။ မှန်ပါတယ် ဆရာကြီး။ ကျွန်တော် ဆရာကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး။

သဂြိုဟ် ။ ။ ကူညီရတာပေါ့ဗျာ။ ကိုင်း–သူဌေးမင်း ရေးချင်တဲ့ မှာတမ်းကို လင်္ကာသွား ရေးမလား။

နှောင်း ။ ။ လင်္ကာသွား မရေးချင်ဘူးဗျ။

သဂြိုဟ် ။ ။ ဒါဖြင့် – စကားပြေ ရေးမယ် ဆိုပါတော့။

နှောင်း ။ ။ ဟာ–ဒါကိုလည်း မကြိုက်ဘူး။ ဘာကိုမှ မကြိုက်ဘူး ဆရာကြီးရဲ့။

သဂြိုဟ် ။ ။ သြော် ... ကျပ်ပါဘိ။ သူဌေးမင်းနှယ် ... စာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို လင်္ကာသွား မရေးချင်လျှင် စကားပြေ ရေးရတယ်။ စကားပြေ မရေးချင်လျှင် လင်္ကာသွား ရေးရတယ်ဗျ။

နှောင်း ။ ။ ဘာဖြစ်လို့လဲ ဆရာကြီးရဲ့။

သင်္ဂြိုဟ် ။ ။ စာရေးတယ် ဆိုတာဟာ၊ စကားပြေ သော်လည်း ကောင်း၊ လင်္ကာသွား သော်လည်းကောင်း ရေးရတယ်။ ဒီနှစ်နည်းအပြင်၊ ဒို့အပြင်နည်း မရှိဘူး သူငွေးမင်းရဲ့။

နှောင်း ။ ။ ဩော် ... စကားပြေနဲ့ လင်္ကာသွားကလွဲလို့ တခြားနည်း မရှိဘူး ဆိုပါတော့။

သင်္ဂြိုဟ် ။ ။ ဒါပေါ့။ ဘယ်စာကိုမဆို စကားပြေ မရေးချင်လျှင် လင်္ကာသွား ရေးရတယ်။ လင်္ကာသွား မရေးချင်လျှင် စကားပြေ ရေးရတယ်။ စကားပြောတဲ့ အခါမှာလည်း ဒီအတိုင်းပဲဗျ။

နှောင်း ။ ။ ဩော်– အခု၊ ကျွန်တော် စကားပြောလိုက်တဲ့အခါ ဘာခေါ်သလဲ။

သင်္ဂြိုဟ် ။ ။ စကားပြေလို့ ခေါ်တာပေါ့။

နှောင်း ။ ။ အလို–နေစမ်းပါဦး ဆရာရဲ့။ ခုနေ ကျွန်တော်က 'ဟဲ့–မယ်မှုန်၊ ထီးတို့ ဖိနပ်တို့ကို သိမ်းလိုက်စမ်း။ ပတ္တမြားတွေ ထည့်ထားတဲ့ ကတ္တီပါသေတ္တာ ယူခဲ့စမ်း' လို့ ဆိုလိုက်လျှင် အဲဒီစကားဟာ စကားပြေလား ဆရာရဲ့။

သင်္ဂြိုဟ် ။ ။ အေးလေ ... စကားပြေပေါ့။

နှောင်း ။ ။ ကြည့်စမ်း။ အနှစ် လေးဆယ်တိုင်တိုင် ကျွန်တော် စကားပြေတွေကို ပြောနေပါကလား။ အစက ဒီလိုမှန်း မသိရတာ နာလိုက်ပါဘိ ဆရာရယ်။ အခုမှပဲ ဉာဏ်အလင်း ရပေတော့တယ်။ ကျေးဇူးပါပဲ ဆရာရယ်။ ကျေးဇူးပါပဲ။ ကဲ ကဲ ဒီလိုရေးလျှင် မကောင်းဘူးလား။ (ခေါင်းကုတ် စဉ်းစား၍) 'မမနန်းသူ အပျိုဖြူရယ်၊ အပျိုဖြူရဲ့ မျက်လုံးတော်ကလေးများဟာ လှချက် အင်မတန် ထူးပါသဖြင့် သည်မောင့်မှာ အချစ်ဇောနှင့်





မြောလုပါပြီ' အဲဒါလို ရေးချင်တာပဲ။ ဆရာကသာ ရှေ့စကား နောက်စကားကို နေရာတကျ ထားပေးပါတော့။

သင်္ဂြိုဟ် ။ ။ ကောင်းပါ့ဗျာ။ ဒီလို ရေးတာပေါ့။ 'ရွှေအိမ်နန်းမြင့်၊ ကြငှန်းပွင့်၊ စန်းတင့်ရွှေလျှော်၊ သစ်ရတနာအလှ၊ မေတ္တာမျှ၊ ချစ်ပါဗျ မျှော်ပြီးလျှင်၊ တော်ဝင်တဲ့ နှမလေးအား၊ ချစ်သွေးနှင့် မေတ္တာလွှာ ပေးလိုက်ပါသည် ...' ။ နောက် ပြီးတော့မှ 'နှမလေး၏ ...'။

နှောင်း ။ ။ ဟာ ... ဒီလို မဟုတ်ဘူးဗျ။ ဒီလို မရေးချင်ဘူး ဆရာရဲ့။ ကျွန်တော် ရေးချင်တာက ခုနက ပြောသလို 'မမနန်းသူ အပျိုဖြူရယ်၊ အပျိုရဲ့ မျက်လုံးကလေးဟာ လှချက် အင်မတန် ထူးပါသဖြင့် သည်မောင့်မှာ အချစ်ဇောနဲ့ မြောလုပါပြီ' ။ အဲဒီလို ရေးချင်တာ ဆရာရဲ့။

သင်္ဂြိုဟ် ။ ။ မဟုတ်ဘူး ... သူဌေးမင်းရဲ့။ မှာတမ်းဆိုတာ နည်းနည်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးရတယ်။

နှောင်း ။ ။ ဟာဗျာ။ ဟင့်အင်း၊ ဟင့်အင်း။ ကျွန်တော် ပြောတဲ့အတိုင်း တစ်သဝေမတိမ်း ရေးချင်တယ်။ ဆရာကြီးကသာ စကားအနေအထားကို နန်းဟန်ပါပါ ပြောင်းပေးပါ။ ကဲလေ။ ဆရာကြီးက အမျိုးမျိုး ပြောင်းပေး။ ကျွန်တော်က ကြိုက်ရာကို ရွေးယူမယ်။

သင်္ဂြိုဟ် ။ ။ လက်ဦးဆုံး သူဌေးမင်း ဆိုသလို 'မမနန်းသူ အပျိုဖြူရယ်၊ အပျိုရဲ့ မျက်လုံးတော်ဟာ လှချက် အင်မတန် ထူးပါသဖြင့် သည်မောင့်မှာ အချစ်ဇောနဲ့ မြောလုပါပြီ'။ ဟုတ်ကဲ့လား။ ဒီလိုမှ မဆိုချင်လျှင် 'အပျိုရဲ့ မျက်လုံးတော်ဟာ လှချက် အင်မတန် ထူးပါသဖြင့် သည်မောင့်မှာ အချစ်ဇောနဲ့ မြောလုပါပြီ မမနန်းသူ အပျိုဖြူရယ်'။ ကဲ ...ကြိုက်ပြီလား။ ဒီလိုမှ မဆိုချင်သေးလျှင် 'အပျိုရဲ့ မျက်လုံးတော်ဟာ လှချက် အင်မတန် ထူးပါသဖြင့်၊ မမနန်းသူ အပျိုဖြူရယ်၊ သည်မောင့်မှာ အချစ်ဇောနဲ့ မြောလုပါပြီ'။ ဒီလိုမှ မဆိုချင်သေးလျှင် 'သည်မောင့်မှာ အချစ်ဇောနှင့် မြောလုအောင် အပျိုရဲ့ မျက်လုံးတော်ဟာ လှချက် အင်မတန် ထူးပါကလား မမနန်းသူ



www.burmeseclassic.com

www.burmeseclassic.com



အပျိုဖြူရယ်'။ ဒီလိုမှ မဆိုချင်သေးလျှင် 'သည်မောင့်မှာ အချစ်ဇောနှင့် မြောလုပါပေါ့၊ မမနန်းသူ အပျိုဖြူရဲ့။ အပျိုရဲ့ မျက်လုံးတော်ကလေးများက အင်မတန်မှ လှချက်ထူးသကိုး'။ ဒီလိုမှ မဆိုချင်သေးလျှင် ...။

နှောင်း ။ ။ တော်ပါပြီ။ တော်ပါပြီ။ ဆရာကြီးက ဘယ်ဟာကို နန်းဟန် အပါဆုံးလို့ ထင်သလဲ

သဂြိုဟ် ။ ။ သူဌေးမင်း အမိန့်ရှိတဲ့ 'မမနန်းသူ အပျိုဖြူရယ်။ အပျိုရဲ့ မျက်လုံးတော်ကလေးဟာ အင်မတန်မှ လှချက်ထူးပါသဖြင့် သည်မောင့်မှာ အချစ်ဇောနှင့် မြောလုပါပြီ' ဆိုတဲ့ ဟာပေါ့။ ဒါက နန်းဟန် အပါဆုံးပဲဗျ။

နှောင်း ။ ။ ဟေ ... ဟုတ်လား။ တောက် ...၊ ဒါတောင် ကျွန်တော် ငယ်ငယ်က ကျကျနန မသင်ခဲ့ဖူးလို့သာပေါ့။ ကြည့်စမ်း၊ ကျွန်တော်ဟာ ဉာဏ်အကောင်းချင်သားလား ဆရာရဲ့။ ကျေးဇူးပါပဲ ဆရာရယ်။ ဆရာ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။

သဂြိုဟ် ။ ။ ကိုင်း–တော်လောက်ပြီ၊ တော်လောက်ပြီ။ ဆရာ ပြန်ဦးမယ်။ (ဆရာ ဝင်စေ။)

နှောင်း ။ ။ နက်ဖြန် နံနက်တော့၊ ခပ်စောစော ကြွခဲ့ပါနော် ဆရာ။ ကြွခဲ့ပါနော် နော် နော်။

* * *

**အခန်းကွက် ၅**

[ ဦးရွှေနှောင်းနှင့် ကြွေယ်–နွေယ်တို့ ကျန်ရစ်ခဲ့ကြစေ။ ]

နှောင်း ။ ။ ဟေ့–ငါမှာထားတဲ့ ထိုင်မသိမ်းအင်္ကျီကို အခုတောင် လာမပို့သေးဘူးလား။

ကြွေယ် ။ ။ မပို့သေးပေါင်ပါ ဘုရား။

နှောင်း ။ ။ တယ် ... ဒီချွေးမသား အင်္ကျီချုပ်တဲ့ အကောင်။ ဒီနေ့ဟာ ငါ့မှာ အင်မတန် အရေးကြီးတယ်ကွ။ ဒီအကောင်ကို ငါ ရှုလာပြီ။





မြွေပွေးကိုက်၊ နွားငှား။ တောက် ...။ ဆွဲလို့သာ ထောင်းလိုက်ချင်တာပဲ။ ချွေးမသား၊ ချွေးတိရစ္ဆာန်၊ ငါ ... တယ်။

[ အခန်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် မြည်တွန် တောက်တီးနေစေ။ ]

* * *

**အခန်းကွက် ၆**

[ အပ်ချုပ်သမား၊ ဖိနပ်ချုပ်သမားနှင့် နောက်လိုက် တပည့် သုံးယောက်တို့ ဝင်လာကြစေ။ ]

နှောင်း ။ ။ အောင်မာ ... အခုမှ လာကြသကိုးကွ။ မင့်ကို မအေနဲ့ ငါ ထောင်းတုတ်လိုက်တော့မလို့။ မင်း ကံကောင်းသွားတယ်။ သိရဲ့လား။

အပ်ချုပ်သမား ။ ။ သူဌေးမင်း ခင်ဗျာ။ စိတ်လည်း မရှိပါနဲ့။ ကျွန်တော့်မှာ သူဌေးမင်းအတွက် ထိုင်မသိမ်းအင်္ကျီကို တပည့်လက်သား နှစ်ဆယ်ကျော်နဲ့ ကျကျနန စီရင် ချုပ်လုပ်ရပါတယ်။ ဒါကြောင့် နှောင့်နှေးခြင်း ဖြစ်ရပါတယ်။ ကျွန်တော် သူဌေးမင်းရဲ့ ဆန္ဒကို အင်မတန် ဂရုစိုက်ရှိသေပါတယ်။

နှောင်း ။ ။ ဟေ့ ... ဟိုတစ်နေ့က ပို့လိုက်တဲ့ မင့်ဘိုးအေ တရုတ်ရင်ဖုံးအင်္ကျီဟာ ကျပ်လိုက်တာ လွန်ရော။ နည်းနည်းတောင် ပြဲသွားပြီ။ ဒါ ဘယ့်နဲ့လုပ်မလဲ။

အပ်ချုပ် ။ ။ နောက်တော့ ချောင်သွားမှာပါ သူဌေးမင်းရဲ့။

နှောင်း ။ ။ ငါ့လချွေး ... ချောင်ရမှာလား။ ကျပ်လွန်းလို့ ကွဲတောင် ထွက်သွားပြီ။ (တစ်ဖန် ဖိနပ်ချုပ်သမားဘက်သို့ လှည့်၍) ဟို အကောင်ကကော မင်းချုပ်ပေးလိုက်တဲ့ ဖိနပ်ဟာလည်း သိပ်ကျပ်တာပဲ။ အခု ငါ့ ခြေထောက် နာနေပြီ။ မင်းတို့ တယ်ခက်တဲ့ အကောင်တွေပဲ။ ဘယ့်နဲ့ သတ္တဝါတွေနဲ့ ငါ လာတွေ့နေရပါလိမ့်။

ဖိနပ်ချုပ်သမား ။ ။ မနာပါဘူး သူဌေးမင်းရဲ့။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ ဘာပြောတယ်။ ဘာ ... မနာဘူး။

ဖိနပ်ချုပ် ။ ။ မနာနိုင်ပါဘူး သူဌေးမင်းရဲ့။

နှောင်း ။ ။ ဟေ့အကောင်၊ မင့်ဘိုးအေ ... မနာနိုင်ဘူးလား။

ဖိနပ်ချုပ် ။ ။ သူဌေးမင်း စိတ်က ထင်လို့ပါ။

နှောင်း ။ ။ နာလို့သာ နာတယ်လို့ စိတ်ထဲက ထင်တာပေါ့ကွ။ (ခြေထောက်ကိုပြလျက်) မင့်ဘိုးအေကို သေသေချာချာ ကြည့်စမ်း။ ဖူးနေတာပဲ။

အပ်ချုပ် ။ ။ ဟော ...သူဌေးမင်း။ ရှုစားတော်မူပါ ခင်ဗျာ။ သူဌေးမင်း မှာတော်မူတဲ့ ထိုင်မသိမ်းအင်္ကျီပါပဲ။ မိုးကြိုးရောင်၊ သက်တံရောင်၊ ငှက်ခါးတောင်၊ ပိုးရည်တောင်စာ၊ လည်ကုပ်ညှာကဲ့သို့၊ ပြာလိုပြာ၊ ဝါလိုဝါ၊ ရုံခါရွှေ၊ ရုံခါညို၊ ကျီးဥလို တစ်ခြမ်း၊ မရမ်း ယောင်ယောင်၊ ရောပေါင်းပြီး ထီးနန်းဆန်သည်ထက် ဆန်အောင် ချုပ်လုပ်ထားပါတယ်။ ဒီလို ချုပ်လုပ်နိုင်တဲ့ ပညာသည်များဟာ မြန်မာနိုင်ငံမှာ မရှိသလောက်ပါပဲ သူဌေးမင်း။

နှောင်း ။ ။ ဒါက ဘာတွေလဲကွ။ အင်္ကျီအနားမှာ ပန်းထိုးထားရသလား။

အပ်ချုပ် ။ ။ အနို့ သူဌေးမင်းက ဘယ်နေရာမှာ အလိုတော်ရှိတယ်လို့မှ အမိန့် မပေးခဲ့ဘဲကိုး။

နှောင်း ။ ။ ငါက အမိန့် ပေးရဦးမှာလားကွ။

အပ်ချုပ် ။ ။ သြော်– လိုတာကို မိန့်မှပေါ့ သူဌေးမင်းရဲ့။ နို့ပေတဲ့ ရွှေမြို့တော်ကြီးမှာ ရွှေမြို့တော်သားများနှင့်တကွ မင်းစိုးရာဇာများဟာ အင်္ကျီအနားပန်းကိုမှ နှစ်သက်တော်မူကြသဗျ။

နှောင်း ။ ။ ဟေ ... သူတို့ နှစ်သက်ကြသလား။

အပ်ချုပ် ။ ။ မှန်ပါတယ် သူဌေးမင်း။ နှစ်သက်ကြပါတယ်။

နှောင်း ။ ။ အေးလကွာ ... ဒီလိုဆိုလျှင် ငါလည်း နှစ်သက်တာပေါ့။





အပ်ချုပ် ။ ။ သူဌေးမင်းက လည်ပင်းဟိုက်မှာ ပန်းထည့်ချင်တယ် ဆိုလျှင်လည်း ပြင်ထည့်ပေးရတာပေါ့။

နှောင်း ။ ။ ဟေ့ – တော်ပါကွာ။ မပြင်ချင်တော့ပါဘူး။

အပ်ချုပ် ။ ။ အားတော့ မနာပါနဲ့ သူဌေးမင်းရဲ့။ ကျွန်တော်တို့မှာ သူဌေးမင်းရဲ့ အမိန့်ကို နာခံရမယ့်သူများ ဖြစ်ပါတယ်။

နှောင်း ။ ။ အမယ် ... မပြင်ချင်ပါနဲ့ကွာ။ မင်း အနား ပန်းထည့်ပုံဟာ အင်မတန်မှ သေသပ်ပါတယ်။ ဟေ့ မောင်ရဲ့။ ငါနဲ့ ဒီထိုင်မသိမ်းနဲ့ ကြည့်လို့ ကောင်းပါ့မလားကွယ့်။

အပ်ချုပ် ။ ။ ဟာ ... ဘယ့်နဲ့ အမိန့်ရှိတော်မူပါသလဲ သူဌေးမင်း။ အင်မတန် ကြည့်လို့ ကျက်သရေ ရှိပါသော်ကော။ ဟော ... မန္တလေးမှာ ကျော်စောနေတဲ့ ပန်းချီဆရာကြီး ဦးကြာညွန့်တောင် လက်မှိုင်ချပြီး ငိုရမဗျ။ သူဌေးမင်းဟာ ဒီထိုင်မသိမ်းနဲ့ဆိုလျှင် ပန်းချီငိုဗျ၊ ပန်းချီငို။ ရွှေစာရုံ ဖူးရပါစေရဲ့။ ယုံပါတော့။ နောက်ပြီးတော့ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုသလို၊ သူဌေးမင်းရဲ့ အရှိန်ကြောင့် ကျွန်တော့်မှာ ကုန်ဘက် ပညာသည် မိတ်ဆွေတစ်ဦး တိုးလာပါတယ်။ ဟော ... သူပါပဲ သူဌေးမင်းရဲ့။ သူ့အစွမ်းကတော့ မင်းကြီး သက်တော်ရှည်တို့၊ အတွင်းဝန်တို့ ပေါင်းဆင်တဲ့ ခေါင်းပေါင်းဖြူ ဖော့လုံးများ အင်မတန် အလုပ်ကောင်းတယ် သူဌေးမင်းရဲ့။ နောက်ပြီးတော့ တော်ကြီးဘုရားထံသို့ ပြင်သစ်ဘုရင်မ အချောအလှကြီးက ချစ်စနိုးနဲ့ ဆက်သတော်မူလိုက်တဲ့ ပြင်သစ် ပဝါဖြူမျိုးလို၊ ဆန်းပေ့ လှပေ့ ဆိုတဲ့ ပဝါပန်းပေါက်လည်း အင်မတန် အဖောက်ကောင်းတယ် သူဌေးမင်းရဲ့။

နှောင်း ။ ။ ဟေ့–နေစမ်းပါဦး ငါ့လူရ။ ခေါင်းပေါင်းဖြူ ဖော့လုံးမှာ နောက်က ထောင်နေတဲ့ အစနှစ်စဟာ ယုန်နားရွက်ကလေးနဲ့ တယ် ... တူသကိုးကွ။ ဟုတ်စ။

အပ်ချုပ် ။ ။ တူပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ (အပ်ချုပ်သမား ဝတ်ဆင်ထားသော ရင်ဖုံးအင်္ကျီ အဆင်ကို သေသေချာချာကြည့်၍) ဟော့–လူရ။ ဒီအင်္ကျီ အဆင်ဟာ၊ မင်း မနေ့က ငါ့ဖို့ ချုပ်ပေးတဲ့ အင်္ကျီအဆင်နဲ့ တယ်တူပါကလားကွ။

အပ်ချုပ် ။ ။ ဟာ ... သူဌေးမင်း ဝတ်လိုက်တော့ အင်မတန် ကျက်သရေရှိတာကလား။ ဒါနဲ့ ကျွန်တော်လည်း သူဌေးမင်းလို ကျက်သရေ ရှိမလားလို့ ဆင်တူ တစ်ထည်ချုပ်ပြီး ဝတ်ကြည့်မိပါတယ်။

နှောင်း ။ ။ ကျက်သရေ ရှိတာကတော့ ဟုတ်ပါရဲ့။ နို့ပေတဲ့ မင်းတို့နဲ့ ငါလို မဟာဆန်နေတဲ့ လူမျိုးနဲ့ဆိုတော့ ဂုဏ်ချင်းဒြပ်ချင်း တူတာ မဟုတ်ဘူး။ ကြားလား။ မဝတ်ရဘူး။

အပ်ချုပ်။ ။ ဟုတ်ပါ့ခင်ဗျာ။ ကျွန်တော် နောင်အခါ မဝတ်တော့ ပါဘူး။ ဒါထက်၊ ထိုင်မသိမ်းအင်္ကျီကို ဝတ်ကြည့်စမ်းပါဦး သူဌေးမင်းရဲ့။

နှောင်း ။ ။ အေး၊ အေး။ မှန်းစမ်း။

အပ်ချုပ် ။ ။ ဟာ ... သူဌေးမင်းကလည်း၊ ဟန် ကိုယ့်ဖို့ မာန် သူ့ဖို့တဲ့။ သူဌေးမင်းတစ်ယောက်လုံး လုပ်နေတာပဲ။ ကိုယ်ကိုယ်တိုင် ဝတ်လို့ ဘယ်တင့်တယ်မလဲ။ ဟော ... ကျွန်တော်က အလိုက်သိစွာ တပည့်တပန်း တွေ ခေါ်လာတယ်။ ထိုင်မသိမ်းအင်္ကျီ ဆိုတော့ ရေမြေ့သနင်း ပြည့်ရှင်မင်း များ ဝတ်ဆင်တဲ့ ဝတ်လဲတော် ဖြစ်လေတော့၊ သူတို့ ဝတ်စားဆင်ယင်သလို တခမ်းတနား ကျင်းပပြီးမှ ဝတ်ရတာမျိုးကလား။ ဟော့ တပည့်တို့၊ တပည့် တို့ ...(တပည့်သုံးယောက်သည် ဦးရွှေနှောင်းအနီးသို့ ချဉ်းကပ်လာကြစေ။) ဟော မင်းစိုးရာဇာမှ စ၍ ရွှေမြို့တော်သား လူကုံထံ လူရတတ်များကို ဝတ်စားဆင်ယင်ပေးသလို ကျကျနန ရိုရိုသေသေ အမှုတော် ထမ်းလိုက်ကြ စမ်း ကွယ်တို့။

(တပည့်သုံးယောက်သည် ဦးရွှေနှောင်းအား ရိုရိုသေသေ အင်္ကျီဝတ် ပေးကြစေ။ ဦးရွှေနှောင်းသည် ကုန်းလိုက်၊ ကွ လိုက်၊ လမ်းလျှောက်ကြည့် လိုက်နှင့် နေစေ။)





ပထမတပည့် ။ ။ (ခါးကိုညွတ်၍ ဦးတိုက်ကာ) ထိပ်တင် သခင်ကြီးဘုရား။ ကျွန်တော်များအား ကရုဏာ ရှေ့ထား၍ ဆုတော် လာဘ် တော်များ ပေးသနားတော်မူပါ ထိပ်တင် သခင်ကြီးဘုရား။

နှောင်း ။ ။ ဟော ... ဘယ့်နဲ့၊ ဘယ့်နဲ့တဲ့ကွ။

ပထမတပည့် ။ ။ ထိပ်တင် သခင်ကြီးပါတဲ့ ဘုရား။

နှောင်း ။ ။ ထိပ်တင် သခင်ကြီးတဲ့လား။ အောင်မာ... ထိုင်မသိမ်း အင်္ကျီ ဝတ်လိုက်တာနဲ့ တစ်ပြိုင်နက်၊ ငါ့အသွေးအမွေးဟာ မဟာဆီ မဟာ သွေး များရဲ့ အင်္ဂါရုပ် ပေါ်လာတယ် မှတ်တယ်။ ဟုတ်စ။ အေးလကွာ၊ ကျောမွဲကြီးနဲ့သာ နေမယ်ဆိုလျှင် ငါဟာ ဆင်းရဲသား အစားထဲကလို နေမှာ ပဲနော်။ ဟုတ်စ။ တောင်းမှာ အကွပ်၊ လူမှာ အဝတ်ဆိုသလို၊ ထိုင်မသိမ်း ဝတ်လိုက်တော့၊ ငါ့မိမွေးတိုင်း ဖမွေးတိုင်း အင်္ဂါရုပ်ဟာ မညံ့ဘူးကွနော်၊ သိရဲ့လား။ ကိုင်း ရော့ ရော့ ရော့။ ဒေါင်းဒင်္ဂါးတွေကွ။ မြင်ဖူးကြရဲ့လား။

ဒုတိယတပည့် ။ ။ (လက်အုပ်ချီကာ) ကျွန်တော်များမှာ ထိပ် တင် သခင်ကြီးရဲ့ ကျေးဇူးသစ္စာတော်ကို ပါဏုပေတံ့ အသက်ထက်ဆုံး မမေ့ပါဘူး ဘုရား။

နှောင်း ။ ။ ကျေးဇူး သစ္စာတော်တဲ့လားဟဲ့။ ဒီစကားဟာ သာ မည စကားမဟုတ်ဘူးဟ။ ဒီစကားလည်း ထီးသုံးနန်းသုံး စကားပါပဲလား။ ကိုင်း ရော့ ရော့။ ငါ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရှိသေတဲ့ အတွက်ကွ။

တတိယတပည့် ။ ။ မှန်ပါ ... ကိုယ်တော်ကြီးအား ကျန်းမာ ချမ်းသာပါစေ ဆိုတာ ပန်းသပြေ ညောင်ရေလောင်း၍ နေ့ညမပြတ် ဆုတောင်းပါမယ် ကိုယ်တော်ကြီးရဲ့။

နှောင်း ။ ။ ဟာ၊ ဘယ့်နဲ့တဲ့။ ကိုယ်တော်ကြီးတဲ့လား။ ကိုယ်တော် ကြီး ဆိုတဲ့ စကားမျိုးဟာ ရှင်ဘုရင်တို့ မင်းသားတို့ကို ခေါ်တဲ့ စကားပဲ။ မင်းလည်း တော်တော် လိမ္မာရေးခြားရှိတဲ့ ကျွန်ကြီးပါပဲလားကွယ့်။ (တစ် ယောက်တည်း ပြောရဦးမည်မှာ) အင်း ... ဒီအကောင်ဟာ နောက်ဆိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူများရှင် လက်နက်စကြာသခင်လို့ ဆိုလျှင် ငါ့မှာ ပါလာတဲ့ ငွေကလေး ပြောင်ရချေရဲ့။ (တစ်ဖန် တတိယ တပည့်ဘက်သို့လှည့်၍) ကိုင်း၊ ရော့ ရော့။ ဒါက ငါ့ကို ကိုယ်တော်ကြီးလို့ ခေါ်တဲ့အတွက်ကွ။

တတိယတပည့် ॥ ॥ ကိုယ်တော်ကြီးဟာ အင်မတန်မှ စေတနာ သဒ္ဒါတရား ထက်သန်ပါပေတယ် ကိုယ်တော်ကြီးဘုရား။

နှောင်း ॥ ॥ (တစ်ယောက်တည်းပြော) အင်း ... တော်သေးရဲ့။ ရှိသမျှကလေး အကုန်ပေးရတော့မလို့။ တော်သေးရဲ့၊ တော်သေးရဲ့။

[ အပ်ချုပ်သမား၊ ဖိနပ်ချုပ်သမားနှင့် တပည့်များ ဝင်ကြစေ။ ]



## ဇာတ်ကွက် ၁

[ ထိုင်မသိမ်း ဝတ်ဆင်ထားသော ဦးရွှေနှောင်းနှင့် ကြွေယ်– နွေယ်တို့ ကျန်ရစ်ခဲ့ကြစေ။ ]

နှောင်း ॥ ॥ ဟော့ ... အကောင်တွေ၊ ဘာငေးနေတာလဲ။ ငါ အခုမြို့ပြင်လေးရပ်မှာ လျှောက်ပြီး ဒီအကျီနဲ့ ဟိတ်ထုတ်မလို့။ ကြားရဲ့လား။ မင်းတို့နှစ်ယောက်ဟာ သူများမြင်လျှင် ငါ့ငယ်ကျွန်တွေလို့ သိကြရအောင် ငါ့နောက်က ရိုရိုသေသေ လိုက်ခဲ့ကြရမယ်။ ကြားလား။

ကြွေယ်–နွေယ် ॥ ॥ ကြားပါ့ဘုရား၊ ကြားပါ့။

နှောင်း ॥ ॥ နွေယ် ... မယ်မှုန်ကို ခေါ်လိုက်စမ်း။ အိမ်မှာ ပြင်ဖို့ဆင်ဖို့ နေရာချထားရဦးမယ်။ ဟော့ ... နေတော့၊ နေတော့။ သူ လာနေပြီ။

* * *

## ဇာတ်ကွက် ၂

[ မယ်မှုန် ဝင်လာစေ။ ]

နှောင်း ॥ ॥ ဟဲ့ ... မယ်မှုန်။

မယ်မှုန် ॥ ॥ ဘာလဲရှင့်။

နှောင်း ॥ ॥ ငါပြောတာ နားထောင်စမ်း။

မှုန် ॥ ॥ အောင်မလေးရဲ့ လေးဟဲ့ ... ဟား ဟား ဟား။

နှောင်း ॥ ॥ ဟဲ့၊ ဘာရယ်တာလဲ။

မှုန် ॥ ॥ ဟား ... ဟား။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ॥ ॥ ဒီကောင်မ … ဘာဖြစ်တာလဲ။

မှုန် ॥ ॥ ဟား … ဟား။ ဘယ့်နှာကြီးကို ဝတ်ထားရတာလဲ ကိုကြီးနှောင်းရဲ့။

နှောင်း ॥ ॥ ဘာပြောတယ်။

မှုန် ॥ ॥ အောင်မယ်လေးရဲ့ လေးဟဲ့ ဟား … ဟား …။

နှောင်း ॥ ॥ ကြည့်စမ်း။ ဒီမြွေပွေးကိုက်မဟာ၊ ငါ့ကို ရယ်နေရသလား။

မှုန် ॥ ॥ ကိုကြီးနှောင်း၊ အသာနေစမ်းပါ။ ရယ်စမ်းပါရစေဦး။ ဟား … ဟား … ။

နှောင်း ॥ ॥ ဒီကောင်မ၊ ငါ လုပ်လိုက်ရ။

မှုန် ॥ ॥ အားရအောင် ရယ်စမ်းပါရစေဦး ကိုကြီးနှောင်းရဲ့။ ဟား … ဟား။

နှောင်း ॥ ॥ ဟဲ့ … တော်ဟဲ့။

မှုန် ॥ ॥ ကိုကြီးနှောင်းက တယ် ရယ်စရာ ကောင်းသကိုးတော့။ ဟား … ဟား …။

နှောင်း ॥ ॥ ကြည့်စမ်း၊ ဒီကောင်မဟာ။

မှုန် ॥ ॥ အမေရေ … ဒီလိုလူမျိုးများတော့ မကြုံဖူးပါဘူးတော့။ ဟား … ဟား …။

နှောင်း ॥ ॥ တယ် .:. ငါလေ။ လားလားလေ။

မှုန် ॥ ॥ ခဏကလေး။ ခဏကလေး။ ဟား … ဟား။

နှောင်း ॥ ॥ ဟဲ့ မယ်မှုန် … နင် ဒီတစ်ခါရယ်လျှင် ဆံပင်ဆွဲဆောင့်လိုက်မယ်။ သိရဲ့လား။

မှုန် ॥ ॥ ကဲ တော်ပါပြီ။ တော်ပါပြီ။ အဟိ။

နှောင်း ॥ ॥ ပြောတာ နားထောင်စမ်း။ အိမ်မှာ တိုးလိုးတန်းလန်းတွေကို သိမ်း။ သိလား။





မှုန် ॥ ॥ အဟိ၊ အဟိ။

နှောင်း ॥ ॥ နောက်ပြီးတော့ အိမ်ဦးခန်းကို ရေနဲ့ စင်စင် …။

မှုန် ॥ ॥ အဟိ၊ အဟိ။

နှောင်း ॥ ॥ ရေနဲ့ စင်စင်ဆေးကြောထားရမယ်။

မှုန် ॥ ॥ အဟိ၊ အဟိ၊ အဟိ။

နှောင်း ॥ ॥ ကြည့်စမ်း၊ ရယ်ပြန်ပြီ။

မှုန် ॥ ॥ (ခွက်ထိုးခွက်လန်ရယ်၍) ကိုကြီးနှောင်းရေ … မိမှုန်ကလေးရဲ့ ဆံပင်ကို ဆွဲဆောင့်ချင်လျှင် ဆွဲဆောင့်လိုက်ပါတော့။ မိမှုန်ကလေး မရယ်ရလျှင် သေရပါလိမ့်မယ် ကိုကြီးနှောင်းရဲ့။ ဟား …ဟား။

နှောင်း ॥ ॥ တယ် … ငါ ဆွဲထောင်းလိုက်ရ…။

မှုန် ॥ ॥ ကိုကြီးနှောင်းရေ … မယ်မှုန်ကလေး မရယ်ရလျှင် သေရွာ လှမ်းရပါလိမ့်မယ် ကိုကြီးနှောင်းရဲ့။ ဟား … ဟား … ဟား။

နှောင်း ॥ ॥ ဒီကောင်မဟာ ပေတေတေနဲ့။ အမဲရှုတ်မ။ ငါပြောတာကို နားထောင်စမ်း။

မှုန် ॥ ॥ ကဲ တော်ပါပြီတော်။ တော်ပါပြီ။

နှောင်း ॥ ॥ ဧည့်ကောင်း စောင်ကောင်းတွေကို ငါ ဖိတ်ထားတယ်။ အိမ်ကို ရှင်းရှင်းလင်းလင်း ထားစမ်း။ ကြားရဲ့လား။

မှုန် ॥ ॥ ဒီဧည့်သည်တွေကလည်း ခဏခဏ တကတဲ ရှုပ်ရန်မယ်ကော။ မယ်မှုန် စိတ်ညစ်လှပါပြီ။

နှောင်း ॥ ॥ အောင်မယ်၊ နင် စိတ်ညစ်တာနဲ့ ငါ့ဧည့်သည်တွေ မလာရတော့ဘူးလား။ လူဝါးဝလို့။ နင် တော်တော် ထ နော်။ ဟင်း …။

မှုန် ॥ ॥ မဟုတ်ပါဘူး … ကိုကြီးနှောင်းရဲ့။ ဧည့်သည်တွေကလည်း ကုန်ပဲ မကုန်နိုင်ဘူး။ တွေ့ကရာ ပေါက်ကရ အလေနတောဘိန်းစားရော၊ ဓာတ်သမားရော၊ လူညာရော၊ လွန်ပဲ လွန်လှပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ကွက် ၃

[ ဒေါ်ခါ ထွက်လာစေ။ ]

ဒေါ်ခါ ။ ။ အဲတော့၊ အဲတော့။ ဖြစ်ရပုံများ ပြောပဲ မပြောချင်တော့ဘူး။ ဘယ့်နဲ့ဟာကြီးကို ဝတ်ထားရတာလဲ။ သူများ မြှောက်ပေးတိုင်း အကောင်းမှတ်လို့။ မောင်မင်းကို လူပြောင် လူလှောင်တွေက အရှုးလုပ်နေတာ။ လူရယ်စရာကြီး မောင်မင်းရယ်။ ချွတ်ပါ။

နှောင်း ။ ။ အောင်မယ်၊ မယ်မင်းတို့လို မသိသားဆိုးဝါး ရှုးနှမ်းနှမ်းတွေကသာ ရယ်မှာ။ သွားပါ။

ခါ ။ ။ မောင်မင်း လုပ်ပုံတွေဟာ မတော်ပါဘူးတော်။ အရပ်က ဝိုင်းသရော်ကြပါလိမ့်မယ်။

နှောင်း ။ ။ မယ်မင်း အရပ်ကကော ဘာမို့လို့လဲ။ ထွီ … ရွံရော။

ခါ ။ ။ မောင်မင်းသာ ရှုးတာ။ အရပ်က ရှုးတာ မဟုတ်ဘူး။ ဒီလင်နဲ့ နေရတာ စိတ်ညစ်လှပါဘိတော်။ တစ်နေ့မှ ကိုယ့်အိမ်မှာကိုယ် စိတ်အေးလက်အေးနဲ့ မနေရဘူး။ တစ်နေ့လာလည်း ဇာတ်သမား ဆိုင်းသမားတွေနဲ့ တရုန်းရုန်း၊ တစ်နေ့လာလည်း တဆူဆူ တညံညံ။ သာလာယံဇရပ် ကျနေတာပဲ။ အိမ်နီးနားချင်းကိုလည်း အားနာပါဦး မောင်မင်းရဲ့။

မှုန် ။ ။ မမ ပြောတာများကိုလည်း နားထောင်ဦးမှပေါ့ ကိုကြီးနှောင်းရဲ့။ နေ့တိုင်းနေ့တိုင်း လူပေါင်းစုံ ခြေဖဝါးက ခြေမှုန့်ကို ဘယ်သူ လှည်းပစ်နိုင်မှာလဲ။ ခါးကုန်းရလွန်းလို့ သေရတော့မယ်။

နှောင်း ။ ။ ဟဲ့ မိမှုန်။ နင် ဆွမ်းဆန်ထဲ ကြွက်ချေးလာမရောစမ်းနဲ့။ တိတ်တိတ်နေစမ်း။

ခါ ။ ။ မယ်မှုန်ကို ကြိမ်းမောင်းမနေနဲ့။ မယ်မှုန်က မောင်မင်းထက် အပုံကြီး လိမ္မာသေးတယ်။ တကတဲတော် … ဒီအသက် ဒီအရွယ်ရောက်မှ ဇာတ်သမားတွေနဲ့ က လား ခုန်လား။

မှုန် ။ ။ နှောက်ပြီးတော့ကော … မမရဲ့။ ဟိုဓားကြီးနဲ့လူဟာ





အိမ်ဦးခန်း တက်ပြီး၊ ခုန်လား ပေါက်လား။ ခြေနဲ့ ဆောင့်လိုဆောင့်။ အိမ်ကို သွက်သွက်ခါလို့။ ရက်မတွေလည်း ပြုတ်လုပါပြီ။

နှောင်း ။ ။ ဟဲ့ … မယ်မင်းရော၊ မယ်မှုန်ရော … တော်။ လျှာမရှည်နဲ့။

ခါ ။ ။ မဟုတ်ပါဘူး။ ဒီအသက်အရွယ် ရောက်မှ က ချင် ခုန်ချင် သေးလို့လား။

(ချထားသော ဓားတစ်လက်ကို ဦးရွှေနှောင်း ကိုင်စေ။)

မှုန် ။ ။ ဟော … ဟော ဓားကြီးကို ကိုင်ပြန်ပါပြီ။ ဓားကြီး တယမ်းယမ်းနဲ့။ ကိုကြီးနှောင်း လူများ သတ်ချင်လို့လား။

နှောင်း ။ ။ တိတ်နော်။ နင်တို့ … ဘာ အမှန်းကန်းလန်း သိတဲ့ဟာမတွေလဲ။ ဒါဟာ ပညာတွေဟဲ့။ ပညာတွေ။

ခါ ။ ။ တကယ်ဆို၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဆိုသလို အရွယ်ရောက်လာတဲ့ ကိုယ့်သမီးကလေးကို နေရာ ချထားဖို့ စဉ်းစားရောပေါ့။

နှောင်း ။ ။ လာစပ်တဲ့လူ ပေါ်လာလျှင် ပေးစားလိုက်မှာပေါ့။ ဒါက ဘာအရေးကြီးသလဲ။ ငါ့ဝါသနာကို လာပြီး ဖျက်လိုဖျက်ဆီး မလုပ်စမ်းနဲ့။

မှုန် ။ ။ နှောက်ပြီးတော့လည်း … မမရဲ့။ ဘာဆရာ ဆိုလား၊ ညာဆရာ ဆိုလား၊ မသိပါဘူး။ အဲဒီလူနဲ့ တစ်မနက်လုံး ခေါင်းချင်းဆိုင်ပြီး ဘာတွတ်တွတ်နဲ့။

နှောင်း ။ ။ အေး၊ တတွတ်တွတ်နဲ့။ ဘာဖြစ်သလဲ။ ငါက ပညာရှိကြီးများနဲ့သာ စကားပြောပြီး ပညာကို ဆည်းပူးနေတာ။ နင်တို့ ဘာနားလည်လို့လဲ။

ခါ ။ ။ ဒါဖြင့် ကျောင်းပြန်နေပါဦးလား။ ဘုန်းကြီး အဆောင်ခံရအောင်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ ဆော် … ဘာဖြစ်သေးလဲ။ ပညာရလျှင် ပြီးရော။

မှုန် ။ ။ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ နာနာကလေး ဆော်ပေးမှ လိမ္မာလာမယ်။

နှောင်း ။ ။ ဆော်ပေးမှ လိမ္မာမယ်။ ဘာဖြစ်သလဲ။

ခါ ။ ။ ဒီတော့မှ မောင်မင်းရဲ့ ရှုးနှမ်းနှမ်းတွေ ပျောက်ကုန်မယ်။

နှောင်း ။ ။ အေး … ဘာဖြစ်သတုံး။ နင်တို့နဲ့ ဖက်ပြိုင်ပြောရတာ ပါးစပ်ညောင်းတယ်။ အခု မယ်မင်းပြောလိုက်တဲ့ စကားဟာ ဘာစကားလဲ၊ သိရဲ့လား။

ခါ ။ ။ ကျုပ်ပြောတာကို ကျုပ် ဘာဖြစ်လို့ မသိရမှာလဲ။ ကျုပ်ပြောတာတွေဟာ အကောင်းချည်းပဲ။ မောင်မင်း နေပုံထိုင်ပုံ ပြောင်းဖို့၊ မရှုးမနှမ်းဖို့ ပြောတာ။ သိရဲ့လား။

နှောင်း ။ ။ အဲဒါမေးတာ မဟုတ်ဘူးဟ။ အခု မယ်မင်းပြောတဲ့ စကားဟာ ဘာစကားလဲလို့ ပြောတာ။

ခါ ။ ။ အို … လူကြိုက်၊ နတ်ကြိုက်၊ ဘုရားကြိုက်တဲ့ စကားပေါ့။

နှောင်း ။ ။ အောင်မယ်လေးရဲ့ လေး …။ ဒါကိုမေးတာ မဟုတ်ဘူးဟ။ ကဲ ကဲ … ငါ အခုပြောလိုက်တဲ့ စကားဟာ ဘာစကားလဲ၊ သိရဲ့လား။

ခါ ။ ။ ဘာစကားမှ မဟုတ်ဘူး၊ အရှုးစကား။

နှောင်း ။ ။ ဟဲ့ ဒါကိုမေးတာ မဟုတ်ဘူးဟ။ တယ် ကျုပ်ပါကလား။ ဒီအမိုက်မကြောင့် တစ်ခက်ပဲ။ အခု မယ်မင်းနဲ့ ငါနဲ့ ပြောတဲ့ စကားတွေဟာ ဘာတွေလဲလို့ မေးတာ။

ခါ ။ ။ သိနိုင်ပေါင်။

နှောင်း ။ ။ ဘယ့်နဲ့ခေါ်တယ် ဆိုတာကိုကော သိရဲ့လား။





ခါ ။ ။ အို … ခေါ်ချင်သလို ခေါ်ပေါ့။

နှောင်း ။ ။ အောင်မယ်လေး၊ မယ်ခါလေး …။ အဲဒါကို စကားပြေလို့ ခေါ်တယ်ခင်ဗျ။ သိရဲ့လား။ ဘယ်စကား ဘယ်စာမဆို စကားပြေမပြော မရေးချင်လျှင် လင်္ကာသွား ပြောရ ရေးရတယ်။ လင်္ကာသွား မပြော မရေးချင်လျှင် စကားပြေ ပြောရ ရေးရတယ်ဟဲ့ မယ်မင်းရဲ့။ (မယ်မှုန်ဘက်သို့ လှည့်၍) ဟဲ့ မယ်မှုန်၊ 'သြော်' လို့ ဆိုလိုက်လျှင် ဘာလုပ်ရသလဲ၊ နင် သိရဲ့လား။

မှုန် ။ ။ ရှင်။

နှောင်း ။ ။ ဟော၊ 'သြော်' လို့ ပါးစပ်က မြည်လိုက်လျှင် ဘာလုပ်ရသလဲ။

မှုန် ။ ။ ဘယ့်နှာ လုပ်ရမှာလဲ။

နှောင်း ။ ။ ကဲ ကဲ၊ 'သြော်' လို့ ဆိုလိုက်စမ်း။ နင် သိလာလိမ့်မယ်။

မှုန် ။ ။ သြော် …။

နှောင်း ။ ။ ကဲ၊ နင် ဘာလုပ်သလဲ။

မှုန် ။ ။ အို …'သြော်' လို့ ဆိုလိုက်တာပေါ့။

နှောင်း ။ ။ (သက်မကြီးချလျက်) အင်း … နင်တို့ တယ် ဒုံးဝေးတဲ့ ဟာမတွေကိုး။ နင်က 'သြော်' လို့ ဆိုလိုက်တော့၊ နင် ဘာလုပ်သလဲလို့ မေးတာဟ၊ မိမှုန်ရ။

မှုန် ။ ။ ဖြစ်မှ ဖြစ်ရလေ။ ကိုကြီးနှောင်း ပြောသလို လုပ်တာပေါ့တော့။

နှောင်း ။ ။ ခက်တာပဲ။ ငါ ဘယ်လိုအရှုးတွေနဲ့ လာတွေ့နေရပါလိမ့်နော်။ ဟဲ့ … မယ်မှုန် ဒီမှာကြည့်စမ်း။ ဟော၊ 'သြော်' လို့ ဆိုလိုက်လျှင် လက်ဦး နှုတ်ခမ်းနှစ်ခုကို ရှေ့သို့ စုလိုက်ရတယ်။ နောက်ပြီးတော့ အောက်မေးကို နှိမ့်လိုက်ရတယ်။ 'သြော်' … ။ ကဲ၊ မြင်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဟော ... ငါ ဝမ်းနည်းကြေကွဲတဲ့ မျက်နှာ လုပ်ပြမယ်။ ကြည့် ကြည့်။ ဩော်။

မှုန် ။ ။ အင်း ... ပညာ ကြီးပါပေတယ်တော်။

ခါ ။ ။ အင်မတန်မှ ထူးကဲပါပေတယ် ကိုပိဋကတ် အိုးကြီးတော့။

နှောင်း ။ ။ အောင်မယ် ... နင်တို့တောင် သဘောကျလာပြီ။ ဒီ့ပြင် 'အာ' တို့၊ 'အင်း' တို့၊ 'နှ' တို့၊ 'ရ' တို့ အများကြီး ရှိသေးတယ်။

ခါ ။ ။ တော်ပါ။ ဒါတွေကို အကောင်းမှတ်လို့။ ကိုယ့်ကိုယ်ကိုယ် ရူးလို့ရူးမှန်း မသိ။

မှုန် ။ ။ ဒါတွေ သိတော့ကော ဘာအကျိုး ရှိဦးမှာတဲ့လဲ။ ကိုကြီးနှောင်းရဲ့။

နှောင်း ။ ။ ဟော ... ဟော ... ဟော။ ပြောရင်းဆိုရင်း ဖောက်လာပြီ။ သွား ... သွား။ မသိသား ဆိုးဝါးတဲ့ မိန်းမတွေ။ နင်တို့မျက်ခွက်ကို ငါ မကြည့်ချင်ဘူး၊ သွား။

ခါ ။ ။ မဟုတ်ဘူး မောင်မင်း။ မောင်မင်းဟာ အသက်လည်း ကြီးပြီ။ ဘာမဟုတ်တဲ့ လူညာ လူရူးတွေ ပြောတာကို သဘောကျနေရသလား။ သင်းတို့တစ်တွေကို နောက်မလာပါစေနဲ့။ ပြောလိုက်ပါပေရဲ့။

မှုန် ။ ။ ကြမ်းကို ခြေနဲ့ဆောင့်တဲ့ ဟိုအကောင်များ လာလျှင် ပါးကို ချလွှတ်မယ်။

နှောင်း ။ ။ (ရင်ဘတ်တီး၍) အံ့မယ်လေး ... မယ်မှုန်လေး။ သိုင်းဆရာကြီးကို သွားမစနဲ့ ခင်ဗျာ့။ သူ့က ဓားကြီးနဲ့ ဗိုက်ကို ထိုးသတ်လိုက်မှာ။ ဒီ့ကလောက် မိုက်လုံးထွားတဲ့ မယ်မှုန်။ သူက မဆုံးမခင် ငါက အလျင်ဆုံးမလိုက်မယ်။ (ဦးရွှေနှောင်းသည် ဓားတစ်စင်းယူ၍ ဓားတစ်စင်းကို မယ်မှုန်အား ကမ်းပေးပြီးလျှင်) ကိုင်း ...ဉာဏသမ္ပယုတ်နဲ့ ယှဉ်၍ ယှဉ်၍ ထိုးရမနော်။ ပြင်ပေတော့။ ရှေ့ကို တစ်လှမ်းတိုးပြီး ဓားချင်းရိုက်





လိုက်စမ်း။ အဲဒါ ခံစစ်ခုတ်နည်းလို့ ခေါ်တယ်။ နောက်ပြီးတော့၊ ဘယ်ခြေကို ဘေးဘက်သို့ တစ်လှမ်း လှမ်းပြီး ငါ့ကို ဓားနဲ့ ခြောက်လိုက်စမ်း။ အဲဒါကို ထိုးစစ်ခုတ်နည်းလို့ ခေါ်တယ်။ အဲဒီလိုသာ ကစားမယ် ဆိုလျှင် တစ်ဖက်ရန်သူဟာ ဘယ်တော့မှ ကိုယ့်ကို မထိုးနိုင်ဘူး။ ကဲ ... ငါ့ကို ထိုးစမ်း။ ထိုးသာထိုးပါ။ အစမ်းပေါ့ဟ။ ကဲ ထိုး။

မှုန် ။ ။ (မယ်မှုန် ဓားဖြင့် ဆင့်ကာဆင့်ကာ ဦးရွှေနှောင်း၏ ဗိုက်ကို ဓားနှင့်ထိုးရင်း) ထိုးတယ်တော်၊ ထိုးတယ်တော်။

နှောင်း ။ ။ အမယ်လေး။ အမေရဲ့။ တော်ပါဦးဟ။ တော်ပါဦးဟ။ ဟဲ့ ... တိရစ္ဆာန်မ။ စုန်းမ။ ကဝေမ။ ဗိုင်းတာမရဲ့။

မှုန် ။ ။ နို့ ... ထိုးဆို။

နှောင်း ။ ။ နင်က ခံစစ်ခုတ်နည်းကို မပြသေးဘဲ၊ ထိုးစစ်ခုတ်နည်းကို အရင်ပြတာကိုဟဲ့။ ငါ့မှာ ဓားရေးတောင် မပြရသေးဘူး။

ခါ ။ ။ ဩော် ... ကလေးကလားနဲ့။ ရူးလည်း ရူးပါမေ့ မောင်မင်းရယ်။ မောင်မင်းမှာ ထီးဟန် နန်းဟန်တွေကို တုပနေတဲ့ နေ့ကစပြီး၊ ရူးတော့တာပဲ။

နှောင်း ။ ။ အောင်မယ် ... မယ်မင်း ဘာနားလည်လို့လဲ။ ထီးဟန် နန်းဟန် ကြွနန်းဆန်တယ် ဆိုတာ မြင့်မြတ်တဲ့ သဘော၊ သိမ်မွေ့နူးညံ့တဲ့ သဘောကို ပြတာဟ။ ကုန်သည် ဆင်းရဲသားနဲ့ ပေါင်းနေလို့ ဘာထူးမှာလဲ။

ခါ ။ ။ မထူးပါဘူးတဲ့တော်၊ မထူးပါဘူးတဲ့။ ဒါကြောင့် ဟို ထုံးဘိုရွာစားနဲ့ ပေါင်းနေလို့ အကျိုးထူးကြီး ဖြစ်ထွန်းနေတာပေါ့လေ။ တယ် ... ပြောလိုက်ရ မကောင်းဘဲ ရှိတော့မယ်။

နှောင်း ။ ။ ဟော့ တိတ်စမ်း။ တိတ်စမ်း။ မယ်မင်းတို့ ဘာမှ သိတတ်တဲ့ မိန်းမတွေ မဟုတ်ဘူး။ ဒီလူကို အညတရ မှတ်လို့လား။ ထိုနန်းကို ပေါက်ရောက်တဲ့ မင်းပေါက် စိုးပေါက် မင်းယောက်ျားတဲ့။ သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ရှင်ဘုရင်ဟာ ဒူးတင်ပေါင်တင် နေကြတာ။ ဒီလိုလူမျိုးနဲ့ ပေါင်းရသင်းရတယ်ဆိုလျှင် အင်မတိ အင်မတန် ဂုဏ်ရှိတယ် မှတ်။ သိရဲ့လား။ သူ့ခမျာလေးဟာ ငါ့ကို ဘယ့်ကလောက် ဂရုစိုက်တယ် မှတ်သလဲ။ သူက များ ဂရုစိုက် အရေးပေးမှုဖြင့် ငါ့မှာ သိပ်သိပ်ပြီး အားနာသွားတာပဲ။

ခါ ။ ။ ဂုဏ်ကြီးတော်မူပါပေတယ်တော်။ ဂုဏ်ကြီးတော်မူပါပေတယ်။ ဒီမှာလေ မောင်မင်း။ ကျုပ်ပြောမယ်။ သူက ဂရုစိုက်တာကတော့ ဟုတ်ပါရဲ့။ မောင်မင်းဆီမှာ ကပ်ကပ်ပြီး ငွေချေးတာက ခက်တယ်။

နှောင်း ။ ။ အောင်မယ် ...။ ဒီလို ဂုဏ်နဲ့ အသရေနဲ့ ပြည့်ဝတဲ့ လူမျိုးကများ ငွေလာချေးတယ် ဆိုလျှင် ကုန်ပေ့စေ။ ဂုဏ်ရှိတာသာ လိုရင်းကွ။ ကြည့်စမ်း။ သူ့ခမျာဟာ ငါ့ကို အဆွေတော်၊ အဆွေတော်နဲ့။ ဘယ့်လောက် ယဉ်ကျေးသလဲ။

ခါ ။ ။ အေး... ။ ယဉ်၊ ယဉ်သာနေ။ တော်တော်ကြာ လူတောင် ပေါင်ရဦးမယ်။ သူက မောင်မင်းအတွက် ဘာများ လုပ်ပေးဖူးလို့လဲ။

နှောင်း ။ ။ သူ့ကျေးဇူးတွေ ငါ့မှာ ဘယ်လောက်ရှိတယ် မှတ်သလဲ။ အရပ်ကများ သိလျှင် ဟောသလို ဖူးဖူးနဲ့ မှတ်ထားမှာ။

ခါ ။ ။ ပြောပြစမ်းပါဦး မောင်မင်းရယ်။ ကျုပ်တို့လည်း မှတ်ထားစမ်းပါရစေ။

နှောင်း ။ ။ ဟော့ မယ်မင်း တယ်လျှာရှည်တယ်။ တော်ဆို တော်။ ငါ မပြောနိုင်ဘူး။ သူ ချေးတဲ့ငွေကို ပြန်ရလျှင် ပြီးရော မဟုတ်လား။

ခါ ။ ။ ဆပ်ပါလိမ့်မယ်တော်။ ဆပ်ပါလိမ့်မယ်။

နှောင်း ။ ။ ဆပ်မှာပေါ့ကွ။ သေသေချာချာ သူ ဝန်ခံသွားတာပဲ။

ခါ ။ ။ မောင်မင်းကလည်း သူ့စကားကို တကယ်ယုံနေတာကိုး။

နှောင်း ။ ။ ယုံတာပေါ့ကွ။ မင်းမှာ သစ္စာတဲ့။ သူလည်း မင်းပဲ။





ခါ ။ ။ ယုံနိုင်ပါဘူးတော်။

နှောင်း ။ ။ မယ်ခါ။ မယ်မင်း တယ်ခေါင်းမာတဲ့ မိန်းမပါကလား။ ပြန်ဆပ်ပါမယ်လို့ ငါ့ကို သေသေချာချာ ယဉ်ယဉ်ကျေးကျေး မှာသွားတာကွ။

ခါ ။ ။ ရှူဠလိပ် ရေထဲလွှတ်တာကမှ ပြန်လာလိမ့်ဦးမယ်။ မောင်မင်း ငွေတော့ ပြန်မလာတော့ဘူးလို့ မှတ်လိုက်။ မောင်မင်းကို ယဉ်ယဉ်ကျေးကျေးနဲ့ချည်း တစ်ပတ်ရိုက်တာ များလှပါပကောလား။

နှောင်း ။ ။ တိတ်တိတ်နေစမ်း။ ဟိုမှာ လာနေပြီ။

ခါ ။ ။ အင်း ...ငွေထပ်ချေးရအောင် လာတာပါပဲ။ မျက်နှာကိုက ကျောက်ချော ရေပက်ထားသလိုပဲ။

နှောင်း ။ ။ ဟော့ ... တော်ဆို။

* * *

## ခန်းကွက် ၄

[ ထုံးဘိုရွာစား မောင်မောင်ဆင် ထွက်လာစေ။
ဦးရွှေနှောင်းသည် ဖိနပ်ကိုချွတ်၍ ခရီးဦးကြို ပြုစေ။ ]

မောင်မောင်ဆင်။ ။ ကျမ်းခံ့သာလို့ မာတော်မူပါစ အဆွေတော်မင်းခင်ဗျာ။

နှောင်း ။ ။ (မောင်မောင်ဆင်ထံသို့ လာ၍) မှန်လှပါ။ ရွာစားမင်းက ပို့သသော မေတ္တာကြောင့် ကျန်းမာပကတိ ချမ်းသာစွာ ရှိပါတယ်။ ဟုတ်ကဲ့၊ ရွာစားတော်မင်း အလိုရှိတာကို မိန့်တော်မူပါ။ ကျွန်တော့်မှာ အမြဲ နာခံ စောင့်စားလျက် ရှိပါတယ်။

မောင်မောင်ဆင်။ ။ သူဌေးကတော်ကြီးကော ကျန်းမာစွာ ရှိပါသလား ခင်ဗျား။

ခါ ။ ။ ဟုတ်ကဲ့။ ဒီလိုပါပဲ။

ဆင် ။ ။ အဆွေတော်တို့များ ဝတ်စား ဆင်ယင်လိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အင်မတန်မှ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပေတယ်နော်။

နှောင်း ॥ ॥ သြော် ... ရှာစားမင်းကလည်း နှစ်သက်တော်မူသကိုး။

ဆင် ॥ ॥ ဟုတ်ကဲ့၊ ထိုင်မသိမ်းအကျီနဲ့ဆိုတော့ အင်မတန်မှ အဆင်ပြေတာပဲ။ တော်ကြီးဘုရားရဲ့ လူပျိုတော်သား နုနုနယ်နယ်ကလေးများတောင် အခု အဆွေတော်လို လောက၏ ဆန်းကြယ်ခြင်း၊ တင့်တယ်ခြင်း၊ ခမ်းနားခြင်း ဆိုတဲ့ ကလျာဏ လက္ခဏာတွေကို မမြင်တတ်ကြဘူးဗျ။ ယုံပါတော့ အဆွေတော်ဗျား။

နှောင်း ॥ ॥ ယုံပါတယ် ရှာစားတော်မင်း ခင်ဗျား။

ခါ ॥ ॥ (တစ်ကိုယ်တည်းပြော) ဘုန်းကြီးရှူးနဲ့၊ လှေလှူးနဲ့တော့ တွေ့နေပကောလေ။

ဆင် ॥ ॥ ကျောဘက်က အဆင်ကို ရှုစားစမ်းပရစေဦးလေ။ အင်း ... အဆင်ကလေးကဖြင့် တယ်လို့လည်း ယဉ်ပါပေတယ်ဗျာ။ ယဉ်ပါပေတယ်။

ခါ ॥ ॥ (တစ်ကိုယ်တည်း) ရူးကြပဲ့နော်။ ရူးကြပဲ့။

ဆင် ॥ ॥ ကျွန်တော့်မှာလေ အဆွေတော်ကို တစ်နေ့ကလေး မတွေ့ရ မဖူးရဘူးဆိုလျှင် မနေနိုင်လောက်အောင် ဖြစ်ရပါတယ်။ ယုံပါတော့ အဆွေတော်မင်း ဗျား။ ရှုဋ္ဌာမဏိ ကိုယ်တော်ကြီးမှာ ကျမ်းသစ္စာ ဆိုဝံ့ပါရဲ့။ အဆွေတော်ရဲ့ မဟတ္တဂုဏ်၊ သီလဂုဏ်၊ သဒ္ဓါသမ္ပတ္တိဂုဏ်တွေကို စန်းတင်တင်ပြီး ပြောလိုက်ရတာ မောနေတာပဲ။ ယနေ့နံနက် တော်ကြီးဘုရားရဲ့ ညီလာခံ သဘင်မှာတောင် အဆွေတော်ရဲ့ အကြောင်းကို အမွှမ်းတင်ပြီး လျှောက်ခဲ့ရသေးတယ်။

နှောင်း ॥ ॥ အို ... ရှာစားတော်မင်းနှယ်၊ ဒုက္ခရှာလို့၊ သိပ်ပြီးလည်း အရေးပေးတော် မမူပါနဲ့။ (မယ်ခါဘက်သို့ လှည့်၍) မယ်ခါ ... ညီလာခံ သဘင်မှာတဲ့ကွယ့် ကြားလား။





ဆင် ॥ ॥ အို ... အဆွေတော်ကလည်း ဖိနပ်ချွတ်ထားသကိုး။

နှောင်း ॥ ॥ ရှာစားတော်မင်း ခင်ဗျား။ ဒူးနေရာ ဒူး၊ တော်နေရာ တော်တဲ့။ ရှိသေအပ်သည်၊ ကိုင်းရှိုင်းအပ်သည် ဆိုတဲ့ တရားကို စောင့်တတ်ပါတယ်။ ကျွန်တော်ဟာ မရိုင်းပါဘူး။

ဆင် ॥ ॥ အို ... ကိစ္စမရှိပါဘူး။ စီးတော်မူပါ၊ စီးတော်မူပါ အဆွေတော်မင်းရဲ့။ ကျွန်တော်တို့မှာ အင်မတန်မှ ချစ်ခင်ရင်းနှီးကြတဲ့ မိတ်ဆွေချင်းပဲ။ စီးတော်မူပါ စီးတော်မူပါ အဆွေတော်ရဲ့။

နှောင်း ॥ ॥ အလိုတော်လိုက်လို့ အမိုက်ဇော်ကား ဆိုသလို မစီးပရစေနဲ့ ရှာစားတော် မင်းရဲ့။

ဆင် ॥ ॥ အို ... စီးသာ စီးပါ။ စိုးရိမ်စရာ မရှိပါဘူး။

နှောင်း ॥ ॥ နေပါစေ ရှာစားတော်မင်းရဲ့။ ကျွန်တော်တို့မှာ ရာဇဂုဏ်ကို ရှိသေရသူ ဖြစ်ပါတယ်။

ဆင် ॥ ॥ အဆွေတော်ကလည်း တယ်ခက်သကိုး။ ကဲ အဆွေတော်က ချွတ်လျှင် ကျွန်တော်ကလည်း ချွတ်ရလိမ့်မဗျ။

နှောင်း ॥ ॥ သြော် ... ကျွန်တော့်မှာ ရိုင်းရာ ကျနေပါပြီ ရှာစားတော်မင်း ခင်ဗျား။ (ဖိနပ်ကို ပြန်၍ စီးစေ။)

ဆင် ॥ ॥ အို ... ရှာစားတော်မင်းလေး ဘာလေး လုပ်မနေပါနဲ့။ ကျွန်တော့်မှာဆိုတော့ အဆွေတော်မင်းရဲ့ မြီစား ဖြစ်ပါတယ်။ အဆွေတော်ကတော့ ကျွန်တော်၏ မြီရှင် ဖြစ်ပါတယ်။

ခါ ॥ ॥ (တစ်ကိုယ်တည်း) ဒါတွေ သိပြီးသားပါ။

ဆင် ॥ ॥ အဆွေတော်မှာ ကျွန်တော့်အား ကြည်ဖြူစွာ မေတ္တာပုဗ္ဗင်္ဂမ ရှေ့ထား၍ မြောက်မြားစွာသော ငွေတော်များကို ချေးခဲ့ပါတယ်။ ဒီတော့ အဆွေတော်ရဲ့ သဒ္ဓါတရားတွေကို စဉ်းစားလိုက်ပြီလား ဆိုလျှင် ကျွန်တော့်မှာ ကျေးဇူးတင်၍ မဆုံး မကုန်သလောက်ပင် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ အို အဆွေတော်မင်းကလည်း ကျေးဇူးတွေကို... ဖော်နေပြန်ပါပြီ။ မလိုပါဘူး အဆွေတော်မင်းရဲ့။

ဆင် ။ ။ ဘယ့်နဲ့ မလိုပါဘူးလဲ။ ကျွန်တော်ဟာ သူတစ်ထူးရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့တတ်ဘူး။ အခု ချေးထားတဲ့ငွေကို ဆပ်ပေးဖို့ရာ အဆင်သင့် ရှိပါတယ်။

နှောင်း ။ ။ မှန်ပါ။ အစကတည်းက ယုံကြည်ရင်း ရှိပါတယ် အဆွေတော်မင်း။

ဆင် ။ ။ ယခု ရောက်လာရခြင်း အကြောင်းရင်းကလည်း ထိုမြီများကို ရှင်းလင်းရန် ကိစ္စအတွက်ပါပဲ။

နှောင်း ။ ။ (မယ်ခါဘက်သို့ လှည့်၍) ကိုင်း ... ဘယ့်နဲ့ရှိစ။ ငါပြောတာ မဟုတ်ဘူးလား။

ဆင် ။ ။ ကျွန်တော်က သူများရဲ့ ကြွေးမြီများကို ဘယ်တော့မှ ကြာရှည်လေးမြင့်စွာ မထားတတ်ဘူး အဆွေတော်ရဲ့။

နှောင်း ။ ။ (မယ်ခါဘက်သို့ လှည့်၍) ကဲ ... ငါပြောတာ မမှန်ဘူးလား။

ဆင် ။ ။ မြီစာရင်းကို ရှင်းရအောင်။

နှောင်း ။ ။ (မယ်ခါဘက်သို့ လှည့်၍) မယ်မင်းတို့ဟာ လူတစ်ဖက်သားကို ရှုတ်ချပြီး ပြောဖို့သာ တတ်တယ်။

ဆင် ။ ။ မြီအားလုံးကို အဆွေတော် မှတ်မိသေးရဲ့လား။

နှောင်း ။ ။ မှတ်မိပါတယ်။ ဟော ... ရော့ ရော့။ ဟောဒါဟာ စာရင်းပါပဲ။ (ငွေစာရင်းကို ထုတ်စေ။) ပထမအကြိမ် ချေးတာက ဒေါင်းဒင်္ဂါးပြားရေ ၂၀ိ ဗျ။

ဆင် ။ ။ ဟုတ်ကဲ့။

နှောင်း ။ ။ ဒုတိယအကြိမ် ၅၀ိ ဗျ။

ဆင် ။ ။ အင်း။





နှောင်း ။ ။ နှစ်ခုပေါင်းတော့ ၇၀ိ ဆိုပါတော့။

ဆင် ။ ။ ဟုတ်ပြီ။

နှောင်း ။ ။ တတိယအကြိမ်၊ ကတ္တီပါအုပ်ကြီးများ ဝယ်ဖို့ဆိုပြီး ဒင်္ဂါးပေါင်း ၁၃၀ိ ဗျ။

ဆင် ။ ။ ဟုတ်ပြီ။

နှောင်း ။ ။ နောက် မြလက်စွပ် ဝယ်ဖို့ဆိုပြီး ၅၀ိ ဗျ။

ဆင် ။ ။ နောက်ကော။

နှောင်း ။ ။ နောက်တစ်ခါ ပြင်သစ်ရေမွှေးတို့၊ ပိုးဖဲတို့ ဝယ်ဖို့ ဆိုပြီး ငွေ ၂၅ိ ဗျ။

ဆင် ။ ။ ဟုတ်ပြီ။

နှောင်း ။ ။ နောက်တစ်ခါ ဝန်ကတော်ကလေး ရွှေစက်တော်ဘုရားဖူးသွားဖို့ ဆိုပြီး ငွေ ၁၀ိ ဗျ။

ဆင် ။ ။ ဟုတ်ကဲ့၊ ၁၀ိ ပါပဲ။

နှောင်း ။ ။ နောက်တစ်ခါ တော်ကြီးဘုရားထံ အကန်တော့ဝင်ဖို့ ဆိုပြီး ငွေ ၃၀ိ ဗျ။ အဲဒါ အားလုံးပဲ။

ဆင် ။ ။ ကိုင်း ... အစုစု ပေါင်းပြန်တော့ ဘယ်လောက်ပါလိမ့်။

နှောင်း ။ ။ အင်း ... စုစုပေါင်း ၁၃၅ိ ဗျ။

ဆင် ။ ။ ဟုတ်ပြီ။ ပေါင်း ၁၃၅ိ နော်။ အဲ အဲ အားလုံးပေါင်း ငွေ ၁၅၀ိ ပြည့်သွားအောင် နောက်ထပ် ငွေ ၁၅ိ ကိုသာ အဆွေတော်က မစတော်မူပါဦး။ ပြန်ဆပ်ဖို့ကတော့ စိတ်သာ ချတော်မူပါ။ အဆင်သင့်ပဲ ရှိပါတယ် အဆွေတော်မင်းရဲ့။

ခါ ။ ။ (ဦးရွှေနှောင်းဘက်သို့ လှည့်၍) အဲတော့။ အဲတော့။ ဘယ့်နဲ့ရှိစ။ အစက ကျုပ်မပြောဘူးလား မောင်မင်းရဲ့။

နှောင်း ။ ။ (မယ်ခါသို့ ပြန်၍) တိတ်တိတ်နေပါ။



www.burmeseclassic.com

ဆင် ။ ။ အဆွေတော်ကိုလည်း အားနာပါရဲ့။ ခဏခဏ ဒုက္ခပေးရာ ရောက်နေမလား အဆွေတော်ရဲ့။

နှောင်း ။ ။ အို ... မရောက်ပါဘူး၊ မရောက်ပါဘူး။

ခါ ။ ။ (ဦးရွှေနှောင်းဘက်သို့ လှည့်၍) အင်း ... မောင်မင်းကိုတော့ ပျားရည်နဲ့ ဝမ်းချနေပြီ။ တော်တော်ကြာလျှင် နွားပြာကြီး အောက်သွား မရှိဘဲ နေတော့မှာပဲ။

နှောင်း ။ ။ ဟော့ ... တိတ်တိတ်စမ်း။

ဆင် ။ ။ အဆွေတော်မှာ အခုချက်ချင်း မလွယ်ဘူးဆိုလျှင်လည်း ကျွန်တော် အခြားမှာ ရနိုင်ပါတယ်။ အတွက် မရှိပါဘူး။

နှောင်း ။ ။ အို ... လွယ်ပါတယ်။ ဘယ့်နှဲ့ မလွယ်ရမှာတုံး။

ခါ ။ ။ (ဦးရွှေနှောင်းဘက်သို့ လှည့်၍) မောင်မင်းကိုတော့ အစိမ်းလိုက် ဝါးစားတော့မှာပဲ။

နှောင်း ။ ။ တိတ်တိတ်နေဆိုလျှင် မရဘူးလား။

ဆင် ။ ။ အို ... အားနာစရာ မဟုတ်ပါဘူး။ မလွယ်သေးလျှင်လည်း မလွယ်သေးဘူးပေါ့၊ ပြောသာ ပြောပါ။

နှောင်း ။ ။ အို ... လွယ်လိုက်တာမှ အခုတောင် ထုတ်ပေးလိုက်နိုင်သေးတယ်။

ခါ ။ ။ (ဦးရွှေနှောင်းသို့) ဒီကောင်ဟာ ပခန်းသားတော့... သိရဲ့လား။

နှောင်း ။ ။ ငါ ... လုပ်လိုက်ရ။ ငြိမ်ငြိမ်နေစမ်း။

ခါ ။ ။ မောင်မင်းကို မြိုက်ချနေတာ။

နှောင်း ။ ။ မကြီးခါ၊ ငြိမ်ငြိမ်နေစမ်းပါကွယ် ... မယ်မင်းကြီးမရဲ့။

ဆင် ။ ။ ကျွန်တော့်မှာ အဆွေတော်မင်း သိတဲ့အတိုင်းပဲ။ ကျွန်တော်ကလို ဆိုလျှင် ငွေထုတ်ချေးမယ့်သူတွေ အများကြီး ရှိပါတယ်။





နှီးပေတဲ့ အဆွေတော်နဲ့ ကျွန်တော်နဲ့ ဆိုတာမှာတော့ တစ်အူတုံဆင်း ညီရင်းအစ်ကိုလို ချစ်ခင်ကြတဲ့ မိတ်ဆွေကြီးတွေကိုး။ ဒီလို မိတ်ဆွေကြီးများရှိလျက်သားနဲ့ တခြားဆီမှာ သွားပြီး ချေးမယ်ဆိုလျှင် ရှိင်းရာ ကျတော့မယ်လေလို့ အောက်မေ့လို့ပါ။

နှောင်း ။ ။ မှန်ပါတယ်။ မှန်ပါတယ်။ အဆွေတော်ကလည်း ကျွန်ုပ်တော့်ကို တယ် အရေးပေးတာကိုး။ နေဦး။ ကျွန်တော့် ငွေထုပ် သွားယူလိုက်ဦးမယ်။

ခါ ။ ။ (ဦးရွှေနှောင်းသို့) ဟော့ မောင်မင်းရဲ့၊ ဘယ့်နှာလဲ။ ထပ်ချေးဦးမလို့လားကွယ့်။

နှောင်း ။ ။ အို ... မယ်မင်းကလည်းကွယ်။ အဆွေတော်ဟာ သာမညပုဂ္ဂိုလ် မဟုတ်ပါဘူး။ ငါ့အကြောင်းကို တော်ကြီးဘုရားရဲ့ ညီလာခံသဘင်မှာတောင် အရေးပေးပြီး ပြောသေးတယ်။ နောက်ပြီးတော့ ထုံးဘိုရှာစားမင်းကွယ့်။ ဒီလို ပုဂ္ဂိုလ်မျိုးက ငွေလာချေးလျက်သားနဲ့မှ ငါတို့က မချေးလိုက်ဘူးဆိုလျှင် ရာဇဝင် ရှိင်းတော့မပေါ့ မယ်ခါရဲ့။

ခါ ။ ။ ခက်လိုက်တာနော်။ ကိုယ့်ကိုညာလို့လည်း ညာမှန်းမသိဘူး။ မပြောချင်ပါဘူးတော်။ နောက်တော့သာ ...။

[ ဦးရွှေနှောင်း ငွေထုပ် ဝင်၍ ယူလေရာ
မယ်ခါ၊ မယ်မှန်၊ မောင်မောင်ဆင်တို့ ကျန်ရစ်ခဲ့ကြစေ။ ]

* * *

## ခန်းတွဲ ၅

ဆင်။ ။ မျက်နှာတော်ညို ဘာအလိုမကျပါသလဲ မမဘုရား။

ခါ ။ ။ အို ... ဒီ 'ဘုရား' တွေကို ဒီအိမ်မှာ ဒေသစာရီ မကြွပါစေနဲ့။ မြောက်ထိုးပင့်ကော် အပေါ်ယံ အရည်ပွတ်တွေကို ကျုပ်တို့ မကြိုက်ပါဘူး။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆင် ။ ။ မမရဲ့ သမီးချောတစ်ယောက်ကော မမြင်ပါလား။ ဘယ်များ သွားပါလိမ့်။

ခါ ။ ။ မောင်နဲ့ ဘာမှမဆိုင်ပါဘူး။ သူရှိချင်တဲ့ နေရာမှာ ရှိမှာပေါ့။

ဆင် ။ ။ အနို့– ကျိမ်းခံ့သာလို့ မာပါရဲ့လားဗျ။

ခါ ။ ။ အို–မောင့်အပူ တစ်ရွေးသားမှ မပါဘူး။ သူ မာချင် မာမယ်။ မမာချင် မမာဘူး။

ဆင် ။ ။ ဩော်– ဒီလိုပါ မမရဲ့။ မမတို့မောင်က နှမလေးကို တော်ကြီးဘုရားရဲ့ ပွဲကြည့်ဆောင်တော်ကို လိုက်ပို့ချင်လို့ပါ။ အခု– အသုံးတော်ခံ ကွက်စိပ် စာဟောဆရာ အသစ်တစ်ယောက် ရောက်နေတယ် မမရဲ့။ မမတို့မောင်များ ရယ်လိုက်ရတာ။ မောနေတာပဲ။

ခါ ။ ။ အို ... အခုပဲ ရယ်ရလွန်းလို့ မောလှပါပြီ။

ဆင် ။ ။ မမဟာ– နပျိုတဲ့ အရွယ်ကများ တယ်လို့လည်း ကျက်သရေ ရှိပေမယ်နော်။ အခုတောင် အတော်တင်တာပဲ။

ခါ ။ ။ အောင်မယ်၊ ခွေးကလေး အရောဝင် ပါးလျက် နားလျက်။ ကလေးကလားနဲ့။ လူကိုလာပြီး။ တယ် ... ငါ ...။

* * *

## ဇာတ်ကွက် ၆

[ ဦးရွှေနှောင်းသည် ငွေထုပ်ကို ပိုက်၍ ထွက်လာစေ။ ]

နှောင်း။ ။ ဟော ... အဆွေတော် ... ငွေ ၁၅ဝိ ကို တိလို့။

ဆင် ။ ။ အားနာစရာကြီး အဆွေတော်ရယ်။ ဒီကျေးဇူးတွေကို ကျွန်တော် ဘယ့်နဲ့လုပ်ပြီး ဆပ်ရပါ့မလဲ။ အဆွေတော်ကို ကျွန်တော် တစ်ခု မှာထားမယ်။ မင်းရေးမင်းမှုစ၍ ထီးထဲနန်းထဲက ကိစ္စများနဲ့ ပတ်သက်လာလျှင် ဟောဒီ ကျွန်တော်ရဲ့ ရင်နှစ်ခြမ်း ဖြန်းဖြန်းကြီး ကွဲသွားပေစေ။ ကျွန်တော် ဆောင်ရွက်ပေးမယ် ... အဆွေတော်။ ဒီအတွက် မပူနဲ့။ သိလား။





နှောင်း။ ။ ကျေးဇူးပါပဲ၊ အဆွေတော်မင်း။ အဆွေတော်ရဲ့ ကျေးဇူးက ပိုလို့ များပါတယ်။

ဆင် ။ ။ ဟော– ကျွန်တော့်အစ်မများလည်း တော်ကြီးဘုရားရဲ့ ပွဲကြည့်ဆောင်တော်မှာ ပွဲကြည့်ချင်တယ် ဆိုလျှင် ပြောပါ။ အဆောင်ရမိဖုရားများနှင့် ရောပြီး ကြည့်ရပါစေ့မယ်။

ခါ ။ ။ အို ကြည့်ချင်ပါဘူး၊ ကြည့်နိုင်ပါဘူး။

ဆင် ။ ။ (ဦးရွှေနှောင်း၏ အနီးသို့ ချဉ်း၍) ကျွန်တော် ပို့လိုက်တဲ့ စာလွှာကို ရရဲ့ မဟုတ်လား။

နှောင်း။ ။ ရပါတယ်။

ဆင် ။ ။ ခင်ခင်ထားကလေးဟာ၊ အရှက်ကို ငုံပြီး အဆွေတော်ရဲ့ အိမ်ကို ယနေ့ညနေမှာ လာမယ်လို့ ပါတယ် မဟုတ်လား။

နှောင်း။ ။ ပါတယ်။

ဆင် ။ ။ သူလာလျှင်သာ၊ အဆွေတော်က လောကဝတ် ကျေပွန်ရမယ်ဗျ။ အချိုအချဉ် စားဖွယ် သောက်ဖွယ် ပွဲတော်အုပ်ဆိုတာလည်း မလစ်လပ်စေရဘူး။ အဆွေတော် စီစဉ်ထားတဲ့ အငြိမ့်နဲ့လည်း တစ်မျိုးတစ်ဖုံ ဖျော်ဖြေတာပေါ့။ နောက်ပြီးတော့၊ အဆွေတော် ဆက်သလိုက်တဲ့ လက်ဆောင်ကို ခင်ခင်ထား လက်ခံသိမ်းပိုက်ဖို့ မနည်းကို ကြိုးစားရတယ်။ သူကလေးက အချော့ကြိုက်ကလေးဗျ။

နှောင်း။ ။ ဒီဘက်နား တိုးစမ်းပါ။ ဟိုက ခေါင်းဖြူမကြီး ကြားသွား ပါ့မယ်။

ဆင် ။ ။ ကျွန်တော်လေ ... အဆွေတော့်ဆီကို လာချင်လိုက်တာ။ ဒီကိစ္စကလည်း မပြီးနိုင်။ လူ့ကို သေချင်တာပါပဲ။ ခင်ခင်ထားက တော်တော် ဣန္ဒြေကြီးတဲ့ မိန်းကလေးဗျ။ အဆွေတော် ဆက်သလိုက်တဲ့ မြလက်စွပ်ကြီးကို ယူပါမယ့်အကြောင်း အမျိုးမျိုး ချော့မော့ပြီး တောင်းပန်ရတယ်။ အခု မနက်မှ သူက လက်ခံ သိမ်းပိုက်တော်မူသဗျ။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ॥ ॥ အနို့– သဘောကော ကျရဲ့လား။

ဆင် ॥ ॥ အို– သဘောကျပေါ့။ သဘောကျဆို 'မောင်မောင်ကလည်း ထားထားကို တယ်သဒ္ဒါတော် မူတာကိုး' လို့တောင် နှုတ်ကရုတ်တရက် ဆိုလိုက်သေး။

နှောင်း ॥ ॥ အောင်မလေးဟဲ့။ ငနှောင်းရေ ... နှင် သေပါဟဲ့။ (ဆိုပြီး မိမိ နဖူးပြင်ကို လက်ဝါးဖြင့် ရိုက်စေ။)

ခါ ॥ ॥ (မယ်မှုန်သို့) မယ်မှုန်၊ ညည့်အစ်ကိုကြီးတော့ ဒီအကောင်နဲ့ ကြာကြာတွဲနေလျှင် ရူးလိမ့်မယ် ထင်တယ် မယ်မှုန်ရဲ့။

ဆင် ॥ ॥ နောက်ပြီးတော့၊ ဒီမြလက်စွပ်ကြီးဟာ ပြည်တန်တဲ့အကြောင်း။ အင်မတန် မြတ်နိုးစုံမက်လွန်းလို့သာ၊ ထားထားကို ဆက်သတဲ့အကြောင်း ပြောပြတာကိုး။

နှောင်း ॥ ॥ တော်လိုက်လေဗျာ။ မြင်းမိုရ်တောင်ဦးမက ကျေးဇူးကြီးလှပါပေတယ်။ အဆွေတော်တို့လို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များကတောင် ဝိုင်းဝန်းကူညီတယ် ဆိုတာများ သိပ်အားနာဖို့ ကောင်းတာပဲ။

ဆင် ॥ ॥ အို၊ ဘာအားနာစရာ ရှိသလဲ။ မိတ်ဆွေအချင်းချင်းဒါလောက်မှ မဆောင်ရွက်ရဘူးလား။ ကျွန်တော့်မှာ ဒီလိုကိစ္စမျိုး ကြုံလာရင်ကော ... အဆွေတော် ဘာနေမလဲ။

နှောင်း ॥ ॥ ဟာ ... ဘာနေမလဲ။

ခါ ॥ ॥ မယ်မှုန်ရေ။ ဒီအကောင်တော့ ငါ့မျက်စိထဲမှာ စပါးမွေး စူးလှပြီအေ့။

ဆင် ॥ ॥ မိတ်ဆွေအဖြစ် ပေါင်းသင်းတဲ့ နေရာမှာ၊ ကျွန်တော်ဟာလေ ကိုယ့်အတွက်ကို ဘာမှ ဂရုစိုက်တဲ့လူ မဟုတ်ဘူး။ ကြည့်ပါလား၊ အဆွေတော်က ခင်ခင်ထားကလေးကို ကြိုက်တယ်လို့ ပြောလိုက်လျှင်၊ ကျွန်တော် ချက်ချင်း ဆောင်ရွက်ပေးတယ် မဟုတ်လား။

နှောင်း ॥ ॥ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါတွေကြောင့် အဆွေတော်ကို ကျေးဇူးတင်တာပေါ့။





ခါ ॥ ॥ မယ်မှုန်၊ ဒီကောင် ဘယ်တော့များမှ ပြန်မှာတဲ့လဲ။

မှုန် ॥ ॥ ခက်တော့တာပဲ မမရဲ့။ အခုမှ သူတို့နှစ်ယောက် လင်မယားကျနေတာပဲ။

ဆင် ॥ ॥ အဆွေတော်ကိုလည်း ကျွန်တော်က ချီးမွမ်းမိတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ အဆွေတော်က ဣတ္ထိယ နုနုဖပ်ဖပ်ကလေးများ လိုချင့်မျက်စိ ရှိတတ်တဲ့ လှလှပပကလေးတွေကို ပေးတတ်သကိုး။ အခုလိုသာ ငွေစကြေးစ အကုန်ခံပြီး၊ ကျောက်ကောင်း ရွှေကောင်းကလေးများ ခွဲ့ခွဲ့ပေးပြီလို့ ဆိုလျှင် ဒီဣတ္ထိယကလေး ကိုယ့်လက်ကွင်း ရောက်ရောပ။ ဟော၊ မိုးပေါ်က သိကြားမင်းကြီးဟာ နားကင်းကြီးနဲ့ ဆင်းတာတောင်၊ ပက်လက်လန်ပြီး ပြန်ပြေးရဦးမယ်။

နှောင်း ॥ ॥ ကောင်မကလေး အတွက် ကုန်စရာ ကျစရာရှိလျှင် ရှိတဲ့စည်းစိမ် ပြုတ်သွားပေစေ ... အဆွေတော်ရဲ့။ ကျွန်တော်က ခင်ခင်ထားလို နန်းတော်သူ စိမ်းစိမ်းစိုစို အပျိုကလေးများ ရမယ်ဆိုလျှင် အိမ်မှာလည်း ကျက်သရေတစ်ခု။ ကျွန်တော်မှာလည်း မင်္ဂလာ တလူလူနဲ့ နေရောပ။

ခါ ॥ ॥ မယ်မှုန် ... သူတို့ တိုးတိုး တိုးတိုးနဲ့ ဘာများ ပြောနေကြတာလဲ။ တိတ်တိတ်သွားပြီး နားထောင်စမ်း။

ဆင် ॥ ॥ ခင်ခင်ထားနဲ့ တွေ့ရပါစေ့မယ်။ စိတ်သာချပါ။ တွေ့လို့ရှိလျှင် နန်းတော်သူကလေးဟာ ဘယ့်လောက် ချော၊ ဘယ့်လောက် လှ၊ ဘယ့်လောက် ယဉ်တယ်ဆိုတာ သိရအောင်၊ စက္ခုပသာဒကို ကျကျနနကြီး အသုံးပြုရမဗျ။

နှောင်း ॥ ॥ အို – ဒီလိုနေရာမျိုးမှာ ငနှောင်းတို့က အသက်ကြီးပေမယ့် ရှက်တတ်လိမ့်မယ် မှတ်သလား။ ဟော ... မျက်စိကို အသုံးပြုတဲ့နေရာမျိုးမှာ ခြေမျက်စိကိုတောင် သုံးပြလိုက်ဦးမယ်။ ဟား – ဟား။

ဆင် ॥ ॥ ဟား ... ဟား ... ဟား ... ဟား ။ ဒီလိုမှပေါ့။

နှောင်း ॥ ॥ အနို့ ... ခင်ခင်ထားကလေး လာလျှင် ဖြောင်ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



တန်းတန်း စကားပြောရအောင်၊ အိမ်က ခေါင်းဖြူမကြီးကို ဒီကနေ့ တခြားမှာ ပို့ထားရလျှင် မသင့်လားဗျာ။

ဆင် ॥ ॥ ကောင်းပေါ့ အဆွေတော်ရဲ့။ ဒါမှ အေးအေးဆေးဆေး နှစ်ပါးသွားရမှာပေါ့။ အနို့၊ ထမင်းသုံးဆောင်ကြဖို့ နန်းသုံးတဲ့ စားတော်ချက်တွေကို ကျွန်တော် မှာထားလိုက်မယ်။ အဆွေတော်ကသာ ကုန်ကျသရွေ့ စရိတ်ကို တော်သလို ပေးလိုက်တာပေါ့။ ဧည့်ခံရင်း ဖျော်ဖြေဖို့ အငြိမ့်သဘင်ကလေးလည်း ပါရမယ်ဗျနော်။

နှောင်း ॥ ॥ (နောက်သို့ လှည့်ကြည့်၍ မယ်မှုန်ကို မိသောအခါ ဆွဲ၍ ထောင်းပြီးလျှင်) ကြည့်စမ်း။ အရှုးမ။ ချောင်းပြီး နားထောင်တယ်။ လား လား။ သွား။ ရှုံရော။ လာ ... အဆွေတော်၊ အပြင်ကို သွားမယ်။ (ဆို၍ မောင်မောင်ဆင်နှင့် ဝင်သွားစေ။)

* * *

## ဇာတ်ကွက် ၇

[ မယ်ခါနှင့် မယ်မှုန်တို့ ဇာတ်ခုံရှေ့ပိုင်းသို့ ရောက်လာကြစေ။ ]

မှုန်။ ॥ အမယ်လေး၊ မမရဲ့။ ထောင်းလိုက်တာ သေလုရော။ တစ်ခုခုတော့ တစ်ခုခုပဲ မမရဲ့။ ဘာရယ်လို့တော့ သေသေချာချာ မသိရဘူး။ အငြိမ့်ကမယ်လို့လည်း ပြောတယ်။ မမကို တခြားမှာ ပို့ထားမယ်လို့လည်း ပြောတယ်။

ခါ ॥ ॥ အဲ ... ငါထင်တာတော့နဲ့တော့ မလွဲပါဘူး။ အစကတည်းက ဒီလူကြီးကို ငါ မသက်သာဘူး အေရဲ့။ ဩော် ... ကိုနှောင်းကိုနှောင်း။ အိုကြီးအိုမမှ ငယ်မူတွေ ဖောက်ပြန်နေပါပြီ။ ရှက်စရာအေး ငါတော့ ဟစ်လို့သာ ငိုလိုက်ချင်တာပဲ။ သမီးကလေး မျက်နှာကိုမှ မထောက်ဘူး။ အို... ဒါတွေကို တွေးနေလို့လည်း အကျိုးမရှိပါဘူး။ သူ့ထိုက်နဲ့သူ့ကံပေါ့။ ဟို မောင်ပန်းလွှာဆိုတဲ့ သူငယ်ဟာ မတော်ဘူးလား။ ငါကတော့ သူတို့ ကလေးချင်း မေတ္တာရှိနေကြတယ် ထင်တယ်။





မှုန် ॥ ॥ ဟုတ် ... ကဲ့ မမ ... ရဲ့။ နေရာချလိုက်လျှင် အကောင်းသားပဲ။ နောက်ပြီးတော့၊ ကျွန်မလည်း ... မမရဲ့။ ဟို ... ဟို ... ဟို မောင်ပန်းလွှာနဲ့ ပါလာတဲ့ လူနဲ့ ကြိုက် ...ကြိုက် ...ကြိုက် ...ကြိုက် ... နေတယ်။ သူလည်း ရိုးရိုးသားသားပါပဲ မမရဲ့။

ခါ ॥ ॥ အောင်မယ် ... လက်စသတ်တော့ သူတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းကိုး။ ညည်းတို့ဟာ ဟုတ်မှ လုပ်ကြပါ အေတို့။

မှုန် ॥ ॥ ဟုတ်ပါတယ် မမရဲ့။

ခါ ॥ ॥ ကဲ ဒါဖြင့် အိမ်ကို မောင်ပန်းလွှာ လာလည်ပါစေ။ မောင်မင်းကို၊ ငါ ကြည့်ပြီး ပြောရမှာပေါ့။ (ဒေါ်ခါ ဝင်စေ။)

မှုန် ॥ ॥ ဝမ်းသာလိုက်တာ မမရယ်။ မောင်ပန်းလွှာကို ကျွန်မ သွားခေါ်လိုက်မယ်။ (တစ်ကိုယ်တည်း ပြောရမည်မှာ) တစ်ချက်ခုတ် နှစ်ချက် ပြတ်တဲ့။ မယ်မှုန်ရေ၊ ညည်း ဒီတစ်ခါမှ မစွံလျှင် ဘယ်တော့ စွံမှာလဲ။

* * *

## ဇာတ်ကွက် ၈

[ မောင်ပန်းလွှာ၊ မောင်ဘိုးဆောင်းတို့ ထွက်လာကြစေ။ ]

မှုန်။ ॥ (မောင်ပန်းလွှာသို့) ဟော ... အခန့်သင့်လိုက်လေ မောင်လေးရယ်။ ဒီမှာ ... သစ်သစ်ရဲ့ တမန်တော်ကြီးလေ။

မောင်ပန်းလွှာ ॥ ॥ အို မမက ညာဦးမလို့ပေါ့လေ။

မှုန် ॥ ॥ အို ... ဘယ့်နှာ ညာရမှာလဲကွယ့်။

လွှာ ॥ ॥ မဟုတ်ပါဘူး ... မမရယ်။ တော်ရာကိုသာ ကြွတော်မူကြပါ။ မမရဲ့ မစိမ်းကား သစ်သစ်က နောက်ထပ် ဘာမာယာစခန်း ဖွင့်ဦး မလို့လဲ။ ဒီကလူမှာဖြင့် ယုံမိတာတွေ များကုန်ပါပေါ့လား မမရဲ့။

မှုန် ॥ ॥ အို ... မောင်လေးကလည်း၊ ဘယ့်နဲ့ ဖြစ်ရတာတုံး။ (မောင်ဆောင်းဘက်သို့ လှည့်၍) ကိုရင်ဆောင်း၊ ဘယ့်နဲ့ဖြစ်ကြတာလဲ။ ပြောစမ်းပါဦး။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘိုးဆောင်း ။ ။ အမယ် … ကိုရင်ဆောင်းလေး ဘာလေးနဲ့၊ သွားပါ။ အခုမှလာပြီး ပြည်တည်တည် လုပ်မနေပါနဲ့။

မှုန် ။ ။ ဩော် … တစ်ပူပေါ် နှစ်ပူဆင့် နေရပြန်ပါပြီ။ ခက်များ ခက်ရချေရဲ့။

ဆောင်း ။ ။ အမယ် … မယ်မင်းကြီးမ၊ အခုမှ ခက်မနေပါနဲ့။ ကြွတော်မူပါ။

မှုန် ။ ။ (တစ်ကိုယ်တည်းပြော) အဲဒါမှ ခက်တာပဲ။ ဘယ့်နှယ် ဖြစ်ကုန်ကြမှန်း မသိတော့ပါဘူး။ သစ်သစ်ကို သွားပြောချေဦးမှပဲ။

[ မယ်မှုန် ဝင်စေ။ ]

* * *

## ဇာတ်ကွက် ၉

မောင်ပန်းလှ။ ။ စိမ်းကား ပါပေရဲ့ … သစ်သစ်ရယ်။ သစ်သစ်ကို ဒီကလူထက် ပိုပြီး မြတ်နိုးမယ့်လူ၊ ချစ်ခင်မယ့်လူ၊ စုံမက်မယ့် လူများ ရှာစမ်းပါဦး။

မောင်ဘိုးဆောင်း ။ ။ အေးလကွာ … တို့ကိုတော့ ကောင်းကောင်းကြီး လှိမ့်လိုက်တာပဲ။ ရှက်စရာကွာ။

လှ ။ ။ ကြည့်ပါဦးတော့၊ ကျွန်တော့်မှာတော့ သူ့ကို ချစ်လိုက်ရတာ။ စားလည်း သူ့စိတ်၊ သွားလည်း သူ့စိတ်ပဲ။ သူကလွဲလျှင် ဖွဲနဲ့ ဆန်ကွဲလို့ အောက်မေ့ပါတယ်။ အို … ဆီးဖြူဖန်ခါးသာ ဖြစ်လျှင် ပါးစပ်ထဲမှာ ငုံထားပါတယ်။ တစ်ရက်လောက် သူ့ကို မမြင်ရဘူးဆိုလျှင် တစ်သက်လောက် ထင်ပါတယ်။ အခုတော့ ကြည့်ပါဦးတော့။ ဟိုတစ်နေ့က ဥယျာဉ်ထဲမှာ တွေ့ကြတယ် မဟုတ်လား။ ကျွန်တော့်မှာတော့လေ …သူ့ကို မြင်လိုက်ရတယ် ဆိုလျှင် ဝမ်းသာလိုက်တာ။ ငါလိုလူ ဇမ္ဗူမှာ ရှိပါဦးမလားလို့တောင် ထင်မိတယ်။ သူကတော့ ကျွန်တော့်ကို လှည့်လို့တောင် မကြည့်ခဲ့ဘူး။ စိမ်းကားပါပေ့ သစ်သစ်ရယ်။ စိမ်းကားပါပေ့။





ဆောင်း ။ ။ အေးကွာ၊ မယ်မှုန်ကလည်း ငါ့ကို ကြည့်မသွားဘူးဗျ။ ငါလည်း မင်း ညည်းသလိုသာ ညည်းလိုက်ချင်တာပါပဲကွာ။

လှ ။ ။ ကိုကြီးဆောင်းရေ။ သစ်သစ်ကလေးဟာ တကယ် စိမ်းတတ်တဲ့ အစိမ်းမကလေးပါလား ကိုကြီးဆောင်းရဲ့။

ဆောင်း ။ ။ မယ်မှုန်ရေ၊ မင်းကလည်း စိမ်းတတ်ပါပေရဲ့ကွယ်။

လှ ။ ။ ကျွန်တော့်မှာတော့ သစ်သစ်အတွက် ပူပန်လိုက်ရတာ၊ ပင့်သက်ကိုချည်း ရှူရှူနေရတယ် ကိုကြီးဆောင်းရဲ့။

ဆောင်း ။ ။ ငါ့မှာလည်းကွာ။ မယ်မှုန်ကလေး တကုန်းကုန်းနဲ့ မီးဖိုဆောင်ထဲမှာ ပင်ပန်းတာကို မကြည့်ရက်လို့ ငိုင်းပြီး ကူရပါတယ်။ သူကတော့ …။

လှ ။ ။ သစ်သစ်အတွက် ဘယ့်ကလောက် မျက်ရည်ကျရတယ် မှတ်သလဲ။

ဆောင်း ။ ။ ငါ့မှာလည်းကွာ။ မယ်မှုန်ကလေး ပင်ပန်းမှာ စိုးလွန်းလို့ ရေတွင်းက ရေခွဲပေးရတာ များလှပါပြီ။

လှ ။ ။ သစ်သစ်အတွက် ဆိုလျှင် ကိုယ့်အသက်ကိုတောင် မငဲ့ကွက်ပါဘူး။

ဆောင်း ။ ။ ငါ့မှာလည်းကွာ၊ မယ်မှုန်ကလေးလက် အပူလောင်မှာ စိုးလွန်းလို့ ထမင်းရည် ငှဲ့ပေးရတာလည်း များလှပါပြီ။

လှ ။ ။ အခုတော့ … စိမ်းကား ရက်စက်ပါပေ့။

ဆောင်း ။ ။ အခုတော့ ရှောင်တော့မှာပေါ့။ ရှက်စရာကွယ်။

လှ ။ ။ သစ္စာဖျက်တဲ့ ရည်းစားကိုတော့ … သိကြရောပေါ့။

ဆောင်း ။ ။ ဒင့်တော့ နာနာကလေး နှက်ပေးဦးမယ်။

လှ ။ ။ နောက်များ သစ်သစ်အကြောင်းကို ဘယ်တော့မှ လာမပြောနဲ့။

ဆောင်း ။ ။ မပြောနဲ့ ဆိုလျှင် မပြောပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



လှွာ ။ ။ တော်တော်ကြာ ကိုကြီးဆောင်းက သစ်သစ်ကလေးကို သနားလိုက်ပါဦးကွယ် ဘာကွယ်နဲ့ လာမပြောနဲ့နော်။

ဆောင်း ။ ။ ဒီအတွက်ဆိုလျှင် မပူနဲ့မောင်။ မပူနဲ့။

လှွာ ။ ။ ဘာဖြစ်လို့လဲ ဆိုတော့ ဘယ်လိုပဲ ကိုကြီးဆောင်းလာပြောပေမယ့် မရဘူး။ အလကားပဲ ကိုကြီးဆောင်းရေ၊ အလကားပဲ။

ဆောင်း ။ ။ ပြောဖို့ကို စိတ်ကူးထဲတောင် မထည့်ပါဘူးကွာ။

လှွာ ။ ။ သစ္စာဖျက်တဲ့ သစ်သစ်နဲ့ ဒီနေ့ကစပြီး အပြတ်ပဲ။ ကိုကြီးဆောင်း မြဲမြဲမှတ်ထားပါ။

ဆောင်း ။ ။ အေးပါကွာ။ စိတ်သာချပါ။

လှွာ ။ ။ ဘာဖြစ်လို့လဲ ဆိုတော့ သစ်သစ်က ဟို ထုံးဘိုရွာစား မောင်မောင်ဆင်ကို မျက်စိကျချင်လျှင် ကျ နေမယ်။ ဒီတော့ ကျွန်တော်ကလည်း ဘာလျှော့ပေးလိမ့်မလဲ။ သူမာလျှင် မာ၊ စိန်စောင်းပေါ့။ ချင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်တော့မပေါ့ ကိုကြီးဆောင်းရဲ့။

ဆောင်း ။ ။ အေး ... မင်းပြောတာ ငါ သဘောကျတယ်ကွ။

လှွာ ။ ။ သစ်သစ်ကို အမြဲထာဝရ မုန်းသွားအောင် ကျွန်တော့်ကို ခဏခဏ သတိပေးပါနော်။ ကျွန်တော်များ နည်းနည်းပျော့လာမယ် အထင်ရှိလျှင် ကျွန်တော့်ကို မြှောက်ပေးနော်၊ သိလား။ သစ်သစ်ဟာ ဘီလူးမကလေးပဲ၊ သရဲမကလေးပဲ၊ သစ္စာမတည်တဲ့ ကောင်မလေးပဲလို့ ပြောပါနော်။ ဟုတ်ကဲ့လား။

ဆောင်း ။ ။ အောင်မယ်ကွာ ... လောကမှာ မင့်သစ်သစ် တစ်ယောက်ပဲ ရှိရတော့မှာလား။ သူ့ထက် ချောတဲ့ လှတဲ့ဟာတွေ ကမ္ဘာတစ်ဝန်းမှာ အများကြီးပါကွယ်။ မင်းကသာ သူ့ကို ချောတယ် လှတယ် ထင်နေတာ။ မင့်သစ်သစ်ဟာ ပေပေတူတူ၊ ပေတလူမကလေးပါကွယ့်။ မျက်ပေါက်က ကျဉ်းလိုက်တာ လွန်ရော ...။

လှွာ ။ ။ ဟုတ်ကဲ့ဗျာ။ မျက်ပေါက်က ကျဉ်းပါရဲ့။ နို့ပေတဲ့





ချစ်စရာ ကောင်းတယ် ကိုကြီးဆောင်းရဲ့။ သူ့မျက်လုံးကလေးများကို ကြည့်ရင်ရပြီ ဆိုလျှင် ရင်တွင်းမှာ အေးအေးသွားတာပဲ။

ဆောင်း ။ ။ ပါးစပ်ကကော ပြပါဦး။

လှွာ ။ ။ နို့ပေတဲ့ ဒီလောက်လှတဲ့ ပါးစပ်မျိုးကို ရှာစမ်းပါဦး။ နှုတ်ခမ်းကလေးများဟာ ပတ္တမြားသဖွယ် ပါကလား ... ကိုကြီးဆောင်းရဲ့။

ဆောင်း ။ ။ အရုပ်အမောင်းက ပုကွကွနဲ့။

လှွာ ။ ။ ဒါပေတဲ့ အလုံးအဖန်ကတော့ အင်မတန် ကြော့ရှင်းတာကလား။

ဆောင်း ။ ။ သူ့အမူအရာကကော အေးစက်စက်နဲ့။

လှွာ ။ ။ ဟုတ်ပါရဲ့။ နို့ပေမဲ့ အဲဒီ အေးစက်စက် အမူအရာကလေးကိုက ယဉ်လွန်းလို့ ချီးမွမ်းလို့ပဲ မကုန်နိုင်ဘူး။

ဆောင်း ။ ။ စိတ်ထား သဘောထားကလည်း ...။

လှွာ ။ ။ အို ... စိတ်ထား သဘောထားကလည်း ပျော့ပျော့ပျောင်းပျောင်း နူးညံ့ပါသဘိနဲ့ ... ကိုကြီးဆောင်းရယ်။

ဆောင် ။ ။ အသံကလည်း ...။

လှွာ ။ ။ ဟုတ်ကဲ့၊ အသံကလေးကလည်း ကြည်ကြည်လင်လင် ပါပဲကလား ကိုကြီးဆောင်းရဲ့။

ဆောင်း ။ ။ ဉာဏ်ကလည်း ကြီးက ကြီးပါဘိသနဲ့။

လှွာ ။ ။ အို– ကိုကြီးဆောင်းကလည်း အပျိုအရွယ်ကလေးပဲ ဉာဏ်နဲ့ နေမှာပေါ့။ ဟီလာ တိုက်နေရမှာလား။

ဆောင်း ။ ။ ဒါလောက်တောင် ဖြစ်လှတာ မင့်ကောင်မကလေးမှာ တည်ကြည်တဲ့စိတ် မရှိဘူးကွာ။ ပဲပြားပင်လို ခုတစ်မျိုး တော်တော်ကြာ တစ်မျိုး။

လှွာ ။ ။ မှန်ပါရဲ့။ နို့ပေမဲ့ လှတဲ့မိန်းမကလေး ဆိုတော့ အပြစ်လွတ်သင့်ပါတယ်။ ကျွန်တော်တော့ သည်းခံနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ။ ။ ကိုင်းကွာ ဒါလောက်တောင် ဖြစ်လှတာ။ ငါမပြောတော့ပါဘူး။ မင့်ဟာကို မင်းပဲ လွမ်းနေပေတော့။

လွှာ ။ ။ အို ... လွမ်းတာ မဟုတ်ဘူး ...ကိုကြီးဆောင်းရဲ့။ ကျွန်တော် သူ့ကို မုန်းချင်လွန်းလို့ပါ။ အချစ်ကြီးလျှင် အမျက်ကြီးသတဲ့။ စကားပုံ အရှိသားပဲ။

ဆောင်း ။ ။ မင့်ဟာကို မင်း ဒါလောက် ထင်နေလျှင် ငါ ဝင်မစွက်တော့ပါဘူးကွာ။

လွှာ ။ ။ ကျွန်တော်က ဒီလို သဘောမထားပါဘူး။ အင်မတန်ချော၊ အင်မတန် လှ၊ အင်မတန် ယဉ်တဲ့ သူကလေးပဲလို့ ဂုဏ်ပုဒ်တွေကို ဖော်ထုတ် ချီးမွမ်းနေတာဟာ သူ့ကို မုန်းချင်လို့ပါ ကိုကြီးဆောင်းရဲ့။ ဟော ... လာကုန်ကြပြီ။

* * *

ဇာတ်ကွက် ၁၀

[ မရွှေသစ်နှင့် မယ်မှုန်တို့ ထွက်လာကြစေ။ ]

မှုန်။ ။ ငါတော့ စိတ်ညစ်လှပါပြီ အေရယ်။ လူ့ပြည်မှာတောင် မနေချင်တော့ပါဘူး။

မရွှေသစ် ။ ။ အို ... မှုန်မှုန်ထင်သလိုလည်း မဟုတ်သေးပါဘူး။ ဟော ဟိုမှာ၊ သူတို့ပါလား။

လွှာ ။ ။ ကိုကြီးဆောင်း၊ သူ့ကို ကျွန်တော် စကားမပြောဘူးနော်။

ဆောင်း ။ ။ စိန်လိုက် ... မောင်။ ငါလည်း မပြောဘူး။

သစ် ။ ။ ကိုကိုလွှာ၊ ဒီဘက်လှည့်ပါဦး။ သစ်သစ်ကို မချစ်တော့ဘူးလား ကိုကိုလွှာရဲ့။

မှုန် ။ ။ ဘယ့်နှဲ့ ဖြစ်ကြတာတုံး ... ကိုရင်ဆောင်းရဲ့။

သစ် ။ ။ ကိုကိုလွှာ ဘာအလိုမကျသလဲ၊ ပြောပါ။





မှုန် ။ ။ ကိုရင်ဆောင်းကလည်း ဘာဖြစ်လို့ စိတ်ကောက်ရတာတုန်းတော့။

သစ် ။ ။ သစ်သစ်ကို ချစ်တယ်ဆို။ စကားတစ်ခွန်းလောက် ပြန်ပါဦး။

မှုန် ။ ။ ကိုရင်ဆောင်း၊ အို ... ကိုရင်ဆောင်း၊ အိုရှင့် ... ကိုတေမိ။

လွှာ ။ ။ (ဆောင်းသို့ လှမ်း၍) ရက်စရာ ကောင်းသဗျာနော်။

သစ် ။ ။ သြော်–သိပြီ–သိပြီ။ ဟို ဥယျာဉ်ထဲမှာတုန်းက ကိုကိုလွှာကို မကြည့်လိုက်လို့လား။

လွှာ ။ ။ (ဆောင်းသို့လှမ်း၍) အင်း ... အခုမှ ကိုယ့်အပြစ်ကို ကိုယ်သိတယ်။

မှုန် ။ ။ အို ဒါကြောင့် သုန်သုန်မှုန်မှုန် လုပ်နေကြတာကိုး။

ဆောင်း ။ ။ (လွှာသို့ပြန်၍) အင်း ... သူလည်း သူ့အပြစ်ကို သူ မြင်လာပြီ။

သစ် ။ ။ ဥယျာဉ်ထဲမှာ ဖြတ်သွားတုန်းက မကြည့်လိုက်လို့ စိတ်ဆိုးတယ် ဆိုပါတော့။ ဟုတ်လား။

လွှာ ။ ။ အမယ် အခုမှလာပြီး ပြည်တည်တည် လုပ်မနေပါနဲ့။ ဒီတစ်ခါတော့ ကိုကိုလွှာကို နှပ်လို့ မရဘူး။ စိမ်းကြစို့ ဆိုလျှင် ကိုကိုလွှာကပဲ စပြီး စိမ်းပါ့မယ်။ သစ်သစ်ကိုတော့ ချစ်ပါတယ်။ မမုန်းပါဘူး။ ဘယ်တော့မှ မမုန်းနိုင်ဘူး။ နို့ပေမဲ့ မုန်းရလိမ့်မယ် သစ်သစ်ရဲ့။ အို ... ကုန်ကုန် ပြောမယ်လေ။ သစ်သစ်ကို ပြန်ပြီး ချစ်မယ့်အစား ကိုယ့်ကိုယ်ကိုယ်သာ အဆုံးစီရင်လိုက်မယ်။

ဆောင်း ။ ။ ငါလည်း သူပြောသလိုပဲကွယ့် မယ်မှုန်ရဲ့။

သစ် ။ ။ အို – ခက်လိုက်တာ။ ရှောမွေးတစ်ကောင်နဲ့ ဗာရာအသီ ချဲ့နေပြန်ပါပြီ။ သစ်သစ်ကို ဘာဖြစ်လို့ မုန်းရမှာလဲ။ သကာ ကင်းအောင် သစ်သစ် ရှင်းပြမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



လွှာ ။ ။ (ထွက်သွားရန် ပြင်လျက်) အို၊ မရှင်းချင်ပါနဲ့တော့။

မှုန် ။ ။ ကိုကြီးဆောင်း၊ ဒီမလေ ...။

ဆောင်း ။ ။ ဟော့ – နားကလောတယ်ကွယ်။

သစ် ။ ။ (လွှာနောက်သို့ လိုက်၍) ခဏကလေး နေပါဦး။

လွှာ ။ ။ (သစ်ကို မကြည့်ဘဲ ထွက်သွားရင်း) အို – မနေပါဘူး။

မှုန် ။ ။ (ဆောင်းနောက်သို့ လိုက်၍) အို – ကိုဆောင်းရဲ့။

ဆောင်း ။ ။ (မှုန်ကို မကြည့်ဘဲ ထွက်သွားရင်း) ဘာတုံး။

သစ် ။ ။ နားထောင်စမ်းပါဦး ကိုကိုလွှာရဲ့။

လွှာ ။ ။ မထောင်ချင်ပါဘူး။

မှုန် ။ ။ (ဆောင်းသို့) တစ်ခွန်းတည်းပါ ...။

ဆောင်း ။ ။ ငါ နားထိုင်းနေတယ်။

သစ် ။ ။ ကိုကိုလွှာ ...။

လွှာ ။ ။ ခုမှ လွှာမနေပါနဲ့။

မှုန် ။ ။ ကိုရင်ဆောင်း ...။

ဆောင်း ။ ။ တိတ်ပါ။

သစ် ။ ။ နေပါဦးရှင်။

လွှာ ။ ။ လိမ်ဦးမလို့လား။

မှုန် ။ ။ နားထောင်စမ်းပါဦး။

ဆောင်း ။ ။ ထောင်နိုင်ပေါင်။

သစ် ။ ။ ခဏကလေးပါ ကိုကိုလွှာရဲ့။

လွှာ ။ ။ မနေနိုင်ပါဘူး။

မှုန် ။ ။ ကိုရင်ဆောင်းကလည်း တယ် စိတ်ကောက်လွယ်တာကိုး။

ဆောင်း ။ ။ ဟင်း၊ ဟင်း၊ ဟင်း ...။





သစ် ။ ။ တစ်ခွန်းလောက်မှ နားမထောင်တော့ဘူးလား။

လွှာ ။ ။ တစ်ခွန်းလောက်မှ နားမထောင်ချင်ဘူး။

မှုန် ။ ။ ကိုရင်ဆောင်း၊ နှစ်ခွန်းထဲ နားထောင်ပါ။

ဆောင်း ။ ။ တစ်ခွန်းမှ မကြားချင်ဘူး။

သစ် ။ ။ (ကိုယ်ရှိန်သတ်လျက်) ကဲ တော်ပြီ၊ တော်ပြီ။ အကျိုးအကြောင်းကို ရှင်းပြမယ် ဆိုလျက်သားနဲ့မှ နားမထောင်ချင်လျှင် သစ်သစ်ဘယ့်နဲ့မှ မတတ်နိုင်ဘူး။ ကိုကိုလွှာ သဘောရှိပဲ။

မှုန် ။ ။ (ရပ်တန့်လျက်) ဟော့၊ ကိုရင်ဆောင်း။ မင်းလိုရာကြတော်မူပါ။ မတားတော့ပါဘူး။

လွှာ ။ ။ (သစ်ဘက်သို့ လှည့်လာပြီးလျှင်) အကျိုးအကြောင်းကိုတော့ သိချင်သားပဲ သစ်သစ်ရဲ့။

သစ် ။ ။ (လွှာကို ကျောပေး၍ တစ်ဖက်သို့ သွားရင်း) အို ... သစ်သစ် မပြောနိုင်တော့ဘူး။

ဆောင်း ။ ။ (မှုန်ဘက်သို့ လှည့်၍) ဟော့ မယ်မှုန်၊ ဒီမလေ ...။

မှုန် ။ ။ (ဆောင်းကို ကျောပေး၍ တစ်ဖက်သို့ သွားရင်း) ဘာ ... ဒီမလေလဲ။

လွှာ ။ ။ (သစ်နောက်သို့ လိုက်လာရင်း) ပြောပါ သစ်သစ်ရယ်။

သစ် ။ ။ (လွှာကို မကြည့်ဘဲ လျှောက်သွားရင်း ) ဟင့်အင်း။ ကျွန်မမှာ ဘာမှ ပြောစရာ မရှိဘူး။

ဆောင်း ။ ။ (မှုန်နောက်သို့ လိုက်၍) ဟော့လကွယ့် ...။

မှုန် ။ ။ ဘာ ... ဟော့လကွယ့်လဲ။

လွှာ ။ ။ သစ်သစ်ကလည်းကွယ်၊ ပြောစမ်းပါဦး။

သစ် ။ ။ မပြောနိုင်ဘူး ကိုကိုလွှာရေ့။

ဆောင်း ။ ။ မယ်မှုန်ကလည်း မချစ်တော့ဘူးလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မှုန် ။ ။ မချစ်နိုင်ဘူး။

လွှာ ။ ။ သစ်သစ်ရယ်၊ ချစ်တယ်ဆို။

သစ် ။ ။ အို ... အနား မလာပါနဲ့။

ဆောင်း ။ ။ ဟော့ – မယ်မှုန်၊ ရှိခိုးပါရဲ့ကွယ်။ ပြောစမ်းပါ။

မှုန် ။ ။ သွားပါ။

လွှာ ။ ။ သစ်သစ်ရယ်၊ နမ။

သစ် ။ ။ အို ... အခုမှ လာခေါ်မနေပါနဲ့။

ဆောင်း ။ ။ အချစ်တုံး – မကြီးမှုန်ရယ်။

မှုန် ။ ။ အလို ...မြတ်စွာဘုရား။

လွှာ ။ ။ သစ်သစ်၊ ချစ်တယ်ဆို။

သစ် ။ ။ ဟင့်အင်း... မပြောဘူး။

ဆောင်း ။ ။ ဟော့–မကြီးမှုန်ရဲ့။ ဒီဘက်ကို လှည့်စမ်းပါဦးကွယ့်။

မှုန် ။ ။ ဘာ ... လှည့်နိုင်ပေါင်။

လွှာ ။ ။ အကျိုးအကြောင်းကိုတော့ ရှင်းပြဦးမှပေါ့။

သစ် ။ ။ ဟင့် အင်း၊ မရှင်းချင်တော့ဘူး။

ဆောင်း ။ ။ မယ်မှုန်၊ ကျုပ်ကို မချစ်တော့ဘူးပေါ့လေ။

မှုန် ။ ။ အို ... မချစ်နိုင်ပါဘူး။

လွှာ ။ ။ ရက်စက်ပါပေ့ရဲ့ ... သစ်သစ်ရယ်။ ဒီက ဒုက္ခသည်ကို မညှာတော့ဘူးပေါ့လေ။ အခုတော့ သစ်သစ်က သစ္စာဖောက်တော့မှာပေါ့။ သစ်သစ်က မချစ် မကြင်နာဘူး ဆိုလျှင်လည်း ကိုကိုလွှာ လူ့ပြည်မှာ မနေတော့ပါဘူး။ သွားပါတော့မယ်။

ဆောင်း ။ ။ ဟော့ ... မယ်မှုန်၊ ငါလည်း သူ့လိုပဲကွယ့်။

သစ် ။ ။ (လွှာနောက်သို့ လိုက်ရင်း) ကိုကိုလွှာ။

မှုန် ။ ။ (ဆောင်းနောက်သို့ လိုက်ရင်း) အို ... ရှင့်... ကိုကြီးဆောင်း။





လွှာ ။ ။ ဘာလဲ ... သစ်သစ်ရဲ့။

ဆောင်း ။ ။ မင်းကကော ဘာလုပ်ချင်သေးလို့လဲ။

သစ် ။ ။ အခု ဘယ်ကို သွားမလို့လဲ ကိုကိုလွှာရဲ့။

လွှာ ။ ။ ကိုကိုလွှာ လူ့ပြည်မှာ မနေချင်တော့ဘူး။

ဆောင်း ။ ။ ကျုပ်တို့ ကိုယ့်ကိုယ်ကို ကိုယ် အဆုံးစီရင်ကြတော့မလို့။

သစ် ။ ။ ကိုကိုလွှာပါလား။

လွှာ ။ ။ နို့– သစ်သစ်က ခိုင်းလိုက်တယ် မဟုတ်လား။

သစ် ။ ။ အလို၊ ဘုရားရေ ... သစ်သစ်က ခိုင်းတယ်။

လွှာ ။ ။ နို့– မဟုတ်ဘူးလား။

သစ် ။ ။ မခိုင်းရပါလား၊ ကိုကိုလွှာရယ်။

လွှာ ။ ။ ဒီဒုက္ခသည်ကို မကယ်ဘူးလို့ ဆိုတာဟာ အဆုံးအစီရင်ခိုင်းတာနဲ့ အတူတူပေါ့ သစ်သစ်ရဲ့။

သစ် ။ ။ သစ်သစ်ကို ချစ်လျှင် ဒီစကားကို နောက်မပြောပါနဲ့။ သစ်သစ် ရင်တုန်လွန်းလို့ပါ။ မနက်တုန်းက ဥယျာဉ်ထဲမှာ ကိုကိုလွှာကို မကြည့်မိတဲ့ အကြောင်းဟာ သစ်သစ်တို့ ဒွေးလေးကြီး ပါလာလို့ပါ။ ဒွေးလေးက အင်မတန် စိတ်တိုတယ်။ နောက်ပြီးတော့လေ၊ ယောကျ်ားတွေဟာ ဘီလူးနဲ့ တူတယ်၊ ညည်းတို့ ကျပ်ကျပ်ရှောင်ရမယ်လို့ ခဏခဏ ပြောတယ်။ သူ့နဲ့များ ခရီးသွားလျှင် အင်မတန် ဆင်ခြင်ရပါတယ် ကိုကိုလွှာရယ်။ နောက်ပြီးတော့ ဒွေးလေးက ဒိုးခနဲ ဒေါက်ခနဲ ပြောတတ်လွန်းလို့ပါ။

မှုန် ။ ။ ဒီအတွက်ကြောင့်၊ ကိုကြီးဆောင်းကိုလည်း မကြည့်မိတာပါ ကိုကြီးဆောင်းရဲ့။

ဆောင်း ။ ။ ဩော် ... ဒါကြောင့်လား။

လွှာ ။ ။ ဒါ အမှန်ပဲလား သစ်သစ်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သစ် ။ ။ ပေးချင်တဲ့ သစ္စာပေးပါ သစ်သစ် ကျိန်ဝံ့ပါတယ်။

မှုန် ။ ။ ကျွန်မကိုလည်း ပေးချင်တဲ့ သစ္စာပေးပါ။ ကိုကြီးဆောင်းရယ်။

ဆောင်း ။ ။ (လှသို့လှည့်၍) အေးကွယ်။ သူတို့ပြောတာ မှန်မှာပါပဲ။

လှ ။ ။ သစ်သစ်ရယ် ... ဒီစကားကို ကြားလိုက်ရမှပဲ စိတ်အေးသွားတော့တယ်။ သစ်သစ်ရဲ့ နှုတ်ဖျားက လွှတ်တော်မူလိုက်တဲ့ စကားများဟာ သီတာရေထက် အဆ အရာ အထောင်မက အေးမြတယ်လို့ ဆိုရမှာပေါ့နော်။ ဩော် ... မေတ္တာ၊ မေတ္တာ။ ကိုကြီးဆောင်းရေ ... ကိုယ်ချစ်သူ၊ ကိုယ်ကြိုက်သူ၊ ကိုယ်မြတ်နိုးသူ ကလေးများကသာ သိမ်းယူလိုက်ကြပြီလားဆိုလျှင် ကျွန်တော်တို့ တစ်တွေမှာ သူတို့ဘက်ကိုသာ ယိမ်းယိမ်းပြီး နွဲ့ပါသွားကြရတာပါပဲကလား ကိုကြီးဆောင်းရဲ့။

ဆောင်း ။ ။ အေးလကွယ်၊ ဒီဘိလူးမကလေးတွေက တယ်လည်း အစွမ်းသတ္တိနဲ့ ပြည့်စုံကြပေသကိုး မောင်ရ။

* * *

## ခတ်ကွက် ၁၁

[ ဒေါ်ခါ ထွက်လာစေ။ ]

ဒေါ်ခါ။ ။ အလို၊ မောင်ပန်းလှတို့ ဘယ်တုန်းက ရောက်နေကြသလဲ။ အဆင်သင့်လိုက်တာကွယ်။ ဟော မင့်ဦးတော် လာပါလိမ့်မယ်။ လာလျှင်သာ မင့်နှမလေးအတွက် မင်းက ရှေ့ဆောင်ပြီး ပြောပေတော့။

လှ ။ ။ ဝမ်းသာလိုက်တာ မမရယ်။ ကျွန်တော် ပြောပါ့မယ်။

ခါ ။ ။ ဟော - ပြောရင်းဆိုရင်း လာပါပြီ။

[ ဦးရွှေနှောင်း ထွက်လာစေ။ ]

လှ ။ ။ ဦးမင်းခင်ဗျား။ နားနဲ့မနာ ဖဝါးနဲ့ နာတော်မူပါ။





ရှေ့မျက်နှာ နောက်ထားပြီး ကျွန်တော်ကိုယ်တိုင်ပဲ ဦးမင်းကို ပြောပါရစေတော့။ မရွှေသစ်ဟာ အချိန်တန်လို့ အရွယ်ရောက်လာပါပြီ။ ဒီတော့ ကျွန်တော့်ကို သားအဖြစ် အသိအမှတ် ပြုစေချင်တဲ့ အကြောင်းပါပဲ။

နှောင်း ။ ။ နေဦးကွယ့်။ နေဦးကွယ့်။ ငါ တစ်ခု မေးစမ်းပါရစေဦး။ မောင်ဟာ ဆင်းရဲသား အမျိုးထဲကလား။ သို့တည်းမဟုတ် ထီးရိပ်နန်းရိပ်ကို ခိုလှုံပြီး ကြီးပြင်းလာတဲ့ လူကုံထံ ပြည်တော်သား မှူးနွယ်မတ်နွယ်ထဲကလားကွယ့်။ အဲဒီပုစ္ဆာကို ရှေးဦးစွာ ဖြေစမ်း။

လှ ။ ။ ဒီလိုပါ ဦးမင်းရယ်၊ ဦးမင်း မေးလိုက်တဲ့ မေးခွန်းကို ဖြေရမှာက လွယ်ချင်တယ်ဆိုလျှင် လွယ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့၊ အခုနေအခါ ဘယ်သူမဆို ကျွန်တော့်အဘိုးဟာ၊ အဘိုးဟာ၊ အမျိုးအစဉ်အဆက်ဟာ ဘိုးတော်ဘုရား၊ ဘကြီးတော်ဘုရား လက်ထက်များက ဝန်ကြီးပဲ၊ မှူးကြီးပဲ၊ မတ်ကြီးပဲ၊ မဟာဆီ မဟာသွေးပဲ စသည်ဖြင့် ပြောမယ်ဆိုလျှင် ပြောနိုင်တာပေါ့။ ကျွန်တော်ကတော့ မဟုတ်တာလို လိမ်လည်ပြီး မပြောချင်ဘူး။ ပြောတဲ့လူကိုလည်း မုန်းတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ် ဖြစ်လာကြတာကိုး။ နို့ပေမဲ့ ကျွန်တော့်ကို အထင်မသေးပါနဲ့။ ကျွန်တော်ဟာ စင်စစ် မဟာဆီ မဟာသွေး မဟုတ်သော်လည်း ကျွန်တော့်မိဘများဟာ ရာဇဝလ္လဘော် မင်းမှုထမ်းထဲကပါ။ ကျွန်တော်ကိုယ်တိုင်ကလည်း အိမ်တော်မှာ လူပျိုတော်သားအဖြစ်နဲ့ သုံးနှစ်တိုင်တိုင် အမှုတော်ကို ထမ်းရွက်ဖူးပါတယ်။ အမှုထမ်းရင်း အတော်အတန် စုဆောင်းမိလို့ အမှုထမ်းက ထွက်ပါတယ်။ နောက်ပြီးတော့ လူတစ်လုံး သူတစ်လုံး ဖြစ်လာအောင် လွတ်လွတ်လပ်လပ် အလုပ် လုပ်ကိုင်နေပါတယ်။ ဒီတော့ သူများလို ကြွားချင် မော်ချင်တယ် ဆိုလျှင် ကျွန်တော်လည်း အကြွားနိုင်သားပေါ့ ...။

နှောင်း ။ ။ ဟေ့ ဟေ့ –တော်၊ တော် တိတ်။ ငါ့သမီးနဲ့ မင်းနဲ့ မတန်ဘူး။ ငါ့သမီးကို မဟာဆီ မဟာသွေးနဲ့မှ ပေးထိမ်းမြားချင်တယ်။

ခါ ။ ။ ဟေ့– မောင်ရင်နှောင်း။ မဟာဆီ မဟာသွေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းနဲ့ ဘာဆိုင်သလဲ။ မောင်မင်းက ကိုယ့်ကိုယ်ကိုယ် တကယ် အဓိပတိ ရွှေစား မွေးတဲ့ မဟာသွေး အောက်မေ့နေသလား။

နှောင်း ။ ။ မယ်မင်း တိတ်တိတ်နေစမ်း။ ငါက မယ်မင်းကိုပါ နန်းဇာတိ နန်းသွေးရယ်လို့ အရေးပေးချင်တဲ့အတွက် ဒီစကားကို ပြောနေတာ။ မယ်မင်း ... ဘာသိတဲ့ မိန်းမလဲ။

ခါ ။ ။ အလို ... တော်။ ကျုပ် အမျိုးဟာ မဟာဆီ မဟာသွေး မဟုတ်ပါဘူး။ ရိုးရိုးတန်းတန်းပါ။

နှောင်း ။ ။ ကြည့်စမ်း။ ငါ့ဂုဏ်ကို နင် ဖျက်ပစ်တယ်။ တယ်တော်တဲ့ မိန်းမ။

ခါ ။ ။ အလို– လာလာချေသေးတော့။ မောင်မင်း အဖေက ဆီကုန်သည်။ ကျုပ်ရဲ့အဖေက ကျောက်ကုန်သည်။ အရပ်ကို မေးကြည့်ကြပါတော်။ လူတိုင်း သိကြပါတယ်။

နှောင်း ။ ။ သယ် ... ငါ့အမျိုးကို နှိမ့်ချပြီး ပြောပြန်ပြီ။ မယ်မင်း အဖေသာ ဟုတ်ချင် ဟုတ်မှာ။ ငါ့အဖေတော့ မဟုတ်ဘူးဟ၊ သိရဲ့လား။ ဒါတွေပြောနေလို့ ရှည်လှတယ်။ ငါ့သမီးကို မဟာဆီ မဟာသွေးနဲ့မှ ပေးစားမယ်။

ခါ ။ ။ မောင်ရင်နှောင်း။ မောင်မင့်သဘောနဲ့ချည်း ဘယ်ပြီးနိုင်မှာလဲ။ ဒီမှာ အမေတစ်ယောက်လုံး ရှိသေးတယ်။ ကျုပ်တို့တော့တော်၊ ရိုးရိုးသားသား– ဥစ္စာခနေ နိုင်နိုင်လုံလုံ–လူပုံလူလှ ဆိုလျှင် သဘောကျတယ်။ မောင်မင့် မဟာဆီ မဟာသွေးတွေက မဟာဆီ မဟာသွေးလို့သာ ဆိုရတယ်၊ တော်တော်ကြာ အိမ်မှာ ဖွတ်တက်သလို နေတာ။

မှုန် ။ ။ အဟုတ်သားပဲ ကိုကြီးနှောင်းရဲ့။ ကျွန်မတို့ရွာမှာ မောင်မောင်ခင်ဆိုလား၊ ဘာဆိုလား၊ မြို့ဝန်သားတဲ့။ အမယ်လေး ဆိုးလိုက်တာ တာတေလံလို့။

နှောင်း ။ ။ ဟဲ့ ... မယ်မှုန်။ နင်ဟာ ဆွမ်းဆန်ထဲ ကြွက်ချေး





လာပြီး မရောစမ်းနဲ့။ နင် ဘာသိသလဲ။ ငါ့မှာ ဥစ္စာခနေ ပြည့်စုံပြီးသား။ ငါဟာ မဟာဆီ မဟာသွေးနဲ့ အမျိုးတော်ချင်သေးတယ်။ ငါ့သမီး ဝန်ကတော် ဖြစ်တာကို ငါ ကြည့်ချင်သေးတယ် ... ဟဲ့။ သိရဲ့လား။

ခါ ။ ။ ဝန်ကတော် ဖြစ်အောင် ...။

နှောင်း ။ ။ ဟုတ်တယ်ဟဲ့။ ဟုတ်တယ်။

ခါ ။ ။ ရှင်ကြီး ရှင်ကောင်းများတော်။ ကျွန်တော်မသမီးကို ကြည့်မနေကြပါနဲ့။ ကယ်နိုင်လျှင် ကယ်တော်မူကြပါ။ အလိုရှိတော်မူတဲ့ ပစ္စည်းများနဲ့ ကန်တော့ပါမယ်။

နှောင်း ။ ။ အို ... မယ်မင်း ဘာပြောပြော၊ ငါသဘောကျသလို ဗီမံရလိမ့်မယ်။

ခါ ။ ။ အို ... မောင်မင်း သဘောကျတာကို ကျုပ် ဘယ်တော့မှ သဘောမကျနိုင်ဘူး။ မောင်ရင်နှောင်းရယ် ... မောင်မင်းလည်း ဉာဏ်အရှိသားပဲ၊ စဉ်းစားဦးမှပေါ့။ ကိုယ်တို့ ကျုပ်တို့မှာ ရိုးရိုးတန်းတန်း ကုန်သွယ်ပြီး ဝမ်းကျောင်းကြတာပါ။ တော်တော်ကြာ သမက်လုပ်တဲ့ ဝန်မင်းက သူ့မင်းဂုဏ် စိုးဂုဏ်နဲ့ ဟန်တလုံး ပန်တလုံးထုတ်ပြီး ကျုပ်တို့ကို ဘယ့်ကလောက် ဂုဏ်မွေလိုက်မယ် မှတ်သလဲ။ ကျုပ် သဘောမတူနိုင်ပေါင်တော်။ ကျုပ်သမီးမှာလည်း စိတ်ဆင်းဆင်းရဲရဲနဲ့ နေရဦးမယ်။ တော်တော်ကြာ မောင်မင့် မြေးတွေကတောင် မောင်မင်းတို့ ကျုပ်တို့ကို အဘိုးအဘွား တော်ချင်ကြမှာ မဟုတ်ဘူး။ သမီးလုပ်တဲ့ သူကကော သူ့လင်ဂုဏ်ကို ငုံ့ပြီး ဝန်ကတော်ပီပီ နေရလိမ့်မယ်။ ဒီလို နေပြီလားဆိုလျှင် မိတ်ဟောင်းဆွေဟောင်းတွေက 'မရွှေသစ်တို့များ ဝန်ကတော် ဖြစ်ခါမှ တယ်လည်း ထည်သကိုးကွယ့်။ အို ... သူ ဘယ်လို ထည်ပေမယ့် ကိုနှောင်းသမီးဟာ ကိုနှောင်းသမီးပါပဲကွယ်။ သူတို့ အဘိုးအဘွားတွေကို တို့ မသိတာလိုက်လို့။ အစတုန်းက သူတို့တစ်တွေဟာ ဟို–အလုံ မုံရွာတစ်ကြောမှာ ဆီကြိုးပိ ရောင်းခဲ့တဲ့ သူတွေပါ။ အခုမှ တဖြည်းဖြည်း ချမ်းသာကြွယ်ဝလို့ ဝန်ကတော်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘာတွေ ဖြစ်ပြီး ထည်ထည်ဝါဝါ ဖြစ်ကြရတာပါ။ လောကကြီးက အခက်သားကလား။ ရိုးရိုးသားသား နေပြန်လျှင်လည်း မချမ်းသာ။ မချမ်းသာတော့လည်း ဘယ်သူ ခေါ်ချင်မလဲကွယ့်။' ဟောဒါလို မေးတဝေါ့ ဝေါ့နဲ့ ပြောတာကို ကျုပ် မခံနိုင်ဘူး။ ကျုပ်ကတော့ သမက်ဆိုလျှင် ယောက်ျားမကို ယောက်ျားမမှန်း သိသိ၊ သားမယားကို သားမယားမှန်း သိသိ ချစ်ချစ်ခင်ခင် ရှိမယ့် သမက်ကိုမှ သဘောကျတယ်။

နှောင်း ။ ။ ဟော့ ... မယ်ခါ။ ဒီစကားမျိုးကို တုံးအောက်ကဖားလို တပြားတည်းပြားပြီး ဘယ်တော့မှ အထက်ကို မလှမ်းချင်တဲ့ မိန်းမစားမျိုးတွေ ပြောတဲ့ စကားကွယ့်။ ထွီ ... ရွံတယ်။ မယ်မင်း ဝင်မရှုပ်နဲ့။ ငါ့သမီးဟာ ငါ့တစ်သက်မှာ ဝန်ကတော်သာ ဖြစ်ရမယ်။ နောက်ထပ် မယ်မင်း လျှာမရှည်နဲ့။

ခါ ။ ။ အို– ကိုရင် ဘာပြောပြော။ ကျုပ် သဘောမတူနိုင်ဘူး။

နှောင်း ။ ။ တယ် ... ငါစိတ်ဆိုးလာလျှင် ငါ့သမီးကို မိဖုရားဖြစ်အောင် အကြံထုတ်လိုက်ရမလား။ တော်၊ တော်။ မယ်မင်း လျှာမရှည်နဲ့။ (ဦးရွှေနှောင်း ဝင်စေ။)

ခါ ။ ။ ဟော့ ... မောင်ပန်းလွှာ။ စိတ်မပျက်နဲ့ကွယ့်။ ကြားလား။ ကဲ ... ဟဲ့ သမီး။ လာစမ်း။ ညည်းကလည်း မောင်ပန်းလွှာကိုမှ မရလျှင် ဘယ်သူ့ကိုမှ မယူဘူးလို့ ညည့်အဖေကို ပြော။ ကြားလား။ ကဲ... လာ။ သွားကြမယ်။

[ ဒေါ်ခါ၊ သစ်သစ်၊ မယ်မှုန်တို့ ဝင်ကြစေ။ ]

* * *

ဇာတ်ကွက် ၁၂

ဆောင်း။ ။ ဟော့ ... မောင်လွှာ။ မောင်ကတော့ မောင်ပြောတဲ့ စကားဟာ အဘိုးကြီး ကျပြီရယ်လို့ ပြောတာပေါ့လေ။





လွှာ ။ ။ အနို့၊ ဘယ့်နဲ့ပြောရမလဲ ... ကိုကြီးဆောင်းရဲ့။ ကျွန်တော်က အမှန်ကို ပြောတာပဲ။

ဆောင်း ။ ။ အေး၊ မောင်က မှန်တာတွေ ဟုတ်တာတွေကို ပြောလို့ ဒီလိုဖြစ်နေတာ။ မောင်ဟာ အင်မတန် အ တဲ့လူပဲ။ မောင်က အဘိုးကြီးရဲ့ ဓာတ်ကို မသိဘဲကိုး ...။ သူကြိုက်တတ်တဲ့ အစာကို ခွံ့မှ အလိုပြည့်တော့မယ်ပေါ့။

လွှာ ။ ။ ကိုကြီးဆောင်း ပြောတာလည်း မှန်ပါတယ်။ နို့ပေမဲ့ အဘိုးကြီး ကြိုက်တတ်တဲ့ အစာခွံ့ရအောင် ကျွန်တော်ကလည်း မင်းမျိုးမင်းနွယ် ဝမ်းထဲက မထွက်ဘဲကိုးဗျ။

ဆောင်း ။ ။ အား ... ဟား ... ဟား ... ဟား ... ဟား ။

လွှာ ။ ။ ကိုကြီးဆောင်းကတော့ ရယ်နိုင်မပေါ့လေ။

ဆောင်း ။ ။ မောင်က အငေါ့မစောနဲ့ကွယ့်။ ကိုကြီး ရယ်တာ မောင် ကောင်းဖို့ကွယ့်။

လွှာ ။ ။ ဘာကောင်းဖို့လဲဗျ။

ဆောင်း ။ ။ နေဦးကွယ့်။ အခု မပြောနိုင်သေးဘူး။

လွှာ ။ ။ အို၊ နှောင်ကြီးကလည်း ... ဘယ့်နှာလဲ။

ဆောင်း ။ ။ မောင် ... အသာနေပါ။ ကိုကြီး အခု ဇာတ်ထောင်လို့။ အဲဒီဇာတ်ထဲမှာ မောင်လည်း ပါမယ်။ ကိုကြီးလည်း ပါမယ်။ ဇာတ်တော်ကြာလျှင် မောင့်အဘိုးကြီးလည်း ပါလာလိမ့်မပေါ့။ အဲဒီတော့မှ အဘိုးကြီးကို နာနာလိမ့်ရမယ်။ ဇာတ်ခင်းတဲ့အခါမှာ ဝတ်ဖို့ ဆင်ဖို့ အတွက်တော့ ငှားရတာပါ့ကွာ။ ဟား ... ဟား ...။

လွှာ ။ ။ အို၊ ကိုကြီးဆောင်းကလည်း ရှုပြန်ပြီ ထင်တယ်။

ဆောင်း ။ ။ အို၊ မောင် နောက်တော့ သိလာပါလိမ့်မယ်။ အခု အေးအေးဆေးဆေး နေပါဦး။ ကိုကြီး ကြည့်ပြီး စီရင်ပါ့မယ်။

[ ဝင်ကြစေ။ ]

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ကွက် ၁၃

[ ထုံးဘိုရွာစား မောင်မောင်ဆင်နှင့်
ဝန်ကတော်ကျ ခင်ခင်ထားတို့ ထွက်လာကြစေ။
ဦးရွှေနှောင်း၏ အိမ်ရှေ့ မလှမ်းမကမ်းဝယ်
အောက်ပါ စကားများကို ပြောနေကြစေ။ ]

ခင်ခင်ထား။ ။ ခက်လိုက်ပါဘိတော့ မောင်မောင်ရယ်။ ထားထားမှာလည်း ဘယ်ဒေဝါ ဘယ်နတ်များက ဖန်တယ်လို့ မပြောတတ်ပါဘူး။ မောင်မောင် ခေါ်ရာကိုသာ တန်းတန်းစွဲ လိုက်မိပါပေါ့လား။ အခု ဘယ်နေရာ ဘယ်စခန်းကို ခေါ်လာတာလဲ မောင်မောင်ရဲ့။

မောင်မောင်ဆင် ။ ။ သြော်– ထားထားနှယ်။ ထားထားတို့အိမ်ကို လာပါရစေ ဆိုတော့လည်း မတော်ပါဘူးတဲ့။ မောင်မောင်တို့အိမ်ကို ထားထား ကြွခဲ့ပါ ဆိုတော့လည်း ရှက်တော်မူပြန်သတဲ့။ ဒီလိုနဲ့ စောင့်လာခဲ့ရတာ ကြာလှပါပကောလား ထားထားရဲ့။ ဟော ... အခု မောင်မောင့် မိတ်ဆွေကြီးရဲ့ အိမ်မှာ စိတ်အေးလက်အေး ဆိုသလို။

ထား ။ ။ သြော်– ထားထားတော့ သေလိုက်ချင်တာပဲ။ မေတ္တာတော် ပန်းရန့်ကို မပျံ့ပါစေနဲ့လို့ တောင်းပန်ပေတဲ့ မောင်မောင့်မှာ ထားထားကို မြတ်နိုးသည်ထက် မြတ်နိုးအောင် လက်ဆောင်အမျိုးမျိုးနှင့် ကြိုးစားခယ နေတော့တာပဲ။ ထားထားဖြင့် အားနာပါပြီ။ ဘယ်လိုလုပ်ပြီး ကျေးဇူးဆပ်ရမလဲ မောင်မောင်ငဲ့။ တော်တော်ကြာလျှင် မောင်မောင်ဟာ ထားထားကို သိမ်းပိုက်တော်မူမှာ ထင်ပါရဲ့။ ခက်လိုက်တာနော်။ ထားထားကလည်း အိမ်ထောင်ပြုရမှာ အင်မတန် ကြောက်တယ်။ စစ်ကိုင်းဘက်ကို ကူးပြီး တရားအားထုတ်နေချင်တာ။

ဆင် ။ ။ ထားထားကလည်းနော်။ မောင်မောင့်မေတ္တာကို ထာဝရပဲ ငြင်းပယ်တော် မူတော့မှာလား။ မောင်မောင်ရဲ့ မေတ္တာဟာ မြင်းမိုရ်





တောင် မင်းလို မယိမ်းမယိုင် ကြံ့ကြံ့ကြီး ခိုင်နေပါပြီ။ မောင်မောင့်ကို ကရုဏာ သက်သင့်ပါသေးတယ်။ ထားထားရဲ့။

ထား ။ ။ ခက်ပါဘိ မောင်မောင်ရယ်။ အိမ်ရာထောင်မှု ဆိုတာ မလွယ်ဘူးနော်။ 'တက္ကသိုလ် ဆရာတစ်ဦးက မှာဖူးသည့် နှုတ်ရည်၊ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး။ သည်သုံးခု အချက်မပိုင်လျှင်၊ နှောင်ပြင်နိုင်ခဲသည့် အမျိုး' ဆိုတဲ့ တေးကိုလည်း မောင်မောင် အသိမဟုတ်လား။ နှစ်ဦး နှစ်ဖက်စလုံးဟာ အင်မတန် စဉ်းစားရပါတယ်။ မောင်မောင်က လေးလေးနက်နက် မစဉ်းစားဘူး ထင်ပါရဲ့။ လေးလေးနက်နက်ကြီး စဉ်းစားတတ်ပြီဆိုလျှင် မောင်မောင်ဟာ လူပျိုကြီးဘဝနဲ့ အရိုးထုတ်ချင်မှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ လေးလေးနက်နက် စဉ်းစားနေတဲ့ လူတွေဟာ ဘယ်တော့မှ အိမ်ထောင် မပြုဖြစ်ကြဘူး။

ဆင် ။ ။ မဟုတ်ပါဘူး...ထားထားရယ်။ ထားထားမှာ အရင်အိမ်ထောင်တုန်းက တွေ့ကြုံခဲ့ရတဲ့ ဒုက္ခတွေကို တွေးပြီး ပြောနေတယ် ထင်ပါရဲ့။ မောင်မောင်ဟာ သူများလို မဟုတ်ပါဘူး...ထားထားရဲ့။ အရင်က အယူဟောင်းတွေကို စွန့်တော်မူဖို့ သင့်ပါပြီ။

ထား ။ ။ မောင်မောင်ဟာ ထားထားအတွက် ဘယ့်လောက် အကုန်အကျ များနေပြီလဲ။ ဒါတွေ တွေးမိလျှင် ထားထား စိတ်မကောင်းဘူး။ ထားထားကို ပေးကမ်းတော်မူတဲ့ လက်ဆောင်တွေဟာ ဘယ့်လောက် များနေပြီလဲ။ မောင်မောင် တွက်ကြည့်ပါဦး။ မောင်မောင့်မှာ လက်ဆောင်တွေ ပေးရတဲ့အတွက် အင်မတန် ဒုက္ခများရှာမှာပဲနော်။ ဒါတွေကို တွေးလိုက်ပြီလား ဆိုလျှင် ထားထားမှာ မောင်မောင့်ကို ဘယ်လိုကြံဖန်ပြီး ကျေးဇူးဆပ်ရမယ် ဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ။

ဆင် ။ ။ မဟုတ်ပါဘူး ထားထားရယ်။ ဒီ သေးသေးနုပ်နုပ် ကလေးတွေကို ဂရုထားတော် မမူပါနဲ့။ မောင်မောင့် မေတ္တာကိုသာ...။

ထား ။ ။ ဟို မြလက်စွပ်ကြီးဟာ ဘယ့်ကလောက် အဖိုးထိုက်



www.burmeseclassic.com

www.burmeseclassic.com



သလဲ။ မောင်မောင် အတင်းအဓမ္မ သိမ်းပိုက်ခိုင်းလို့သာ သိမ်းပိုက်ဝံ့ပါတယ်။

ဆင် ။ ။ ခက်ပါဘိနော်။ တကယ်ဆိုတော့ မြလက်စွပ်ကြီးထက် ထားထားက ပိုပြီး အရာအထောင်မက အဖိုးထိုက်လှပါတယ်။ ထားထားရယ် ... မောင်မောင်ရဲ့ အပူမီးကို ငြိမ်းတော်မူပါနော်။ ကဲ ကဲ... ဦးရွှေနှောင်းရဲ့ အိမ်ကို ဝင်ကြစို့။

* * *

## ခတ်ကွက် ၁၄

[ ဦးရွှေနှောင်း ထွက်လာစေ။ ]

နှောင်း။ ။ လောကများ တယ်ခက်တာပဲ။ ကျုပ်မှာ ဘယ်လို မယားမိုက်၊ သမီးမိုက်နဲ့ တွေ့နေရမှန်း မသိပါဘူး။ ကျုပ်နဲ့ မှူးကြီးမတ်ရာ သေနာပတိတွေနဲ့ ပေါင်းသင်း ဆက်ဆံတာကို သူတို့က အပြစ်တစ်ခုလုပ်ပြီး ပြောနေတာပဲ။ ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ ဂုဏ်ရှိတယ် ဆိုတာကို သူတို့ လားလားမှ မသိဘူး။ အခုနေများ ကျုပ်ဟာ ရှင်ဘုရင့်အပါး ခစားရတဲ့ အမတ်ကြီးဖြစ်မယ်ဆိုလျှင် အသက်နဲ့ လဲဝံ့ပါတယ်။ မသိသား ဆိုးဝါးတဲ့ မိန်းမတွေ။ အလကား ...(မောင်မောင်ဆင်နှင့် ခင်ခင်ထားတို့ကို မြင်ရာ ဦးရွှေနှောင်းမှာ ပျာယီးပျာယာနှင့်) ဩော် အဆွေတော်တို့ ကြွလာတော်မူကြမှကိုး။ ကြွပါ ကြွပါ။ (တစ်ဖန် လက်ယုက်ကာ ခင်ခင်ထားအနီးသို့ ကပ်၍) နောက်ကို နည်းနည်းဆုတ်တော်မူပါဦး မိမိလေးရဲ့။

ထား ။ ။ အလို ... ဘုရား။

နှောင်း။ ။ တစ်လှမ်းတည်းပါ မိမိငဲ့။

ထား ။ ။ ဩော် ... ခက်လိုက်ပါဘိ။

နှောင်း။ ။ မိမိကလည်းနော်။ နောက်ကိုသာ တစ်လှမ်း ဆုတ်တော်မူပါ။ နှုတ်ခွန်းတော် ဆက်ချင်လို့ပါ မိမိငဲ့။

ဆင် ။ ။ အဆွေတော်မင်းဟာ ထီးမူနန်းရာကို အင်မတန်မှ





နှားလည်ပါတယ် ထားထားရဲ့။ နောက်ကိုသာ တစ်လှမ်းဆုတ်တော် မူလိုက်ပါ။ (ခင်ခင်ထား တစ်လှမ်း ဆုတ်ပေးစေ။)

နှောင်း။ ။ အဲ– ဟုတ်ပြီ။ မိမိလေးရယ် ... နှောင်းနှောင်းဟာ ဤလောက ဤဇမ္ဗူမှာ လူမော် လူထိပ် လူပဂေး တစ်ယောက်ရယ်လို့ သောင်းတွင်းက ကြေညာ တေဇာတော် လင်းတော့မှာပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ အခု မိမိလေးဟာ နှောင်းနှောင်းရဲ့ အိမ်ဂေဟာကို ခြေတော်အစုံနဲ့ ရွှေစကြာဖြန့် မြန်းတော်မူလာတဲ့ အကြောင်းအရာများဟာ နှောင်းနှောင်းအား အခေါင်အမွှတ် အထွတ်အဖျား လူ့အထက်တန်းစားထဲသို့ ဆွဲပင့်ကယ်မတော်မူတာနဲ့ တူပါတယ်။ နှောင်ကိုလည်း မိမိကလေးက နှောင်းနှောင်း အပေါ်မှာ မဟာကရုဏာတော် ရှေ့ထားတော်မူပါလျှင် နှောင်းနှောင်းမှာ မိမိကလေးကိုပဲ ...။

ဆင် ။ ။ အို ... အဆွေတော်မင်းကလည်း။ ထားထားရဲ့ ကျေးဇူးဂုဏ်တွေကို ဖော်လိုက်တာ လွန်ပါပေါ့လား။ တော်လောက်ပါပြီ၊ တော်လောက်ပါပြီ။ ထားထားဟာ အဆွေတော်ရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာတွေကို သိပြီး ဖြစ်ပါတယ်။ (ခင်ခင်ထားအား တိုးတိုးပြောရမည်မှာ) လူကတော့ လူရိုးကြီးပါပဲ ထားထားရဲ့။ သို့ပေမဲ့ ခွတော့ ခပ်ကျကျပဲနော်။

ထား ။ ။ (ပြုံးလျက်) ဟုတ်ပါရဲ့။

ဆင် ။ ။ ထားထားရယ်။ အဆွေတော်မင်းဟာ မောင်မောင်ဆင်ရဲ့ မိတ်ဆွေထူး မိတ်ဆွေမြတ်ကြီး တစ်ပါးပါပဲ။

နှောင်း။ ။ အို ... အဆွေတော်ကလည်း။ သို့ကလောက်တောင် မြှောက်တော်မမူပါနှင့်။

ဆင် ။ ။ မြှောက်ပင့်တဲ့စကား မဟုတ်ပါဘူး။ အဆွေတော်မှာ တကယ့်ကို ထီးမူနန်းဟန် ဆန်လွန်းလို့ပါ။

ထား ။ ။ မှန်ပါတယ် ... နှောင်းနှောင်းရဲ့။ နှောင်းနှောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပင့်တဲ့ စကား မဟုတ်ပါဘူး။ ထားထားကလည်း ယုံကြည် မြတ်နိုးတော် မူပါတယ်။

နှောင်း ။ ။ မိမိလေးရယ် ... နှောင်းနှောင်းမှာ မိမိလေး အလိုတော် ကျအောင် မဆောင်ရွက်ရသေးပါဘူး မိမိငဲ့။ နှောင်းအခါ ...။

ဆင် ။ ။ (နှောင်းကို တိုးတိုးပြောရမည်မှာ) ဒီမလေ ... အဆွေတော် ဆက်သလိုက်တဲ့ ဟို မြလက်စွပ်ကြီး အကြောင်းကို စကားရိပ်မျှ မမြွက်လိုက်နဲ့နော်။ ကြားလား။

နှောင်း ။ ။ အနို့၊ မိမိကလေးဟာ မြလက်စွပ်ကြီးကို နှစ်သက်တော် မူပါသလားလို့ မမေးရဘူးလား။

ဆင် ။ ။ အို–အဆွေတော်ကလည်း ... ခက်လိုက်ပါဘိတော့။ မမေးရဘူးဗျ။ မေးလိုက်လျှင် ထားထားကလေး အရှက်ရပြီး မျက်နှာတော် ညိုသွားလိမ့်မယ်။ ထီးသုံးနန်းသုံးကို ကောင်းကောင်းနားလည်တဲ့ ပုဂ္ဂိုလ်များဟာ ထားထားတို့လို အပျိုတော် ချောချောလှလှကလေးတွေကို လက်ဆောင် ပဏ္ဏာ ဆက်သလိုက်တယ် ဆိုလျှင် ကိုယ့်ပစ္စည်းအကြောင်း ကောင်း မကောင်းကို မမေးကြဘူး။ မေးလျှင် အလွန် ရိုင်းရာ ကျတယ်ဗျ။

နှောင်း ။ ။ ရွှေ့ ... ကျုပ် မမေးဘူး။ သေသွားပါစေဗျာ။ ကျုပ် မမေးဘူး။

ဆင် ။ ။ ထားထားရဲ့ ... ဟောဒီက အဆွေတော်က ပြောနေတယ်။ ထားထား သူ့အိမ်ကို ကြွတော်မူခြင်းကြောင့် သူ့အိမ်ဟာ အင်မတန် ကျက်သရေ ရှိပါတယ်တဲ့။ အလွန်တရာမှ နှစ်ထောင်းအားရခြင်း ဖြစ်ပါတယ် တဲ့။

ထား ။ ။ ဒီလိုစကားမျိုးကို ကြားရတာ အင်မတန်မှ ကျေးဇူးတင်ပါတယ်။ နှစ်လည်း နှစ်သက်တော်မူပါတယ် နှောင်းနှောင်းရဲ့။

နှောင်း ။ ။ (ဆင်အား တိုးတိုးပြောရမည်မှာ) ဟုတ်လိုက်လေ အဆွေတော်ရယ်။ ဒီလို လမ်းခင်းပေးမှပေါ့။





ဆင် ။ ။ ထားထားက အပျိုဖြန်းကလေးမို့ အင်မတန် ရှက်တတ်တယ်။ အဆွေတော့်အိမ်ကို ကြွလာအောင် မနည်းကြီး ချော့ပြောရတယ်။

နှောင်း ။ ။ ဟုတ်လား။ ဟင်း ... ကျေးဇူးပါပဲ အဆွေတော်ရယ်။ အဆွေတော့်ကျေးဇူးကို ဒီတစ်သက် မမေ့ပါဘူး။

ဆင် ။ ။ ထားထားရဲ့ ... အဆွေတော်က ပြောနေတယ်။ ဥမ္မာဒန္တီတို့၊ မယ်ပပတို့ရဲ့ လှပာန် ကြော့ဟန်ကို စာထဲပေထဲမှာသာ တွေ့ဖူး ကြားဖူးပါတယ်တဲ့။ အခုတော့ ထားထားကို တွေ့ရလို့ ကိုယ်တိုင် ဒိဋ္ဌမျက်မြင် ဖြစ်နေပါပြီ တဲ့။

ထား ။ ။ ဩော် ... နှောင်းနှောင်းကလား။ ကျေးဇူးကြီးလှပါတယ် နှောင်းနှောင်းရယ်။

နှောင်း ။ ။ အို ... မဟုတ်ပါဘူး။ မိမိကလေးကိုသာ နှောင်းနှောင်းက ကျေးဇူးတင်ရမှာပါ။

ဆင် ။ ။ ကဲ – ကဲ ... တော်တော်ကလေး အချိန်လင့်သွားပြီ။ ထားထားလည်း ဆာတော်မူရော့မယ်။ ထမင်း သုံးဆောင်ကြဦးစို့ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်ကွက် ၁

[ ဦးရွှေနှောင်း၏ အိမ်ခန်း ထမင်းပွဲမှာ
စားပွဲ ကုလားထိုင်များဖြင့် ခင်းကျင်းထားစေ။ ]

ထို့ပြင် ဗိုင်အရက် ပုလင်းများ၊ ဗိုင်ကလပ်များလည်း ပါစေရမည်။
အတီးအမှုတ်သမားများမှာ တစ်ဖက်နေရာတွင် အတီးအမှုတ်များကို
ပြင်ဆင်၍ နေရမည်။ ထို့နောက် မောင်မောင်ဆင်က ခင်ခင်ထားနှင့်
ဦးရွှေနှောင်းတို့ကို ရှေ့ဆောင်၍ ထွက်လာစေ။

ဆင်။ ။ 'ဟော – ကြည့်စမ်းပါ၊ ထားထားရဲ့။ အဆွေတော်ကြီးဟာလေ မြန်မာတို့ ထီးမှုနန်းရာကိုသာ ကြိုက်တာ မဟုတ်ဘူး။ သိုးဆောင်းနိုင်ငံက ထီးမှုနန်းရာကိုလည်း အင်မတန်မှ ကြိုက်တယ်။ မောင်မောင်က သူ့ကို ဟို ယောအတွင်းဝန်မင်းက အင်္ဂလိပ်သံကြီး တမန်ကြီးများကို သိုးဆောင်းတို့ ဟန်ပါပါ စားပွဲ ကုလားထိုင်နဲ့ ညှော့ခံကျွေးမွေးသလို၊ ထားထားကိုလည်း ညှော့ခံကျွေးမွေးလျှင် ကောင်းမှာပဲလို့ အကြံပေးထားတာကိုး– ထားထားရဲ့။

ထား ။ ။ ဩော် ... ကောင်းပါတယ်။ ကောင်းပါတယ်။ အို ဟင်းလျာများကလည်း အကျစ်ရော အကြော်ရော အကင်ရော။ တယ်လည်း မြိုင်မြိုင်ဆိုင်ဆိုင် ရှိတာကိုး။ မြိန်စရာကြီးနော်။





နှောင်း ။ ။ မိမိလေးကလည်း ... လျှောင်တော် မူပါနဲ့ဖျာ။ ဒီက လောက် ဟင်းကလေးများဟာ အလွန်အကြူး ချီးမွမ်းလောက်အောင် မကောင်းလှသေးပါဘူး။

ဆင် ။ ။ ဟုတ်ပါတယ် ထားထားရဲ့။ အဆွေတော် ပြောသလို အလွန်အမင်းကြီးလည်း မချီးမွမ်းထိုက်သေးပါဘူး။ နို့ပေတဲ့ အဆွေတော်ကိုတော့ ကျေးဇူးအများကြီး တင်ရလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့၊ အဆွေတော်ဟာ ထားထားနဲ့ မောင်မောင်တို့ကို အထူး ဂရုစိုက်ပြီး လက်သင့်ခံပေတာကိုး ... ထားထားရဲ့။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အဆွေတော်ကြီး ခုနကပြောတဲ့ စကားဟာ အင်မတန် မှန်ပါတယ်။ ဟင်းလျာတွေက စုံလင်တယ် ဆိုပေမဲ့ ထားထား ချီးမွမ်းလောက်အောင် မဟုတ်သေးပါဘူး။ ဒါ ဘာကြောင့်လဲလို့ ဆိုတော့၊ မောင်မောင့်မှာ စားတော်ချက်တစ်ယောက် ရှိတယ်။ သူက စားတော်ချက်အရာမှာ တစ်ဖက်ကမ်းခပ်အောင် ကျွမ်းကျင်တာကလား ထားထားရဲ့။ ကံဆိုးတယ် ထားထားရယ်။ အဲဒီ စားတော်ချက်က အခုတလော မင်းကွန်းကို ဘုရားဖူး သွားနေတယ်။ သူများရှိလျှင် ပွဲတော်အုပ် အင်မတန် မြိုင်မှာပဲ။ အခုနေများ သူရှိလျှင် 'ဟောဒီ ထမင်းကသာမည ဆန်နဲ့ ချက်တာ မဟုတ်ဘူး။ ဆန်နီကောက်ကြီး ဆိုတဲ့ ဆန်နဲ့ ချက်ထားတာ။ အင်မတန်မှ ချိုတယ်။ အသံ ကောင်းတယ်။ အဆင်း လှတယ်။ ကိုယ်လက် ခိုင်မာတယ်။ ကမ္ဘာဦးတုန်းကများ မဟာသမ္မတမင်းများသာ ပွဲတော်တည်တဲ့ ဆန်ပေါ့။ ဂုတ္တသာလီ သလေးနီဆန်လို့လည်း ခေါ်တယ်။ ဟောဒါက ယုန်ကင်။ ပတတ်ကင်။ အသားကလေးကို နီလို့။ ဟောဒါက ခါသား၊ ချိုးသား၊ ငုံးသား။ အဆီကို ဝင်းနေတာပဲ။ ဟောဒါက ဒေါင်းသား။ ကြည့်စမ်း ... ဒေါင်းသားများဟာ အင်မတန်မှ အရသာထူးတယ်။ ဉာဏ်ပညာ ကြီးစေတယ်။ အဆင်း လှစေတယ်။ အသံ သာစေတယ်။ ခွန်အား တိုးစေတယ်လို့ ဥတုဘောဇနကျမ်းက ဆိုသကိုး။ ဟောဒါက သိမ်းရင်သားကလေး။ အင်မတန် ဆူတယ်။ ဟောဒီဘက်က ဟာက



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်အရက်ဗျ။ အရက် ဆိုပေမဲ့ မြတ်စွာဘုရား ပညတ်တော်မူတဲ့ သူရာ အရက်မျိုး မဟုတ်ဘူး။ ဒီ ဝိုင်အရက်မျိုးက စပျစ်သီးတို့ ဘာတို့ ညာတို့နှင့် လုပ်ထားတာ။ မဒီရာဝိုင်လို့ ခေါ်တယ်။ ဒီပြင်လည်း ဝိုင်တွေ အမျိုးမျိုး ရှိသပေါ့။ စပျစ်သီးဝိုင် တဲ့။ ပေါ်တွင် တဲ့။ လိမ္မော်သီးဝိုင် တဲ့။ အို ... စုံလို့ပေါ့။ သိုးဆောင်း လူမျိုး ရေမြေသနင်း မင်းဧကရာဇ်က စပြီး မင်းညီ မင်းသား မှူးကြီးမတ်ရာ သေနာပတိများဟာ ဝိုင်အရက်ကို သုံးဆောင်ကြတာ ကလား။ ဥတုဘောဇနကျမ်း အဆိုမှာ ဝိုင်အရက်ကို သုံးဆောင်လျှင် လေ နိုင်တယ်။ ဆီးရွှင်တယ်။ ဝမ်းမီးတောက်တယ်။ နှုတ်မြိန်စေတတ်တယ်' စသည်ဖြင့် ဟောဒါလို ဒီစားတော်ချက်က တွတ်တီးတွတ်တာ ပြောတတ် တယ်။ မောင်မောင်ကတော့ သူ့လို မပြောတတ်ဘူး။ ဟုတ်ပါတယ်။ ဟုတ် ပါတယ်။ အဆွေတော် ပြောသလိုပါပဲ။ ထားထား ချီးမွမ်းလောက်အောင် ပွဲတော်အုပ်ကြီးက မမြိုင်လှသေးပါဘူး။

ထား ။ ။ မြိုင်ပါတယ် ပြောလို့လည်း မရဘဲကိုး။ ကဲလေ... မောင်မောင်တို့ ကျေနပ်အောင် မြိန်မြိန်ရှက်ရှက် သုံးဆောင်ပြရတာပေါ့။ မဟုတ်ဘူးလား နှောင်းနှောင်းရဲ့။

နှောင်း ။ ။ ဟုတ်ကဲ့။ သုံးဆောင်တော်မူပါ မိမိလေးရယ်။ မြိန်မြိန် ရှက်ရှက်ကြီး သုံးဆောင်တော်မူပါ။ အို ... ထားထားရဲ့ လက်ကလေးများ ဟာ တယ်လည်း လှပချောမွေ့သကိုး။

ထား ။ ။ မမြှောက်စမ်းပါနဲ့ ...နှောင်းနှောင်းရယ်။ တကယ် ဆိုတော့ လက်ကလေးများက လှတာ မဟုတ်ပါဘူး။ ဟောဒီ မြလက်စွပ်ကြီး ရဲ့ အရောင်ကြောင့် လှနေတာပါ။

နှောင်း ။ ။ အို– နှောင်းနှောင်းက မြလက်စွပ်အကြောင်းကို ပြော တာ မဟုတ်ရပါဘူး။ ထီးသုံးနန်းသုံးကို ကောင်းကောင်းကြီး နားလည်တဲ့ ပုဂ္ဂိုလ်ဖြစ်တော့ မြလက်စွပ်လောက်ဟာကို အမှုမထားပါဘူး။





ထား ။ ။ သြော် ... တကယ်ပဲ ထားထားရဲ့ လက်ကလေးများ ကို ချီးမွမ်းတယ် ဆိုပါတော့။

နှောင်း ။ ။ မှန်ပါတယ်၊ မိမိလေးရဲ့။

ဆင် ။ ။ (ဦးရွှေနှောင်းဘက်သို့ မျက်စပစ်ပြ၍) ကဲ၊ ကဲ။ ထမင်းမသုံးဆောင်ကြသေးခင်၊ ထားထားက အဆွေတော်ကြီးကို ဟောဒီ ဝိုင်အရက်ကလေး ဆက်တော်မူစမ်းပါ။ ဟေ့ ... အငြိမ့်ဆရာတို့ရဲ့။ အခုလို အခါကောင်း အခါမွန်ကြီးမှာ သင့်လျော်တဲ့ သီချင်းကို ဆိုကြ တီးကြမှပေါ့ ကွယ့်။

ထား ။ ။ ကဲ– နှောင်းနှောင်းက နားဝင်သံ ချိုချိုကလေးနဲ့ သုံးဆောင်တော်မူပါ။ အင့် ... အင့်၊ ဝိုင်အရက်ကလေး မြည်းလိုက်စမ်းပါ။ ထားထားဖြင့်လေ သိပ်ပျော်တာပဲ။

နှောင်း ။ ။ သြော် ... မိမိလေး ပျော်သလား။ နှောင်ကို ဒီထက် ပျော်ရပါစေ့မယ်။ ဟော ... ကြည့်။ (ဆိုကာ ဝိုင်ကလပ်နှင့် အပြည့်ထည့်ထား သော အရက်ကို မော့ချလိုက်စေ။)

ဆင် ။ ။ ကိုင်း ... အငြိမ့်ဆရာများက တေးခံနေပြီ။ အဆွေ တော်တို့ ထားထားတို့က နားဆင်တော်မူကြဦး။ (ဟု ဆိုကာ အရက်ကို ငှဲ့သောက်လိုက်၏။ ဦးရွှေနှောင်းသည်လည်း ဝန်ကတော်ကျ ခင်ခင်ထားက ငှဲ့ပေးတိုင်း သောက်လိုက် စားလိုက်နှင့် ယစ်မူး၍ လာစေ။ အငြိမ့်ဆရာ များသည် အောက်ပါ တေးထပ်ကို သီဆို၍ တီးမှုတ်ကြစေ။)

ဤလူ့ဘုံ ကနက်နန်းမှာဖြင့်၊ အသက်တမ်း တိုတယ်၊ မပျက် မှန်း ပျိုလွယ်အောင်၊ အို–တကယ် သောက်စား။ ။

ဖန်ခွက်ကလေး အသာ ကိုင်လျှင်၊ ကမ္ဘာပိုင် စိုးမယ့် ယောက်ျား ။ ။

သောက်လိုက်တိုင်း အူရွှင်တယ်၊ ဇမ္ဗူတွင် စံရှား ။ ။

မပူချဉ် မဖန်ခါးပါဘု၊ ကြံ သကြား ဆေးရည် ။ ။



www.burmeseclassic.com

www.burmeseclassic.com



ပယင်းရောင် သိင်္ဂီအဆင်းလိုပ၊ ထိန်ကြည်ဝင်း-ဝင်းလို့ သာနေ ။ ။

မြည်းစမ်းပ မဟာဆွေရယ်၊ ဗျာပါတွေ အကုန်ပျောက်ပါလိမ့်၊ သို့ကလောက် အဖိုးတန်၊ လောကနိဗ္ဗာန် ။ ။

ခင်လေးတို့ မေတ္တာသန့်အောင်၊ ရှစ်ခါပြန် မူးမယ်ပါ့လေး။

ထား ။ ။ နှောင်း နှောင်းရဲ့။ အဆိုက တယ်ကောင်းပါလား။ ထားထားဖြင့် ဒီလို အသံမျိုးကို အခုမှပဲ ကြားဖူးတော့တာပဲ။

နှောင်း ။ ။ ဟုတ်ပါရဲ့။ လွမ်းစရာ ကောင်းတယ်နော်။

ထား ။ ။ အမယ်။ နှောင်းနှောင်းက ထားထား ထီးဖွားနန်းဖွားထက်တောင် ဂီတအရသာကို ပိုပြီး နားလည်ပါကလား။

ဆင် ။ ။ ထားထားကလည်း ... အဆွေတော်ကို ဘယ်လိုများ သဘောထားတော် မူလို့လဲ။

နှောင်း ။ ။ အို-အဆွေတော်ကလည်း ... မိမိလေးရဲ့ သဘောထားကို မေးနေရဦးမှာလား။ နှောင်းက ထားသလို မိမိလေးကလည်း အတုံ့အပြန် ထားမှာပေါ့ အဆွေတော်ရဲ့။

ထား ။ ။ အမယ်မင်း၊ နှောင်းနှောင်းလေ ... နှောင်းနှောင်းက အင်မတန် စကားတတ်တာကိုး။

ဆင် ။ ။ အမယ်။ နှောင်းနှောင်းရဲ့ အကြောင်းကို ထားထား သေသေချာချာ မသိသေးဘူး ထင်တယ်။

နှောင်း ။ ။ အို ... ထားထားက သိချင်တယ် ဆိုလျှင် သိရပါစေ့မယ်။ စိတ်ချတော်မူပါ။

ထား ။ ။ ဖြည်းဖြည်းပေါ့ ... နှောင်းနှောင်းရယ်။ အရင် လိုတော် မူပါနဲ့။

ဆင် ။ ။ ထားထားဟာလေ ... အဆွေတော်ရဲ့ အကြောင်းကို ကောင်းကောင်း မသိသေးလို့။ အဆွေတော်ဟာ စကား အပြောအဆိုမှာ





ခဝန တိက္ခဉာဏ်နဲ့ ပြည့်စုံတာကလား ထားထားရဲ့။ အလို ... ထားထားရဲ့၊ ကြည့်တော်မူစမ်းပါဦး။ ထားထားရဲ့ လက်ကလေးများနဲ့ ထိတော်မူတဲ့ ဟင်းမှန့်သရေ့ကို အဆွေတော်ကြီး အကုန် သုံးဆောင်တော် မူနေပါပေါ့လား။

ထား ။ ။ အို-ဟုတ်သားပဲ။ ထားထား ပျော်လိုက်တာနော်။

နှောင်း ။ ။ အို-ဒါက ဘာဟုတ်သေးလဲ။ နှောင်းကို ထားထား ဒီ့ထက်တောင် ...။ (အရက်မူးနေပြီဖြစ်၍ အရက်သံဖြင့် ပြောစေ။)

[ ဒေါ်ခါ ထွက်လာစေ။ ]

ခါ ။ ။ အဲတော့၊ အဲတော့။ ကောင်းကြပါပေရဲ့။ ပျော်ကြပါပေရဲ့။ ဟော့ မောင်ရင်နှောင်း ... မောင်မင်း တယ်တော်တယ်၊ ဟင်။ ကျုပ်ကိုတော့ မောင်မင်းရဲ့ နှမအိမ် သွားပြီး အလည်ခိုင်းတယ်။ မောင်မင်း တယ်တော်တဲ့ ယောကျ်ားပါလား။ ကြည့်စမ်း ... ဒီဘက်မှာလည်း ဆိုင်းတွေ ဗုံတွေနဲ့။ ဒီမှာလည်း ပွဲတော်အုပ်ကြီး ခင်းလို့။ မောင်မင့်မှာ ပျော်လို့ပေါ့လေ။ တော်ပေတယ်ကွယ်။ ကျုပ် မရှိတုန်း မိန်းမလှလှ ကလေးတွေကို ထမင်းခေါ်ကျွေး။ ဆိုင်းတွေ ဗုံတွေတီး။ မောင်မင်း ဒီလိုပဲ ပိုက်ဆံဖြုန်းတီးနေတာပေါ့လေ။ တော်ပေ့ကွယ်။ တော်ပါပေ့။

ဆင် ။ ။ အလို ... သူဌေးကတော်။ ဘယ့်နဲ့ ပြောလိုက်တာလဲ။ ပွဲတော်အုပ်တွေ၊ အတီးအမှုတ် အကအခုန်တွေအတွက် ဖြုန်းတဲ့ငွေတွေဟာ ခင်ဗျားတို့ရဲ့ ငွေ မဟုတ်ဘူး။ ကျုပ်ငွေတွေဗျ၊ ကျုပ်ငွေတွေ။ သူဌေးကတော်က စဉ်းစားပြီး ပြောပါ။ ကျုပ်က သူဌေးကတော်ရဲ့ အိမ်ခန်းကိုသာ အသုံးပြုမိတာပါ။ အခုလို စော်ကားတာဟာ မတော်ပါဘူး။

နှောင်း ။ ။ (မူးနေစေ။) သယ် ... ဟဲ့ မယ်ခါ။ နင် တယ်မိုက်ပါသား။ မင်းမှန်း မသိ၊ စိုးမှန်း မသိ။ ဒီဟာက မြို့စားမင်း။ ဒီဟာက မှန်နန်းဆောင်ကြီးက ရွှေထီးဆောင်းတော်မူရတဲ့ ထားထားဟဲ့ ... သိရဲ့လား။ မိုက်ရိုက်ဘိ မယ်ခါရယ်။ ထားထားတို့ မြို့စားမင်းတို့ကိုတောင် ကျေးဇူးတင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသေးတယ်။ တကယ်ဆိုလျှင် သူတို့ကြောင့် အိမ်မှာ ဘယ့်ကလောက် ကျက်သရေ မင်္ဂလာ ရှိသွားသလဲ။ ထမင်းအတွက်၊ အငြိမ့်အတွက် ကုန်တဲ့ ငွေတွေဟာ အဆွေတော်ရဲ့ ငွေတွေ ... ဟ။ မယ်ခါရဲ့။

ခါ ။ ။ အို ... မင်္ဂလာလေး ကျက်သရေလေး လေချို သွေးမနေပါနဲ့။ မယ်ခါ အကုန်လုံး သိပြီးသားပါ။

ဆင် ။ ။ မဟုတ်ပါဘူး ... သူဋ္ဌေးကတော်ရဲ့။ မျက်စိများ ပွတ်သပ်ပြီး ကြည့်စမ်းပါဦး။

ခါ ။ ။ အို ... မျက်စိကို ပွတ်သပ်ပြီး ကြည့်ဖို့ မလိုပါဘူး။ ကျုပ်မျက်စိ အကောင်းပါ။ မောင်ရင်တို့ ဘယ်ဇာတ်ခင်းနေတယ် ဆိုတာကို အကွင်းအကွင်း မြင်ပြီးပါ။ မောင်ရင်တို့ဟာ ကျုပ်ခင်ပွန်းသည်ကို လာလာပြီး ဖျက်ဆီးတာ များလှပါပြီ။ ဒီကကော မှန်နန်းတော်ကြီးက အပျိုတော်ဆိုလျှင်လည်း မှန်နန်းတော်ကြီးမှာသာ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းပြီး အေးအေးချမ်းချမ်း နေနိုင်ပါတယ်။ ကျုပ်ခင်ပွန်းသည်ကို လာပြီး မြူတော်မမူပါနဲ့ ကြွတော်မူပါ။ ဘယ့်နဲ့တော် ... ကျုပ်တို့ စိတ်အေးချမ်းသာနဲ့ နေပါရစေဆိုတာ တောင်းပန်ပါတယ်။

ထား ။ ။ (မောင်မောင်ဆင်သို့) အလို ... ဘုရား။ ခက်လိုက်ပါဘိ။ မောင်မောင်ဟာ ထားထားကို ခေါ်ပြီး အရှက်ခွဲတာပေါ့လေ။ ထားထားဖြင့် သေလိုက်ချင်တော့တာပဲ။ ဒီမိန်းမကြီးကလည်း နှုတ်သီးကောင်းလှပါကလား။ ထားထား မနေဘူး။ ထားထား ပြန်မယ်။ (ဟု ပြောကာ ထွက်သွားစေ။)

ဆင် ။ ။ ထားထားရဲ့ ဘယ်ကို ကြွတော်မူမလို့လဲ။ နေပါဦး။

နှောင်း ။ ။ ထားထား ...၊ ဘယ်ကို ကြွတော်မူမလို့လဲ။ အဆွေတော် မင်းကလည်း ချော့ပြီး တောင်းပန်ပေးပါဦး အဆွေတော်ရဲ့။

(ဝန်ကတော်ကျ ခင်ခင်ထား ထသွားရာ မောင်မောင်ဆင်က နောက်က လိုက်၍ သွားစေ။ ဦးရွှေနှောင်းနှင့် မယ်ခါတို့သာ ကျန်ရစ်ကြစေ။)





နှောင်း ။ ။ ဟော့ ... မယ်ခါ။ မယ်မင်း ... တယ်စော်ကားတဲ့ မိန်းမ။ ငါ့ကို ဗိုလ်ပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းအောင် လုပ်တယ်။ ဂုဏ်နဲ့ အသရေနဲ့ လူတွေကိုလည်း အိမ်ပေါ်က မောင်းချတယ်။ မယ်မင်း တယ်စွာပါကလား။

ခါ ။ ။ မောင်မင်း ဂုဏ်တွေ အသရေတွေကို စကားထဲ ထည့်မပြောစမ်းနဲ့။

နှောင်း ။ ။ တယ်လေ ... အစကတည်းက ဒီပန်းကန်တွေနဲ့ မှန်အောင် ပေါက်လိုက်မိလျှင် အကောင်းသား။

ခါ ။ ။ အောင်မယ်။ မောင်မင်း သတ္တိရှိလျှင် ပေါက်စမ်းလေ။ ဟော့ ... မောင်ရင်နှောင်း။ ငါ့ကို နုံနုံအအ မိန်းမမှတ်လို့လား။ မောင်မင်း အငယ်အနှောင်း လိုချင်နေတာကို မသိဘူးလို့များ ထင်နေသလား။ မယ်ခါ တဲ့ဟော့ ...။ ဝွခနဲ နေအောင် ညှစ်သတ်လိုက်မယ်။ သိရဲ့လား။ ဟင်း... သတိထား။ (ပြော၍ ဝင်စေ။)

* * *

## ဇာတ်ကွက် ၂

နှောင်း။ ။ (အရက်သံဖြင့်) သြော် ထားထား၊ ထားထား။ ကံဆိုးမကလေး။ မောင်ကြီး ပြောမယ့် စကားကိုတောင် နားတော် တင်မသွားရရှာဘူး။ ကြည့်စမ်း ပါဦးဗျာ။ ကျုပ်နှုတ်ခမ်းမှာ သူရဿတီ နတ်သမီး စောင့်နေတာဗျ၊ ဒါကြောင့်မို့ ဒီကနေ့ ကျုပ် သိပ်ပြီး အာဝဇ္ဇန်းရွှင်တာ။ ကိုယ်လိုချင်တဲ့ စကားကိုများ ပြောလိုက်ရလျှင် ထားထားဟာ တစ်ခါတည်း မသိမ်းဘဲနဲ့ ယိမ်းလာရမှာ။ အပြင်ဘက်က ဘယ်သူလဲဟော့။ သပေါက်မ သားတွေ ငါရှိမှန်း မသိဘူးလား။

[အဘိုးအိုအသွင် ရုပ်ဖျက် ဝတ်ဆင်ထားသော မောင်ဆောင်း ထွက်လာစေ။]



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ။ ။ ဩော်–သူ့ရွှေးမင်းလား။ ဦးကြီးကို မောင် မမှတ်မိတော့ဘူး ထင်တယ်။

နှောင်း ။ ။ (အရက်သံဖြင့်) ဘာလဲ။ ဟင့်အင်း၊ မသိဘူး။

ဆောင်း ။ ။ ဩော်– ဟုတ်တယ်၊ ဟုတ်တယ်။ မောင်ကတော့ ဦးကြီးကို ဘာမှတ်မိမလဲ။ အင်း ... ဟိုတုန်းက မောင်ဟာ ငယ်ငယ်ရှိသေးတာပဲ။ ဦးကြီးကတော့ မောင့်ကို မှတ်မိတာပေါ့။

နှောင်း ။ ။ ဘာလဲ။ မသိဘူးဆိုလျှင် မသိဘူး။

ဆောင်း ။ ။ အေးလကွယ်၊ မောင်က ငယ်ငယ်ရှိသေးတာပဲ။ အမယ် ... မောင်ဟာ ငယ်ငယ်တုန်းကများ ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေး ကြီးပဲ။ နန်းတော်ထဲက အပျိုကလေးတွေ ဆိုတာဟာ မောင့်ကို ပွေ့လိုက်၊ ဖက်လိုက်၊ နမ်းလိုက်နဲ့ လက်ပေါ်ကတောင် မချကြဘူး။ မောင့်ကို အင်မတန် ယုယကြတယ်။

နှောင်း ။ ။ ကျွန်တော့်ကို ... အပျိုတော် ... ကလေးတွေက ... ဝိုင်းဝိုင်းပြီး နမ်းကြတယ်။ ဟုတ်စ။

ဆောင်း ။ ။ အေးလေ ...၊ မောင်ကလည်း ငယ်ငယ်တုန်းက တယ်ချစ်စရာ ကောင်းသကိုးကွယ့်။ ဦးကြီးက တခြားလူ မဟုတ်ပါဘူး။ မောင့်ဖခင် ဝန်မင်းရဲ့ မိတ်ဆွေကြီးပေါ့။

နှောင်း ။ ။ အလို။ ကျွန်တော့်အဖေဟာ ဝန်မင်းလား။

ဆောင်း ။ ။ အို–ဝန်မင်းအစစ်ပေါ့။ သရက်မင်းသား သူပုန်အရေးမှာတောင် မောင့်ဖခင်ဟာ အစီးအနင်း အဆောင်အရွက်နဲ့ ထွက်ပြီး သူပုန်များကို နှိမ်နင်းလိုက်ရသေးတယ်။

နှောင်း ။ ။ ဟုတ်ပါ့မလား ဦးကြီးရဲ့။

ဆောင်း ။ ။ ဟယ် ...၊ တောက်တီးတောက်တဲ့။ မဟုတ်ဘဲ ဦးကြီးက ပြောဝံ့ပါ့မလား။

နှောင်း ။ ။ ကျွန်တော့် ဖေဖေဘုရားဟာ ဝန်မင်းနော်။ ဟုတ်စ။





ဆောင်း ။ ။ အေးပါဟ။ မောင်ရ။

နှောင်း ။ ။ (အရက်သံဖြင့်) ဦးကြီးဟာ ကျွန်တော့် ဖေဖေဘုရားကို တကယ်သိလို့လားဗျ။

ဆောင်း ။ ။ ဩော် ခက်လိုက်ပါဘိ။ မောင့်ဖေဖေဘုရားနဲ့ ဦးကြီးတို့ဟာ ဥယျာဉ်တော်မှာ ကစားဖက်ကွ။

နှောင်း ။ ။ ကျွန်တော့် ဖေဖေဘုရားဟာ ဝန်မင်းနော်။

ဆောင်း ။ ။ အဟုတ်ပေါ့။

နှောင်း ။ ။ တောက် ...၊ လောကကြီးမှာ တယ် ... မနာလို ဝန်တိုတဲ့လူတွေ ပေါတာကိုး။ ဘယ့်နဲ့ လောကကြီးလဲလို့ မပြောတတ်ပါဘူး။

ဆောင်း ။ ။ အလို ... ဘယ်လိုများ ဖြစ်နေလို့လဲ မောင်ရဲ့။

နှောင်း ။ ။ ဟာ၊ မပြောချင်ပါဘူးဗျာ။ သူတို့က ကျွန်တော့် ဖေဖေဘုရားကို ဆီကုန်သည်လို့ ပြောကြတယ်ဗျ။ ဒီလူတွေဟာ အရူးတွေ၊ ဘာမှ အသုံးကျတဲ့ လူတွေ မဟုတ်ဘူး။

ဆောင်း ။ ။ ဟော ... ဆီကုန်သည်လို့ ပြောကြသလား။ တောက်တီး တောက်တဲ့ကွယ်။ သက်သက် ယုတ်မာတဲ့ လူတွေပဲ။ မောင့်ဖခင်ဟာ ဝန်မင်း အစစ်ကွယ့်။ အေး ... တစ်ခုတော့ ရှိရဲ့။ မောင့်ဖေဖေဘုရားက တခြားဝန်မင်းတွေလို ပျင်းကြောဆွဲတတ်တဲ့ ဝန်မင်း မဟုတ်လေတော့ အားလပ်တဲ့ အခါများမှာ နွားမွေးနည်း၊ နှမ်းစိုက်နည်း၊ ဆီဆုံတည်နည်းတွေကို စုံစမ်း လေ့လာတတ်တယ်။ သူ့အိမ်မှာ ကောင်းပေ့ဆိုတဲ့ ဆီကိုမှ သုံးတယ်။ ရွှေနန်းတော်ကြီးမှာ စားသုံးကြတဲ့ ဆီဟာ မောင့်ဖေဖေဘုရားထံမှ တစ်ဆင့် ယူကြတာကလား မောင်ရဲ့။ ဒါကြောင့်မို့ မနာလိုတဲ့ လူတွေက ဆီကုန်သည်လေး၊ ဘာလေး ညာလေး ပြောကြတာပါ။

နှောင်း ။ ။ (အရက်သံဖြင့်) ဟုတ်ပါ့ဗျာ။ ယုတ်မာတဲ့ လူတွေပဲ။ ကျွန်တော့်ကို သက်သက် မနာလိုလို့ ပြောတာ။ ဦးကြီးနဲ့ တွေ့ရတော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိပ်ဝမ်းသာသဗျာ။ ကျွန်တော့် ဖေဖေဘုရားဟာ ဝန်မင်းနော်။ ဟုတ်စ။

ဆောင်း ။ ။ အို ... မောင်ရင့်နှယ်။ ဗိုလ်ပုံ့ အလှယ်မှာ ရဲရဲကြီး သစ္စာဆိုဝံ့တာပေါ့။

နှောင်း ။ ။ ကျေးဇူးတင်လိုက်တာ ဦးကြီးရယ်။ ကဲ–ကဲ။ ဦးကြီး ကျွန်တော့်ဆီကို လာတာဟာ ဘာကိစ္စရှိလို့လဲ။

ဆောင်း ။ ။ ဒီလိုပါ၊ ဦးကြီးက အစကစပြီး အစီရင်ခံပါမယ်။ ဦးကြီးဟာ မောင့်ဖေဖေဘုရား ဝန်မင်း အနိစ္စရောက်ပြီးလို့ များမကြာမီပဲ သီဟိုဠ်(သီရိလင်္ကာ)တို့၊ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသတို့၊ သိုးဆောင်းလူမျိုးများ နေထိုင်ကြတဲ့ ဥရောပနိုင်ငံ ဘိလပ်တို့၊ ပြင်သစ်တို့၊ အီတာလျံတို့၊ စိနရှေ ဂန္ဓာလရာဇ် တရုတ်ပြည်တို့၊ ယောနကတိုင်း ယိုးဒယားပြည်(ထိုင်း)တို့ အို ... ကုန်ကုန်ပြောလိုက်မလေ၊ တစ်ကမ္ဘာလုံးကို အလည်အပတ်ဆိုသလို လှည့်လည် နေထိုင်ခဲ့တာကိုး မောင်ရဲ့။

နှောင်း ။ ။ အို ... တစ်ကမ္ဘာလုံးဆိုတော့ ဇမ္ဗူဒီပါ လက်ယာ တောင်ကျွန်းလို့ ဆိုရမှာပေါ့နော်။

ဆောင်း ။ ။ ဒါပေါ့။

နှောင်း ။ ။ (အရက်သံဖြင့်) အင်း–တယ်လည်း ယုဇနာ အပြော ကျယ်မယ့် ကျွန်းကြီး ဖြစ်မှာပဲနော်။

နှောင်း ။ ။ အို ကျယ်ပေါ့။ အဲဒီလို ကမ္ဘာတစ်ဝန်းလုံးကို လှည့် လည်ခဲ့ပြီးလို့ ယခု မန္တလေး နေပြည်တော်ကို ပြန်ပြီး ရောက်လာတာ လေးငါးရက်လောက် ရှိသေးတယ်။ ဒီလိုပါ မောင် ... ဦးကြီး တစ်ခု အစီရ ခံချင်တာက မောင့်ဖေဖေဘုရား ဝန်မင်းနဲ့ ဦးကြီးနဲ့ကတော့ အင်မတ ချစ်ခင် မြတ်နိုးကြတဲ့ အဆွေတော်ကြီးများ ဖြစ်ခဲ့ကြတော့ မောင့်ကို မြင်လျှင်မြင်ချင်း ခင်မင်မိတယ်။ ဒီတော့ မောင့်အတွက် ဦးကြီးမှာ သတင်း ကောင်း လက်ဆောင်များ ပါလာတယ်။





နှောင်း ။ ။ အလို ... ဘာများပါလိမ့်ဗျာ။

ဆောင်း ။ ။ ယောနကတိုင်း ယိုးဒယားပြည် (ထိုင်း) က မဟာ ဥပရာဇ် မင်းသားကလေးတစ်ပါး နေပြည်တော်ကို ကြွရောက်တော်မူလာ တာများ မောင် မကြားမိဖူးလား။

နှောင်း ။ ။ (အရက်သံဖြင့်) ဟင့်အင်း ... မကြားမိဖူး။

ဆောင်း ။ ။ (ရင်ဘတ်တီးကာ) ဖြစ်မှ ဖြစ်ရပလေ မောင်ရယ်။ 'စကြာယာဥ်ပျံ' ဆိုတဲ့ မီးသင်္ဘောနဲ့ ကြွလာတော်မူလိုက်တာ အင်မတန်မှ ခမ်းနားတာကလား။ ဝိုင်းပြီး ကြိုဆိုလိုက်ကြတာ ကမ်းကို ညွတ်နေတာပဲ။ အို ... ရံရွေတော်တွေကလည်း များက များပါဘိသနဲ့။ အခင်းအကျင်း အဆောင်အရွက်တွေကလည်း စုံလို့။

နှောင်း ။ ။ ဟာ ... ကျွန်တော့်နှယ်ဗျာ ကံဆိုးလိုက်တာ။ ပွဲတော် ကြီးကို သေသေချာချာ လွဲတာပေါ့။

ဆောင်း ။ ။ ဒါက ကိစ္စမရှိပါဘူး။ မောင့်မှာ အခု စန်းပွင့်နေမှန်း မသိ ပွင့်နေတယ်။ အဲဒီ မဟာဥပရာဇ် မင်းသားကလေးဟာ မောင့်သမီးကို မြင်လိုက်မိလို့ အင်မတန်မှ စုံမက် မြတ်နိုးတော်မူနေတယ်။

နှောင်း ။ ။ (အရက်သံဖြင့်) အလို ...ဥပရာဇ် မင်းသားကလေး က ...။

ဆောင်း ။ ။ ဟုတ်တယ်။ မင်းသားကလေးက မောင့်သမီးချော ကို ပန်းထုံးတိုင် ရာဇမတ်ကာပြီး မဟာဒေဝီကလေး မြှောက်စားတော်မူချင် လို့တဲ့။

နှောင်း ။ ။ အို ... ဒါဖြင့် ကျွန်တော်ဟာ ရှင်ဘုရင့် ယောက္ခမ ဖြစ်ဦးတော့မှာပေါ့။

ဆောင်း ။ ။ ဒါပေါ့။ ဦးကြီးက သူတို့ ဘာသာစကားကို နား လည်တော့ ချက်ချင်းပဲ မင်းသားကလေးထံ အခစားဝင်ပြီး စကားပြောတယ်။ မင်းသားကလေးကလည်း အင်မတန်မှ ဝမ်းမြောက်တော်မူပြီး ဦးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးကလေး 'နှမ်းနှမ်း၊ ပိန်ခွန်တိ၊ ဆွေငန်း' လို့ ပြောရှာတယ်။ မြန်မာလို ပြန်လိုက်တော့ 'နှောင်းနှောင်းဆိုတဲ့ လူရဲ့ သမီးကညာကလေးဟာ အင်မတန်မှ ယဉ်ကျေးသိမ်မွေ့ လှပတင့်တယ်ပါကလား' တဲ့။

နှောင်း ။ ။ အလို ... မင်းသားကလေးက ... ကျွန်တော့်နာမည်ကို သိလို့လားဗျ။

ဆောင်း ။ ။ သိတာပေါ့။ မောင်က အညတရ အစားထဲကမှ မဟုတ်ဘဲ။ မင်းသားကလေးက အခုလိုပြောတော့ ဦးကြီးက 'မှန်လှပါ။ ကောင်းမြတ်သော အဆင်းအင်္ဂါနဲ့ ပြည့်စုံပါတယ်။ ကျွန်တော်မျိုးလည်း ဦးနှောင်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို ကောင်းကောင်းသိပါတယ်'လို့ လျှောက်တင်လိုက်တာကိုး။ ဒီတော့ မင်းသားကလေးက ထပ်ပြီး 'ချန်မေစွမ်၊ လောက်ခွမ်း' လို့ ပြောပြန်တယ်။ အဓိပ္ပာယ်က 'ကျွန်ုပ်မှာ ထိုသမီးကညာကလေးကို အင်မတန်မှ မြတ်နိုးတော်မူနေပါပြီ' တဲ့။

နှောင်း ။ ။ (အရက်သံဖြင့်) ဩော် ... ချန်မေစွမ်၊ လောက်ခွမ်းဆိုတဲ့ စကားဟာ ကျွန်ုပ်မှာ ထိုသမီးကညာကလေးကို အင်မတန်မှ မြတ်နိုးတော် မူနေပါပြီတဲ့လား။

ဆောင်း ။ ။ ဟုတ်တယ်။

နှောင်း ။ ။ ကျေးဇူးကြီးလှပေသဗျာ။ ဦးကြီးက အဓိပ္ပာယ်ရှင်းလိုက်မှ လင်းတော့တာပဲ။ တယ်လည်း ယဉ်ကျေးသိမ်မွေ့တဲ့ စကားပါကလား။

ဆောင်း ။ ။ အို ... အင်မတန် သိမ်မွေ့တာပေါ့။ ဒီစကားဟာ ထီးသုံး နန်းသုံး စကားဗျ။ အနို့ 'ချိုဗစ်ခွန်ဖြီး' ဆိုတာကို သိရဲ့လား။

နှောင်း ။ ။ ချိုဗစ်ခွန်ဖြီး။ ဟင့်အင်း ... မသိဘူး။

ဆောင်း ။ ။ အဲဒါက မောင်မောင့်အသက်ကယ်လို့ ဆိုတာ။

နှောင်း ။ ။ ဩော် ... ချိုဗစ်ခွန်ဖြီး ဆိုတာဟာ မောင်မောင့်အသက်ကယ်လို့ ဆိုသတဲ့လား။





ဆောင်း ။ ။ ဒါပေါ့။

နှောင်း ။ ။ (အရက်သံဖြင့်) တယ် ... ကောင်းသဗျာ။ တယ်ကောင်း၊ တယ်ကောင်း။ ချိုဗစ်ခွန်ဖြီး။ မောင်မောင့်အသက်ကယ်။ တောက် ...၊ ငါ့နှယ် ဘယ်တော့များမှ ဒီလိုစကားမျိုးကို ပြောရပါ့မလဲနော်။

ဆောင်း ။ ။ ကိုင်း ကိုင်း။ ဦးကြီးလာရတဲ့ အကြောင်းကိစ္စကလေးကို ဆက်ကြဦးစို့ရဲ့။ ဒီလိုရှိတယ် မောင်ရဲ့။ အဲဒီ မင်းသားကလေးက မောင့်သမီးကို မြတ်နိုး စုံမက်တော်မူလို့ မဟာဒေဝီ မြှောက်စားပြီး လက်ယာထားခံစားတော်မူချင်တဲ့အတွက် ယခု ဦးကြီးက မောင့်ထံကိုလာပြီး သံတော်ဆင့်ရတာပဲ။ အနို့ပြီး မောင်တို့ဟာ ဇာတိမျိုးရိုးအားဖြင့် မြတ်သော ခတ္တိယအနွယ်မှ ဆင်းသက်၍ ရာဇညဂုဏ် ရှိမှန်း သိတဲ့အတွက် မောင့်ကိုလည်း မာတုချာ ဆိုတဲ့ ရာထူးကြီးကို အပ်နှင်းတော်မူမယ်တဲ့။

BURMESE CLASSIC .com

နှောင်း ။ ။ အို ... မာတုချာ။

ဆောင်း ။ ။ ဟုတ်တယ်။ မာတုချာ ဆိုတဲ့ ရာထူးကို အပ်နှင်းတော်မူမယ်တဲ့။ အဲဒီ ရာထူးကြီးက မြန်မာလို ဆိုတော့ မင်းကြီး မဟာသက်တော်ရှည် ဆိုပါတော့။ ဒီရာထူးမျိုးဟာ အကြီးဆုံး အမြင့်ဆုံး ထိပ်ခေါင်တင်ရာထူးကြီးပေါ့။

နှောင်း ။ ။ (အရက်သံဖြင့်) တော်ပေသဗျာ။ တော်ပါပေတယ်။ ကျွန်တော့် သမက်တော်လောင်းကလေးက တယ် ... လိမ္မာရေးခြား ရှိတော်မူတယ်နော်။ မိမှန်း ဖမှန်း သိရှာတော်မူတယ်နော်။ ရွှေတော်ကို ဝင်ပြီး ခစားချင်စမ်းပါဘိတော့ဗျာ။ ဟုတ်စ။

ဆောင်း ။ ။ မောင်က သွားပြီး ခစားဖို့တောင် မလိုပါဘူး။ မင်းသားလေး ကိုယ်တော်တိုင် ကြွလာတော် မူပါလိမ့်မယ်။

နှောင်း ။ ။ ဒီကို ... ကျွန်တော့်ဆီကို ... မင်းကလေးက ...။

ဆောင်း ။ ။ ဟုတ်တယ်။ မောင့်ကို မဟာသက်တော်ရှည်ရာထူး အပ်နှင်းဖို့၊ အခြွေအရံ အစီးအနင်း အဆောင်အရွက်နှင့်တကွ ကြွလာတော်မူလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ အို … တယ်လည်း အလျှင်လိုတော်မူပါကလား။

ဆောင်း ။ ။ အလျှင်လိုဆို သူ့ခမျာ မင်းသားကလေးမှာ မောင့်သမီးကို လွမ်းဆွတ်တဲ့ ဝေဒနာ ခံစားနေရတာ အမူးအမော် ခေါ်မရ အော်မရ ဖြစ်နေပြီဆိုပဲ။

နှောင်း ။ ။ (အရက်သံဖြင့်) နေဦးဗျ။ နေဦးဗျ။ ခက်နေတာတစ်ခုရှိတယ်။ ကျွန်တော့်သမီးက နည်းနည်း ခေါင်းမာချင်တယ်။ သူက ဟို ပန်းလွှာဆိုတဲ့ ပါမွှားအကောင်ကို မျက်စိကျနေတယ်။ ဒီကောင်နဲ့မှ မပေးစားလျှင် သူ အပျိုကြီးဘဝနဲ့ အရိုးထုတ်တော့မယ်တဲ့။ အဲဒါက ခက်နေတယ်။

ဆောင်း ။ ။ အို … ဒါလောက်ဟာများ ဘာခက်သလဲ။ မောင့်သမီးက မဟာဥပရာဇ် မင်းသားကလေးကို ဖူးတွေ့ရလျှင် ချက်ချင်း စိတ်ပြောင်းသွားမှာပါ။ နောက်ပြီးတော့ မင်းကလေးက ပန်းလွှာဆိုတဲ့ အကောင်နဲ့ အင်မတန် တူတယ်။ ဒီတော့ မောင့်သမီး စိတ်ပြောင်းလွယ်ပါလိမ့်မယ်။ ဒီအတွက်တော့ မပူပါနဲ့။ ဟော … မင်းကလေးတောင် ကြွလာတော်မူပါပကောလား။

* * *

**ခတ်ကွက် ၃**

[ ယိုးဒယား(ထိုင်း) မဟာဥပရာဇ် အသွင် ရုပ်ဖျက် ဝတ်ဆင်ထားသော
မောင်ပန်းလွှာနှင့်တကွ နောက်ပါ လက်ပါးစေ သုံးယောက်တို့
ထွက်လာကြစေ။ ]

မောင်ပန်းလွှာ။ ။ ယူဆွာ၊ ဒုတ်ကပ်၊ ဒေါက်ကလာ၊ နှမ်း နှမ်း။

ဆောင်း ။ ။ -(ဦးရွှေနှောင်းဘက်သို့ လှည့်၍) မင်းကလေးက မောင့်ကို နှုတ်ခွန်းဆက်သတော်မူတယ်။ နှောင်းနှောင်းဟာ ပွင့်သစ် ညွန့်လန်းနှင်းဆီပန်းကဲ့သို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော် မူပါသလားတဲ့။ ဒီလို





နှုတ်ခွန်းဆက်သခြင်းဟာ သူတို့နိုင်ငံမှာ ရှိသော မြတ်နိုးအပ်တဲ့ ပုဂ္ဂိုလ်များကိုသာ နှုတ်ခွန်းဆက်သတဲ့ စကားဗျ။

နှောင်း ။ ။ (လက်အုပ်ချီလျက်) မှန်လှပါ။ မင်းကလေးရဲ့ ရွှေဘုန်းတော်ရိပ်ကို ခိုလှုံမှီပါသဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါတယ် ဘုရား။ ကဲကဲ ပြန်ပြီး လျှောက်တင်လိုက်စမ်းပါဦး။

ဆောင်း ။ ။ ကောက်ကရ၊ ဆွမ်စပွာရ၊ ပေယန်း။

ပန်း ။ ။ နှမ်းနှမ်း၊ မီခွမ်ကရာဟန်၊ ဂူကွမ်၊ ခေါ်ဟိုက်။

ဆောင်း ။ ။ အဲဒါက နှောင်းနှောင်းဟာ သူရိယာ နေဒေါင်းကဲ့သို့ ရဲရင့်တည်ကြည်၍၊ ယုန်စန္ဒာ ငွေလမင်းကဲ့သို့ အေးမြ ကြည်လင်ပြီးလျှင်၊ ဤ မဟာပထဝီ မြေကြီးကဲ့သို့ ကြီးကျယ်သော ပညာနှင့် ပြည့်စုံပါစေတဲ့ဗျ။

နှောင်း ။ ။ မှန်လှပါ။ မင်းကလေး၏ မင်္ဂလာစကားကို ကြားရပါသဖြင့် ကျွန်တော်မျိုးမှာ အလွန်တရာမှ ဝမ်းမြောက်လှပါတယ်။ မင်းကလေးကိုလည်း ကျွန်တော်မျိုးက၊ ဤဇမ္ဗူဒီပါ မြေပြင်ဝယ် ဘုန်းတန်ခိုးတိုးသည်ထက် တိုး၍၊ စကြဝဠာ မန္တာတ်မင်းကဲ့သို့ တင့်တယ်သော အသရေကို ဆောင်တော်မူနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ် … မင်းကလေး ဘုရား။ ကဲ၊ ကဲ … ဦးကြီးက လျှောက်တင်လိုက်စမ်းပါဦး။

ဆောင်း ။ ။ မွမ်းခေါ်၊ ကောက်ကရ၊ ဟိုက်ဖ၊ ဒေယိမ်း။

ပန်း ။ ။ ကြထံဟိုက်လား။

ဆောင်း ။ ။ မင်းကလေးက မိန့်တော်မူတယ်။ အခု မောင့်ကို မဟာသက်တော်ရှည်ရာထူး အပ်နှင်းတော်မူမယ်တဲ့။ နောက်ပြီးမှ မောင့်သမီးကို မဟာဒေဝီဘွဲ့ အပ်နှင်း၍ ဘိသိက်ရေစင် သွန်းတော်မူမတဲ့။

နှောင်း ။ ။ အို … ကြထံဟိုက်လား ဆိုတဲ့ စကားဟာ အဓိပ္ပာယ်တယ်များပါလား ဦးကြီးရဲ့။

ဆောင်း ။ ။ ဒါပေါ့။ မင်းကလေးတို့လူမျိုး ပြောတဲ့စကားဟာ အင်မတန် ယဉ်ကျေးသိမ်မွေ့တယ်။ စကားပင် နည်းသော်လည်း အနက်ပြန်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် အင်မတန် ကျယ်ဝန်းနက်နဲ တာကလား။ ကိုင်း၊ ကိုင်း ... မောင်ကလည်း မင်းကလေးရဲ့ အလိုတော်ကို ဖြည့်ဖို့လိုတယ်။ ဟော ... မင်းကလေး ကြွတော်မူတော့မယ်။ ကဲ၊ ကဲ၊ လိုက်သွားပေရော့။

[ မဟာဥပရာဇ်အသွင် ရုပ်ဖျက် ဝတ်ဆင်ထားသော မောင်ပန်းလှွာ ဝင်သွားရာ ဦးရွှေနှောင်းသည် နောက်က ထက်ကြပ်မကွာ လိုက်သွားစေ။ မောင်ဆောင်း တစ်ယောက်တည်း ကျန်ရစ်စေ။ ]

ဆောင်း ။ ။ အောင်မယ်လေးဟဲ့။ နတ်ရူး ပုံဆော်ပေးမိလျက်သား ဖြစ်နေပါပေါ့လား ... အရုပ်ကတို့ရဲ့။ ဟား ... ဟား ... ဟား။ အောင်မယ်လေးဟဲ့ ... ဦးရွှေနှောင်းလေ။ ဘုန်းကြီးရူးနဲ့ လှေလူးနဲ့တော့ တွေ့ကြရောပေါ့လေ။

[ ဤအခိုက်တွင် ထုံးဘိုရွာစား မောင်မောင်ဆင် ထွက်လာစေ။]

ဆောင်း ။ ။ အလို၊ ရွာစားမင်းပါလား။ ဒီနားကို ခဏကြွစမ်းပါဦး။ ကျွန်တော့်ကို တစ်ဆိတ်လောက် ကူညီစမ်းလားဗျာ။

မောင်မောင်ဆင် ။ ။ အို။ မင်း ... မောင်ဆောင်း မဟုတ်လား။ ဘယ့်နှဲ့ ဖြစ်လာတာတုံးကွယ့်။

ဆောင်း ။ ။ အောင်မယ်လေး ... ရွာစားမင်းလေ။ ကျွန်တော်တော့ မပြောချင်တော့ပါဘူး။ ဟား ... ဟား ... ဟား ။

ဆင် ။ ။ ဘယ့်နှာလဲကွယ့် ... မောင်ဆောင်းရဲ့။ ရယ်လှချေကလား။

ဆောင်း ။ ။ မမေးပါနဲ့တော့ ရွာစားမင်း။ ကျွန်တော် ရယ်ရလွန်းလို့ အူနှိပ်နေရတာသာ ကြည့်ပေတော့။ ဟား ... ဟား ... ဟား ။

ဆင် ။ ။ ဘယ့်နှာ ဖြစ်တာတုံးကွယ့်။ မင်းမှာလည်း ခေါင်းပေါင်းဖြူ ဖော့လုံးတွေ၊ နှုတ်ခမ်းမွေးတွေနဲ့ ပါကလား။

ဆောင်း ။ ။ အို ... ရွာစားမင်း၊ နောက်တော့ အကြောင်းစုံ သိပါလိမ့်မယ်။ မရွှေသစ်နဲ့ မောင်ပန်းလှွာတို့ ချောချောမောမောကြီး ညားဖြစ်အောင် ဦးရွှေနှောင်းကို တစ်ပတ်ရိုက်နေရတယ်။





ဆင် ။ ။ သြော် ... ဒီလိုလား။ ကြံပါကွာ။ ကြံပါ။ မင်းတို့ အကြံအစည် အထမြောက်မှာပါပဲ။

ဆောင်း ။ ။ ဦးရွှေနှောင်းဟာ ဘယ်လိုလူမျိုးလဲ ဆိုတာ၊ ရွာစားမင်း အသိသားပဲ။

ဆင် ။ ။ အေး ... ငါသိပါတယ်ကွာ။ မင်းတို့ တစ်ပတ်ရိုက်ပုံကလေးကိုကော ငါ မသိရဘူးလား။

ဆောင်း ။ ။ အသာနေဦးလေ၊ စောင့်ကြည့်ပါဦး။ နောက်တော့ ကျွန်တော် ပြောပြမှာပေါ့။ ဟော ... ဟော ... လာကုန်ကြပြီ။ ကြည့် ... ကြည့်။

* * *

## ဇာတ်ကွက် ၄

(ထိုအခိုက်တွင် ဗြဟ္မာကြီးအသွင် ဝတ်ဆင်ထားသော လူရှစ်ယောက်သည် သားမြီးယပ်များကို ကိုင်ကာ နှစ်ယောက်စီတန်း၍ ထွက်လာကြစေ။ ထို့နောက် သိကြားအသွင် ဝတ်ဆင်သော သူက ခရုသင်းကို ကိုင်၍ ထွက်လာစေ။ သိကြားနောက်က ပုဏ္ဏားသုံးယောက် ထွက်လာကြစေ။ အလယ်ပုဏ္ဏားသည် သပြေရွက်များကို ကိုင်လာစေ။ ထိုပုဏ္ဏားက ဇေယျတု သုံးကြိမ် ဟစ်ကြွေးလိုက်ပြီးနောက်၊ သိကြားက ခရုသင်းကို မှုတ်လိုက်စေ။ ထို့နောက် ပုဏ္ဏားနှစ်ယောက် ပြန်ဝင်သွားပြီးလျှင် ဦးရွှေနှောင်းကို ဆားတစ်ဖက် နှစ်ချက် တွဲ၍ ထုတ်လာစေ။ ထိုနောက် သပြေရွက်ကိုင် ပုဏ္ဏားကြီးအရှေ့တွင် ဦးရွှေနှောင်း ဒူးထောက်၍ နေစေ။)

(ပုဏ္ဏားကြီးသည် ဦးရွှေနှောင်း၏ ခေါင်းကို ကိုင်၍ ဆိုရမည်မှာ)

ဂေါ်ကိုင်၊ ဂေါ်ခိုင်၊ ဂေါ်ကွက်၊ ဂေါ်ခွက်၊ ဂေါ်ကွန်၊ ဂေါ်ခွန်၊ ဆော်ဇွေ့၊ နော်ဇွေ့၊ ဆော်ချွန်း၊ နော်ချွန်း။

(ထိုသို့ ရွတ်ဆိုပြီးလျှင် ပုဏ္ဏားကြီးက တစ်ဖန် ဇေယျတု သုံးကြိမ် ဟစ်ကြွေးစေ။ သိကြားသည် ခရုသင်း သုံးကြိမ် မှုတ်ပြန်စေ။ ပုဏ္ဏားနှစ်ယောက်သည် အခန်းတွင်းသို့ ပြန်ဝင်သွားပြီးလျှင် ပုဏ္ဏားတစ်ယောက်က ပေါင်းထုပ်ပုဏ္ဏားန်



www.burmeseclassic.com

www.burmeseclassic.com



ခမောက်နှင့် ဓားရှည်တစ်လက် ယူ၍ ထွက်လာစေ။ အခြားတစ်ယောက်က သိုင်းနှင့် ကျိုင်းကိုယူ၍ ထွက်လာစေ။ ထို့နောက် ပုဏ္ဏားကြီးသည် ဦးရွှေနှောင်း၏ ခေါင်းကို သပြေခက်နှင့် ရိုက်ကာ ဆိုရမည်မှာ)

ပုဏ္ဏားကြီး ။ ။ ဇေယျာသိဒ္ဓိရှိ၊ ကျော်ကျိုင်၊ ချော်ချိုင်။

ကျန်လူများ ။ ။ ဇေယျာသိဒ္ဓိရှိ၊ ခေါ်ခိုင်၊ ခေါ်ခွိုင်။

ပုဏ္ဏားကြီး ။ ။ ဇေယျာသိဒ္ဓိရှိ၊ ကျော်ကျိုင်၊ ချော်ချိုင်။

ကျန်လူများ ။ ။ ဇေယျာသိဒ္ဓိရှိ၊ ခေါ်ခိုင်၊ ခေါ်ခွိုင်။

ပုဏ္ဏားကြီး ။ ။ ဇေယျာသိဒ္ဓိရှိ၊ ကျော်ကျိုင်၊ ချော်ချိုင်။

ကျန်လူများ ။ ။ ဇေယျာသိဒ္ဓိရှိ၊ ခေါ်ခိုင်၊ ခေါ်ခွိုင်။

(ထိုသို့ ဆိုကြပြီးလျှင် ပုဏ္ဏားကြီးက ဦးရွှေနှောင်း၏ ခေါင်းပေါ်၌ ပေါင်းထုပ် ခမောက်ကို ဆောင်းဆင်ပေးပြီးလျှင် ဓားကို လွယ်သိုင်းပေးစေ။ ထို့နောက် သိုင်းနှင့် ကျိုင်းကိုလည်း ပေးစေ။ သီကြားက ခရုသင်းသုံးကြိမ် မှုတ်ပြန်စေ။ ထို့နောက် ဖြဟ္မာ ရှစ်ယောက်က တစ်ယောက်စီ 'ဇေယျတု' ဟု ဆိုကာ မိမိတို့၏ သားမြီးယပ်များဖြင့် ဦးရွှေနှောင်း၏ ခေါင်းကို ပုတ်ခတ်ကာ ဝင်ကြစေ။ ကျန်လူများလည်း ဝင်ကြစေ။ ဦးရွှေနှောင်း တစ်ယောက်တည်း အငေးသား ကျန်ရစ်စေ။)

## အခန်း။ ။ ၅

### ဇာတ်ကွက် ၁

[ ဒေါ်ခါ ထွက်လာစေ။ ]

ဒေါ်ခါ။ ။ အလို– ဘုရား၊ ဘုရား။ ဟော့ မောင်မင်း၊ ဘယ့်နှာတွေလဲကွယ့် မောင်မင်းရဲ့။ ခက်ကုန်ပါပြီ အရပ်ကတို့ရေ့၊ ခက်ကုန်ပါပြီ။ ခေါင်းပေါ်မှာလည်း သံပုံးကြီး တင်လို့။ ဟို တုတ်တံတွေက ဘယ့်နှာတွေလဲ။ ဟော့– မောင်မင်းရဲ့၊ ဘာဇာတ် ခင်းနေတာလဲကွယ့်။ ရှုးပါပေ့ကွယ်။ မောင်မင်းကြောင့် ရှက်စရာ ကောင်းလှချေရဲ့။ ဟို ခေါင်းပေါ်က ဟာကြီးကို ချွတ်လိုက်ပါ။

နှောင်း ။ ။ (အရက်သံဖြင့်) သယ်– ငါကဲ့သို့သော မာတုချာကို စော်ကား မော်ကား ရှုးသလေး နှမ်းသလေးနဲ့ မယ်မင်း အမိုက်မ၊ ငါ့ကို ဘာထင်သလဲ ဟင်။

ခါ ။ ။ အလို ... မောင်ရင်နှောင်း။ ဘယ့်နှယ်ဖြစ်တာလဲ။

နှောင်း ။ ။ ဤ ယနေ့မှစ၍ မယ်မင်းသည် ငါ့အား ရိုသေခဲ့ညားတော်မူရမည်။

ခါ ။ ။ ဘယ့်နှာဖြစ်တာလဲ မောင်မင်းရဲ့။

နှောင်း ။ ။ (အရက်သံဖြင့်) ဤနေ့မှစ၍ ငါသည် မာတုချာ အစစ် ဖြစ်ကြီး ဖြစ်နေပြီ။

ခါ ။ ။ ခက်လိုက်ပါဘိတော့ မောင်မင်းရယ်။ မာတုချာ ဆိုတာဟာ ဘာမို့လို့လဲ။ တိရစ္ဆာန်လား။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ မာတုချာ ဆိုတာ မဟာသက်တော်ရှည် အမတ်ကြီး လို့ ခေါ်တယ်ဟဲ့။ နားလည်ရဲ့လား။

ခါ ။ ။ ဖြစ်မှ ဖြစ်ရလေ မောင်မင်းရယ်။ ဒီအသက်အရွယ် ကျမှ ဇာတ်သမား လုပ်ဦးမလို့လား မောင်မင်းရဲ့။

နှောင်း ။ ။ ထွီ ... မသိသား ဆိုးဝါးတဲ့ အမိုက်မ။ ဒါ ဇာတ်က နေတာ မဟုတ်ဘူးဟ။ ယိုးဒယား(ထိုင်း) ဥပရာဇ်မင်းကလေး ကိုယ်တော် တိုင် မင်းခမ်းမင်းနားနှင့်တကွ ငါ့ကို သူကောင်းပြုခဲ့တာ နားလည်ရဲ့လား။

ခါ ။ ။ ဘယ့်နှာ ဖြစ်ကြတာလဲ အရပ်ကတို့၊ ကြည့်ပြောကြ ပါဦး။

နှောင်း ။ ။ (အရက်သံဖြင့်) ဘယ့်နှာ ကြည့်ပြောရမှာလဲ။ မယ်မင်းသည် နှမ်းနှမ်းဆိုတာကို သိရဲ့လားဟင်။

ခါ ။ ။ အို ... လာပြန်ပါပြီ။ နှမ်းနှမ်း ဆိုတာဟာ အရူးလို့ ပြောတာ။

နှောင်း ။ ။ သယ် ... နှမ်းနှမ်း ဆိုတာဟာ နှောင်းနှောင်းလို့ ငါ့နာမည်ကို ယဉ်ကျေးအောင် အဖျားဆွတ်ခေါ်တာ သိရဲ့လား။

ခါ ။ ။ ကြည့်စမ်း။ မောင်မင်း ရူးနေပြီ ထင်တယ်။

နှောင်း ။ ။ ဂေါ်ကိုင် ဂေါ်ခိုင် ဆိုတာကော နင်သိရဲ့လား။

ခါ ။ ။ ရူးပြန်ပါပြီ ခက်တာပဲနော်။

နှောင်း ။ ။ ကျော်ကျိုင်၊ ချော်ချိုင် ဆိုတာကိုကော နင် သိရဲ့ လား။

ခါ ။ ။ အို ... ဘယ့်နှာတွေလဲ၊ ခက်တော့တာပဲ။

နှောင်း ။ ။ ဘော်ဇွေ့ နော်ဇွေ့ ဆိုတာကိုကော နင် သိရဲ့လား။

ခါ ။ ။ ခက်ကုန်ပါပြီ အရပ်ကတို့၊ ခက်ကုန်ပါပြီ။ မောင် မင်း တစ်ယောက်တော့ ရူးပါပြီတော့။

နှောင်း ။ ။ (အရက်သံဖြင့်) ဟဲ့ ... တိတ်စမ်း။ မယ်မင်း ဘာသိ





လို့လဲ။ ငါ့ကို ရူးနေသလေး ဘာလေးနဲ့ – ထွီ။ ငါ အခု မာတုချာ ဖြစ်နေ တယ်။ မယ်မင်းသည် ဤနေ့ ဤရက်မှစ၍ ငါ့အား ရှိသေခ့်ညားတော် မူရမည်။ နားလည်ရဲ့လား။ (ဟု ဆို၍ ဝင်သွားစေ။)

ခါ ။ ။ မောင်မင်းတော့ စိတ်နောက်နေပါပြီ။ ရှာရိုးလျှောက် ပြီး အော်နေမှဖြင့် အရှက်ကွဲတော့မှာပဲ။ လာကြပါဦး အရပ်ကတို့။ (ဆို၍ ဦးရွှေနှောင်းနောက်သို့ လိုက်ပါ ဝင်သွားစေ။)

* * *

ဇာတ်ကွက် ၂

[ မောင်မောင်ဆင်နှင့် ခင်ခင်ထားတို့ ထွက်လာကြစေ။ ]

မောင်မောင်ဆင်။ ။ ထားထားတော့ လူထူးလူဆန်း တစ်ယောက်ကို တွေ့ရဦးတော့မှာပဲ။ အင်း ... ရူးလည်း ရူးတဲ့ ဦးရွှေနှောင်း။ သနားဖို့သာ ကောင်းတော့တာပဲ။ ဩော် ... ဒါထက် မောင်ပန်းလွှာတို့ ကိစ္စကို ပိုင်းကူ ဦးမှပဲ။

ထား ။ ။ မောင်ပန်းလွှာတို့ ကိစ္စလား။ သိပါတယ်လေ။ ကူ တာပေါ့။ ဟော ဟိုမှာ ဦးရွှေနှောင်း မဟုတ်လား။ အို ... ခေါင်းမှာ ဘယ့်နှာ ကြီးပါလိမ့်။

[ပေါင်းထုပ် ခမောင်းဆောင်း ဦးရွှေနှောင်း ပြန်ထွက်လာစေ။]

ဆင် ။ ။ ဩော် ... အဆွေတော်ပါလား။ ဝမ်းသာလိုက်တာ အဆွေတော်ရယ်။ ဟော ... ထားထားလည်း ပါတယ်။ ကျွန်တော်တို့မှာ အဆွေတော် မဟာသက်တော်ရှည် အမတ်ကြီး ဖြစ်သွားတယ်လို့ ကြားတာနဲ့ အခု လာခဲ့တာပဲ။ နောက်ပြီးတော့ အဆွေတော်ရဲ့ သမီးကလေးကို ယိုးဒယား (ထိုင်း)မင်းသားကလေးက မဟာဒေဝီဘွဲ့ အပ်နှင်းမယ်လို့ ကြားရပြန်တော့ ဝမ်းသာလို့ မဆုံးအောင် ဖြစ်နေရပါတယ် အဆွေတော်ဗျား။

နှောင်း ။ ။ (အရက်သံဖြင့်) ဟုတ်ကဲ့ ... အဆွေတော်မင်းသည် သူရိယာ နေဒေါင်းကဲ့သို့ ရဲရင့်တည်ကြည်၍ ယုန်စန္ဒာ ငွေလမင်းကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အေးမြ ကြည်လင်ပါစေ။ ဤမဟာပထဝီ မြေကြီးကဲ့သို့ ကြီးကျယ်သော ပညာနဲ့ ပြည့်စုံပါစေလို့ အကျွန်ုပ်က ဆုမွန်ကောင်းကို တောင်းပါတယ် အဆွေတော်မင်း ခင်ဗျား။

ထား ။ ။ ထားထားကလည်း နှောင်းနှောင်းအတွက် သတင်းကောင်း ကြားလို့ ဝမ်းသာပါတယ်။

နှောင်း။ ။ 'ဟုတ်ကဲ့ ... နမတော် ထားထားသည် ပွင့်သစ်ညွန့်လန်း နှင်းဆီပန်းကလေးကဲ့သို့ မွှေးပျံ့ ကြည်ရွှင်ပါစေလို့ ဆုတောင်းပါတယ်။ အဆွေတော်မင်းရော၊ မိမိလေးရော အခုလို ကြွရောက် ချီးမြှင့်ကြတာကို နှောင်းနှောင်းက အများကြီး ကျေးဇူးတင်ပါတယ်။ ဒါနဲ့ဗျာ ... ဟိုဟာမကြီး လာရှုပ်တုန်းက နှောင်းနှောင်းမှာ မိမိလေးအတွက် စိုးရိမ်လိုက်တာ။ ဒါနဲ့ ... ဟိုဟာမကြီးကို ဖိဖိပြီး ထောင်းလိုက်တာ မသေရုံတမည် ကျန်တော့တယ်။

ထား ။ ။ ဒီအတွက်တော့ ထားထား စိတ်မကွက်ပါဘူး။ နှောင်းနှောင်းဟာ မိမိလေးအတွက် စိုးရိမ်မှာပဲ၊ အားနာမှာပဲလို့ အောက်မေ့မိပါတယ်။

နှောင်း။ ။ မိမိလေး အောက်မေ့တော်မူတဲ့အတိုင်း နှောင်းနှောင်းကလည်း မိမိလေးအပေါ်မှာ အရင်ကလိုပဲ သဘောထားပါတယ်နော်။

ဆင် ။ ။ ထားထားရေ ... ကြည့်စမ်း။ အဆွေတော်ဟာ အခုမဟာသက်တော်ရှည် အမတ်ကြီး ဖြစ်နေတာတောင် ထားထားတို့ မောင်မောင်တို့ကို ဂရုမမူပြုပြီး ယုယတော်မူတယ်နော်။ (မျက်စိ တစ်ဖက် မှိတ်ပြစေ။)

ထား ။ ။ အို ... နှောင်းနှောင်းဟာ သဘောကြီးလို့၊ စိတ်ထားမြင့်မြတ်လို့သာ ... ထားထားတို့ မောင်မောင်တို့လို ဟာများကို ယုယတော်မူတာပေါ့နော်။ (မျက်စိတစ်ဖက် ပြန်၍ မှိတ်ပြစေ။)

ဆင် ။ ။ ဩော် ... ဒါထက်၊ မင်းသားကလေးကို မဖူးရဘူးလား အဆွေတော်ရဲ့။





နှောင်း။ ။ ဖူးရပါစေ့မယ်။ ဖူးရပါစေ့မယ်။ ဟော ... ပြောရင်းဆိုရင်း ကြွလာတော်မူပါပြီ။ သမီးကို မင်္ဂလာ အခမ်းအနားဝင်ဖို့ သမီးထံ အကြိုတော်များ လွှတ်ထားတယ် အဆွေတော်ရဲ့။

[ ယိုးဒယား(ထိုင်း) မင်းသားအသွင် ရုပ်ဖျက် ဝတ်ဆင်ထားသော မောင်ပန်းလွှာ ထွက်လာစေ။ ]

ဆင် ။ ။ (လက်အုပ်ချီ၍) မှန်လှပါ။ ကျွန်တော်များမှာ မင်းကလေးရဲ့ ယောက္ခထီးတော် ဦးရွှေနှောင်းနှင့် ရင်းနှီးသော အဆွေတော်များ ဖြစ်ပါတယ်။ အခု မင်းကလေးကို ဖူးမြော်ချင်လွန်းလို့ ရွှေဖဝါးတော်အောက်ကို ဆိုက်ရောက်လာပါတယ် ဘုရား။ (မျက်စိတစ်ဖက် မှိတ်ပြစေ။)

နှောင်း။ ။ ဥပရာဇ် မင်းကလေးက မြန်မာစကားတတ်တာ မဟုတ်ဘူး အဆွေတော်ရဲ့။ ခက်လိုက်တာနော်။ ဟော့ ... ဟိုစကားပြန်အကောင် ဘယ်သွားနေသလဲ။ မင်းကလေးရဲ့၊ သူက ရွာစားမင်းပါ။ ဟောသာက မှန်နန်းအပျိုတော် ထားထားပါ။ အို – ခက်ကုန်ပါပြီ ...။ သူနားလည်မှာ မဟုတ်ပါဘူး။ မင်းကလေးရဲ့ ... သူက မြန်မာ မာတုချာ အထီးပါ။ သူက မြန်မာ မာတုချာ အမပါ။ ဟာ ... ခွကျကုန်ပါပြီ။ အို ... ဦးကြီးရဲ့၊ လာစမ်းပါဦးဗျ။ ဘယ်သွားနေတာတုံးဗျ။ အို ... ဦးကြီးရဲ့။

ဆောင်း။ ။ (အတွင်းမှ) ဗျို့–ဗျို့။ (ထူးရင်း အဘိုးအိုအသွင် ဆင်ထားသော မောင်ဆောင်း ထွက်လာစေ။)

နှောင်း။ ။ ဒီကိုလာပါ ... ဦးကြီးရဲ့။ ဦးကြီး မရှိလျှင် မင်းကလေးနဲ့ ဘယ်နဲ့လုပ်ပြီး စကားပြောမလဲ။ ဟောသာက ထုံးဘိုရွာစားမင်းမောင်မောင်ဆင်။ ဟောသာက မှန်နန်းအပျိုတော် ခင်ခင်ထား။ အခု သူတို့မင်းကလေးကို ဖူးမြော်ချင်လို့ ရွှေဖဝါးတော်အောက် ရောက်လာတယ်လို့ လျှောက်လိုက်စမ်းပါ။ နားထောင်ကြဗျ။ မင်းကလေးဟာ စကားပြော အင်တောန် ယဉ်ကျေးတယ်။

ဆောင်း။ ။ ဟိုက်စု၊ ခွမ်ဂါ၊ နယာဆင်၊ နာယာ ခင်ခင်ထားကောင်ကန်။



www.burmeseclassic.com

www.burmeseclassic.com



လွှာ ။ ။ ဖုံထောင်၊ ဖုံငိန်ထေ့။

နှောင်း ။ ။ ဦးကြီးက အခိပ္ပာယ် ပြန်လိုက်စမ်းပါဦး။

ဆောင်း ။ ။ မင်းကလေးက မိန့်တော်မူတယ်။ အခု ကျွန်ုပ်ထံ အဖူးမြော် ရောက်လာကြသော ယောက္ခထီးတော်ကြီး၏ အဆွေတော်ရှာစားမင်းနှင့်တကွ အလွန်တရာ လှပတင့်တယ် ရှုစချင့်ဖွယ် ဖြစ်သော မှန်နန်း အပျိုတော်ကလေးအား ရတနာရွှေမိုး ငွေမိုးတို့သည် သွန်းဖြိုးရွာကြပါစေတဲ့ ဗျာ။

နှောင်း ။ ။ (အရက်သံဖြင့်) ကိုင်း ... မယဉ်ကျေးဘူးလား မိမိလေးရဲ့။

ထား ။ ။ ယဉ်ပါပေတယ် နှောင်းနှောင်းရယ်။ ယဉ်ကျေးလှပါပေတယ်။

[ ထိုအနိုက်တွင် မရွှေသစ် ထွက်လာစေ။ ]

နှောင်း ။ ။ ဟော သမီးပါကလား။ ဒီကိုလာဟဲ့။ ဒီမှာ ဥပရာဇ်မင်းကလေးက သမီးကို မဟာဒေဝီ မြှောက်တော်မူမလို့တဲ့။

သစ် ။ ။ အို ... အဖေ။ ဘယ့်နဲ့ဖြစ်တာတုံး။ ခေါင်းပေါ်က ဟာကြီးက ဘာလဲ အဖေရဲ့။

နှောင်း ။ ။ ဒါ ကလေးကစားတာ မဟုတ်ဘူး။ တိတ်။ ဒီမှာ ယိုးဒယား(ထိုင်း) မဟာဥပရာဇ် မင်းသားကလေး။ မြင်ရဲ့လား။ သမီးကို မဟာဒေဝီ မြှောက်တော်မူမလို့။ စောင့်စားတော် မူနေရှာတယ်။ သိရဲ့လား။

သစ် ။ ။ ကျွန်မကို ...။

နှောင်း ။ ။ အင်းလေ ... ပေးစမ်း နင့်လက်။ လက်ထပ်ဖို့ အချိန်နီးနေပြီ။

သစ် ။ ။ ဘယ့်နှာတွေလဲ ...အဖေရဲ့။ လက်မထပ်ချင်ပါဘူး။

နှောင်း ။ ။ သယ် ... ငါ နင့်အဖေ မဟုတ်လား။ ဖအေက တော်သင့်လို့ လက်ထပ်ဆိုလျှင် ထပ်လိုက်ပါလား။





သစ် ။ ။ ဟင့်အင်း။ အပျိုကြီးဘဝနဲ့ ကျွန်မ အရိုးထုတ်တော့မယ်လို့ ပြောတယ် မဟုတ်လား။ ကျွန်မ လက်မထပ်ချင်ဘူး။ ဟင့်အင်း။ ဟင့်အင်း။

နှောင်း ။ ။ သယ် ... ဖအေကို နင် အာခံမလို့လား။ ဒီနားကို တိုးစမ်း။

သစ် ။ ။ ဟင့်အင်း ... မတိုးချင်ဘူး။ ကျွန်မ ကိုပန်းလွှာကိုမှ ရလျှင် ဘယ်သူ့ကိုမှ မယူဘူး။ အတင်းယူခိုင်းလျှင် ကျွန်မကိုယ်ကို ကျွန်မ ...(မောင်ပန်းလွှာ၏ မျက်နှာပုံပန်းကို ဖမ်းမိလာသဖြင့်) အင်းလေ ... အဖေက သဘောတူတယ် ဆိုလျှင်လည်း သမီး မငြင်းပါဘူး။

နှောင်း ။ ။ ဒါမှပေါ့ သမီးရဲ့။ ဒါမှ အဖေ့သမီး။ ဒါမှ အဖေ့သမီး။

[ ထိုအနိုက် ဒေါ်ခါ ထွက်လာစေ။ ]

ခါ ။ ။ အလို ... ဟဲ့ သမီး။ ညည်း ဘယ့်နဲ့ ပြောလိုက်တာလဲ။ ညည့်အဖေ့စကားကို နားမထောင်နဲ့။ ဒီကို လာခဲ့။

နှောင်း ။ ။ မယ်ခါ။ မယ်မင်း ဝင်ရှုပ်ပြန်ပြီ။ သွား။ ဒီအမိုက်မကို ဆုံးမပေးကြပါဦး ... အရပ်ကတို့။

ခါ ။ ။ အလိုတော် ... ပြေူးက ပြိရသေးတော့။ မောင်မင်း ဘာသာ မောင်မင်း ရူးတော်မူပါ။ သူများကို လွှဲမချပါနဲ့။ အခု ဘာလုပ်နေကြတာလဲ။ ဒီဟာတွေကကော ဘယ့်နှာတွေလဲ။ ဇာတ်ထောင်မလို့လား။

နှောင်း ။ ။ သယ် ... ဇာတ်ထောင်သလေး ဘာလေးနဲ့။ ထွီ။ ရွံ့ရော။ ဒီမှာ ... ယိုးဒယား(ထိုင်း) မဟာဥပရာဇ် မင်းသားလေးကို ရွှေသစ်နဲ့ လက်ထပ်ပေးမလို့ ငါ လုပ်နေတာ။ မယ်မင်း ... ဘာသိလို့လဲ။

ခါ ။ ။ ဘာပြောတယ်။

နှောင်း ။ ။ ဟေ့ ... စကားမရှုပ်စမ်းနဲ့ကွာ။ ဒီမှာ စကားပြန်ရတယ်။ မယ်မင်းကလည်း မင်းကလေးကို နှုတ်ခွန်းဆက်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခါ ။ ။ ဘာစကားပြန်လဲ။ ဆက်နိုင်ပေါင်။ ကျုပ်သမီးနဲ့ လက်ထပ်ဖို့လည်း သဘောမတူနိုင်ပေါင်။

နှောင်း ။ ။ ဟော့ … မယ်မင်း။ တော်။ တိတ်။

ဆင် ။ ။ မမခါနှယ်။ မဟာလာဘ်တော်ကြီး ဆိုက်လာတာကို ငြင်းနေရသေးသလား။ သမက်လုပ်မယ့်လူက ယိုးဒယား(ထိုင်း) မဟာဥပရာဇ် မင်းသားကလေးဗျ … မမခါရဲ့။

ခါ ။ ။ မောင့်အပူ တစ်ရွေးသားမှ မပါဘူး။ မောင် … အေးအေးနေပါ။

ထား ။ ။ ဒွေးလေးခါနှယ်။ မင်းသားတစ်ယောက်လုံးကို သမက် တော်ရမှာ ငြင်းနေရသေးသလား … ဒွေးလေးခါရဲ့။

ခါ ။ ။ အို … ကိုယ်နဲ့ မဆိုင်လျှင် ဝင်မစွက်ကြပါနဲ့။ အေးအေးနေကြပါ။

ဆင် ။ ။ မမခါတို့ …ကောင်းစားဖို့ ပြောနေတာပါ။ ကျွန်တော်တို့မှာ အဆွေခင်ပွန်းကောင်းပီပီ၊ ကူညီချင်လို့ ပြောရတာပါ။ အထင်မလွဲပါနဲ့။

ခါ ။ ။ အို … မကူညီချင်ပါနဲ့။ ကျုပ်တို့ဘာသာ ကောင်းစားနိုင်ပါတယ်။

ဆင် ။ ။ မမခါရဲ့ သမီးကိုက သဘောကျနေတော့၊ ဘယ့်နဲ့လုပ်မလဲ။

ခါ ။ ။ အလို … ကျုပ်သမီးကလား။ ခေါ်လိုက်လေ။

ဆင် ။ ။ မေးကြည့်ပါဦးလေ။

ခါ ။ ။ မေးဖို့ မလိုပါဘူး။

ထား ။ ။ မေးကြည့်ပါဦးလေ။ မဟာဒေဝီ ဘွဲ့ခံပြီး အိမ်ရှေ့မိဖုရား လုပ်ရမယ်ဆိုလျှင် ဘယ်သူ ငြင်းမှာလဲ ဒွေးလေးခါရဲ့။

ခါ ။ ။ ကျုပ်သမီးလား။ သင်းများ မဟာဒေဝီ လုပ်ချင်တယ်ဆိုလျှင် ကြိုးနဲ့တုပ်ပြီး ရိုက်မယ်။ သိရဲ့လား။





နှောင်း ။ ။ ဟော့ … မယ်ခါ။ နှုတ်သီး ကောင်းလှချေကလား ကွယ့်။ မယ်မင်း … တော်ရာ သွားစမ်း။ ဒီမှာ လက်ထပ်ပွဲ ကျင်းပရမယ်။

ခါ ။ ။ ဘာဖြစ်လို့ ကျင်းပရမှာလဲ။ မလုပ်ရဘူး။

နှောင်း ။ ။ ဘယ့်နှယ် … ဒီမိန်းမ … ဆူလှချေကလား။

သစ် ။ ။ အမေကလည်း … အသာနေစမ်းပါ။

ခါ ။ ။ အလို … ညည်းကလည်း ညည့်အဖေနဲ့ ရောပြီး ရှူးနေပြီလား။

နှောင်း ။ ။ ကြည့်စမ်း … ကြည့်စမ်း။ ဖအေ့ စကား နားထောင်တဲ့ သမီးကို ရန်တွေ့နေပြန်ပြီ။

ခါ ။ ။ တွေ့တယ်၊ တွေ့တယ်။ မောင်မင်းချည်း အဖေတော်တာ မဟုတ်ဘူး။ ကျုပ်လည်း အမေတော်တာပဲ။ မလိမ္မာလျှင် ဆုံးမရမှာပဲ။

ဆောင်း ။ ။ ဒီမလေ … လုံမကလေး။

ခါ ။ ။ ဘာ – လုံမကလေးလဲ။

ဆောင်း ။ ။ စကားတစ်ခွန်းလောက် ပြောချင်လို့ ဒီနား လာစမ်းပါ။

ခါ ။ ။ မလာနိုင်ပေါင့်။ ဘာဖြစ်လို့ လာရမှာလဲ။

ဆောင်း ။ ။ (ဦးရွှေနှောင်းသို့) ဟော့ … မောင်ရင်ရဲ့။ လုံမကလေးဟာ ဦးကြီးပြောမယ့် စကားကို ကြားရလျှင် တစ်ခါတည်း သဘောကျသွားမှာပဲ။

ခါ ။ ။ ဘယ်တော့မှ သဘောမကျဘူး။

ဆောင်း ။ ။ စကား တစ်ခွန်းတည်းပါ လုံမကလေးရဲ့။

ခါ ။ ။ တစ်ခွန်းမှ နားမထောင်ချင်ဘူး။

နှောင်း ။ ။ မယ်မင်းကလည်း နားထောင်လိုက်ပါလေ။

ခါ ။ ။ နားမထောင်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ။ ။ မယ်မင်း သဘောကျအောင် ပြောမှာပါဟ။

ခါ ။ ။ ဘာပြောပြော ကျုပ် သဘောမကျနိုင်ပါဘူး။

နှောင်း ။ ။ ခက်လိုက်ပါဘိ မယ်ခါရယ်။ ဒီလို ခေါင်းမာတဲ့ မိန်းမမျိုးကို တွေ့ဖူးကြရဲ့လား ... အရပ်ကတို့။ မယ်မင့်အသား ပဲ့ပါမသွားပါဘူး ဟဲ့။

ဆောင်း ။ ။ ပြောမယ့် စကားကိုသာ နားထောင်ကြည့်စမ်းပါ လုံမကလေးရဲ့။ နှောင်တော့ လုံမကလေးရဲ့ သဘောအတိုင်းပေါ့။

ခါ ။ ။ ကဲ–ကဲ နားထောင်ပါ့မယ်တဲ့ ... တော်။ ပြောပါ။ ပြောပါ။

ဆောင်း ။ ။ (မယ်ခါ အနီးသို့ ချဉ်း၍ တိုးတိုးပြောသည်မှာ) ခွေးလေးခါကလည်း မျက်နှာရိပ် မျက်နှာကဲ ပြတာတောင် မရိပ်မိပဲကိုး။ ယိုးဒယား(ထိုင်း)မင်းသား ဆိုတာဟာ မောင်ပန်းလွှာဗျ။

ခါ ။ ။ ဟော– ဟုတ်လား။

ဆောင်း ။ ။ နေဦး ခွေးလေးရဲ့ ...။ မဖော်လိုက်နဲ့ဦး။ သဘောတူပါပြီလို့သာ ပြောပါ။

ခါ ။ ။ (အသံကျယ်ကျယ်နှင့်) ကဲ ... ကဲ ... သဘောတူပါပြီတဲ့တော်။ သဘောတူပါပြီတဲ့။

နှောင်း ။ ။ အဲ ..အခုမှ မကြီးခါ လိမ္မာလာတယ်။ ဟော့ မယ်ခါ။ တို့တစ်တွေ အခု လူလိမ္မာတွေ ဖြစ်ကုန်ကြပြီ။ မင်းကလေး အကြောင်းကို ဦးကြီးက ပြောလိုက်တယ် မဟုတ်လား။

ခါ ။ ။ ဟုတ်တယ်။ ဟုတ်တယ်။ ပြောလိုက်တယ်။ မင်္ဂလာ လက်ထပ်ပွဲကိုသာ စ ကြပါတော့။ သဘောတူပါပြီ။

ဆင် ။ ။ ဒီလိုမှပေါ့ မမခါရဲ့။ အနို့ ယိုးဒယား(ထိုင်း) မဟာ ဥပရာဇ် မင်းသားလေးနဲ့ သစ်သစ်တို့ရဲ့ မင်္ဂလာ လက်ထပ်ပွဲမှာ ကျွန်တော်နဲ့ ခင်ခင့်ထားတို့ပါ ရောပြီး လက်ထပ်လိုက်ကြလျှင် မကောင်းဘူးလားဗျာ။





ခါ ။ ။ ကောင်းပါ့ မောင်ရယ်။ တစ်ခါတည်း အေးသွားတာပေါ့။

နှောင်း ။ ။ (မောင်မောင်ဆင် အနီးသို့ ချဉ်း၍) ဘယ့်နဲ့ အခွေတော်။ အမယ်ကြီး စိတ်ကောင်းအောင် ပြောလိုက်တာပေါ့နော် ဟုတ်စ။

ဆင် ။ ။ (တိုးတိုးပြောသည်မှာ) ဒါပေါ့ သူဌေးမင်းရဲ့။

နှောင်း ။ ။ (တိုးတိုးပြောသည်မှာ) ကောင်းပါ့ဗျာ ကောင်းပါ့။ (ကျယ်ကျယ်ပြောသည်မှာ) ကဲ ... မင်္ဂလာ လက်ထပ်ပွဲ ပြင်ဟေ့။ မယ်ခါရေ ...ပြင်ဟေ့။

ခါ ။ ။ မောင်မင်းရေ ...။ မယ်မှုန်ကို စကားပြန် ဆရာကြီးနဲ့ ပေးစားလိုက်ရလျှင်ကော မကောင်းဘူးလား။

နှောင်း ။ ။ အေး ... အကောင်းသားပဲ။ ဒီမင်္ဂလာ လက်ထပ်ပွဲမှာ တစ်ခါတည်း ပေးစားလိုက်။ ကဲ ... မင်္ဂလာ လက်ထပ်ပွဲ ပြင်ဟေ့။ မယ်ခါရေ ...ပြင်ဟေ့။

ဆောင်း ။ ။ ကိုင်း ... လောကမှာ ဒီလို ရှုးတဲ့ မိုက်တဲ့ သတ္တဝါမျိုးကို တွေ့ဖူးကြပါရဲ့လား ရွှေပွဲလာတို့ဗျား။

■

www.burmeseclassic.com

www.burmeseclassic.com

# အဓမ္မမင်္ဂလာ

(တစ်ခန်းရပ်)

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

**အစမ္မ** မင်္ဂလာ တစ်ခန်းရပ် ပြဇာတ်ကို ပြင်သစ်ဘာသာမှ အနက် ပြန်ဆိုထားသော အင်္ဂလိပ် ဘာသာပြန် The Forced Marriage မှ ဆီလျော်အောင် မြန်မာပြန်ထားခြင်း ဖြစ်သည်။

မိုးလျဲသည် ပြင်သစ် စာပေသမိုင်းတွင် ဟာသပြဇာတ် ဆရာကြီးတစ်ဦး အဖြစ်ဖြင့် ယခုတိုင် ထင်ရှားသူ ဖြစ်သည်။ အလွန် သိမြင်တတ်သူ ဟူ၍လည်း အသိအမှတ်ပြု ခံရသည်။ ဆရာကြီးသည် ပြဇာတ်ပေါင်း သုံးဆယ်ကျော် ရေးခဲ့သည်။ ထိုပြဇာတ်များတွင် မိမိ မြင်နေ တွေ့နေရသော အမြီးအမောက် မတည့်သည့် လူ့အမှား၊ လောကအမှားတို့ကို ဖော်ထုတ် ဖွင့်ဆိုတတ်သည်။ ဖွင့်ဆိုရာတွင် ဆရာကြီးသည် တစ်ခါတစ်ရံ ကာတွန်း ရုပ်ပြောင် ရေးနည်းမျိုးကို အသုံးပြုလေ့ ရှိသည်။

ကာတွန်းဆရာတို့သည် မိမိတို့ ပြောပြလိုသော အချက်ကို ခေါင်းကြီး ကိုယ်သေး အစရှိသော ကိုးရိုးကားရား အရုပ်မျိုး ရေးဆွဲ၍ ဖော်တတ်ကြလေသည်။ ရေးဆွဲသော အရုပ်သည် ကဲ၍ သဲ၍ ရေးဆွဲသော အရုပ်မျိုး





ဖြစ်သဖြင့် အချိုးအစား မကျသည်မှာ မှန်၏။ သို့ရာတွင် အချိုးအစား မကျသည်မှာ လိုရင်းမဟုတ်။ လောကသဘော၊ လူ့သဘောကို တစ်မုဟုတ်ချင်း သိမြင် ဆင်ခြင်နိုင်ကြအောင် ပြက်ချော် သရော်တတ်သည်သာ လိုရင်းဖြစ်သည်။ မိုးလျဲ၏ အဖွဲ့များသည်လည်း ထိုနည်းအတိုင်းဖြစ်သည်ကို သတိပြုရာသည်။

ဤ "အစမ္မ မင်္ဂလာ" ဇာတ်တွင် မိုးလျဲသည် မြက်နုကြိုက် လူအိုတစ်ဦး၏ ဒုက္ခကို ဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် မျက်မြင်မှာ ဉာဏ်တွဲ၍ အနည်းနည်းရှုတတ်ခြင်း မရှိသော စာတယူသန် လှေနံဓားထစ် ပညာရှိကဝိ ဖြစ်ချင်သူတို့၏ သဘောကို (ဝါ) သုတနှင့် မုတတို့ကို မဖက်မယှဉ် မဆင်ခြင် မသုံးသပ်တတ်သည်လည်း ဖြစ်၍ သုတရှိသလောက် သုတဂုဏ် မောက်တတ်သည်လည်း ဖြစ်သော ပညာရှိ ကဝိ အခေါ်ခံချင်သူတို့၏ သဘောကို ပြက်ချော်သရော်၍ ဖွဲ့ထားသည်ဟုလည်း ယူနိုင်ပါသည်။ ဖွဲ့ပြရာတွင် ကဲ၍ သဲ၍ ဖွဲ့ထားသည်မှာ ထင်ရှားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ဆောင်သူများ

| | | |
|---|---|---|
| ဦးရန်း | = | အသက်ခြောက်ဆယ်ကျော် သူဌေးလူပျိုကြီး |
| ငပိန် | = | ဦးရန်း၏ တပည့် |
| ညိုညိုစိန် | = | အသက် ၁၆ နှစ်အရွယ် အပျိုမ |
| မောင်ကျား | = | အပျိုမ၏ အဖေ (တစ်ကျွန်းပြန်) |
| ပုဏ္ဏက ရဲခင် | = | အပျိုမ၏ မောင် (ရပ်ကွက်လူမိုက်) |
| မောင်တင့် | = | အပျိုမ၏ ရည်းစား |
| မောင်ကြင် | = | အမိန့်တော်ရ ရှေ့နေ |
| ဦးပေ | = | ဆရာကြီး အခေါ်ခံသူ |
| ဦးပုရပိုက် | = | ဆရာကြီး အခေါ်ခံသူ |

## လူပျိုကြီး ဦးရန်း၏ အိမ်ရှေ့ခန်း

[ ဦးရန်း ထွက်လာစေ။ ]

ဦးရန်း။ ။ ဟေ့ ... ငပိန်။ ငါ အခုပဲ ပြန်လာခဲ့မယ်၊ ကြားလား။ အိမ်မှာ လုပ်စရာ ရှိတာတွေကို ပြီးအောင် လုပ်ထား။ ကြားလား။ ငါ့ကို လာမေးကြလျှင် ငါ မရှိဘူး ထွက်သွားတယ်၊ မနက်ဖြန်မှ ပြန်လာမယ်လို့ ပြောလိုက်၊ ကြားလား။ (ထွက်သွားမည်ပြုပြီး ပြန်လှည့်၍) ဟဲ့၊ ဟဲ့ ... နေဦးဟဲ့။ အကြွေးလာဆပ်တဲ့ လူလာလျှင်တော့ ငါ့ကို ရှေ့နေ မောင်ကြင့် အိမ်မှာ လာခေါ်။ ကြားလား။ ဟေ့ကောင် ... ကြားရဲ့လား။

[ ရှေ့နေ မောင်ကြင် ထွက်စေ။ ]

မောင်ကြင် ။ ။ (ထွက်လာရင်း) အင်း ... အင်း ... မှာပုံကလေးကတော့ တော်တော် သင်းတာပဲ။

နိုး ။ ။ (မောင်ကြင်ကို မြင်၍) ဩော် ... မောင်ကြင်။ နေရာကျလိုက်လေကွာ။ ငါ မင့်ဆီကို အခု လာမလို့ကွ။ မောင် မာရဲ့နော်။

ကြင် ။ ။ မာပါတယ် ... ဦးရဲ့။ ဘာကိစ္စများ ထူးနေလို့ပါလိမ့်။

နိုး ။ ။ ဒီလိုကွယ့် ... ဒီလိုကွယ့်။ (အနားတိုး သွားစေ။) ကိစ္စကတော့ ထူးသပေါ့ကွာ။ တိုင်ပင်စရာရှိလို့ ဆိုပါတော့။

ကြင် ။ ။ အို ... ဒါဖြင့် အဆင်သင့်နေတာပေါ့။ တိုင်ပင်ပါဦးရယ်။ တိုင်ပင်နိုင်ပါတယ်။

နိုး ။ ။ အေးကွာ။ မောင်ကြင်လည်း သိတဲ့အတိုင်းပဲကွ။ ဦးမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ သမ္မဒါတရား လေးပါးကို ဘယ်တော့မှ လက်မလွှတ်တဲ့ လူကွ။ ဒီတော့ ကလျာဏမိတ္တ သမ္မဒါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ တရားတော်အတိုင်း ဘယ်အရာမျိုးမှာမဆို မိတ်ကောင်း ဆွေကောင်း ဆိုတာ အရေးကြီးတယ် မဟုတ်လားကွ။

ကြင် ။ ။ အရေးကြီးတာပေါ့ ဦးရဲ့။

နိုး ။ ။ ဒီတော့ ဦးက မိတ်ကောင်း ဆွေကောင်းကို လိုက်ကြည့်လိုက်တော့ ဟော့ ... မောင်ကြင်၊ ဦးက မောင့်ကို မြင်တယ်ကွ။ မောင့်ကို ... မောင့်ကို။

ကြင် ။ ။ ဝမ်းသာပါတယ် ဦးရာ။ တိုင်ပင်စရာရှိတာ မှန်သမျှ ပြောချလိုက်စမ်းပါ။

နိုး ။ ။ အေး ... အေး။ နို့ပေတဲ့ကွာ ဦးရဲ့အလိုကို လိုက်ပြီး မြှောက်ပင့် မပြောစေချင်ဘူးကွ။ အတ္တကွာရှိ မိတ်ဆွေကောင်းပီပီ၊ မောင့်စိတ်ထဲမှာ ထင်သမျှ မြင်သမျှ ဖွင့်ချလိုက်စေချင်တယ်ကွ။ ဟုတ်ကဲ့လား။

ကြင် ။ ။ ဒါပေါ့ ဦးရ။

နိုး ။ ။ အေး ... ကောင်းသဟေ့။ ဒီလိုကွ။ ဦးဟာ အခုနေများ အိမ်ထောင်ပြုရလျှင် ကောင်းမှ ကောင်းပါ့မလား။ အဲဒါကို ဦး စဉ်းစားနေတယ်။ ကိုင်း ... မောင့်သဘော ဘယ့်နှယ်လဲ။

ကြင် ။ ။ ဗျာ...။ ဦးက အိမ်ထောင်ပြုမယ်လို့ စိတ်ကူးနေသလား။ ဒီအသက်အရွယ် ရောက်မှ ...။

နိုး ။ ။ အေးလကွာ။ မေးတာ ပြောစမ်းပါ။ အသက်နဲ့ ဘာဆိုင်လို့လဲကွ။

ကြင် ။ ။ အသက်နဲ့ ဆိုင်တာပေါ့ ဦးရဲ့။

နိုး ။ ။ မဆိုင်လိုက်တာကွာ။ ဦးမေးတာက ဦးဟာ အိမ်ထောင် ပြုသင့်၊ မပြုသင့် မေးတာကွ။ အိုကွာ ... မောင့်မှာလည်း ရှေ့နေလုပ်နေပြီး တယ်နားဝေးကိုကွ။ ဦး ... မိန်းမ ယူသင့် မယူသင့် မေးတာကွ။

ကြင် ။ ။ ဟုတ်တယ်လေ။ ဒါကြောင့် အသက်အရွယ်ကို မေးရတာပေါ့ ဦးရဲ့။ ခေါင်းဖြူစွယ်ကျိုး အရွယ်ရောက်မှ ...။





နိုး ။ ။ အမယ်လေး ... လေး ... လေး။ ဒီစကား မပြောစမ်းပါနဲ့ကွ ... မောင်ကြင်ရ။ ငါ အသည်းနာလွန်းလို့ကွ။

ကြင် ။ ။ မဟုတ်ဘူးလေ၊ ဦးရဲ့ အသက်အရွယ်ကို ပြောပြမှ ဦးမေးတာကို ဖြေနိုင်မှာပေါ့။ မပြောလျှင် ဘယ်ဖြေနိုင်မှာလဲ။

နိုး ။ ။ မသိဘူးကွာ၊ မသိဘူး။ ငါ မမှတ်မိတော့ဘူး။

ကြင် ။ ။ ကဲ ... ဦးက ပြောမပြလျှင် ကျွန်တော်က သတိပေးရမှာပေါ့ဗျာ။ ဦးဟာ အခု အသက် ၆၅ နှစ်ထဲ ရောက်နေပြီ ဦးရဲ့။

နိုး ။ ။ ဒါနဲ့ မဆိုင်ပါဘူးကွာ။ ငါ မေးတာသာ ဖြေစမ်းပါကွ။

ကြင် ။ ။ ကဲ ဒါဖြင့် ကျွန်တော် ဖွင့်ချလိုက်ရတော့မလား။

နိုး ။ ။ အေး ... ဖွင့်ချလိုက်။ မင့်စိတ်ထဲမှာ ထင်သမျှ မြင်သမျှ ဖွင့်ချလိုက်။

ကြင် ။ ။ ဦး ... အိမ်ထောင်ပြုဖို့ မကောင်းတော့ဘူးဗျ။ ကဲ... ဘယ့်နှဲ့လဲ။

နိုး ။ ။ ဟာ ... ဒီလို ဖွင့်ချတာမျိုးတော့ ဦး မကြိုက်နိုင်ဘူးကွာ။ မောင်ကြင် ... ငါ့တူကြီးက လိမ္မာပါတယ်ကွာ။ ဦးက မိန်းမယူချင်နေတာ မောင်ကြင်ရဲ့'

ကြင် ။ ။ ဒီအသက်အရွယ် ရောက်မှတော့ မသင့်ဘူး ထင်ပါတယ် ဦးရယ်။ ဦးဟာ ဒီအရွယ်ထိ လူပျိုကြီးဘဝနဲ့ နေလာခဲ့တယ် မဟုတ်လား။ ဘယ်လောက် လွတ်လပ်သလဲ။ အခုမှ သားတွဲလဲ၊ မယားတွဲလဲ မဖြစ်ချင်စမ်းပါနဲ့ ဦးရာ။

နိုး ။ ။ ဟော့ ... မောင်ကြင်၊ ငါ မိန်းမ ယူချင်တယ်ကွ။ မင်း လျှာမရှည်နဲ့။ သားတွဲလဲ မယားတွဲလဲ၊ ဒါတွေကို ငါနားမလည်ဘူး။ ကောင်မကလေးတစ်ယောက်ကို ငါ ကြိုက်နေတယ်။ ဒီတော့ ဦးဟာ မိန်းမ ယူသင့်တယ်လို့သာ မင်းက ဖွင့်ချလိုက်။ ဒီလို ဖွင့်မချလျှင် မင်းနဲ့ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ မဟုတ်တော့ဘူးလို့ မှတ်လိုက်။ မင့်ကို ဘယ်တော့မှ ငါ ရှေ့နေ မငှားတော့ဘူး။ ဒါပဲ။

ကြင် ။ ။ (ခေါင်းကုတ်ကာ) ဒီအဘိုးကြီးတော့ ခက်တော့မှာပဲ။ (နိုးဘက်သို့ လှည့်၍) ကဲဗျာ ... ဦးဟာ မိန်းမ ယူသင့်ပါတယ်၊ ယူသင့်ပါတယ်။

နိုး ။ ။ ဒီလိုမှပေါ့။ ဒါမှ တကယ့်မိတ်ဆွေကွ။

ကြင် ။ ။ မိတ်ဆွေ မဟုတ်ဘူး၊ ရှေ့နေခင်ဗျား၊ ရှေ့နေ၊ ရှေ့နေ။

နိုး ။ ။ အေးလေကွယ် ... မောင်ကြင်ဟာ ငါ့မိတ်ဆွေ၊ မောင်ကြင်ဟာ ငါ့ရှေ့နေ၊ ငါ့မိတ်ဆွေဟာ ငါ့ရှေ့နေ ဖြစ်နေတော့ ငါ့ရှေ့နေဟာ ငါ့မိတ်ဆွေပေါ့ကွ။ ငါကွာ ... ဒီကောင်မကလေးကို သိပ်ကြိုက်တာပဲကွာ။

ကြင် ။ ။ ဩော် ... အသည်းတွေ အူတွေ ပြုတ်ပြုတ် လွင့်စဉ်သွားမတတ် ကြိုက်နေတယ် ဆိုပါတော့။

နိုး ။ ။ အေး ... မင်း တော်လာပြီ။ ငါ့သဘောကို မင်း သိလာပြီ။ အဲဒါကွာ ... သူ့အဖေကြီးကို ငါ ပြောဆိုပြီးပြီ။ တောင်းရမ်းပြီးပြီ ဆိုပါတော့ကွာ။

ကြင် ။ ။ ဒါနဲ့များဗျာ ... တိုင်ပင်ချင်သလေး ဘာလေးနဲ့။ ဦးဟာက အားလုံး ပြောဆို ပြီးစီးနေမှပဲ။ နို့ ဘယ်တော့ မင်္ဂလာဆောင်မှာလဲ။

နိုး ။ ။ အခု ညနေလေ။

ကြင် ။ ။ အို ...မြန်လှချေလား။ ဒါဖြင့် ဦးရေ ... ဘာဖြစ်လို့ မိန်းမ မယူဘဲ နေရမှာလဲ။ ယူသာ ယူ။ ယူသာ ယူ။

နိုး ။ ။ ရွှေ့ ... ဒါမှပေါ့ကွ။ ဦးဟာ သိပ်အသက်မကြီးသေးဘူးကွာ။ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက် ရှိပါသေးတယ်ကွ။ ဟော့ မောင်ကြင် ...ကြည့်စမ်း။ (လက်ရုံး တန်းပြစေ။) မယားတစ်ယောက်တော့ ယူနိုင်ပါသေးတယ်ကွာ။

ကြင် ။ ။ ဟာ ... ဦး အသန်ကြီး ရှိသေးတာပဲ။ မြန်မြန် မိန်းမယူမှ ဖြစ်မယ် ဦးရေ့။ မြန်မြန်၊ မြန်မြန်။





နိုး ။ ။ အစတုန်းကများ ဦးက မိန်းမယူရမှာ သိပ်ရှက်သကွ။ အခုတော့လည်း အင်း ... ထမင်းစားသလို ရေသောက်သလို နေမှာပါပဲကွာ။ တယ်ခက်မယ် မထင်ပါဘူး။ ဟုတ်လား။ လောကမှာ လူဖြစ်လာလို့မှ မိန်းမ မယူဘူးဆိုလျှင် တစ်ပန်းရှုံးရော့ပေါ့ကွ ... မောင်ကြင်ရ။

ကြင် ။ ။ ယူစေဗျား ... ယူစေဗျား။

နိုး ။ ။ ဒါပေါ့ကွ၊ ယူမှာပေါ့ကွ။ ကာမဂုဏ် စည်းစိမ်ဆိုတာ၊ အင်း ... ဟုတ်လား။ မင်း ... မင်းတို့တော့ သိမှာပေါ့ကွာ။

ကြင် ။ ။ အို ... မေးနေစရာ မလိုပါဘူး။ ဦး ဘာဆိုလိုတယ် ဆိုတာကို ကျွန်တော် အများကြီး သိတာပေါ့။ အို ... အို ...၊ ဦးကလည်း ရှက်စရာ မဟုတ်တာ။ အသက်အရွယ် ကြီးလာတယ် ဆိုတော့ မယားရဲ့ အပြုအစု အယုအယ ခံချင်တယ်လို့ ဆိုလိုတာပါ ဦးရဲ့။

နိုး ။ ။ မင်းက ဒီလိုပြောပြမှ ရှင်းသွားတယ်ကွာ ...။

ကြင် ။ ။ မေးစမ်းပါရစေ ... ဦးရဲ့။ ကောင်မကလေးက ဘယ်ကလဲ။

နိုး ။ ။ ဟိုအပိုင်းက၊ ညိုညိုစိန်ကလေးဟာ လကွယ်။

ကြင် ။ ။ ဩော် ... ကုလားဆင်ကလေး။ လှက လှပါဘိသနဲ့။ ဆံတောက် မဝင်တဝင် မျက်လုံးမျက်ခုံး ကောင်းကောင်း ...။

နိုး ။ ။ အေး ... အစစ်ပေါ့ကွ။ ညိုညိုစိန်လေ။

ကြင် ။ ။ သူ့အဖေက၊ ကိုကျား မဟုတ်လား။

နိုး ။ ။ အေးလေ။

ကြင် ။ ။ ဒါဖြင့်၊ ဒီကောင်မလေးဟာ ပုဏ္ဏာက ရဲခင်ရဲ့ နှမကလေးပေါ့။

နိုး ။ ။ အေးလေ ... သူ့နှမလေးပေါ့။ ဘယ့်နှယ်၊ မောင်ကြင် ... သဘောမကျဘူးလား။

ကြင် ။ ။ ဦးနဲ့ဆိုလျှင် ရှေ့သွားနောက်လိုက် အလွန်ညီ။ ဦးရေ... မြန်မြန် မြန်မြန်။



www.burmeseclassic.com

www.burmeseclassic.com



နီး ။ ။ မောင်ကြင့်ကို တိုင်ပင်ရတာ ကောင်းလိုက်တာကွာ။ ဦး သိပ်ဝမ်းသာတာပဲဟေ့။

ကြင် ။ ။ အို ဒါနဲ့ ... ကျွန်တော့်မှာ ကိစ္စကလေးတစ်ခု ရှိနေတယ်။ ခွင့်ပြုပါဦးနော်။

နီး ။ ။ ကောင်းပါ့မောင်။ ဦး သိပ်ဝမ်းသာတာပဲကွာ။

ကြင် ။ ။ (တစ်ကိုယ်တည်း ပြောစေ) လောကများ၊ မှတ်ကရောပေါ့ကွာ။ ကောင်မကလေးက ပျံတံတံ။ သူ့အဖေက တစ်ကျွန်းပြန်။ သူ့အစ်ကိုက တာတေလံ။ အင်း ... အဘိုးကြီးက ရိုးအအ။ တွေ့ကြရောပေါ့ကွာ။ (နီးဘက်သို့ လှည့်၍) ဦး ... ကျွန်တော် ပြန်လိုက်ပါဦးမနော်။ (ဝင်စေ။)

[ ညိုညိုစိန် ထွက်လာစေ။ ]

နီး ။ ။ (တစ်ကိုယ်တည်း ပြောစေ။) အို ... ဟိုမှာ ညိုညိုစိန်ကလေးပါလား။ နေရာ ကျလိုက်လေ။ အောင်မယ်လေးဟဲ့။ လှလိုက်တာဟဲ့။ အို ... ညိုညို။

ညို ။ ။ ဪ ... ကိုကို။ (ရှက်သွားစေ။)

နီး ။ ။ အောင်မယ်လေးဟဲ့။ (ခြေဆုံးခေါင်းဆုံး ကြည့်၍) ဒီပဝါ၊ ဒီထဘီကလေးနဲ့ ဆိုတော့ ညိုညို ဒီနေ့ သိပ်လှနေပါလားကွယ်။

ညို ။ ။ အို... ကိုကိုကလည်း မုန်းစရာ။ ညိုညို အခု "ရိုးတိုက်"ကြီးကို သွားမလို့ ကိုကိုရဲ့။

နီး ။ ။ ညိုညို၊ ညနေနော် ... ကြားလား။

ညို ။ ။ အို ... ဘာလဲ။ အလကား ... မုန်းစရာ။

နီး ။ ။ ညိုညိုက ... ထိုင်ပါဦးကွယ်။ ညိုညို အခု သိပ်ပျော်နေတာ ပေါ့နော်။

ညို ။ ။ အို ... ပျော်တာပေါ့ ကိုကိုရဲ့။ (ထိုင်ကြစေ။) နို့ပေတဲ့ ကိုကိုရယ် ... ညိုညို့အဖေက သိပ်ဆိုးတာပဲ ကိုကိုရဲ့။ ညိုညို့အစ်ကိုကလည်း





သိပ်ဆိုးတာပဲ ကိုကိုရဲ့။ ညိုညို ဘယ်ကိုမှ မသွားရဘူး။ မလည်ရဘူး။ သိပ်စိတ်ညစ်တယ်။ ညိုညို တစ်ခါတည်း သတ်သေလိုက်ချင်တယ်။

နီး ။ ။ ဟဲ့-ဟဲ့။ မလုပ်ပါနဲ့ဟဲ့။ မလုပ်ပါနဲ့ဟဲ့။

ညို ။ ။ အဟုတ်ပဲ။ သိပ်စိတ်ညစ်တယ်။ (မျက်ရည်သုတ်ဟန်ပြုစေ။) နို့ပေတဲ့ အခုတော့ ပျော်နေပါပြီ။ ကိုကိုက ညိုညို့ကို လာတောင်းကတည်းက ပျော်နေပါပြီ။ ညိုညိုတော့ ဝင့်ကျွတ်တော့မယ် ဆိုပြီး ပျော်နေပါပြီ။ ကိုကိုက သိပ်သဘောကောင်းတာပဲနော်။ ကိုကိုက သူဌေး။ မော်တော်ကားလည်း ရှိတယ်။ စိန်တွေ ရွှေတွေလည်း ပေါတယ်။ ညိုညို သိပ်ပျော်တာပဲ ကိုကိုရယ်။ ညိုညို ဘိုင်စကုတ်လည်း သွားကြည့်မယ်။ ပွဲလည်း ကြည့်မယ်နော်။ နေ့ခင်းကျလျှင် ပိုကာဒေါင်းမယ်။ မာကျောင်း ကစားမယ်။ သိပ်ပျော်စရာ ကောင်းမှာပဲနော်။ ညိုညိုလေ ... ကိုကို့ကို ဘယ်တော့မှ ဒုက္ခမပေးဘူး။ ကိုကိုကလည်းလေ ညိုညို့ကို ဘယ်တော့မှ ဒုက္ခမပေးနဲ့နော်။ ကိုကိုလည်း ကိုကို့သဘောရှိ။ ညိုညိုလည်း ညိုညို့သဘောရှိ။ ဒါမှ လင်မယား သင့်သင့်မြတ်မြတ် ဖြစ်ကြမှာပေါ့နော်။ ညိုညိုလေ ... ကိုကို့အပေါ်မှာ ဘယ်တော့မှ သဝန်မကြောင်ဘူး။ ကိုကိုကလည်း ညိုညို့အပေါ်မှာ ဘယ်တော့မှ သဝန်မကြောင်နဲ့။ အို ... ကိုကို။ ဘယ့်နှယ် ဖြစ်တာလဲ။ အို ... ကိုကို မျက်နှာမကောင်းပါကလား။

နီး ။ ။ ဘာမှ မဖြစ်ပါဘူး ညိုညိုရယ်။ ခေါင်းထဲက မူးနောက်နောက် ဖြစ်သွားလို့ပါ။

ညို ။ ။ ကဲ ကဲ။ ဒါဖြင့် ညိုညို သွားစရာရှိတာ သွားလိုက်ဦးမယ်နော်။ ဪ ... ဒါနဲ့ ကိုကို၊ ညိုညို အခု ရိုးတိုက်ကြီးကို သွားမလို့။ ညိုညို လိုချင်တာတွေ ဝယ်ပေးနော်။ ညိုညို လိုချင်တာ ဝယ်ပြီးလျှင် ကိုကို့ဆီကို "ဘီလ်"စာရင်း ပို့လိုက်မယ်၊ ဟုတ်လား။ သွားဦးမယ်နော်။ (ညိုညိုစိန် ဝင်စေ။)

[ မောင်ကြင် ပြန်ထွက်လာစေ။ ]



www.burmeseclassic.com

www.burmeseclassic.com



ကြင် ။ ။ အောင်မယ်လေး … မောလိုက်တာ … ဦးရယ်။

နိုး ။ ။ အို … မောင်ကြင်။ ဘယ့်နှယ် ဖြစ်တာလဲ။

ကြင် ။ ။ လမ်းမှာ စိန်ပွဲစားနဲ့ တွေ့လာလို့ပါ။ ဦးက မင်္ဂလာဆောင်ခါနီးမို့လို့၊ ညိုညို့အတွက် စိန်လက်ကောက်ကလေး ဘာကလေးများ ဦး ဝယ်ချင်လျှင် ဝယ်ရအောင် ဆိုပြီး ပြေးလာလိုက်ရတာ။ ဟောဟဲ ဟောဟဲ … မောလိုက်တာ။

နိုး ။ ။ အင်း … ဒုက္ခပါပဲ မောင်ကြင်ရာ။ ငါ စိတ်ပျက်ချင်လာပြီကွ။

ကြင် ။ ။ ဗျာ … မင်္ဂလာ ဆောင်ခါနီးမှာ ဘယ့်နှယ် စိတ်ပျက်စကားတွေ ပြောနေရတာလဲ ဦးရ။

နိုး ။ ။ မင်္ဂလာဆောင်ဖို့ စိတ်ပျက်နေတယ် ပြောတာကွ။

ကြင် ။ ။ ဟာ … ဦးဟာက ဘယ့်နှယ်ဟာလဲ။ ဒီညနေမှာ မင်္ဂလာဆောင်ရတော့မယ် မဟုတ်လား။

နိုး ။ ။ ညက အိပ်မက်မကောင်းဘူး မောင်ကြင်ရာ။ အခုလည်း မျက်ခုံးတွေ လှုပ်လိုက်တာ။ လှုပ်ပြီးရင်း လှုပ်ရင်းပဲကွ။

ကြင် ။ ။ သွေးလေ ချောက်ချားလို့ ဖြစ်ပါလိမ့်မယ် ဦးရယ်။ နို့ပေတဲ့ သိနိုင်ဘူးလေ။ ကဲ-ကဲ၊ ဒါဖြင့် ကျွန်တော် ပြန်မယ်။ (ဝင်စေ။)

နိုး ။ ။ (လူးလာတုံ့ခေါက် လျှောက်လျက်) မဖြစ်ပါဘူး၊ ဖြစ်မယ် မထင်ပါဘူးလေ။

[ ဦးပေသည် ပေထုပ်ကို ပခုံး၌ထမ်းလျက် ပျာယီးပျာယာ ထွက်လာစေ။ ]

ပေ ။ ။ (တစ်ဖန် ထွက်လာသည့်ဘက်သို့ လက်သီးပြ၍ လက်ရုံး တန်း၍) ဟေ့ အကောင် … သွားဆို သွား။ ငါဟာ နင့်လို လူအနန့်နဲ့ ဖက်ပြီး စကားမပြောချင်ဘူး။ သွားဆို သွားကွာ။ အသေဝနာစ ဗာလနံ့တဲ့။ နင် နားလည်ရဲ့လား။ တွံ့ သင်သည် အကြင်မျှသော ကာလပတ်လုံး ပညာရှိ





ကဝိကို ငြင်းဆိုအံ့။ ထိုမျှသော ကာလပတ်လုံး၊ တွံ့ သင်သည် မိုက်မဲသောသူပေတည်းတဲ့။ ဣတိ တသ္မာ ထို့ကြောင့် … သွားဆို သွား။ ရှေ့မတိုးနဲ့။ ငါ … တယ်။ (ခါးတောင်းကျိုက်စေ။)

နိုး ။ ။ (တစ်ယောက်တည်း ပြောစေ။) ဟာ … အတော်ပဲ။ ဆရာပေကြီးကို တိုင်ပင်ရတော့မှာပဲ။ ဆရာကြီး ခင်ဗျား။

ပေ ။ ။ (မိမိ ထွက်လာသည့်ဘက်သို့) သယ် … ဟေ့ကောင်။ ခုထက်ထိ မသွားသေးဘူးလား။ လူဝါးဝလို့။ ငါလို ပညာရှိ ကဝိသူမွန်နဲ့ စကားဆွေးနွေးချင်သလေး၊ ဘာလေးနဲ့။ နင့်မှာ ဘယ်ဆရာနဲ့ ကျကျနန သင်ဖူးလို့လဲ။ ဟေ …။

နိုး ။ ။ အင်း … ဆရာကြီး ဘယ်သူနဲ့များ ရန်ဖြစ်လာပါလိမ့်။ ဒီမှာ … ဆရာကြီး ခင်ဗျာ။

ပေ ။ ။ သယ် … လူဝါးဝလို့။ ပါရမီ ဆယ်ပါးဆိုတာ နင် သိရဲ့လား။

နိုး ။ ။ ဆရာကြီး ခင်ဗျာ။

ပေ ။ ။ သယ် ဗြဟ္မစိုရ်တရား လေးပါးဆိုတာ နင် သိရဲ့လား။ သွန္တရုရဆိုတာ နင် သိရဲ့လား။ ထွီ … နိမ္မာနရတိ၊ ဝသဝတ္တိ၊ သညီခေါ်သုံး၊ ပတ်ကုံး ဝိသယ၊ အနိစ္စဒုက္ခ၊ လုဗ္ဗတိ ပလုဗ္ဗတိတိ၊ တယ် … ငါကျက်ထားတဲ့ စာတွေနဲ့ ကိုင်ပေါက်လိုက်ရ။

နိုး ။ ။ ခက်တော့တာပဲ။ ဆရာကြီးတော့ အတော် စိတ်ဆိုးလာပြီ ထင်တယ်။ ဆရာကြီးခင်ဗျာ။

ပေ ။ ။ သယ် … နင်တို့လို အဝိဇ္ဇာ အမှောင်ဖုံးနေတဲ့ အကောင်တွေကြောင့် ဒီလောကကြီးဟာ ကမောက်ကမ ဖြစ်နေတာ သိရဲ့လား။ အစိန္တေယျ၊ အပ္ပမေယျ ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား … ဘုရားတပည့်တော်သည် ဤလူ့ပြည်၌ မနေလိုပါ ဘုရား။ ဩော် … ကြုံလေဘုံဗွေ၊ ဆော်ထွေမှိုင်းမိရင်း၊ ကံ ငင်ယ်



www.burmeseclassic.com

www.burmeseclassic.com



ခေလို့သာ၊ ကြုံရလေခြင်း၊ ဂြိုဟ်မင်း– ဘုရားတပည့်တော်ကို မွေး နတ်မင်းတို့ နေနိုင်လေ။ သယ် ... သံဝေ့ကပ်ကြီး၊ အရောင်ညှိုး၊ လောင်မီးကျစေ၊ နှင်လို အကောင်၊ ယောင်တောင်တောင်၊ လောင်စာညှိ၍ သေရော့လဟာယ်။

နိုး ။ ။ အို ... ဆရာကြီးရဲ့။ ဘယ်လို ဖြစ်လာတာလဲ ဆရာကြီးရဲ့။ တစ်ဆိတ်ကလေး ရှင်းစမ်းပါဦး ဆရာကြီးရဲ့။

ပေ ။ ။ အလို ... မောင်ရနိုးပါလား။ အလကားကွာ။ ငါလို ပညာရှိ ကဝိသူမွန်က မြတ်စွာဘုရား ကိန်းအောင်းမွေ့လျော်၊ စံပယ်တော်မူတဲ့ ဇေတဝန်ကျောင်းတော်ကို အနာထပိဏ်သူဌေးက ဆောက်တယ်လို့ ကျမ်းဂန် အထောက်အထား ပါဠိပါဠ်သားနဲ့ တခမ်းတနား ဟောပြတယ်ကွ။ သူက မဟုတ်ဘူးတဲ့။ လက်သမားက ဆောက်တာတဲ့။ အနာထပိဏ်သူဌေး က ငွေထုတ်ပေးရုံ ထုတ်ပေးတာတဲ့။ ဘယ့်ကလောက် မိုက်လုံးကြီးတဲ့ အကောင်လဲ။ သယ် ... ဟေ့အကောင် ... အန္ဓပုထုစဉ်။ လာလေ သတ္တိရှိ လျှင်။ ငါ့ကို နှင် ဘာမှတ်သလဲ။ နှင်ဟာ ဗလချဉ်းစေဝ၊ ဗလနန်။ ဗလချာ တီ၊ ဗလစ်ဗလစ်၊ ဗလရွှတ်တ၊ ဗလောင်းဗလဲ။ ကိုင်း ဘယ့်နဲ့လဲ။ ငါသည် နှင့်ကို အဲဒီလို ဆဲရေး တိုင်းထွာလိုက်သည် ဟူလို၊ (ဝါ) ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုလိုက်သည် တမင့်၊ (ဝါ) ပြစ်တင် မှောင်းမဲလိုက်သည် တမုံ့။

နိုး ။ ။ ဗွေယူမနေပါနဲ့ ဆရာကြီးရယ်။ ဒီလူတွေက ဆရာ ကြီးကို ကျီစားကြတာ ဖြစ်ပါလိမ့်မယ်။

ပေ ။ ။ သယ် ...။

နိုး ။ ။ အောင်မယ်လေး ... ဆရာကြီးရဲ့။ ကဲ ကဲ၊ လူနောက် လူလျောင်တွေ သွားကုန်ကြပါပြီ ဆရာကြီးရယ်။ ဆရာကြီးကို တွေ့ရတာ အဆင်သင့်လွန်းလို့ ပြဿနာတစ်ခုလောက် မေးစမ်းပါရစေ၊ ဆရာကြီး ခင်ဗျာ။

ပေ ။ ။ ဩ ... ပြဿနာတဲ့လား။ မင်း ... တော်သဟော့။





ပြဿနာတဲ့။ ဟုတ်စ။ ကိုင်း ... မေးစမ်း။ ငါ ဆရာသခင် ကျေးဇူးရှင်က အခုချက်ချင်း အကြွင်းမဲ့ ဖြေလိုက်မယ်။ နားထောင် ...။

နိုး ။ ။ အမယ်လေး ဆရာကြီးရဲ့။ မဖြေပါနဲ့ဦး ဆရာကြီး ရဲ့။ ကျွန်တော်က မေးတောင် မမေးရသေးပါဘူး ဆရာကြီးရဲ့။

ပေ ။ ။ အေး ... အေး။ အဟုတ်သားပဲ။ မောင်ရင်က၊ ငါ့ တပည့်က၊ ငါ့တပည့်ကြီးက အဘယ်မည်သော ပြဿနာကို အဘယ်မည် သော ဘာသာစကားနဲ့ မေးချင်သလဲ။ ပါဠိဘာသာနဲ့လား။

နိုး ။ ။ ပါဠိနဲ့ မဟုတ်ဘူး ဆရာကြီးရဲ့။

ပေ ။ ။ ပါဠိနဲ့ မဟုတ်ရင် သက္ကတဘာသာနဲ့လား။

နိုး ။ ။ သက္ကတဘာသာနဲ့လည်း မဟုတ်ပါဘူး ဆရာကြီးရဲ့။

ပေ ။ ။ အင်း ... ဒါဖြင့် အင်္ဂလိပ် ဘာသာနဲ့လား။

နိုး ။ ။ အင်္ဂလိပ်ဘာသာနဲ့လည်း မဟုတ်ပါဘူး ဆရာကြီးရဲ့။

ပေ ။ ။ ဒါဖြင့် တရုတ်ဘာသာနဲ့ပေါ့။

နိုး ။ ။ တရုတ်ဘာသာနဲ့လည်း မဟုတ်ပါဘူး ဆရာကြီးရဲ့။

ပေ ။ ။ ဩ ... ဟိန္ဒီဘာသာနဲ့ ဆိုပါတော့။

နိုး ။ ။ မဟုတ်ဘူးဗျ။ မဟုတ်ပါဘူးဗျ။ မြန်မာစကားနဲ့ဗျ။ မြန်မာစကားနဲ့ဗျ။

ပေ ။ ။ သြော် ...မြန်မာစကားနဲ့။

နိုး ။ ။ နို့ ... ကိုယ်က မြန်မာလူမျိုးပဲ။ မြန်မာစကားနဲ့ မေးရမှာပေါ့ ဆရာကြီးရဲ့။

ပေ ။ ။ ကောင်းပြီ၊ ကောင်းပြီ။ မြန်မာစကားနဲ့ ဆိုလျှင် ဒီဘက်ကို လာခဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ နက်နဲခက်ခဲတဲ့ စကားနဲ့ဆိုလျှင် ဟိုဘက်နားနဲ့သာ ကျုပ်က နားထောင်တယ်။ ဘာမဟုတ်တဲ့ ထမင်းစား ရေသောက် ပြောကြတဲ့ မြန်မာစကားကိုတော့ ဒီဘက်နားနဲ့ပဲ နားထောင် လိုက်တာပဲ။ ကိုင်း ... လာ။ လာဆို လာစမ်း။



www.burmeseclassic.com

www.burmeseclassic.com



နိုး ။ ။ ကောင်းပါပြီ ဆရာကြီးရယ်။ ဒီလိုပါ၊ ဒီလိုပါ။ ဒီ ညနေမှာ ကျွန်တော် မိန်းမယူမလို့ ဆရာကြီးရဲ့။ ယူမယ့် မိန်းမက အသက် ငယ်တယ်။ ကျွန်တော်က၊ အင်း … အသက်အရွယ် တစ်ဆိတ်ကြီးနေလေ … တော့။

ပေ ။ ။ ဩော် … မောင်ရင် ဆိုလိုတာက မောင်ရင်ယူမယ့် မိန်းမဟာ အသက်ငယ်တယ်။ မောင်ရင်ကတော့ အသက်ကြီးတယ်။ ဒီလို ဆိုချင်တာလား။

နိုး ။ ။ (တစ်ယောက်တည်းပြော) အင်း … ပညာရှိနဲ့ စကား ပြောရတာ သိပ်ကောင်းတာပဲ။ အချိန် အလဟဿ မကုန်ဘူး။ ကြည့်လေ။ ဒီက မေးလိုက်တယ်ဆိုလျှင် သူ ချက်ချင်း နားလည်သွားတာပဲ။ (ဆရာကြီး ဘက် လှည့်) မှန်ပါတယ် ဆရာကြီးရယ်။ ကျွန်တော် ဆိုလိုချင်တာဟာ ဒါပါပဲ။ အဲဒီ ပြဿနာကလေးကို ရှင်းပေးပါ ဆရာကြီးရယ်။

ပေ ။ ။ ဒီလိုကွယ့်။ ဒီလိုကွယ့်။ အဋ္ဌော အက္ခရာ သညတော … တဲ့ကွယ့်။

နိုး ။ ။ ဟုတ်ကဲ့ ခင်ဗျာ။

ပေ ။ ။ အဋ္ဌော မိမိဆိုချင်သော အနက်သည်၊ အက္ခရာသည တော အက္ခရာ စကားဖြင့် အမှတ်ရှိလေသည်တဲ့ကွယ့်။ ဒီတော့ သဒ္ဒါတတ် မှ စာတတ်သတဲ့ကွယ့်။ သဒ္ဒနီတိ ကျမ်းမှာဆိုလျှင်၊ ဗျာကရဏ်းကျမ်းမှာ ဆိုလျှင်၊ ဆန်းကျမ်းဗြိုဟာဒ်ကျမ်းတို့မှာ ဆိုလျှင် …။

နိုး ။ ။ (ဆရာကြီး၏ ပါးစပ်ကို ပိတ်လိုက်ရင်း) အောင်မယ် လေး … ဆရာကြီးရဲ့။ ကျွန်တော် မေးတာကိုသာ ဖြေလျှင် တော်ပါပြီ၊ ဆရာကြီး။

ပေ ။ ။ (ပိတ်လာသော လက်ကို တွန်းဖယ်လျက်) အင်း… သဒတ်တာမှ စတ်တာသတဲ့ကွယ့်။ သဒတ်မတာ စတ်မတာဘူးကွယ့်။

နိုး ။ ။ အောင်မယ်လေး လေး … ဆရာကြီးရဲ့။ ဒါကို





မေးတာ မဟုတ်ပါဘူး ဆရာကြီးရဲ့။ ကျွန်တော့်မှာ အရေးကြီးနေလို့။ ကျွန်တော် မေးတာကလေးကိုသာ ဖြေလိုက်ပါ ဆရာကြီးရဲ့။

ပေ ။ ။ အင်း … သဒ္ဒါတတ်လို့ စာတတ်ပြန်တော့၊ ရတနာ သုံးပါး ဦးထိပ်ထားပြီး သကာလ၊ စကားမိန့်ခွန်း ရှန်းရှန်းဝေဝေ ချွေသော အခါ၌ လည်းကောင်း၊ ပေမှာ ကညစ်၊ မထစ်မငေါ့၊ အကြော့အလွင်၊ အယဉ် အသန့်၊ အခန့်အနု၊ စာရေးခြင်းအမှု ပြုသောအခါ၌ လည်းကောင်း၊ နိဒါန်းတဲ့ ကွယ့်။ ပဏာမတဲ့ကွယ့်။ ဥယျောဇဉ်တဲ့ကွယ့်။ သိလား။ နောက်မှ စာကိုယ် တဲ့ကွယ့်။ သိလား။ ဟော … နောက်ပြီးမှ နိဂုံးတဲ့။ ဟုတ်ကဲ့လား။

နိုး ။ ။ အောင်မယ်လေး လေး … ဆရာကြီးရဲ့။ ဒါတွေကို မေးတာ မဟုတ်ပါဘူး ဆရာကြီးရဲ့။

ပေ ။ ။ နောက်ပြီးတော့ အာဒိမဇ္ဈေ အဝသာနေ၊ သုံးထွေ အဝတ္ထုန်၊ လိန်အန်ဝေဝုစ်၊ ပဒုဒ္ဒါရ၊ ပဒပဝေ၊ အထွေထွေတဲ့ဗျ။ နောက်ပြီး တော့ …။

နိုး ။ ။ တော်ပါတော့ ဆရာကြီးရဲ့။ ဆရာကြီး စာတတ်ပါ တယ်။ ကျွန်တော် နားမလည်လောက်အောင် ဆရာကြီး စာတတ်ပါတယ်။ နို့ပေတဲ့ ကျွန်တော် မေးတာကလေးကိုတော့ ရှင်းပေးပါဦး ဆရာကြီးရယ်။

ပေ ။ ။ ကိုင်း … ကောင်းပြီ။ ပြန်မေးစမ်း။

နိုး ။ ။ ဒီလိုပါ ဆရာကြီးရဲ့ … ဒီလိုပါ။

ပေ ။ ။ ဟော့ … တိုတိုတုတ်တုတ် မေးကွနော်၊ (ဝါ) ခပ်ကျဉ်း ကျဉ်း မေးကွနော်၊ (ဝါ) သခေ်ပ နည်းအားဖြင့် မေးကွနော်။

နိုး ။ ။ ဟုတ်ကဲ့ ဆရာကြီးရဲ့။ ခပ်တိုတိုပါပဲ။ ဒီလိုပါ။

ပေ ။ ။ ဝါကျ အထားအသို မရှုပ်စေနဲ့ကွ။ ကတ္တား၊ ကံ၊ ဝါစက ပြည့်စုံပစေ။ သိလား။ အပင့် အရစ်၊ အသတ် အလတ် မှန်ရမယ် ကွ။ သိလား။

နိုး ။ ။ အောင်မယ်လေးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ပေ ။ ။ နောက်ပြီးတော့ သမာဓိဂုဏ်မြောက်ပြီး၊ သင်္ဂါရရသပါမှ ပညာရှိများ နှစ်သက်ကြတယ်ကွ။ ဘယ်တော့မှ ဂမ္ဘီရဒေါသ မသင့်စေနဲ့ကွ။ သိလား။

နိုး ။ ။ ဟာ ... ဒါလောက်တောင် ဖြစ်လှတာ။ ကိုင်း ဟာ ... ကိုင်းဟာ။ (ဆွဲထောင်းစေ။)

ပေ ။ ။ အံမယ်လေးဗျ။ အံမယ်လေးဗျ။ ရိုင်းပျစော်ကားလိုက်လေ။ ငါလို စာတတ်ပေတတ် ကဝိသခင် ကျေးဇူးရှင်ကို မင်းက ထုလားထောင်းလားနဲ့။ မင်း ... တယ်မိုက်ပါကလားဟင်။ မောင်ရနီးရယ် ... ငါ့တပည့်ကြီး။ မင်း ... တယ်မိုက်ပါကလား ... ဟင်။ ဩော်... ငါ့တပည့်ကြီး။ မင်း ... တယ်မိုက်ပါကလား ... ဟင်။

နိုး ။ ။ ငါးပါးကို မှောက်တာပါပဲဗျာ။

ပေ ။ ။ သယ် ...ဥုံရုံခြောင်းရွက်၊ အသွတ် အသွင်း၊ အကွင်းလက်ဖွဲ့၊ ခါးလှဲ့လှလှ၊ ပယောဂနဲ့ ပြုစားလိုက်ရမလား ... ဟင်။

နိုး ။ ။ လုပ်လေ။ လုပ်လေ။ လုပ်ကြည့်စမ်းလေ။ (ပခုံးဖြင့်တိုက်။)

ပေ ။ ။ ငါ့ကို ဘာမှတ်သလဲ ... ဟင်။ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းမှာ ငါ့လောက်တတ်တဲ့လူ မရှိဘူး။ သိရဲ့လား။ ငါဟာ ကျမ်းဂန်ဟူသမျှမှာ ထုံးလိုချေ၊ ဒိုးလိုမွှေတဲ့ ပဂေးကွ။ သိရဲ့လား။ နင် ... သူရိယသိဒ္ဓန္တကျမ်းကို ဖတ်ဖူးရဲ့လား ...ဟင်။ ဓာတုဒီပနီ ဆိုတာကို နင် သိရဲ့လား ... ဟင်။ ဣတ္ထိယသျှတ္တရ၊ ကာမယောဂ၊ ဥတုဘောဇန ကျမ်းတွေကို နင် သိရဲ့လား ... ဟင်။ ဘူမိစာလ၊ တစ်ဝ မနုကျယ်၊ တစ်သွယ် ရွှေမျဉ်း၊ တစ်ခင် ဘားမဲ့အကျော်၊ ပုဏ္ဏားတော် ဇာဂရ၊ အာယုဒီဃ အဝဝတို့ကို နင် သိရဲ့လား ... ဟင်။ တယ် ... ငါတတ်သမျှ မှတ်သမျှ မိုးမဆုံး မြေမဆုံး ရွတ်ပြလိုက်ရ။ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသန ဌာနာ၊ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ။ အံမယ်လေးလေးဗျ။ မောလိုက်တာ။ ရေ ... ရေ ... ရေ။ (ဝင်စေ။)





နိုး ။ ။ မောလျှင် သေလိုက်ဗျ။ မောလျှင် သေလိုက်ဗျ။ တောက် ...။ ဒီလူဟာ သူတတ်တာတွေကိုသာ သူ လျှောက်ရွတ်ပြနေတာပဲ။ တယ်လည်း ... ပညာရှိ ကဝိလုပ်ချင်တဲ့ လူပေကိုး။ တကယ့်ပြဿနာကျတော့ ဘာမှ မဖြေရှင်းနိုင်ဘူး။ တောက် ...။ အချိန်ကုန်လိုက်တာနော်။ မဖြစ်ပါဘူး။ တစ်ယောက်ရှာပြီး မေးဦးမှပါပဲ။ (ခေါက်တုံ့ခေါက်ပြန်လျှောက်နေစေ။) ဟော ... ဟော။ အတော်ပဲ။ သူလည်း ကဝိတစ်ဦးပဲ။ အို ... ဗျ။ ဦးပုရပိုက်ရဲ့။

[ ဦးပုရပိုက်သည် ပုရပိုက်ကိုင်ကာ ထွက်လာစေ။ ]

ဦးပုရပိုက် ။ ။ အလို ... ဦးရနီးပါလား။ မာရဲ့နော်။

နိုး ။ ။ ပို့သသော မေတ္တာကြောင့် မာပါ့ဗျာ။ အဆင်သင့်လိုက်တာ ဦးပုရပိုက်ရာ။ ကျွန်တော့်မှာ အခက်ကလေး တစ်ခုနဲ့ ကြုံနေတယ် ဆရာရဲ့။

ပိုက် ။ ။ ဩော် ...ပြဿနာကလေးတစ်ခု ဆိုပါတော့။

နိုး ။ ။ (တစ်ကိုယ်တည်း ပြောစေ။) လာပဲ လာချေသေးတော့။ (ပိုက်ဘက်သို့ လှည့်၍) ဟုတ်ပါ့ဗျာ။ ဟုတ်ပါ့။ ပြဿနာကလေး ဆိုပါတော့။

ပိုက် ။ ။ ကိုင်း ... ကြားပါရစေဗျာ။

နိုး ။ ။ (တစ်ကိုယ်တည်းပြော) အင်း ...ဒီဆရာဖြင့် တော်ရဲ့။ တယ် စကားမများလှဘူး။ သူများ ပြောတာကိုလည်း နားထောင်ချင်ပုံရတယ်။ ဒီလိုပါဆရာ ... ဒီလိုပါ။ ကျွန်တော့်မှာ အခက်ကလေးတစ်ခုနဲ့ ကြုံနေပါတယ်။ ဒီအခက်က ဘာလဲဆိုတော့။

ပိုက် ။ ။ နေဦးဗျ။ နေဦးဗျ။ ဦးရနီး ပြောလိုက်တဲ့စကားကို နည်းနည်း ပြင်စေချင်တယ်ဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလိုရှိသဗျ။ လောကမှာ နာမ်တရား၊ ရုပ်တရားရယ်လို့ ရှိတယ်။ ဟုတ်ကဲ့လား။ ဒီတော့ ရုပ်ခန္ဓာကြီးက ပြုမူလိုက်တိုင်း ဟုတ်လှပြီ၊ မှန်လှပြီလို့ မယူရဘူးဗျ။ ရုပ်ခန္ဓာကြီးဟာ လူကို လှည့်စားနေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



နိုး ။ ။ မှန်ပါတယ်၊ မှန်ပါတယ်။ ဆရာပြောတာဟာ အများကြီး မှန်ပါတယ်။ နို့ပေတဲ့ ကျွန်တော် မေးလိုတာက ဒီလိုပါ။

ပိုက် ။ ။ ဦးရန်း မေးလိုတာကို ခဏထားပါဦးလေ။ အခုနက ဦးရန်းက 'ကျွန်တော့်မှာ အခက်တစ်ခုနဲ့ ကြုံနေတယ်' လို့ ဆို မဟုတ်လား။ အဲဒီ အဆိုအမိန့်ဟာ ပြင်မှ ဖြစ်မယ်ဗျ။ 'ကျွန်တော့်မှာ အခက်အခဲတစ်ခုနဲ့ ကြုံနေတယ်' လို့ ဆိုမယ့်အစား 'ကျွန်တော့်မှာ အခက်တစ်ခုနဲ့ ကြုံနေတယ်လို့ ထင်မိတယ်' လို့ ဆိုရမယ်ဗျ။ ရုပ်ခန္ဓာ လုပ်သမျှဟာ ဧကန် မှန်ပြီလို့ ဘယ်တော့မှ တစ်ထစ်ချ ပြောလို့ မရဘူးဗျ။ ဒါကြောင့် ဝေခွဲဆုံးဖြတ်လို့ မရဘိသကဲ့သို့၊ ဒွိဟဖြစ်နေဘိသကဲ့သို့ 'ထင်မိတယ်' ဆိုတဲ့ စကားနဲ့ ပိတ်ပြောမှ မှန်သဗျ။

နိုး ။ ။ သြော် ...'ထင်မိတယ်'၊ 'ထင်မိတယ်' ဆိုတဲ့ စကားနဲ့ ပိတ်ပြောမှ မှန်တယ် ဆိုပါတော့။

ပိုက် ။ ။ ဒါပေါ့။ လောကမှာ ဖြစ်ပျက်နေကြတာတွေဟာ အမှန်ကတော့ ဖြစ်ပျက်နေကြတယ်လို့ ထင်ရတာတွေချည်းပဲဗျ။

နိုး ။ ။ ထင်ရမယ်ဆိုလျှင်လည်း ထင်ရတာပေါ့ ဆရာရယ်။ နို့ပေတဲ့ ကျွန်တော့်မှာ အခု အခက်နဲ့ ကြုံနေတာကတော့ တကယ့်ကို ကြုံနေတာ ဆရာရဲ့။

ပိုက် ။ ။ အို ... ဒီလိုမဟုတ်ဘူး။ ဒီလို မဟုတ်ဘူး။ ဦးရန်း သွက်သွက်လယ်အောင် မှားလိမ့်မယ်နော်။ ကြပ်ကြပ်စဉ်းစားဗျာ၊ ကြပ်ကြပ်စဉ်းစား။ တကယ်ဆိုတော့ အခက်နဲ့ ကြုံနေတယ် ဆိုတာဟာ တကယ်ကြုံနေတာ မဟုတ်ဘူး။ ကြုံနေတယ်လို့ ဦးရန်းရဲ့ စိတ်ထဲမှာ ထင်နေလို့ဗျ။

နိုး ။ ။ ကဲဗျာ ... ကျွန်တော်ဟာ အခု ဆရာနဲ့ စကားပြောနေတယ် မဟုတ်လား။ ဒါဟာ အမှန်ပဲ မဟုတ်လားဗျာ။

ပိုက် ။ ။ မဟုတ်ဘူး၊ မဟုတ်ဘူး။ ဦးရန်း စိတ်ထဲမှာ ထင်နေတဲ့ ထင်မှုတွေဗျ။ ထင်မှုတွေဗျ။





နိုး ။ ။ ကိုင်းဗျာ ... အခု ဆရာနဲ့ စကားပြောတဲ့လူဟာ ဘယ်သူလဲ ... ကျွန်တော်။ နားထောင်နေတဲ့လူဟာ ဘယ်သူလဲ ... ဆရာ။ ကျွန်တော်နဲ့ ဆရာ...။ ဆရာနဲ့ ကျွန်တော်။ ကဲ ... ဒါဟာ ဘာငြင်းစရာ ရှိသလဲ။ မျက်မြင်ပဲ မဟုတ်လား ဆရာရဲ့။

ပိုက် ။ ။ မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါတွေဟာ ထင်နေမှုတွေ၊ ထင်နေမှုတွေ။

နိုး ။ ။ ထားပါတော့ ဆရာရယ်။ ကဲလေ ... ကျွန်တော့် အခက်ကို ကျွန်တော် ပြောပါရစေဦး။ ဒီညနေမှာ ကျွန်တော် မင်္ဂလာဆောင်မယ် စိစဉ်နေတယ် ဆရာရဲ့။ နို့ပေတဲ့ ဆရာရယ် ...။

ပိုက် ။ ။ ဦးရန်း မင်္ဂလာဆောင်ဖို့ စီစဉ်နေတယ် ဆိုပါတော့။

နိုး ။ ။ ဟုတ်ပါ့ခင်ဗျာ။

ပိုက် ။ ။ ဟုတ်မယ် မထင်ပါဘူး။ ဦးရန်း တွေးနေတာ၊ ထင်နေတာပါ။

နိုး ။ ။ တွေးနေ၊ ထင်နေတာ မဟုတ်ဘူး ဆရာရဲ့။ တောင်းရမ်း ပြောဆိုပြီးနေပြီ။ ပွဲထိုင်ဖို့ပဲ လိုတော့တယ်။ နို့ပေတဲ့ ...။

ပိုက် ။ ။ ဟုတ်မယ် မထင်ပါဘူး။

နိုး ။ ။ အို –အဟုတ်ပါ ဆရာရဲ့။

ပိုက် ။ ။ ဦးရန်းရဲ့ ထင်နေခြင်းမျှသာပါဗျ။ ထင်မှုတွေပါဗျ၊ ထင်မှုတွေပါဗျ။

နိုး ။ ။ ကျွန်တော်နဲ့ မင်္ဂလာဆောင်မယ့် မိန်းမက သိပ်ငယ်နေတော့ ...။

ပိုက် ။ ။ ဒါလည်း သိပ်ငယ်တယ် ထင်နေခြင်းပဲ။ ထင်မှုတွေဗျ၊ ထင်မှုတွေဗျ။

နိုး ။ ။ ဒီတော့ ဒီမိန်းမငယ်နဲ့ ကျွန်တော် အိမ်ထောင်ပြုရလျှင် ကောင်းမလား၊ မကောင်းဘူးလား ဆရာရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက် ॥ ॥ အင်း ...ပြဿနာက ကောင်းမလား၊ မကောင်းဘူးလားတဲ့။ အင်း ... ကောင်းတယ်လို့လည်း ဆိုနိုင်ပါရဲ့။ မကောင်းဘူးလို့လည်း ဆိုနိုင်ပါရဲ့။

နိုး ॥ ॥ (တစ်ကိုယ်တည်း ပြော) ဒုက္ခပါပဲ။ ဆရာရဲ့ ... ကောင်းတယ်ဆိုလျှင်လည်း ကောင်းတယ်။ မကောင်းဘူး ဆိုလျှင်လည်း မကောင်းဘူးလို့ ပြတ်ပြတ်သားသား ပြောလိုက်စမ်းပါ ဆရာရယ်။ ကိုင်း... ကောင်းတယ်လို့ ဆရာက ဆိုချင်ပါသလား။

ပိုက် ॥ ॥ ဆိုမယ်ဆိုလျှင် ဆိုနိုင်ပါရဲ့။

နိုး ॥ ॥ ဒါဖြင့် မကောင်းဘူးလို့ ဆရာက ဆိုချင်တာပေါ့။

ပိုက် ॥ ॥ အင်း ... ဆိုမယ်ဆိုလျှင်လည်း ဆိုနိုင်ပါရဲ့။

နိုး ॥ ॥ (တစ်ကိုယ်တည်းပြော) ခက်ကုန်ပါပြီ။ ဒီမလေ ... ဆရာရဲ့၊ အစတုန်းကတော့ ကျွန်တော်က ကောင်မလေးကို သိပ်ကြိုက်တာပဲ ဆရာရဲ့။

ပိုက် ॥ ॥ အင်း ...ကြိုက်နိုင်ပါရဲ့။

နိုး ॥ ॥ နို့ပေတဲ့ ဆရာရယ် ... ကျွန်တော့်ကို ဝိုင်းညာကြမှာ စိုးရိမ်မိတယ် ဆရာရဲ့။

ပိုက် ॥ ॥ စိုးရိမ်နိုင်ပါရဲ့။

နိုး ॥ ॥ ဒုက္ခပါပဲ။ ဒီမလေ – ဆရာ။ အခုနေ ဆရာဟာ ကျွန်တော့်လိုပဲ အခက်ကြုံနေလျှင် ဆရာ ဘယ့်နှဲ့လုပ်မလဲ။

ပိုက် ॥ ॥ ဗျာ ... ဆရာလည်း ဘယ်သိမလဲ ဦးရနိုးရဲ့။

နိုး ॥ ॥ အံမယ်လေးဗျ။ ဘယ့်နှဲ့ဟာတွေနဲ့ ငါ လာတွေ့နေရပါလိမ့်နော်။ ငရနိုး ရူးရလိမ့်မယ်ဗျ။

ပိုက် ॥ ॥ အေးလေ ... ရူးချင်လျှင်လည်း ရူးပေါ့။ ဆရာ့မှာတော့ အနေသာချည်းပဲ။





နိုး ॥ ॥ ဒါဖြင့် ဆရာဟာ တွေးလုံး ထင်လုံးတွေနဲ့သာ လူလုပ်နေတာပေါ့။ အလကား ... လူပျင်း လူဖျင်း။

ပိုက် ॥ ॥ ဆိုနိုင်ပါရဲ့။

နိုး ॥ ॥ ဒါလောက်တောင် ဖြစ်လှတာ ထင်နေဦးဟာယ်၊ ထင်နေဦးဟာယ်။ (ဆွဲထောင်းစေ။)

ပိုက် ॥ ॥ အံမယ်လေးဗျ၊ အံမယ်လေးဗျ။

နိုး ॥ ॥ ကိုင်း–မှတ်ပြီလား။

ပိုက် ॥ ॥ မောင်ရနိုးရဲ့။ စော်ကားလှချေလားကွယ့်။ ငါလို ပညာရှိ ကဝိသူမွန်တစ်ဦးကို ဒီလိုပဲ ဆွဲထောင်းရသလားကွယ့်။

နိုး ॥ ॥ တိတ် ... ထောင်းသလေး ဘာလေးနဲ့ ဒီလိုမပြောနဲ့။ ဒါဟာ ထောင်းတာ မဟုတ်သေးဘူး။ ထောင်းတယ်လို့ ထင်ရတာ သိရဲ့လား။ ထင်မှုတွေဗျ၊ ထင်မှုတွေဗျ။

ပိုက် ॥ ॥ အံမယ်လေးဗျ။ အောင့်လှချည့်ဗျ။

နိုး ॥ ॥ ဘာ ... အောင့်တယ်လို့ မပြောရဘူး။ အောင့်တယ်လို့ ဆရာ ထင်နေတာ။ ဒါဟာ ထင်မှုတွေဗျ၊ ထင်မှုတွေဗျ။

ပိုက် ॥ ॥ ကျုပ် ဂတ်သွားတိုင်မယ်ဗျ။

နိုး ॥ ॥ တိုင်မယ်ဆိုလျှင်လည်း ဖြစ်နိုင်ပါရဲ့။ မတိုင်ဘူး ဆိုလျှင်လည်း ဖြစ်နိုင်ပါရဲ့။

ပိုက် ॥ ॥ ငါ့ကို ထောင်းသူဟာ မင်းပဲကွယ့်။

နိုး ॥ ॥ အင်း ... မင်းပဲလို့ ဆိုလျှင်လည်း ဆိုနိုင်ပါရဲ့။ မင်းမဟုတ်ဘူးလို့ ဆိုလျှင်လည်း ဆိုနိုင်ပါရဲ့။

ပိုက် ॥ ॥ မင်း တစ်ခါတည်း ထောင်သော်လည်းကောင်း၊ တန်းသော်လည်းကောင်း ကျမှာကွယ့်။

နိုး ॥ ॥ အင်း ... ကျမယ်ဆိုလျှင်လည်း ဆိုနိုင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပိုက် ။ ။ အမယ်လေး … နာလှချည့်။ နာလှချည့်။ ကျုပ်တော့ သေရလိမ့်မယ်ဗျ။

နီး ။ ။ အေးလေ … သေချင်လျှင်လည်း သေလိုက်ပေါ့။ ကျွန်တော်တော့ အနေသာချည်းပဲ။

ပိုက် ။ ။ တော်ပြီ၊ တော်ပြီ မောင်ရနီးရဲ့။ ငါ့ဟာငါ ကြည့်လုပ်တော့မယ်ကွယ့်။

[ ဝင်စေ။ ]

နီး ။ ။ ကြွ ကြွ။ မြန်မြန်ကြွ။ တော်တော်ခက်တဲ့ လူပဲ။ သူ့ကို တိုင်ပင်မိတာ ငါးပါးမက ဆယ်ပါးကို မှောက်တာပဲ။ အလကား … လောကအကြောင်းလည်း ဘာမှမသိ။ လူ့အကြောင်းလည်း ဘာမှမသိ။ အတွေးတွေ အထင်တွေနဲ့ စိတ်ကူးယဉ်သမား သက်သက်ပဲ။ အလို …ဟိုဟာ ညိုညိုစိန်နဲ့ တူရဲ့။

[ ညိုညိုစိန်နှင့် မောင်တင့်တို့ ထွက်လာကြစေ။ ]

ညို ။ ။ ပြန်ပါ ကိုကိုရဲ့ … ရှိကြီးခိုးပါရဲ့။ ပြန်လိုက်စမ်းပါ။

တင့် ။ ။ ဒါဖြင့်–နင် အဟုတ်ပြောနေတာပေါ့။

ညို ။ ။ ဩော် … အဟုတ်ပ့ါ ကိုကိုရဲ့။

တင့် ။ ။ အဘိုးကြီးကို နင် အဟုတ်ယူမှာလားဟ။

ညို ။ ။ အဟုတ်ပေါ့။

တင့် ။ ။ ဒီညနေမှာ …။

ညို ။ ။ အင်းလေ။

တင့် ။ ။ ဒါဖြင့် ငါ့ကို နင် တကယ် စိမ်းကားတာပေါ့ဟာ။ ရက်စက်ပါ … ညိုညိုရယ်၊ ရက်စက်ပါ။ အစတုန်းကတော့ ငါ့ကို နင် ချစ်တယ်ဆို။ အခုတော့ နင် မေ့ပြီလား။

ညို ။ ။ အို … ကိုကိုကလည်း ခဏကလေး မေ့ထားလိုက်ရတာ ဘာအပန်းကြီးသလဲ။ ဒီအဘိုးကြီးကို ယူတာဟာ ချစ်လို့မှ မဟုတ်ဘဲ။





သူ့ပစ္စည်းကို လိုချင်လို့ရှင့်၊ သိလား။ တော်တော်ကြာ ဒီအဘိုးကြီး သေမှာပဲ။ ခြောက်လ မခံဘူး။ အဘိုးကြီး သေသွားတော့ ကိုကိုနဲ့ ညိုညိုဟာ အဘိုးကြီးရဲ့ ပစ္စည်းတွေနဲ့ ပျော်ပျော်ပါးပါး နေကြရမှာပေါ့ ကိုကိုရဲ့။

နီး ။ ။ (ချောင်းဟန့်စေ။) အဟမ်း–အဟမ်း။

ညို ။ ။ ဩော် … ကိုကိုကြီးပါလား။ အခုပဲ ကိုကိုကြီး အကြောင်းကို လမ်းမှာ ပြောလာရသေးတယ်လေ။ ကိုကိုကြီးတော့ အသက်ရှည်ဦးတော့မှာပဲ။ ဒါက ညိုညို့ရဲ့မောင်လေး … မောင်တင့်တဲ့။ မောင်ဘစ်ဝမ်းကွဲပေါ့။ ဈေးမှာ တွေ့တာနဲ့ အဖော်ခေါ်လာတယ်လေ။ ဟဲ့–မောင်တင့်၊ ဒါဟာ နင့်အစ်ကိုကြီး … ဟဲ့။

တင့် ။ ။ ဩော် … ဟုတ်လား။ ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်။ လမ်းမှာ ညိုညိုနဲ့တွေ့လို့ ညိုညိုက အစ်ကိုကြီးကို သိပ်ချီးမွမ်းတာပဲ။ ကျွန်တော်ကလည်း ဟဲ့– ညိုညို၊ နင်ဟာ သိပ်ကံကောင်းတာပဲလို့တောင် ပြန်ပြောမိသေးတယ်။ ဒါနဲ့ ကျွန်တော် ပြန်လိုက်ဦးမယ်နော်။ ခွင့်ပြုပါဦး အစ်ကိုကြီးခင်ဗျာ။ (ဝင်စေ။)

ညို ။ ။ (လက်ပတ်နာရီကို ကြည့်လိုက်စေ။) အလို … နေစောင်းတော့မယ်၊ ကြည့်စမ်း။ ကိုကို– ညိုညို အိမ်က စောင့်နေမယ်နော်။ ကိုကို ဆက်ဆက်လိုက်လာမယ် မဟုတ်လား။ အခု တစ်ခါတည်း လိုက်ခဲ့ပါ ကိုကိုရယ်။ ကဲ … ဒါဖြင့် ညိုညိုပြန်နှင့်မယ်နော်။ တား … တာ ။ (ဝင်စေ။)

နီး ။ ။ (တစ်ကိုယ်တည်း ပြောစေ။) အင်း … တန်တော့၊ တန်တော့။ ငါတော့ ဆယ်ပါးမက သံဃာစင်ပါ မှောက်ကပြီ။ မခက်ပါဘူးလေ။ လျှော်ကြေးပေးပြီး ဒီမင်္ဂလာဆောင်ကို ဖျက်လိုက်ရုံပေါ့။ ဖျက်မှ ဖြစ်မှ။ မဖျက်လျှင် ငရနီး ဒုက္ခပဲ။ ဩော် … ဒုက္ခ။ ဟာ … ညည်းနေလို့ ပြီးသေးဘူးလေ။ သင်းအဖေကို မြန်မြန်သွားပြောမှ။ (ဝင်ရန် ခြေလှမ်းပြင်စဉ်) ဟော … အတော်ပဲဟေ့။ ဟေ့ … မောင်ကျားရဲ့။ လာပါဦးကွယ်။

[ မောင်ကျား ထွက်လာစေ။ ]



www.burmeseclassic.com

www.burmeseclassic.com



ကျား ။ ။ (ခပ်လှမ်းလှမ်းက နေ၍) အစ်ကိုရေ့ ... အားလုံး စီမံပြီးနေပြီ။ အခု အစ်ကိုကို့ လာခေါ်တာပဲ။

နိုး ။ ။ လာပါဦးလကွာ။ မင်းတို့ စီမံထားတာတွေ ခဏထား လိုက်ပါဦး။ ဒီလိုကွာ။ ငါ ညိုညိုစိန်ကို မယူပါရစေနဲ့တော့ကွာ။ ငါ့အသက် အရွယ်ကလည်း တစ်ဆိတ်ကလေး ကြီးတော့၊ ဟန်မယ် မထင်ပါဘူးကွယ်။

ကျား ။ ။ ဟာ ... အစ်ကိုကလည်း။ ညိုညိုက အစ်ကို့ကို မေတ္တာ အရှိသားပဲ။

နိုး ။ ။ ဟန်မယ် မထင်ပါဘူးကွယ်။ ဒီမင်္ဂလာဆောင်ကို ဖျက်ကြစို့လားကွာ။ ငါ လျော်ကြေးပေးပါ့မယ်။ ငါ့မှာ ငွေတွေ အများကြီး ရှိပါတယ်။

ကျား ။ ။ ဟာ ... အစ်ကိုကလည်း။ အသက်ကြီးကော ဘာဖြစ် သလဲ။

နိုး ။ ။ အစ်ကိုက လူပျိုကြီးပီပီ၊ စေ့စေ့စပ်စပ် ပိပိရိရိ သေ သေ ချာချာ လုပ်တတ်ကိုင်တတ်မှ သဘောကျတာကွ။

ကျား ။ ။ အို ... ညိုညိုက ဒါလောက်တော့ သည်းညည်းခံရမှာ ပေါ့ အစ်ကိုရဲ့။ သူ သည်းညည်းမခံလျှင် ကျွန်တော့်ကိုပြော။ ကျွန်တော်က နာနာကလေး ဆုံးမမယ်။

နိုး ။ ။ စီမံထားတာတွေကိုသာ ဖျက်လိုက်ပါတော့ကွာ။ ငါ လျော်ကြေးပေးပါ့မယ်။ ငါ့မှာ ငွေတွေ အများကြီး ရှိပါတယ်။

ကျား ။ ။ အစ်ကိုကလည်း တောက်တီးတောက်တဲ့ ပြောနေ ပြန်ပါပြီ။ အစကတည်းက ကျွန်တော်က အစ်ကို့ကို ရှိသေလည်း ရှိသေ၊ ချစ်လည်း ချစ်၊ သနားလည်း သနားလို့ ညိုညို့ကို အပ်တာပါ။ ညိုညို့ကို လာရောက် တောင်းရမ်းနေကြတဲ့ လူတွေဟာ အပုံပါ။ နို့ပေတဲ့ အစ်ကို့ တစ်ယောက်တည်းကိုသာ ကျွန်တော်က အပ်ချင်တာ အစ်ကိုရဲ့။ ယုံပါတော့။ ဘုရားစူး။ မိုးကြိုးပစ်။





နိုး ။ ။ အေးပါကွာ။ ငါ အများကြီး ကျေးဇူးတင်ပါတယ်။ နို့ပေတဲ့ မောင်ကျားရ။ ဒီအသက်အရွယ်ရောက်မှ အိမ်ထောင်ပြုလို့ ဟန်မယ် မထင်တော့ပါဘူးကွာ။ ငါ လျော်ကြေးပေးပါမယ် မောင်ကျားရာ။ ငါ့မှာ ငွေတွေ အများကြီး ရှိပါတယ်။

ကျား ။ ။ အစ်ကိုက အဟုတ် ပြောနေတာလား။

နိုး ။ ။ ကျိန်ဆိုလျှင် ကျိန်ပါ့မယ်ကွာ။

ကျား ။ ။ ဒါဖြင့်လျှင်လည်း အစ်ကို့သဘောပေါ့ဗျာ။ အစ်ကို က ဒီလို ဒီလို စီမံပေးပါ ဆိုတဲ့အတိုင်း ကျွန်တော် စီမံပေးခဲ့တယ်။ စီမံပေးပြီး မှ အခုတစ်ခါ အစ်ကိုက ပြန်ဖျက်ပေးပါလို့ ဆိုပြန်တော့လည်း ကြည့်ပြီး စီမံပေးရပြန်တာပေါ့ ... အစ်ကိုရယ်။

နိုး ။ ။ အေးကွာ။ လုပ်ကြပါဦးကွာ။ မောင်မင်းကြီးသားကို အများကြီး ကျေးဇူးတင်ပါတယ်။ လျော်ကြေးပေး ဆိုလျှင် ပေးပါ့မယ်ကွာ။ ငါ့မှာ ငွေတွေ အများကြီး ရှိပါတယ်။

ကျား ။ ။ အို – လျော်ကြေးတွေ၊ ဘာတွေ ပြောဖို့ မလိုပါဘူး အစ်ကိုရာ။ ကျွန်တော် ကြည့်ပြီး စီမံပေးပါ့မယ်။ ကဲ ... ကျွန်တော် အိမ်ပြန် ပြီး အကြောင်းကြားလိုက်ဦးမယ်။ (ဝင်စေ။)

နိုး ။ ။ (တစ်ကိုယ်တည်း ပြော) အင်း ... တစ်ကျွန်းပြန် ဆိုပေမဲ့ ဒီအကောင်ကမှ အပြောရ လွယ်သေးတယ်။ အပုံကြီး လွယ်တယ်။ စီမံပေးကွာ ဆိုလျှင်လည်း စီမံပေးတာပဲ။ ဖျက်လိုက်ဦးကွာ ဆိုလျှင်လည်း ဖျက်ပေးတာပဲ။ ဟော–ဟော။ ဟိုသူငယ်ဟာ မောင်ကျားရဲ့သား ထင်တယ်။ ဟော့–သူငယ်။ မင်း ... မောင်ကျားရဲ့ သား မဟုတ်လား။

[ ပုဏ္ဏကရဲဒင် ထွက်လာစေ။ ]

ဒင် ။ ။ ဟုတ်ပါ့ ခင်ဗျာ။ ဟုတ်ပါ့။

နိုး ။ ။ အေး ... အေး။

ဒင် ။ ။ ဒီအိမ်ဟာ သူဌေးကြီး ဦးရနိုးရဲ့ အိမ်ပါလားခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နိုး ။ ။ အေး ... ဟုတ်တယ်။ ဦးရနိုးဆိုတာ ငါပဲကွ။

ဒင် ။ ။ အဖေက လွှတ်လိုက်လို့ လာခဲ့ပါတယ် ခင်ဗျာ။ (လက်အုပ်ချီ၍ အရိုအသေ ပြုစေ။)

နိုး ။ ။ အို – အို ... ဦးကို မကြောက်ပါနဲ့ကွာ။ လာပါ၊ လာပါ။ ဒီအနားကို လာပါ။ အေး ... အေး။ မင့်အဖေက မင်္ဂလာဆောင် ဖျက်ပြီးပြီလို့ မှာလိုက်သလား။

ဒင် ။ ။ ဟုတ်ကဲ့ခင်ဗျာ။

နိုး ။ ။ အေးကွာ။ ဦးလည်း ငြင်းသာ ငြင်းလိုက်ရတယ်။ အများကြီး အားနာပါတယ်ကွာ။ စိတ်လည်း အများကြီး မကောင်းဘူးကွ။

ဒင် ။ ။ ကိစ္စမရှိပါဘူး ဦးရယ်။ အားနာစရာ မရှိပါဘူး။ စိတ်မကောင်းလည်း မဖြစ်ပါနဲ့။ ဦးမှာ သက်လုံကောင်းဖို့သာ လိုပါတယ်။ ဟောဒီမှာ ဓားမြှောင်နှစ်ချောင်း ပါလာပါတယ်။ ဦး ကြိုက်ရာကို ရွေးပါတော့။ (ဓားမြှောင်နှစ်လက် ထုတ်ပေးစေ။)

နိုး ။ ။ ဟဲ့၊ ဟဲ့ ... ဓားမြှောင်တွေပါလားဟဲ့။

ဒင် ။ ။ ကျွန်တော့်နှမ ညိုညိုစိန်ကို ဦးက လွှတ်လပ်ရေးပေးလိုက်လို့ ကျွန်တော်က ဦးဆီလာပြီး ကျေးဇူးဆပ်တာပါ ခင်ဗျာ။ ကြိုက်ရာသာ ရွေးပါတော့။

နိုး ။ ။ ဘာ ... ဘာ ... ဘာလုပ်ရမှာလဲကွ။

ဒင် ။ ။ အရှင်းသားပဲ ဦးရယ်။ ဦးဟာ အမျိုးသမီးကလေးတစ်ယောက်ကို လက်ထပ်ပြီး ယူပါ့မယ်လို့ ကတိပေးပြီးမှ ပြန်ဖျက်တာ တော်ရော့လားဗျာ။ အဖေကတော့ လူကြီးမို့ သည်းခံနိုင်ပါတယ်။ ကျွန်တော်ကတော့ ငယ်လည်းငယ်၊ မောင်ကလည်း ဖြစ်နေတော့ သိပ်ရှက်တယ်ဗျ။ အိမ်ပြင် မထွက်ဝံ့အောင် ဖြစ်နေရပါတယ် ခင်ဗျာ။ ဒီတော့ သေတာက ကောင်းပါသေးတယ်။ ဒါ့ကြောင့် ဦးကသာ ဓားမြှောင် နှစ်လက်အနက် ကြိုက်ရာရွေးပါတော့ ခင်ဗျာ။ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ။





နိုး ။ ။ မောင်ရဲ့ဒင်နှယ်။ ဘယ်ဖြစ်ပါ့မလဲကွာ။ မင့်ဟာက ကြောက်စရာကြီး။

ဒင် ။ ။ မကြောက်ပါနဲ့ ဦးရယ်။ ကြိုက်တဲ့ဓားကိုသာ ရွေးလိုက်ပါတော့။

နိုး ။ ။ မလုပ်ပါနဲ့ မောင်ရယ်။ ဦးက အသက်လည်း ကြီးပါပြီ။ ဓား မကိုင်ပါရစေနဲ့။

ဒင် ။ ။ တောင်းပန်ပါတယ် ဦးရယ်။ ကိုင်ပါ။ ကျွန်တော် လူ့ပြည်မှာ မနေချင်တော့ပါဘူး။ ကျွန်တော့်အဖို့မှာ သေတာက ကောင်းပါသေးတယ်။

နိုး ။ ။ မလုပ်ပါရစေနဲ့ မောင်ရာ။ ဦး ဓားမကိုင်ရဲပါဘူး။

ဒင် ။ ။ ဘာ ... မကိုင်ရဲရမှာလဲ။ ကိုင်။ ဦးမှာလည်း ဓားမြှောင်နဲ့။ ကျွန်တော့်မှာလည်း ဓားမြှောင်နဲ့။ လက်နက်ချင်း အတူတူ ပဲဟာ။ ကိုင်။

နိုး ။ ။ (တစ်ကိုယ်တည်း ပြော) ငါတော့ ဒုက္ခပဲ။ ခက်ကုန်ပြီ။ ခက်ကုန်ပြီ။

ဒင် ။ ။ မခက်ပါဘူး ရော့ ...။ မြန်မြန်ယူ။ ကျွန်တော်က လက်ဦးလိုက်လိမ့်မယ်။

နိုး ။ ။ ဟာ ... မောင်ရ၊ နေပါဦးဟ။ မောင် ... အဟုတ်ပြောနေတာလား။

ဒင် ။ ။ ကျွန်တော်ဟာ လူတစ်ဖက်သားကို ဘယ်တော့မှ အတင်း အဓမ္မ မလုပ်တတ်ပါဘူး။ ဓားချင်းပြိုင်ပြီး ကစားကြတာဟာ တရားပါတယ် ခင်ဗျာ။

နိုး ။ ။ မလျောင်ပါနဲ့ မောင်ရာ။ ဦး အသက်ကြီးပါပြီ။ ဦးဟာ လူအိုပါ။

ဒင် ။ ။ ဘာလူအိုလဲ။ နွားပျိုသန်လှ နွားအို ပေါင်ကျိုး



www.burmeseclassic.com

www.burmeseclassic.com



သလောက် ရှိသေးတယ်ဆို။ ကိုင်။ မကိုင်ဘူးလား။ ဒါလောက်တောင် ဖြစ်လှတာ။ (ဆွဲထောင်းစေ။)

နိုး ။ ။ ချမ်းသာပေးပါ ... မောင်ရဲ့။ ချမ်းသာပေးပါ။ ခဏ ကလေး ဆိုင်းပါဦး။

ဒင် ။ ။ ဦးရယ် ... ကျွန်တော်ဟာ ဦးကို အင်မတန် ချစ်ပါ တယ်။ အင်မတန် ရိုသေပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်ဟာ ဦးကို အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်နေတာပါ။ ကျွန်တော်ဟာ အင် မတန် ရှက်လွန်းလို့ ဦးရဲ့လက်ချက်နဲ့ မြန်မြန် သေချင်လှပါပြီ။ ကျွန်တော့်ကို မသေစေချင်လျှင် တစ်နည်းပဲ ရှိပါတယ်။ ဒီနည်းကတော့ ဦးဟာ ညိုညိုစိန် ကို ယူလိုက်ပါတော့ ခင်ဗျာ။

နိုး ။ ။ မောင့်ကို မသေစေချင်ပါဘူး မောင်ရာ။ နို့ပေတဲ့ ...။

ဒင် ။ ။ ဘာ ... နို့ပေတဲ့လဲ။ ညိုညိုစိန်ကို ယူမလား။ မယူဘူး လား။ ပြော။ ဒါလောက်တောင် ဖြစ်လှတာ။ လာလေရော့ လဟာ။ (ထောင်း ပြန်စေ။) ခင်ဗျားကြီး ... ယူမလား။ မယူဘူးလား။ ပြော။ လာလေရော့ လဟာ။ (ထောင်းပြန်စေ။)

နိုး ။ ။ ကြောက်ပါပြီ မောင်ရဲ့။ ယူပါ့မယ်။ မောင်ရဲ့။

[ မောင်ကျားနှင့် ညိုညိုစိန်တို့ ထွက်လာကြစေ။ ]

ဒင် ။ ။ ဟော... အဖေ။ ဟော ... ညိုညိုစိန်။ အတော်ပဲ၊ အတော်ပဲ။ ဦးက ယူပါတော့မယ်တဲ့။ ယူမယ် မဟုတ်လား ... ဦး။

နိုး ။ ။ ယူ ... ယူ ... ယူ ပါ့မယ် မောင်ရဲ့။

ဒင် ။ ။ ကိုင်း ... လာ။ သွားကြမယ်။

[ ဝင်ကြစေ။ ]

[ ၁၉၃၁။ ]

# စိန် တစ် လုံး

(တစ်ခန်းရပ်)

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

**စိန်တစ်လုံး** တစ်ခန်းရပ် ပြဇာတ်သည် အင်္ဂလိပ် ပြဇာတ်ဆရာ အယ်လင်၊ မနို့ခဟောက် (Allan Monokhouse) ၏ Grand Cham's Diamond မှ ဆီလျော်အောင် မြန်မာပြန်ထားခြင်း ဖြစ်သည်။ မြန်မာပရိသတ်အဖို့ လွယ်လည်း လွယ်၍ နှစ်သက်ဖွယ်လည်း ကောင်းသည်။ ပြဇာတ်တွင် လိုချင်မျက်စိ၏ ဒုက္ခကို ပြလိုသဖြင့် ဒေါ်မေ၏ လိုချင်မျက်စိ သဘာဝကို ဖွဲ့ထားသည်ဟု ဆိုနိုင်ပါသည်။

**ဇာတ်ဆောင်သူများ**

ကိုဘိုးမှင်

| | | |
|---|---|---|
| ဒေါ်မေ | = | ကိုဘိုးမှင်၏ ဇနီး |
| မိမိ | = | ကိုဘိုးမှင်၏ သမီး |
| မောင်ကံညွန့် | = | မိမိ၏ ရည်းစား |

နှင့်

အမည်မသိ လူဆိုး။

**နေရာ**

ရန်ကုန်မြို့ အိမ်တစ်ဆောင်၏ အခန်းတစ်ခန်း။ ဝဲဘက်နံရံတွင် မှန်ပြတင်း တစ်ခု နှင့် ရှိရမည်။ နောက်ခံ နံရံတွင် လက်ယာဘက် ခပ်ကျကျ၌ တံခါးမကြီး ရှိရမည်။ အိမ်ထောင်ပစ္စည်း မများလှ။ လက်ယာဘက် နံရံကို ကပ်၍ မီးထားသော စင်ပေါ်တွင် စားပွဲတင်နာရီတစ်လုံး တင်ထားရမည်။ မျက်နှာကြက်မှ ဓာတ်မီးတစ်လုံး ဆွဲထားရမည်။ မီးဖွင့်ထားလျက် ရှိရမည်။

**အချိန်**

မိုးချုပ်ပြီးစ ထမင်းစားပြီးချိန်။

[ ကိုဘိုးမှင်ကြီး သတင်းစာတစ်စောင် ဖတ်နေစေ။
ဒေါ်မေက ဆေးပေါလိပ် လိပ်နေစေ။ မိမိ ပန်းထိုးနေစေ။ ]

ဒေါ်မေ ။ ။ ကိုဘိုးမှင်ရဲ့။ ကျုပ်က ဒီလိုချည်း နေရတာ ပျင်းစရာ ကောင်းတယ်လို့ ပြောတာပါ။

ဦးဘိုးမှင်။ ။ အေးလကွယ် ...ပြီးတာပါပဲ။

မိမိ ။ ။ ဒီပန်းကလည်းနော် သိပ်ခက်တာပဲ။

မေ ။ ။ တစ်နေ့လာလည်း ဒီလိုပဲ၊ တစ်နေ့လာလည်း ဒီလိုပဲ။ ထမင်းစား။ ထမင်းစားပြီး ဒီမှာထိုင်။ ဒီမှာထိုင်ပြီး တော်တော်ကြာ အိပ်ရာဝင်။ ပျင်းစရာကြီး။

မှင် ။ ။ မင်းချည်း မဟုတ်ပါဘူးကွ။ တို့လည်း ဒီလိုပါပဲ။

မေ ။ ။ အမယ် ... ရှင်က ဒီလို မပြောပါနဲ့။

မှင် ။ ။ ငါက ဘာများ ထူးလို့လဲကွ။

မေ ။ ။ ရှင် မနက်တိုင်း အိမ်ကထွက်။ တစ်နေ့လုံး မြို့ထဲမှာနေ။ မိုးချုပ်ခါနီးမှ ပြန်လာ။ ဒါ ဘာတွေလဲ။

မှင် ။ ။ အင်း ... ငါ အိမ်ကထွက်ပြီး အလုပ်မသွားလျှင် မင်းတို့ ဘာနဲ့ စားနေကြမလဲ။

မေ ။ ။ အလိုတော် ... အလုပ် မသွားရဘူးလို့ ကျုပ်က ပြောမိသလား။



www.burmeseclassic.com

www.burmeseclassic.com



မိ ။ ။ ကြည့်ပါဦး။ ဒီအဖူးကလေးကလည်း ဝင်ရှုပ်နေပြန်ပြီ။

မေ ။ ။ ဟဲ့ ... နီနီ။ တစ်ယောက်တည်း ဘာဖြစ်နေတာတုံး။

မိ ။ ။ မေမေကလည်း နီနီ နီနီနဲ့၊ မိမိလို့ ခေါ်စမ်းပါ။

မေ ။ ။ ဟော ကြည့်စမ်း။ ရှင့်သမီးကတောင် နီနီလို့ အခေါ်ခံရတာ ရိုးတယ်ထင်လို့ နာမည်ပြောင်းပြီး ခေါ်စေချင်နေပြီ။ ဒီလိုချည်း ထိုင်ထိုင်နေရတာ ပျင်းစရာကြီးတော်။ တစ်ခုခု လုပ်ရအောင်။

မှင် ။ ။ ကဲ ... ကဲ ... ဆိုစမ်း မယ်မေ။ ဘာလုပ်ချင်သလဲ။

မိ ။ ။ မေမေ ... ဘိုင်စကုပ် သွားကြည့်ရအောင်။

မှင် ။ ။ ဘိုင်စကုပ် ကြည့်တာက ကိစ္စမရှိဘူး။ တော်တော်ကြာ မောင်ကံညွန့် ရောက်လာလျှင် ဘယ့်နဲ့လုပ်မလဲ။

မိ ။ ။ သူ မလာပါဘူး။ ညဘက်မှာ သူ့အလုပ် ရှိတယ်။

မှင် ။ ။ ဘာ ... ညအလုပ်။

မိ ။ ။ သမီးလည်း ကောင်းကောင်း မသိပါဘူးလေ။

မေ ။ ။ ဟဲ့ သမီး ... မောင်ကံညွန့်ဟာ ညည်းကို အကျိုးအကြောင်း အကုန်ပြောဖို့ သင့်ပြီ။ သူ့အလုပ်က ဘာအလုပ်လဲ။

မှင် ။ ။ အေး ... ဟုတ်သား။ ဘာအလုပ်လဲ။

မိ ။ ။ မေမေတို့ နောင်တော့ သိမှာပေါ့။

မေ ။ ။ ညည်းကို သူ ဘာမှ မပြောသေးဘူးလား။

မှင် ။ ။ ဘာရှက်စရာရှိလဲ သမီးရဲ့။ ဖေဖေ့ကို ပြောပြပါလား။

မိ ။ ။ ဘယ်သူ့ကိုမှ မပြောရဘူးလို့ မှာထားတယ်။ အရေးကြီးတယ် တဲ့။

မှင်။ ။ အေးလကွယ်။ ငါ ရိပ်မိပါပြီ။

မေ ။ ။ အင်း ... မိမိမှာလည်း ဘာမှ ပျင်းစရာမရှိဘူး။ ရှင့်မှာလည်း အလုပ်သွားရင်း ဟိုဟာတွေ တွေ့ရ၊ သည်ဟာတွေ တွေ့ရနဲ့ ဘာမှ ပျင်းစရာ မရှိဘူး။ ကျုပ်တော့ အိမ်မှာ တစ်ယောက်တည်းပဲ။





မှင် ။ ။ မယ်မေက ဘယ်များ သွားချင်သေးလို့လဲ။ မနှစ်က မင်းတို့ မြို့ကို ပြန်နေချင်သေးတယ် ဆိုတာနဲ့ ငါ ခွင့်ယူပြီး လိုက်နေတယ် မဟုတ်လား။

မေ ။ ။ ဘာထူးသေးလဲ။ ဒီအိမ်က ပြောင်းပြီး ဟိုအိမ်ရောက်။ ဟိုအိမ်ရောက်တော့လည်း အိမ်မှာပဲ နေရတာပဲ။

မှင် ။ ။ ဩော် ... ကျုပ်တာပဲ။ အိမ်ရှင်မဆိုတာ အိမ်ကို ခင်ရတယ် ဟ။

မေ ။ ။ အို ... ကျုပ်ကလည်း အိမ်မခင်ဘူးလို့ မဆိုရသေးပါဘူးတော်။

မှင် ။ ။ မင့်စကားချည်းပဲ။

မေ ။ ။ အိမ်ဆိုတာဟာ၊ ဒီလိုချည်းနေတော့လည်း ပျင်းစရာကြီး။ ခရီးလေး ဘာလေးထွက်။ ခရီးထွက်ရာက ပြန်လာတဲ့အခါကျတော့ အိမ်ပြန်ရတော့မယ်၊ အိမ်ပြန်ရတော့မယ်နဲ့၊ ပျော်တာပေါ့။

မိ ။ ။ ဖေဖေရယ် ... မေမေက ပွဲထဲက မင်းသမီး မင်းသားတွေလို လှမ်းချင်လို့ ထင်ပါရဲ့။

မေ ။ ။ ဟဲ့ ... မိမိ။ ညည်းပြောတာ ငါ နားမလည်ပါဘူး။ ကြည့်စမ်း၊ ကြည့်စမ်း။

မှင် ။ ။ အောင်မာ ... ဒီအသက် ဒီအရွယ်ကြီးနဲ့များ။

မေ ။ ။ အလို။ ရှင်ကကော၊ ဘယ့်နှာတွေ ခေါင်တွေးနေရတာလဲ။

မှင် ။ ။ အောင်မာ။ ငါ မသိတာ လိုက်လို့။ ပွဲထဲများမှာ 'ဟိုတောင်ဆီက ညိုတိုတိုရယ်လေ။ ဒီတောင်ဆီရယ်က ညိုတိုတိုရယ်လေ၊ မိုးဆိုထင့် ဆိုထင့်' ဆိုပြီး၊ မိမိရဲ့ မောင်မောင်ရဲ့နဲ့၊ မင်းသမီး မင်းသား သစ္စာထားကြတော့၊ မင်းတို့စိတ်ထဲမှာ မရိုးမရွနဲ့။ နန့်တန့်တန့် ရှန့်တန့်တန့်တယ် ငါပြောလိုက်ရ။ ကလေးကလား ... ရှုးနှမ်းနှမ်းတွေ။



www.burmeseclassic.com

www.burmeseclassic.com



မေ ။ ။ အင်း၊ အင်း၊ ဒါတွေကို ရှုးနှမ်းနှမ်းလို့ ဆိုလျှင် ဒါထက် ရှုးနှမ်းတာတွေ လောကမှာ ပြည့်လို့။

မှင် ။ ။ တော်ကွာ။ တော်ကွာ။ မင်း ဒီည ဘာဖြစ်နေတာလဲ။

မေ ။ ။ ဘာမှမဖြစ်ဘူး။ ပျင်းလို့တော့၊ ပျင်းလို့။ အခုလိုချည်း ထိုင် ထိုင်နေရတာ ပျင်းလွန်းလို့တော့။ ဟိုမြို့ သည်မြို့ကို လည်ချင်လည်။ မလည်ရလျှင်လည်း တစ်ခုခု လုပ်နေချင်တယ်။ ဒါပဲ။

မိ ။ ။ အို ... ဒီနေရာမှာ ပန်းကလေးတစ်ပွင့် လိုနေပါတယ်။

မေ ။ ။ အေး ... အေး။ ငါ့စိတ်ထဲမှာလည်း အဲဒီလိုပဲ။ ညည်းမှာ ပန်းကလေးတစ်ပွင့် လိုနေသလိုပဲ။ ငါ့မှာလည်း တစ်ခုခု လိုနေတာပဲ ...။

[ မိမိ ပန်းဆက်ထိုးနေစေ။ ဒေါ်မေ ဆေးလိပ်ကို ဆက်၍ လိပ်နေစေ။
ကိုဘိုးမှင်ကြီး သတင်းစာကို ဖတ်မြဲ ဖတ်နေစေ။]

မေ ။ ။ ရပ်ရှင်လည်း မမီတော့ပါဘူးတော် ...။ ကဲ ရှင် ... သတင်းစာထဲမှာ ဘာများ ပါသလဲ။ ကျယ်ကျယ် ဖတ်စမ်းပါ။ နားထောင်ရအောင်။

မှင် ။ ။ ဟောဒီမှာ ...၊ လွှတ်တော်ထဲမှာတဲ့ ...။ အမတ်တွေ တော်တော် အငြင်းအခုံ ဖြစ်ကြသတဲ့။

မေ ။ ။ အို ... ရှင် ...။ ဒါထက် နားထောင်လို့ကောင်းတဲ့ သတင်းများ မပါတော့ဘူးလား ...။ ဒါက ပျင်းစရာကြီး။

မှင် ။ ။ ဟော ... ဟော...။ ကောင်ကလေးတစ်ယောက် ပိုက်ဆံ တစ်မူး ခိုးလို့တဲ့။ ရဲသားက ဖမ်းမယ်လုပ်တော့၊ ဝမ်းထဲ မျိုချလိုက်တယ်တဲ့။

မေ ။ ။ ဟင် ... ဝမ်းထဲ မျိုချလိုက်တယ်။ သနားစရာပဲနော်။

မှင် ။ ။ ဟော ... ဟော။ မင်းတို့ အင်မတန် နားထောင်ချင်တဲ့ သတင်းကွ။ နားထောင် ... နားထောင်။ ကျောက်တွင်း သူဌေးတစ်ဦးထံမှ အဖိုးမဖြတ်နိုင်သော စိန်ကြီးတစ်လုံး ခိုးယူသွားခြင်း တဲ့။

မေ ။ ။ ဘာ ... ဘာ ... ဘာတဲ့။





မှင် ။ ။ အင်း ... ဒါမျိုးဆိုလျှင် မင်း သိပ်ကြားချင်တာပဲ။ စိန်ခိုးသွားလို့တဲ့ ခင်ဗျာ။ စိန်ခိုးသွားလို့တဲ့။

မေ ။ ။ အို ... ဟုတ်လား။ ဘယ်မှာ အခိုးခံရတာလဲ။

မှင် ။ ။ ဒီ ရန်ကုန်မှာပေါ့။ သူဌေးက ကမ်းနားလမ်း ဟိုတယ်ကြီးမှာ တည်းနေတယ်တဲ့။ အဲဒါ သူ မရှိတုန်း ခိုးသွားတယ်တဲ့။

မိ ။ ။ စိန်က ဘယ်လောက်တန်သတဲ့လဲ ဖေဖေ။

မှင် ။ ။ ဟ ... ဘယ်ပြောတတ်မလဲ။ အဖိုးမဖြတ်နိုင်တဲ့ စိန်တဲ့။

မေ ။ ။ သူတို့များ တယ်ချမ်းသာတာပဲနော်။

မှင် ။ ။ မယ်မေ ... အခုနေများ ဒီစိန်ကြီးကို ပြန်ရလို့ မင့်ဆီကို ယူလာလျှင် မင်း ဘယ့်နှဲ့လုပ်မယ်။

မေ ။ ။ အို ... ခက်လွန်းလို့။ လက်စွပ် ကွင်း ဝတ်လိုက်မှာပေါ့တော့။

မိ ။ ။ အောင်မယ် ... မေမေ မဝတ်ရဲပါဘူး။

မေ ။ ။ ဘာဖြစ်လို့ မဝတ်ရဲရမှာလဲ ... အေ့။

မိ ။ ။ ခိုးချင်တဲ့ သူခိုးက လာချောင်းနေမှာ။

မေ ။ ။ ခိုးပြီး၊ သူခိုးက ဘယ်ပွဲထိုင်မှာ သွားဝတ်မှာလဲ။

မှင် ။ ။ သူခိုးက လက်မှာဝတ်ဖို့ ခိုးတာ မဟုတ်ဘူး ခင်ဗျာ။ ဘုခွဲပြီး ရောင်းစားမှာ။ အခုလောက်ရှိလျှင် ဒီစိန်ကို ရသွားတဲ့ သူခိုးဟာ နယ်ခြားရောက်သွားလို့ လွတ်ရောပေါ့။

မေ ။ ။ နယ်ခြားရောက်လျှင် လွတ်ရောလား။

မှင် ။ ။ သူများတိုင်းပြည်ထဲ ရောက်သွားမှ ကိုယ့်တိုင်းပြည်က ဘာတတ်နိုင်မှာလဲဟ။

မေ ။ ။ ရသွားတဲ့ သူခိုးတော့ ကော်တာပဲနော်။ (ငြိမ်နေစေ။ ပြတင်းဆီကို မျက်စိရောက်သွားစေ။) ဟဲ့ ... မိမိ။ ဟိုပြတင်းပေါက်က စာပုံးဟာ ပြိုနေပါလား။ ဖြုတ်ပြီး ချုပ်လိုက်စမ်း။



www.burmeseclassic.com

www.burmeseclassic.com



မိ ။ ။ ဟုတ်ကဲ့ ... မေမေ။ ကျွန်မလည်း မမြင်မိဘူး။ (မိမိ ဇာဖုံးကို ဖွင့်စေ။ ချုပ်နေစေ။ ဒေါ်မေ ဆေးလိပ် လိပ်နေစေ။ ဦးဘိုးမှင် သတင်းစာ ဆက်ဖတ်နေစေ။ အတန်ကြာသော် ဦးဘိုးမှင် အိပ်ပျော်လျက် ဟောက်နေစေ။)

မေ ။ ။ အင်း ... သူကဖြင့် အိပ်ပြီ။ (ထိုအခိုက်၊ အတွင်းမှ ခြေသံ၊ ဝီစီသံများ မြည်စေ။)

မိ ။ ။ မေမေ ... မေမေ။ နားထောင်စမ်း။ နားထောင်စမ်း။

မေ ။ ။ ပြေးသွားတဲ့ ခြေသံလိုလိုပါလား။ (ထိုအခိုက်တွင် ပြတင်းပေါက်မှ မှန်တစ်ချပ် ကွဲစေ။ မှန်ကွဲများ ကြမ်းပြင်ပေါ်သို့ ကျလာစေ။ အတွင်းမှ ခြေသံများ၊ ဝီစီသံများ ထပ်၍ မြည်စေ။)

မိ ။ ။ အမယ်လေး ... မေမေရဲ့။ (လန့်၍ ဒေါ်မေကို ဖက်စေ။)

မေ ။ ။ ကိုဘိုးမှင် ... ကိုဘိုးမှင်။

မှင် ။ ။ (လန့်နိုးလျက်) မီးဟ-မီးဟ။ ဘယ်မှာလဲ ဘယ်မှာလဲ...။

မေ ။ ။ မီး မဟုတ်ပါဘူး။ ထိုင်စမ်းပါဦး။ ကလေးတွေများ ကစားကြတာလား မသိပါဘူး။

မှင် ။ ။ (မှန်ကွဲ မြင်စေ။) ဟိုမှန်ချပ်ဟာ ဘာဖြစ်လို့ ကွဲသွားတာလဲ။ မင်း လုပ်မှဖြင့် အရမ်းချည်းပဲ။

မေ ။ ။ အိပ်မှုန်စုံမွှားနဲ့ ရမ်းရမ်းမပြောနဲ့။ အပြင်ဘက်က ခဲနဲ့ ပစ်တာရှင့်။

မှင် ။ ။ ဟေ-ဘယ်မလဲ ဒီအကောင်။ ဘယ်မလဲ ဒီအကောင်။ ဘာဖြစ်လို့ ဒီအကောင်က ခဲနဲ့ ပစ်ရတာလဲ။ မိုက်လျှင် ထွက်ခဲ့ကွ ...။

မေ ။ ။ မဟုတ်ပါဘူး။ ထိုင်စမ်းပါဦး။

မှင် ။ ။ ပစ်တဲ့ အကောင်ကို မင်းတို့ မမြင်လိုက်ဘူးလား။

မေ ။ ။ ဒီပြတင်းပေါက်နားမှာ လှစ်ခနဲသာ မြင်လိုက်ရတာပဲ။





မိ ။ ။ ဟုတ်တယ် မေမေ။ သမီးလည်း ပြေးသွားတဲ့ ခြေသံတွေ ကြားလိုက်ရတယ်။

မှင် ။ ။ ဒါဖြင့် ဟိုဇာဖုံးကို ချုပ်ပြီးပြီလား။ ပြီးလျှင် ပြန်တပ်ထားလိုက်။

မိ ။ ။ ဟင့်အင်း။ ကျွန်မ မသွားရဲဘူး။

မှင် ။ ။ ငါခိုင်းလျှင် မြန်မြန်ထက်ထက် လုပ်စမ်းပါ။

မိ ။ ။ ဟင့်အင်း၊ မိမိ ကြောက်တယ်။

မေ ။ ။ ကဲ ... ကဲ ...ကဲ ...။ ငါ့ကိုပေး။ ဒီကိုပေး။ (ဒေါ်မေ ပြတင်းပေါက် ဇာဖုံးကို ပြန်တပ်၍ လမ်းဘက်သို့ ခေါင်းထွက်ကြည့်စေ။)

မိ ။ ။ ဩော် ... မေမေ ... လာပါ။

မှင် ။ ။ ဘယ်မှာလဲ ခဲလုံး။ ရှာရအောင်။ (သုံးယောက်သား ရှာကြစေ။)

မိ ။ ။ ဟော ဟော။ တွေ့ပြီ။ တွေ့ပြီ။ ဟင် ... ဂေါ်လီလုံးလေးပါလား။

မှင် ။ ။ ပြစမ်း-ပြစမ်း။

မေ ။ ။ ပေးစမ်း ... ငါ ကြည့်စမ်းမယ်။ (မိမိ၏ လက်ထဲမှ လှယူလိုက်စေ။)

မှင် ။ ။ မီးရောင်မှာ ထောင်ကြည့်စမ်း။ မီးရောင်မှာ ထောင်ကြည့်စမ်း။

မေ ။ ။ အို ... ဘိလပ်ရည် ပုလင်းထဲက ဂေါ်လီလုံးကြီး။ (ခဲလုံးကို ကိုဘိုးမှင်သို့ ပေးစေ။ ပြန်ထိုင်၍ ဆေးလိပ် လိပ်စေ။)

မှင် ။ ။ (မီးရောင်မှာ ကြည့်ရင်း) ဟ ... ဟိုဥစ္စာများလား။

မိ ။ ။ စိန်လား ... ဖေဖေ။

မှင် ။ ။ ဟယ် ... တောက်တီးတောက်တဲ့။ ဘယ်ကလာပြီး စိန်ရှမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မေ ။ ။ (ထ လာလျက်) စိန် ...။ ဖုက်ထား။ ဖုက်ထား။ (ကိုဘိုးမှင် လက်ထဲမှ လုယူပြီးနောက်၊ အခန်းပတ်လည်ကို အလန့်တကြား အမူအရာဖြင့် ကြည့်စေ။)

မိ ။ ။ မေမေ ... ဘာဖြစ်တာလဲ။

မှင် ။ ။ ဟ ... မယ်မေ ...။

မေ ။ ။ ဘာလဲ။

မှင် ။ ။ မင်း ... ဘာဖြစ်နေတာလဲ။

မေ ။ ။ (လက်ဝါးပေါ်မှာ တင်ပြရင်း) ခုနက၊ ရှင့်သတင်းစာထဲမှာ ပါတဲ့ သူဌေးရဲ့ စိန်။ ဒါဟာ ... စိန်။ ဒါဟာ ... စိန်။ သိရဲ့လား။

မှင် ။ ။ ဟယ် ... ဒုက္ခရောက်တော့မှာပဲ။

မေ ။ ။ ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ။ ပါးစပ်ပုပ်ကြီးနဲ့ ... ပြောပြီ။

မှင် ။ ။ ဒီလိုဆိုလျှင်၊ ပုလိပ်ကို ခေါ်ပြီး ပြလိုက်မှ ကောင်းမယ်ထင်တယ်။

မေ ။ ။ ဘာဖြစ်လို့ ပြရမှာလဲ။ မပြပါဘူး။

မှင် ။ ။ ဒုက္ခတော့ ရောက်ကုန်ပါလိမ့်မနော်။

မေ ။ ။ ဘာဖြစ်လို့ ရောက်ရမှာလဲ။ ဟော ... ကြည့်။ နာရီထဲ သွင်းထားလိုက်မယ်။ (နာရီကျောဘက်ကို ဖွင့်၍ သွင်းထားစေ။) ကဲ ... ဘယ်သူ သိမှာလဲ။

မိ ။ ။ ခက်တော့တာပဲ။ အိမ်ကို မှတ်မိမှာပေါ့ ... မေမေရဲ့။

မေ ။ ။ မမှတ်မိပါဘူးအေ။ ညကြီးမင်းကြီး ... ဘယ်မှတ်မိမှာလဲ။

မှင် ။ ။ ဟိုမှာ၊ မှန်ကွဲနေတဲ့ ပြတင်းပေါက်က ရှိသေးတယ်။ နားလည်လား။

မေ ။ ။ မခက်ပါဘူး။ မှန်စတွေကို ဖြုတ်ထားလိုက်တာပေါ့ ...။





(ပြတင်းဆီသို့သွား။ လမ်းမကို ကြည့်။ မှန်စတွေကို ဖြုတ်။ လက်ကို မှန်ကွဲ ရှလိုက်သဖြင့် နောက်သို့ တွန့်သွားစေ။ ရှသော လက်ချောင်းကို ငုံနေစေ။)

မှင် ။ ။ ကောင်းတယ် ... ကောင်းတယ်။ မှန်ကွဲတောင် ရှသွားပြီ။

မေ ။ ။ ကိစ္စမရှိပါဘူး။ ဟဲ့ မိမိ။ ကြမ်းပေါ်က မှန်ကွဲတွေကို စုသိမ်းလိုက်စမ်း။ ဘာမှ မကျန်စေနဲ့။ (ဒေါ်မေ လက်ကို ငုံနေစေ။ မိမိ မှန်ကွဲများကို သိမ်းနေစေ။)

မှင် ။ ။ မယ်မေ ... မင်း ဘာလုပ်မလို့လဲ။ ငါ့ကို ပြောစမ်း။

မေ ။ ။ ဟဲ့ ... နီနီ။ ဟိုဘက်နားမှာ မှန်ကွဲတွေ ရှိသေးတယ်။ နင့်ခြေထောက်ကို စူးမနော်။ သတိထား။

မှင် ။ ။ ဟ ... မယ်မေရဲ့။ ငါမေးတာ ပြောစမ်းပါဦး။ မင်း ဘာလုပ်မလို့လဲ။

မေ ။ ။ ကုန်ပြီလား။ ပေး ပေး။ မေမေ့ကို ပေး။ (မိမိဆီမှ မှန်ကွဲများကို ယူ၍ ဗီရိုအောက်တွင် ထားစေ။ ထိုနောက် အခန်းပတ်လည်ကို ကြည့်။ ပြတင်းပေါက်ဆီသို့ နားစွင့်။ ပြန်ထိုင်။ ဆေးလိပ် လိပ်နေစေ။) လာမေးလျှင် မသိဘူးလို့ ပြောရမနော်။ ကိုယ့်ကုသိုလ်နဲ့ ကိုယ် ဖြစ်တာ။ ယူထားလိုက်မှာပဲ။

မှင် ။ ။ ဟော့ ... မယ်မေရဲ့။ ငါမေးတာ ပြောစမ်းပါဦး။ မင်း ... ဒါကို ဘာလုပ်မလို့လဲ။

မေ ။ ။ အို တော် ... ထုခွဲပြီး၊ ရောင်းစားမှာပေါ့။

မှင် ။ ။ လွယ်လိုက်တာ။ ဘယ်မှာ ရောင်းမလဲ။

မေ ။ ။ တရုတ်ပြည် သွားရောင်းမှာပေါ့။

မှင် ။ ။ ကျပ်တာပဲ ... ဒီမိန်းမ ဘုရားမကြိုက်တာ လုပ်တော့မှာပဲ။

မေ ။ ။ အောင်မယ် ...ကြီးကျယ်လိုက်တာ ... ရှင်က။ ရှင်သာ သူတော်ကောင်း။ ရှင်သာ သူတော်ကောင်း။ တယ် ... ပြောလိုက်ရလျှင် ...။



www.burmeseclassic.com

www.burmeseclassic.com



မှင် ။ ။ အေးလေ ... ဒီအသက် ဒီအရွယ် ရောက်လာပြီ။ သူများ ပစ္စည်းကို လက်နဲ့တောင် ငါ မတို့ဖူးဘူး။ နားလည်လား။

မိ ။ ။ မေမေရယ် ... မကောင်းပါဘူး။

မေ ။ ။ ဘာဖြစ်လို့ မကောင်းရမှာလဲ။ ဒါဟာ တို့ပစ္စည်း။ သိလား။

မှင် ။ ။ မင့်ပစ္စည်း ...။

မေ ။ ။ ဒါဖြင့် ဘယ်သူ့ပစ္စည်းလဲ။

မှင် ။ ။ သူဌေးရဲ့ ပစ္စည်းပေါ့။

မေ ။ ။ အားကြီး ဟုတ်ပါလိမ့်မယ်။ သူဌေးကကော ဘယ်က ရမှာလဲ။ ဒီသူဌေးဟာ ဆင်းရဲသား တစ်ယောက်ယောက်ဆီက အတင်းအဓမ္မ ယူချင်လျှင် ယူထားမှာ။ ဘယ်သူ သိနိုင်မှာလဲ။ ဒါ ကျုပ်ပစ္စည်း။ ကျုပ် ကံကောင်းလို့ ရတာ။ ဟဲ့ မိမိ ... မန္တလေးကို သွားတဲ့ မီးရထားဟာ ဘယ်အချိန် ထွက်သလဲ။ အချိန်စာရင်း ကြည့်လိုက်စမ်း။ မန္တလေးက ဇန်းမော် တက်၊ နောက်ပြီး တရုတ်နယ်စပ် ကူးလျှင် လွတ်ရောပေါ့။

မှင် ။ ။ လွယ်လိုက်တာ ...။

မေ ။ ။ တော် ...၊ တော် ...။ ကျုပ် ကြည့်စီမံမယ်။ ရှင် တိတ် တိတ်နေ။ ဟဲ့ ... နီနီ။ မေမေတို့ ချမ်းသာတော့မှာပဲ။ မော်တော်ကားဝယ်ရ လျှင် မကောင်းဘူးလား။ ညည်း ဘာလိုချင်သေးသလဲ။

မှင် ။ ။ တယ် ခက်သကိုး ...။

မေ ။ ။ ဘယ်ကိုမှ မသွားစေချင်လျှင်လည်း၊ မသွားပါဘူးတော်။ ဒီစိန်ကို အိမ်ထဲမှာ သိမ်းထားပြီး၊ အလှကြည့်နေမယ်။ လပြည့်နေတိုင်း ထုတ်ပြီး၊ လရောင်ဖွေးဖွေးမှာ ကြည့်မယ်။

မှင် ။ ။ လပြည့်နေ့ကြီးမှာ ကြည့်မယ်။ သာခုဗျာ ... သာခု— သာခု ...။

မေ ။ ။ အင်းလေ ... ဘာဖြစ်သေးသလဲ။ ဒီလိုသာ ကြည့်နေရ





မယ် ဆိုလျှင် ဒီအိမ်က တစ်ဖဝါးမှ မခွာဘူး။ လည်ချင်ပတ်ချင်တယ်လို့လည်း မပြောဘူး။

မိ ။ ။ ရဲအဖွဲ့က လာမေးလျှင် ဘယ့်နဲ့လုပ်မလဲ။

မေ ။ ။ လာပေ့စေ။ ငါ ကြည့်လုပ်မယ်။

(အတွင်းမှ တံခါးခေါက်သံ မြည်လာစေ။)

မှင် ။ ။ ဟော ...။

မေ ။ ။ အသာနေ။ ရှင်တို့ ဘာမှ ဝင်မပြောနဲ့။ မေးလျှင် မသိဘူး လို့သာ ပြော။ သိရဲ့လား ...။

မိ ။ ။ ဟိုမှာ ပြတင်းပေါက်က မှန်ပေါက်ကြီးနဲ့ ...။

မေ ။ ။ အို–အေ ... ငါ ကြည့်ပြီး၊ ဖိနပ်လွှတ်လိုက်မယ် ...။ (ခေါက်သံ။) ညည်းတို့သားအဖ အသာနေ။ ငါ သွားဖွင့်မယ်။ (တံခါးကို ဖွင့်၍ ထွက်သွားစေ။)

မှင် ။ ။ ဒုက္ခတော့ ဖြစ်ကုန်ပါပြီ။ ဒီမိန်းမဟာ ...တောက်...။

မိ ။ ။ ဖေဖေ ... ဘယ့်နဲ့လုပ်မလဲ။

မှင် ။ ။ ငါ မသိဘူး။ နင့်အမေ လုပ်တာ။ နင့်အမေ လုပ်တာ။

မိ ။ ။ ကျွန်မ ... နာရီထဲက ထုတ်ပြီး လွှင့်ပစ်လိုက်မယ် လေ။

မှင် ။ ။ ဟဲ့ ... ဟဲ့ ... ဒီလိုလည်း မလုပ်နဲ့ဟဲ့။ ဒီလိုနဲ့ အေးချင် လည်း အေးသွားမှာ။

မေ ။ ။ (အတွင်းဘက်က အသံ) အို ... အခွင့်မရှိ မဝင်ရဘူးဆို။

လူတစ်ဦးအသံ ။ ။ (အတွင်းဘက်က) အဒေါ်ကြီး။ ကျွန်တော် ဝင်ကြည့်ရုံပါ။ အခွင့်ပြုပါ။

မေ ။ ။ (အတွင်းဘက်က) ကိုဘိုးမှင်ရေ ... ဟောဒီမှာ လူတစ် ယောက် အိမ်ထဲကို အတင်း ဝင်မလို့တဲ့။

မိ ။ ။ ခက်တာပဲ ... ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



မှင် ॥ ॥ တွန်းထုတ်ဟာ ... ဒီကောင်ကို။ (ဘောင်းဘီနက် ဝတ်ထားသူနှင့် ဒေါ်မေတို့ တွန်းလျက်၊ ဖယ်လျက် ဝင်လာကြစေ။)

မေ ॥ ॥ ဟော့ ... လွန်လှချည်လားကွယ့်။ မိန်းမသားကို ဒီလိုပဲ တွန်းလား ထိုးလား လုပ်ရသလား။

လူ ॥ ॥ ကျွန်တော် တောင်းပန်တယ် မဟုတ်လား။ ကျွန်တော် အခန်းထဲကို ဝင်ကြည့်ရုံပါပဲ။

မေ ॥ ॥ အို ... မင်းပြောတာကို ငါမယုံနိုင်ဘူး။ မင့်ကလေးက ဂေါ်လီလုံး ပစ်သွင်းသလေး ဘာလေး ညာလေးနဲ့။ တို့ မသိဘူး။ ကိုဘိုးမှင် ... ရှင် မြင်လိုက်သလား။

(ထိုလူနောက်မှ နေ၍ ဒေါ်မေက ဦးဘိုးမှင်အား လက်ခါပြစေ။)

မှင် ॥ ॥ (အထစ်ထစ် အငေါ့ငေါ့နှင့်) ဘာ ... ဘာ ... ဘာပြောတယ်။

မိ ॥ ॥ ခက်တာပဲ ... မေမေ။

မေ ॥ ॥ ဟဲ့ ...တိတ်စမ်း။ ဘာခက်နေရတာလဲ။ နင် ဝင်မပါနဲ့။

လူ ॥ ॥ ဦးကြီးခင်ဗျာ ... ဒီအခန်းထဲကို ကျွန်တော့်ပစ္စည်းကလေး တစ်ခု ဝင်သွားလို့ပါ။

မေ ॥ ॥ ဘာပစ္စည်းလဲ။ ကျုပ် နားမလည်ပါဘူး။

လူ ॥ ॥ ဒီအဒေါ်ကြီးကို ပြောပြီးသားပါ။ ကျွန်တော့် သားကလေးဟာ ...။

မေ ॥ ॥ အို ... ဘယ်က သားကလေးလဲ။ သိနိုင်ပေါင်။

လူ ॥ ॥ ဦးကြီးရယ်...ကျွန်တော့်သားကလေးဟာ သူ့ဖန်ဂေါ်လီလုံးကို မြှောက်ပြီး ကစားလိုက်တာ ဒီအခန်းထဲကို ဝင်သွားပါတယ်။ အဲဒါ ကျွန်တော့်ကို ပြန်ပေးပါလို့ တောင်းတာပါ။

မေ ॥ ॥ မင့်သားကလေး ဆိုတာ ဘယ်မလဲ။

လူ ॥ ॥ အခုပဲ ... ဟိုဘက်ကို ပြေးသွားပါတယ်။





မေ ॥ ॥ မညာနဲ့။ မရဘူးဟေ့။

လူ ॥ ॥ ကိုင်း ... သိကြရောပေါ့ကွာ။ ငါ့ကို ဘာမှတ်သလဲ ... ဟင်။ (ပြတင်းပေါက် စာဖုံးကို ဖယ်ပြီး ပြတင်းပေါက် မှန်ကွဲကို မြင်ရာ) ကြည့်စမ်း ... ဒီအိမ်ပဲ။ ဘယ်မှာလဲ မှန်တစ်ချပ်။ ပြော ...။

မိ ॥ ॥ ပြောလိုက်ပါ ... မေမေရယ်။

မေ ॥ ॥ (သမီးဘက်သို့ မျက်စောင်းထိုးလျက်) အေး ... အေး ... ပြောလိုက်မယ်။ ဒီလိုပါ မောင်။ ဒေါ်ဒေါ့သမီးက အိုက်လို့တဲ့၊ မှန်တစ်ချပ်ကို ဖြုတ်ထားတယ်။ ဟဲ့ ... မှန်ဖြုတ်ထားတာ ဘယ်နှရက် ရှိသွားပြီလဲ။ နေစမ်း၊ နေစမ်း။ ဒီနေ့ ဘာနေ့လဲ ... အင်္ဂါနေ့ ဟုတ်လား။ အို ... တစ်လတောင် ပြည့်လုပါပေါ့လား။

လူ ॥ ॥ တယ် ... ကြာတယ်။ ဘယ်မလဲ စိန်။ ပေး။ အခုပေး။

မေ ॥ ॥ အလိုလေးလေးတော် ... ဘယ်က စိန်လဲ။

လူ ॥ ॥ ဟင်း ... နင်တို့ သေသွားချင်သလား။ အခု နင်တို့ရဲ့ လက်ထဲမှာ စိန်ကြီးရှိနေတယ် ... ပေး။ အခုပေး။

မှင် ॥ ॥ ဟော့အကောင် ... ဘယ်က စိန်လဲ။ တို့ ဘာမှမသိဘူး။

လူ ॥ ॥ ဘာမသိဘူးလဲ။ စိန်သူခိုးဟာ ဒီအနားက ပြေးသွားရင်း နင်တို့အိမ်ထဲ ပစ်သွင်းလိုက်တာကို ငါမြင်တယ်။

မှင် ॥ ॥ အောင်မာ ... သူက ဘာပြုလို့ ပစ်သွင်းမှာလဲ။

လူ ॥ ॥ နင်တို့ ညာမနေနဲ့နော် ... မှန်မှန်ပြော။

မေ ॥ ॥ အောင်မယ် ... နင်က ဘာမို့လို့လဲ။ စစ်လား ဆေးလားနဲ့။

လူ ॥ ॥ ငါ ... သူခွေးရဲ့ ကိုယ်စားလှယ်။ သိလား။

မေ ॥ ॥ အလို ... တော်။ ကျုပ်တို့က ဘယ့်နဲ့လုပ်ပြီး သိရမလဲ။ ပြ ... သက်သေ။

လူ ॥ ॥ တယ် ... စကားများတယ်။ (ခြောက်လုံးပြူးကို ထုတ်၍



www.burmeseclassic.com

www.burmeseclassic.com



ချိန်စေ။ မိမိ ကြောက်အားနှင့် အော်စေ။ ဦးဘိုးမှင် ချောင်ကုပ်နေစေ။ ဒေါ်မေ ရဲဝံ့စွာ မတ်မတ်ရပ်နေစေ။)

မှင် ။ ။ (ညည်းလျက်) ဟဲ့ ... မယ်မေ ... မယ်မေ။

လူ ။ ။ (စားပွဲခုံကို ခြောက်လုံးပြူးဒင်နှင့် ခေါက်လျက်) ဘယ်မှာလဲ စိန်။ ပြော။

မေ ။ ။ ပြောပါ့မယ်တော် ... ပြောပါ့မယ်။ ပြောပါ့မယ်။

လူ ။ ။ အခု ပြော။

မေ ။ ။ ဝမ်းထဲကို၊ မျို ... ချလိုက်ပြီ။

လူ ။ ။ ဘာ။

မေ ။ ။ ဝမ်းထဲကို မျိုချလိုက်ပြီလေ။ မျိုချလိုက်တုန်းက ချောခနဲဆို ကျသွားတာပဲ။ အခွံနွှာပြီးသား ငှက်ပျောသီးကို မျိုရတာထက်တောင် လွယ်သေးတယ်။

လူ ။ ။ စိန်ကို မျိုချလိုက်တယ်။ တောက် ...၊ သံပုရာကောမပါဘူးလား။ ဒီမိန်းမကြီး ... မညာနဲ့။ အလကား။

မေ ။ ။ အို ... အဟုတ် မျိုချလိုက်တာပါ။ ဟောဟို သတင်းစာထဲမှာ ပါတယ်။ ကိုဘိုးမှင် သတင်းစာ ပေးစမ်း။ (အပေးမစောင့်ဘဲ ကိုယ်တိုင် သွားယူ ဖွင့်ဖတ်စေ။) အဲ ... အဲ ... ဟောဒီမှာကြည့်။ ကလေးတစ်ယောက် ပိုက်ဆံမျိုခြင်းတဲ့။ ဒီတော့ ငါကလည်း မျိုချလိုက်တာပေါ့။ ကိုင်း... သိပြီလား။

လူ ။ ။ တောက် ...၊ ကြည့်စမ်း ... ။ (မိမိဘက်သို့ လှည့်၍) သူပြောတာ ဟုတ်ရဲ့လား။

မိ ။ ။ ကျွန်မ မသိရပါဘူးရှင်။

မှင် ။ ။ ငါ ... ငါ ... ငါ အိပ်ပျော်နေတယ်။

လူ ။ ။ ကြည့်စမ်း။ မှန်မှန်ပြော။ (ခြောက်လုံးပြူးနှင့် ချိန်လျက်) မောင်းဖြုတ်လိုက်မယ်။





မေ ။ ။ ဒေါ်ဒေါ် ပြောပြီးပါရောလား။ ဒေါ်ဒေါ်လို လူကြီးလူကောင်း မိန်းမကို မယုံလို့လား။

လူ ။ ။ ဒါလောက်ရှိလျှင် ဘယ်ထဲ ရောက်သွားပြီလဲ။ အစာအိမ်ထဲမှာလား။ အူထဲမှာပဲ ရှိသေးသလား။ (ရင်–ကျောတို့ကို ကြည့်စေ။)

မေ ။ ။ အို ... ဘယ်သိမလဲ။

လူ ။ ။ သယ် ... ဗိုက်ကို ဖောက်ကြည့်ရလိမ့်မယ်။

မေ ။ ။ အို ... ဖောက်ရပေါင်။ စိန်ကို ထိပါ့မယ်။

လူ ။ ။ (မိမိဘာသာ ပြောလျက်) ဒီမိန်းမကြီးကို အရှင်လတ်လတ် မီးသင်္ဂြိုဟ်ရလျှင် ကောင်းမလား။ ဟာ ... စိန် အရည်ပျော်သွားမှာလည်း စိုးရသေးတယ်။

မေ ။ ။ အို ... ဘာဖြစ်လို့ မီးသင်္ဂြိုဟ်ရမှာလဲ။ ကျုပ် မီးအရှို့မခံနိုင်ပါဘူး။ ဒါမျိုးဆိုတာ လူမမာ့သဘော။

လူ ။ ။ (ခေါက်တုံ့ခေါက်ပြန် လျှောက်၍ အစဉ်းစားရကျပ်သွက် နေစေ။ ဒေါ်မေ၊ ကိုဘိုးမှင်၊ မိမိတို့ လက်ရိပ် မျက်နှာရိပ်တို့ဖြင့်၊ ဘာမှ မပြောနဲ့ ဟူသော သဘောကို အချင်းချင်း ပြနေကြစေ။) တောက် ...၊ ခက်တာပဲ။ ဘာလုပ်ရလျှင် ကောင်းပါ့မလဲနော်။ ဝမ်းချုပေးလိုက်လျှင် ကောင်းမယ် ထင်တယ်။

မေ ။ ။ အို ... ဘာစကားတွေ လာပြောနေတာလဲ။ နင့်သူဌေးကို ရောက်သွားပြီ၊ မတွေ့တော့ဘူးလို့ ပြောလိုက်။ အေးရောပေါ့။

လူ ။ ။ တော်တော်ခက်တဲ့ မိန်းမကြီးပဲ။ နင်တို့အသက်ဟာ အခု တဲတဲကလေး ကျန်တော့တယ်။ သိရဲ့လား။ မျိုချတယ် ဆိုတာ ငါမယုံဘူး။ (မိမိနှင့် ကိုဘိုးမှင်တို့ဘက်သို့ လှည့်၍) သူ အဟုတ် မျိုးချလိုက်သလား။ မျိုချလိုက်လျှင်တော့ သေပြီသာ မှတ်တော့။ (သေနတ်နှင့် ချိန်စေ။)

မိ ။ ။ မမျိုပါဘူးရှင် ... မမျိုပါဘူး။ ဟောဟို ... ။ (နာရီဘက်သို့ လက်ညှိုးထိုးဟန် ပြုစေ။)



www.burmeseclassic.com

www.burmeseclassic.com



မေ ။ ။ (ဒေါသနှင့်) ကြည့်စမ်း။ ဟဲ့ ... ကောင်မကလေး။

မိ ။ ။ အမယ်လေး ... မေမေရဲ့။

လူ ။ ။ ညာမနေနဲ့။ မှန်မှန်ပြော။ ဒီစိန်ကို ဘာမှတ်လို့လဲ။ ဒီစိန်ဟာ နင်တို့လက်ထဲမှာ ရှိလျှင် အကုန်သေကုန်မှာ။ ဒီစိန်ဟာ သေမင်း... သေမင်း ... သိရဲ့လား။

မိ ။ ။ ပေးလိုက်ပါ မေမေရယ်။

မှင် ။ ။ အေးပါကွာ ပေးလိုက်ပါ။

မေ ။ ။ တော် ... တိတ်။ ဒီအကောင်ဟာ သူခိုး၊ သူခိုး။ နားလည်လား။ ဒါလောက်မှ မပါးကြဘူးလား။

လူ ။ ။ ကြည့်စမ်း ... အခု ဘယ်လောက်ကြာသွားပြီလဲ။ အလကား အချိန်ဖြုန်းနေတာပဲ။ (သူ၏ လက်ပတ်နာရီကို ကြည့်။ ဗီရိုပေါ်က နာရီကိုကြည့်။) ခင်ဗျားတို့ နာရီဟာ နှေးလွန်းနေတယ်။

မိ ။ ။ ပြောလိုက်ပါ မေမေရယ်၊ ပြောလိုက်ပါတော့။

လူ ။ ။ အို ... ခင်ဗျားတို့ နာရီက ရပ်နေပါလား။

မိ ။ ။ ပေးလိုက်ပါ မေမေရယ်။ ဒုက္ခ အေးပါတယ်။

မေ ။ ။ ညည်း ... သတ္တိ နည်းလိုက်တာအေ။

[ ထိုအခိုက် ပြတင်းပေါက်တွင် လူတစ်ယောက် ပေါ်လာစေ။ ထိုလူကို အခန်းထဲကလူများ မမြင်စေရ။ ]

လူ ။ ။ ဩော် ... ဟဲဟဲ။ နာရီထဲမှာကိုး။ လက်စသတ်တော့ ဒီနာရီထဲမှာကိုး။ (နာရီဆီသို့ သွားစေ။ ဒေါ်မေ ဝင်၍ တားဟန်ဖြင့် ရှေ့က ရပ်စေ။)

မေ ။ ။ ဘာလဲ ... ငါ့ပစ္စည်းကို နင် လက်ဖျားနဲ့တောင် မထိနဲ့။

လူ ။ ။ ဖယ်နော်။ (သေနတ်ဖြင့် ချိန်၍ မောင်းချဟန် ပြုစေ။)

[ မိမိ လန့်အော်စေ။ ထိုအခါ သေနတ်ကိုင်ထားသော လက်တစ်ခုသည် ပြတင်းပေါက်မှ ဝင်လာ၍ သေနတ်ကို ပစ်ဖောက်လိုက်စေ။ လူဆိုး၏လက်ကို





ထိမှန်၍ တွန့်လိမ်သွားစေ။ သေနတ်ကိုင်သူသည် ပြတင်းပေါက်မှ ကျော်၍ အခန်းတွင်းသို့ ဝင်လာစေ။]

မိ ။ ။ အောင်မယ်လေး ... ကိုကိုညွန့်ရဲ့။

[ လူဆိုးသည် ဓာတ်မီးခလုတ် ပိတ်လိုက်စေ။ မှောင်ကျသွားစေ။ ဗရုန်းသုန်းကား ဆူဆူညံညံ ဖြစ်စေ။ နောက် မီးပြန်ပွင့်လာစေ။ ပစ္စည်းများ ဖရိုဖရဲ ဖြစ်နေစေ။ လူဆိုး မရှိ။ နာရီလည်း မရှိ။ ကုလားထိုင်တစ်လုံးပေါ်မှာ ဒေါ်မေ ငုတ်တုတ်ထိုင်နေစေ။ ]

မှင် ။ ။ ဟေ ... မောင်ကံညွန့်ပါလား။

မောင်ကံညွန့် ။ ။ ကြည့်စမ်း။ စိန် ... ဘယ်သူ့ဆီမှာလဲ။

မှင် ။ ။ ဟဲ့ ... ဟိုအကောင် ဘယ်ရောက်သွားပြီလဲ။

ညွန့် ။ ။ စိန်ကော ... ဘယ်ရောက်သွားပြီလဲ။

မှင် ။ ။ စောစောတုန်းကတော့ နာရီထဲမှာ ထည့်ထားတာပဲ။

ညွန့် ။ ။ ဘယ်မလဲ ... နာရီ။

မှင် ။ ။ ဟာ ... မရှိတော့ဘူး။ ဟိုအကောင် ယူပြေးပြီ ထင်တယ်။

မေ ။ ။ အောင်မယ် ... ဘာရမလဲ။ ဟောဒီမှာ...။ (ဆို၍ ခြုံထားသော ရှောစောင်ထဲမှ နာရီကို ထုတ်ပြစေ။)

မှင် ။ ။ အောင်မယ်လေးဟ ... ဒီမိန်းမ။

မိ ။ ။ အံမယ်လေး ... မေမေရဲ့။

ညွန့် ။ ။ စိန် ... ရှိသေးသလား။ မမ ယူထားသလား။

မေ ။ ။ အေး... ။ (နာရီကို စားပွဲခုံသို့ ယူသွား။ နာရီကို ဖွင့်ကြည့်။ စိန်ကို ထုတ်ပြစေ။) ဟောဒီမှာ မြင်ရဲ့လား။ ဟိုအကောင် ပြန်လာဦးမှာလား ... မောင်ကံညွန့်ရဲ့။

ညွန့် ။ ။ မလာတော့ပါဘူး။ ကျွန်တော် သိပါတယ်။

မေ ။ ။ ဟဲ့ ... မိမိ ... ဓာတ်မီးကို ပြန်ဖွင့်လိုက်။



www.burmeseclassic.com

www.burmeseclassic.com



မိ ။ ။ ဟင့်အင်း ... မသွားဝံ့ဘူး ... ။

ညွန့် ။ ။ မမ။ စိန် ... ကျွန်တော့်ကိုပေး။

မေ ။ ။ ဟင် ... ။

ညွန့် ။ ။ ပေးပါ မမရဲ့။ မြန်မြန်ပေးပါ။

မေ ။ ။ မင်းက ဘယ်က ဝင်လာတာလဲ။

ညွန့် ။ ။ မြန်မြန်ပေးပါ မမရဲ့။ ဒီတစ်ခါ ကျွန်တော် ရာထူး တိုးတော့မယ်။

မေ ။ ။ အို ... တို့လည်း ဒါရလျှင် ဟန်ကျမှာပေါ့ကွယ်။ ဟဲ့ ... မိမိ။ သမီး။ အဝတ်အစားတွေထုတ်။ တို့ တရုတ်နယ်စပ် သွားမယ်။

ညွန့် ။ ။ အို ... ဘာလုပ်မလို့လဲ မမရဲ့။

မေ ။ ။ စကားများနေဖို့ အချိန် မဟုတ်ဘူး။ မြန်မြန် သွားရမယ်။

ညွန့် ။ ။ ဩော် ... ခက်ပါဘိ။ မမကလည်း။

မေ ။ ။ ဘာခက်ရမလဲကွယ့်။ တရုတ်နယ်စပ်ကို ရောက်လျှင် ပြီးတာပဲ။ ဒီက မီးရထားစီး။ နောက်ပြီး ဗန်းမော်ကို သင်္ဘောနဲ့သွား။ မင်းပါ လိုက်ခဲ့ကွယ်။ ဟဲ့ ... သမီး၊ လာ။ အဝတ်အစားတွေ ထုတ်စမ်း။ (တံခါး ပေါက်ဆီသို့ သွားရန် ပြင်ရာ မောင်ကံညွန့်က တားစေ။)

ညွန့် ။ ။ ဒီစိန်ကို ကျွန်တော့် ပေးလိုက်ပါ။ မမ ဘာတွေ လျှောက် ပြောနေတာလဲ။

မေ ။ ။ အမယ် ... မပေးနိုင်ပေါင်။

ညွန့် ။ ။ ပေးပါ၊ ဒီကိစ္စ အောင်မြင်လျှင် ကျွန်တော် တစ်ခါတည်း ရာထူးတိုးမှာ မမရဲ့။

မေ ။ ။ အို ... မပေးနိုင်ဘူးကွယ်။ ဒါ ငါ့ဟာ။

ညွန့် ။ ။ မမဟာ။

မေ ။ ။ အေး ... ဒါ ငါ့ဟာ။ ဒါ ငါ့ဟာ။ ကြည့်စမ်း။ ဒီ





စိန်ကြီးမျိုး လက်ထဲမှာ ရောက်နေလျှင် ဘယ်သူ ရိုးဖြောင့်နိုင်မှာတုံး။ ဒါ ငါ့ဟာ၊ ငါ ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး။

ညွန့် ။ ။ ခက်တာပဲ။ ကျွန်တော် အင်းစိန် စုံထောက်ဘက်က ... မမရဲ့။ ကျွန်တော်က စုံထောက်၊ စုံထောက်။

မေ ။ ။ ဘာပြောတယ်။

မှင် ။ ။ မောင်ကံညွန့် ... မင်းက စုံထောက်အရာရှိ။

ညွန့် ။ ။ ဟုတ်တယ်။ မမက ကျွန်တော့်ကို ဘယ်လို ထင်နေလို့လဲ။

မေ ။ ။ ဘာ ..., မင်းက စုံထောက်။

ညွန့် ။ ။ ဟုတ်တယ်။ ကျွန်တော် ဒီစိန်ကို ပြန်ရလာကတည်းက အတင်း ပြေးလာခဲ့ရတာ။ လူဆိုးတွေဟာ ကျွန်တော့်နောက်ကို အတင်း လိုက်နေကြတာ။

မိ ။ ။ အို ... ဒီလိုဆိုလျှင် ခက်တော့မှာပဲ။

မှင် ။ ။ ဟိုအကောင်ဟာ လူဆိုးလား။ ဘယ်မှာလဲ ဒီအကောင်။ ဘယ်မှာလဲ ဒီအကောင်။

ညွန့် ။ ။ ဟိုကောင်နဲ့ အတူတူ ဒိုပြင်လူဆိုးတွေလည်း ပါလာသေးတယ်။ ခုလောက်ရှိလျှင် အိမ်ကို လူဆိုးတွေ ဝိုင်းထားကြပြီလား မသိဘူး။ မြန်မြန်ပေးပါ မမရယ်။

မေ ။ ။ ဒါဖြင့် ဒီစိန်က ဘာလို့ ဒီအိမ်ထဲကို ဝင်လာရတာလဲ။

ညွန့် ။ ။ ကျွန်တော် ပစ်သွင်းလိုက်တာ။

မိ ။ ။ ကိုကိုညွန့် ... ပစ်သွင်းလိုက်တယ်။

မှင် ။ ။ ဟော့ ... မင်းလား။

ညွန့် ။ ။ ကျွန်တော်ပေါ့။ ကျွန်တော့် လက်ထဲမှာ ဒီစိန် ကြာကြာ ရှိနေလျှင် ကျွန်တော် အသေပဲ။ ဒီအိမ်ကိုလည်း မှတ်မိတာနဲ့ ပစ်သွင်းလိုက် တာ။



www.burmeseclassic.com

www.burmeseclassic.com



မေ ။ ။ ဟင် ... ဒါဖြင့် မင်း စုံထောက်လို့ ရလာတာပေါ့။

ညွန့် ။ ။ ဟုတ်တယ် ... မြန်မြန်ပေးပါ မမရယ်။ ကျွန်တော့်ရဲသားတွေလည်း ပါလာတယ်။ ဟိုအကောင်တွေကို လိုက်ဖမ်းရဦးမယ် မမရဲ့။

မေ ။ ။ (ခပ်လှမ်းလှမ်းမှ နေ၍ စိန်ကို လက်ထဲ၌ ကိုင်ပြရင်း) မောင်ကံညွန့်ရယ် ကြည့်စမ်းပါဦး၊ အရောင်တောက်လိုက်တာ။

ညွန့် ။ ။ တောက်ပါတယ်။ တောက်ပါတယ်။ ပေးလိုက်ပါတော့။

မေ ။ ။ ကြည့်စမ်း ... ဒီလိုစိန်ကြီးမျိုး မင့်လက်ထဲမှာ ရှိနေလျှင် မင်း ရှိးဖြောင့်နိုင်ပါ့မလားကွယ့်။ ဟင်။

ညွန့် ။ ။ ခက်တော့တာပဲနော်။

မေ ။ ။ မင်း ... ဘာပဲပြောပြော။ ဒါဟာ ငါ့ပစ္စည်း။ ငါ့စိန်။ ငါ့စိန်။ သိရဲ့လား။

မိ ။ ။ မေမေ့ကြောင့် ရှက်လိုက်တာနော်။ သေလိုက်ချင်တော့တာပဲ။

မှင် ။ ။ ဒီအသက်အရွယ် ရောက်လာပြီ။ ဘယ်သူ့ပစ္စည်းကိုမှ ငါ မပြစ်မှားခဲ့ပါဘူးဗျာ။

ညွန့် ။ ။ မမ ပေးလျှင် ပေးနော်၊ ဘာမှတ်သလဲ။ ဒါ ရာဇဝတ်မှုကြီး။ ဂတ်ကို အပ်လိုက်ရမလား။ (ရဲခရာကို အိတ်ထဲမှ ထုတ်လိုက်စေ။)

မေ ။ ။ အောင်မယ် ... မင်းက ... ။

ညွန့် ။ ။ 'မင်းက' လုပ်မနေနဲ့ မမရဲ့၊ ဒါ ရာဇဝတ်မှုကြီး။

မေ ။ ။ ကဲ ... ဒါလောက်တောင် ဖြစ်လှတာ။ သေမင်းငင် စိန် ... နင်လာတဲ့လမ်းကို နင်ပြန်ရော့လဟယ်။ (စိန်ကို ပြတင်းပေါက်မှ ပစ်ချလိုက်စေ။)

မှင် ။ ။ အောင်မယ်လေးဗျာ့။ မှန်တစ်ချပ် ကွဲဖြန်ပြီဗျ။

ညွန့် ။ ။ ဟာ ... ။ (ခုန်ထွက်သွားစေ။)





မေ ။ ။ သေမင်းငင် စိန် ... မစားရတဲ့အမဲ သဲနဲ့ပက်လိုက်တာ ကောင်းတယ်။ (လက်ကို ခါသွက်လျက် ပြောစေ။)

မိ ။ ။ (ပြတင်းပေါက်သို့ သွား၍ ကြည့်ရင်း) ကိုကိုညွန့် ရှာလို့မှ တွေ့ပါ့မလားနော်။ ဟော ... ဟော၊ ရဲသားငါးယောက်နဲ့ ရှာနေတယ် မေမေ။ ဟော ... တွေ့သွားပြီ မေမေ။ တွေ့သွားပြီ။ (ခေါင်းညိတ်ကာ၊ လည်ညိတ်ကာ လက်ယပ်ပြနေစေ။)

မေ ။ ။ (ထိုင်ခုံမှာ ဆေးလိပ် ပြန်လိပ်နေစေ။ ဦးဘိုးမှင် သတင်းစာ ဖတ်လျက်။) ကိုဘိုးမှင် ... ။

မှင် ။ ။ (ခတ်ဆတ်ဆတ်) ဘာလဲ ... ။

မေ ။ ။ ခဏလေး ... စိန်ပိုင်ဖြစ်လိုက်ရ ... နည်းသလားတော်။ (ဦးဘိုးမှင် သတင်းစာကိုင်ကာ ဒေါ်မေကို မျက်စောင်းထိုးနေစေ။ ဒေါ်မေ မေးထောက်၍ ငေးနေစေ။)

[ ၁၉၃၄ ]

www.burmeseclassic.com

www.burmeseclassic.com

ရသေ့ ဂူ
(တစ်ခန်းရပ်)

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ဆောင်သူများ

ရသေ့ကြီး
မောင်ပဉ္စ = ရသေ့ကြီး၏တပည့် မင်းသားငယ် (ဘီလူးမင်း တိုင်းပြည်က)
မောင်သစ် = ။ (နဂါးမင်း တိုင်းပြည်က)
မောင်ဒေါနံ = ။ (ကျားမင်း တိုင်းပြည်က)
နဂါး
ဘီလူး
ကျား

## နေရာ

သာယာသော မဟာမြိုင်ဖြစ်၍၊ ထိုမဟာမြိုင်တွင် ရှင်ရသေ့ကြီး၏ဂူ ရှိသည်။ အဖြူခံ ပိတ်ကားပေါ်၌ သစ်ပင် နှစ်ပင်၊ သုံးပင်၏ အရုပ်ကို ဖော်ထားလျှင် သင့်ပြီ။ ဂူကို ပြရာတွင် ဂူဝပုံ သရုပ်ကို ရေးထားလျှင် လုံလောက်ပြီ။ ဂူအနီးအနား၌ ရေကန်ရှိသည်။ စက္ကူထူထူတစ်ချပ်တွင် ရေကန်နှင့် ကြာတို့ သရုပ်ကို ဖော်နိုင်သည်။ ထိုစက္ကူချပ်ကို မြင်သာသော နေရာ၌ ထောင်ထားလျှင် ရပါပြီ။

[ ဤဇာတ်အတွက်၊ ဒိုးပတ် အတီးအမှုတ် လိုသည်။ ဘီလူးခေါင်း၊ ကျားခေါင်း၊ နဂါးခေါင်းတို့ လိုသည်။ ပုရပိုက်ပုံ စက္ကူချပ် သုံးခု လိုသည်။ ခြင်းတောင်းနှင့် သစ်သီးခြောက်လုံး လိုသည်။ ရသေ့အတွက် တောင်ဝှေးနှင့် စိပ်ပုတီး လိုသည်။ ဝါးကျည်တောက်နှင့် မန်ကျည်းစေ့ လိုသည်။ ]

[ ဤဇာတ်ကို လူငယ်များကိုယ်တိုင် ကပြလျှင် ဖြစ်ပါသည်။ ]

ပဉ္စ ။ ။ (ပုရပိုက်ကိုင်လျက်) က… ။ (ကကြီးရေက… )
သစ် ။ ။ ကာ … ။ (ကကြီး ရေးချကာ … )
ဒေါနံ ။ ။ ကိ … ။ (ကကြီးရေး လုံးကြီးတင်ကိ … )
ပ ။ ။ ကီ … ။ (ကကြီးရေး လုံးကြီးတင် ဆန်ခတ်ကီ … )
သ ။ ။ ကု … ။ (ကကြီးရေး တစ်ချောင်းငင်ကု … )
ဒေါ ။ ။ ကကြီးရေး နှစ်ချောင်းငင် ကူ … ။ ဟား … ဟား …
ဟား… ။ (ရသေ့သင်္ကန်းကို တန်းမှ လှမ်းယူစေ။ ခြုံစေ။ ရသေ့ဟန်ပါပါနှင့်) မင်းတို့တစ်တွေ စာကောင်းကောင်း အံကြရမယ်။ မင်းတို့ စာမအံလျှင် ရိုက်မယ်။

ပ ။ ။ အောင်မယ်။ ဘာဖြစ်လို့ အံရမှာလဲ။ မအံဘူးကွာ။ (ပုရပိုက်ကို ချ။)

သ ။ ။ သူက … သူ့ကိုယ်သူ ဘိုးဘိုးလုပ်ပြီး၊ သူများကို ခိုင်းနေလိုက်တာ။ ငါလည်း မအံဘူး။ ပဉ္စ … လာဟေ့။ မင်းနဲ့ငါ စုံမ ဝှက်တမ်း ကစားမယ်။ (ဝါးကျည်တောက်ထဲမှ မန်ကျည်းစေ့များကို ယူ၍ ကစားဟန်ပြင်။)

ဒေါ ။ ။ ငါလည်း ပါမယ်ကွ။

ပ ။ ။ မပါရဘူး။ သွား။ (တွန်းဖယ်လိုက်စေ။) ကဲ … သစ်… မင်း ဝှက်မလား၊ ငါ ဝှက်ရမလား။

သ ။ ။ နေဦး။ ဘာကြေး ကစားမလဲ။ ငါ စဉ်းစားလိုက်ဦးမယ်။ အဲ … ဟုတ်ပြီ။ မြင်းစီးကြေး ကစားမယ်။ စိန်မလား။



www.burmeseclassic.com

www.burmeseclassic.com



ပ ။ ။ စိန်လိုက် ... မောင်။

သ ။ ။ မင်း ... အလျင်ဝှက်။

ပ ။ ။ ကိုင်း ... ဝှက်ပြီ။ စုံ လား၊ မ ... လား။

သ ။ ။ စုံကွာ။

ပ ။ ။ ဟော ... မ။ မင်း ရှုံးပြီ။ လာ၊ မင့်ကို ငါ စီးမယ်။ ကုန်း။ (သခ်က ကုန်းပေးစေ။ ပဥ္စက သခ်၏ ကျောကုန်းပေါ်သို့ တက်၍ စီးစေ။)

ဒေါ်။ ။ (ပဥ္စ မြင်းစီးသည်ကို ကြည့်၍ လက်ခုပ်တီးလျက်) အသဲတိုရ် မြင်းငယ်လေးလေ၊ လေးလေ။ ခွာသံ ပြင်းတယ် လေးလေ၊ လေးလေ။ အသဲတိုရ် မြင်းငယ်လေးလေ၊ လေးလေ။ ခွာသံပြင်းတယ်လေးလေ၊ လေးလေ။

သ ။ ။ ကဲ ... ငါ ဝှက်ဦးမယ်။ ကဲ ... ဖော်။

ပ ။ ။ မ ကွာ။ ကဲ ... ဖွင့်။ ဟော ... မ ပဲ။ လာ ... ငါ နိုင်ပြန်ပြီ။ ကုန်းဦး။ (ပဥ္စက သခ်ကို စီးပြန်စေ။)

ဒေါ်။ ။ ( မြင်းစီးသည်ကို ကြည့်၍ လက်ခုပ်တီးလျက်) အသဲတိုရ် မြင်းငယ်လေးလေ၊ လေးလေ။ ခွာသံ ပြင်းတယ် လေးလေ၊ လေးလေ။ ဟား ... ဟား။ (ပြောင်လှောင် ရယ်မောစေ။)

သ ။ ။ (ခါချ၍ ဒေါ်နသို့) မင်းနဲ့ ဘာဆိုင်လို့လဲ။

ပ ။ ။ အသဲတိုရ် မြင်းငယ်လေးလေ၊ လေးလေ။ ခွာသံ ပြင်းတယ် လေးလေ၊ လေးလေ။

သ ။ ။ (ပဥ္စဘက်သို့) အောင်မာ ... မင်းကကော။ နှစ်ခါကလေး ဆက်နိုင်တာနဲ့ ကြီးကျယ်လိုက်တာ။ ငါ့ကို ဘာမှတ်လို့လဲ။ ငါ ... နဂါးမင်း တိုင်းပြည်က လာတဲ့လူကွ။ သယ် ... ဘောဂဝတီ၊ ရေနဒီ၊ ရွှေပြည်နဂါး၊ အမောက်တစ်ထောင်၊ မျက်စောင်းတော် မှောင်လိုက်လျှင် တောင်ကြီးတောင် ... ပြာကျ သွားရမကွယ့်နော်။ ငါဟာ နဂါးမင်း တိုင်းပြည်က မင်းသားကွ။ သိရဲ့လား။





ပ ။ ။ အောင်မာ ... ငါလည်း ဘီလူးမင်း တိုင်းပြည်က လာတဲ့ လူကွ။ အင့်ဟင်ကရို ... ။ ဟောဝန်မြိုင်ဦး၊ အစွယ်ပြူး၊ ဘီလူးယက္ခ၊ သူ့သိုင်းစကြာ၊ ယမ်းမွှေ့လို့ ခါလိုက်လျှင်၊ ကမ္ဘာတောင် ကွဲထရမကွယ့်နော်။ ငါဟာ ဘီလူးမင်းတိုင်းပြည်က မင်းသားကွ။

ဒေါ်။ ။ ဟား ... ဟား ... ဟား။ မင်းတို့က ကြွားနေလိုက်ကြတာ။ ငါလည်း ကျားမင်းတိုင်းပြည်က လာတဲ့လူကွ။ မင်းတို့ ဒါလောက်တောင် ကြွားချင်ကြလျှင် မင်းတို့တိုင်းပြည်ကို မင်းတို့ ပြန်သွားကြပါလား။ ဘာဖြစ်လို့ ဘိုးဘိုးရဲ့ ဂူမှာ လာပြီး ခိုနေကြသလဲကွာ။

ရသေ့ငယ်စံ၊ သည်တော သည်မြိုင်ယံ၌ ရန်ဘယာဝေး။

တို့ကစားမယ်ကွယ့်၊ တို့စားမယ် အချိန်မှန်ပ၊့။

သူတော်စံ ဂူမြတ်နန်းမှာ၊ ချမ်းမြေ့တယ်လေး။

ငါတော့ ဘိုးဘိုးရဲ့ဂူမှာ နေမယ်။ ဘိုးဘိုးရဲ့ဂူမှာ ပျော်မယ်။ နဂါးမင်းသားလေ့၊ ဘီလူးမင်းသားလေ့ ဆိုပြီး မကြွားချင်ပေါင်။ ကိုင်း ... အခုနေ အမောက်ကြီးနဲ့ နဂါးကြီးက မင့်ကို လာဖမ်းလျှင် မင်း ... ဘယ့်နဲ့လုပ်မလဲ။ ပြောစမ်း။

သ ။ ။ နဂါးကြီးက ... ငါ့ကို။ ဟင့်အင်း ... ဟင့်အင်း။ ငါ့ကို ... လာမပြောနဲ့။

ဒေါ်။ ။ (ပဥ္စသို့) မင်းကော။ အခုနေ အစွယ်ကြီးနဲ့ ဘီလူးကြီးက မင့်ကို လာဖမ်းလျှင် မင်း ... ဘယ့်နဲ့လုပ်မလဲ။ ပြောစမ်း။

ပ ။ ။ ဘီလူးကြီးက ... ငါ့ကို။ ဟင့်အင်း ... ဟင့်အင်း။ ငါ့ကို လာမပြောနဲ့။

ဒေါ်။ ။ အင်း ... အင်း။ ဒီလို မေးလိုက်တော့လည်း သူတို့ ကြောက်လိုက်ကြတာ။ ဟော ... ဘိုးဘိုး ပြန်လာပြီ။

[ ရသေ့ကြီး ထွက်လာစေ။ မင်းသားငယ် သုံးပါးသည် ပျာယီးပျာယာ ...တို့၏ နေရာများ၌ ပြန်ထိုင်ကြစေ။ ရသေ့ကြီး၌ ပခုံးတွင် သစ်သီးခြင်းတောင်း ...လာစေ။ ]



www.burmeseclassic.com

www.burmeseclassic.com



ပ ။ ။ က…။

သ ။ ။ ကာ …။

ဒေါ်။ ။ ကိ …။

ပ ။ ။ ကီ …။

သ ။ ။ ကု …။

ဒေါ်။ ။ ကူ။ (ကကြီးရေး နှစ်ချောင်းငင် ကူ။)

ရသေ့ ။ ။ (ခေါင်းညိတ်လျက်) တော်ကြဦး၊ တော်ကြဦး။ (မင်းသားငယ် သုံးပါး စာအံ ရပ်ကြစေ။ ရသေ့ကြီးသည် ပဋ္ဌအနီးသို့ သွား၍ တောင်ဝှေးဖြင့် တို့၍ ခေါ်ရာ ပဋ္ဌသည် ရသေ့ကြီးနောက်သို့ လိုက်သွားစေ။ ရသေ့ကြီးသည် ပဋ္ဌအား သစ်သီးတစ်လုံး ပေးရင်း) ရော့ … ငါ့မြေး။ တစ်ယောက်တည်း စားနော်။ သူတို့ သွားမပြောနဲ့။ (ဂူတွင်းသို့ ဝင်သွားစေ။)

ပ ။ ။ (အဖော်များ အနားသို့ ရစ်သီရစ်သီ လာ၍) ဟော့… ဒီမှာကြည့်စမ်း။ ငါ့ကို ဘိုးဘိုးက ချစ်လို့ပေးတာ။ သိပ်ချိုမှာပဲ။

သနှင့်ဒေါ် ။ ။ ကြည့်စမ်း … သူတော့ ရတယ်။ တို့လည်း တောင်းမှာပေါ့။ လာ။ (ဂူတွင်းသို့ ပြေးဝင်ကြစေ။ ရသေ့ကြီးကို ဆွဲ၍ ထွက်လာကြစေ။)

သ ။ ။ သူတော့ ရတယ်။ တပည့်တော်တော့ မရဘူး။

ဒေါ်။ ။ တပည့်တော်ကိုလည်း ပေးရမယ် ဘုရား။ ပေးရမယ်။

ရသေ့ ။ ။ ကြည့်စမ်း။ မောင်ပဋ္ဌ … လာခဲ့။ သူတို့ကို မပြောနဲ့လို့ ငါမှာထားတယ် မဟုတ်လား။ ဘာဖြစ်လို့ သူတို့ကို ပြောရတာလဲ။ လာခဲ့။ ရိုက်မယ်။ ကုန်း … ကုန်း။ (ပဋ္ဌသည် ဒူးတုပ်၍ ရှိခိုးနေစေ။)

(ရသေ့သည် ရိုက်ရန် တောင်ဝှေးကို မြှောက်ကိုင်လိုက်စေ။ သခ်နှင့် ဒေါ်နတို့က တောင်ဝှေးကို နောက်မှနေ၍ ဆွဲလိုက်ကြစေ။ ရသေ့ လဲစေ။ သခ်နှင့် ဒေါ်နတို့သည် မိမိတို့နေရာသို့ ပြေး၍ ထိုင်ကြစေ။ စာအံကြစေ။)

သ ။ ။ က …။





ဒေါ်။ ။ ကာ …။

သ ။ ။ ကိ …။

ဒေါ်။ ။ ကီ …။

ရသေ့ ။ ။ အောင်မယ် … သူတို့ ကစားဖော်ချင်းကို ရိုက်မယ်လုပ်တော့၊ စိုးရိမ်လိုက်ကြတာ။ ကူရမှန်း သိလိုက်ကြတာ။ မောင်ပဋ္ဌ။ သွားတော့။ စာအံချေ။

(ပဋ္ဌသည် အဖော်များနှင့် အတူ စာအံနေစေ၊ အတန်ငယ်ကြာသော် ရသေ့ကြီးသည် သခ်အနီးသို့ သွားစေ။ တောင်ဝှေးဖြင့် တို့၍ ခေါ်စေ။ သခ် လိုက်သွားစေ။)

ရသေ့ ။ ။ (တိုးတိုးပြော၍ သစ်သီးနှစ်လုံး ပေးရင်း) ရော့ … ငါ့မြေး တစ်ယောက်တည်းစား။ သူတို့ကို သွားမပြောနဲ့။ (ဂူတွင်းသို့ ဝင်သွားစေ။)

သ ။ ။ (အဖော်များ အနီးသို့ ရစ်သီရစ်သီ လာ၍) ဟော့ … ဒီမှာကြည့်စမ်း။ နှစ်လုံးတောင် ငါရတယ်။ ဘိုးဘိုးက ငါ့ကို ချစ်လို့ပေးတာ။ သိပ်ချိုမှာပဲ။

ပနှင့်ဒေါ် ။ ။ ကြည့်စမ်း … နှစ်လုံးတောင်။ တို့လည်း တောင်းမှာပေါ့။ (ဂူတွင်းသို့ ပြေးဝင်ကြစေ။ ရသေ့ကြီးကို ဆွဲ၍ ထွက်လာကြစေ။)

ပ ။ ။ သူတော့ နှစ်လုံးတောင် ရတယ်။

ဒေါ်။ ။ တပည့်တော်ကို … ပေးရမယ် ဘုရား။ ပေးရမယ်။

ရသေ့ ။ ။ ကြည့်စမ်း– မောင်သခ် လာခဲ့။ သူတို့ကို မပြောနဲ့လို့ ငါ မှာထားတယ် မဟုတ်လား။ ဘာဖြစ်လို့ သူတို့ကို ပြောရတာလဲ။ လာခဲ့။ ရိုက်မယ်။ ကုန်း … ကုန်း။ (သခ် ဒူးတုပ်၍ ရှိခိုးနေစေ။)

(ရသေ့သည် ရိုက်ဟန် တောင်ဝှေးကို မြှောက်ကိုင်လိုက်စေ။ ပဋ္ဌနှင့် ဒေါ်နတို့က တောင်ဝှေးကို နောက်မှနေ၍ ဆွဲလိုက်စေ။ ရသေ့ လဲစေ။ ပဋ္ဌနှင့် ဒေါ်နတို့သည် မိမိတို့ နေရာသို့ ပြေး၍ ထိုင်ကြစေ။ စာအံကြစေ။)



www.burmeseclassic.com

www.burmeseclassic.com



ပ ။ ။ က ...။

ဒေါ်။ ။ ကာ ...။

ပ ။ ။ ကီ ...။

ဒေါ်။ ။ ကီ ...။

ရသေ့ ။ ။ မောင်သခ်။ သွားစာအံချေ။ (သခ် ထသွားစေ။ အဖော်များနှင့် အတူ၊ စာအံနေစေ။) ဩော် ... သူတို့ ကစားဖော်ချင်း ဆိုတော့ သူတို့ အချစ်ကြသားပဲ။ ကိုင်း ... မြေးတို့။ မြေးတို့။ လာကြကွယ်။ လာကြကွယ်။ (တပည့်များသည် ရသေ့ကြီးထံသို့ လာကြစေ။) မောင်သခ်က နဂါးပြည်က တပည့်။ ဟုတ်ကဲ့လား။ မောင်ပဥ္စက ဘီလူးပြည်က တပည့်။ ဟုတ်ကဲ့လား။ မောင်ဒေါနက ကျားမင်းပြည်က တပည့်။ ဟုတ်ကဲ့လား။ မောင်တို့ဟာ ဇာတိချင်း မတူကြပေမဲ့၊ သဘာဝချင်း မတူကြပေမဲ့၊ ဘိုးဘိုးရဲ့ ရသေ့ဂူ ရသေ့ကျောင်းမှာ အချင်းချင်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေကြရမယ်ကွယ့်၊ သိရဲ့လား။ ကိုင်း ... မောင်သခ်က သစ်သီးနှစ်လုံး ရပြီးပြီ မဟုတ်လား။ ဒီတော့ မောင်ပဥ္စက နောက်ထပ် တစ်လုံးယူ။ မောင်ဒေါနက တစ်လုံးယူ။ မောင်ဒေါနက တစ်လုံးမှ မရသေးတော့ နှစ်လုံးယူပေါ့ ကွာ။ ဘိုးဘိုးဟာ ဒီသစ်သီးတွေကို မေတ္တာတော် မဟာမြိုင်က ခူးလာတယ်။ မေတ္တာတော် မဟာမြိုင်ထဲမှာ ကိန္နရာတွေ ဇော်ဂျီတွေ ရှိတယ်။ ကိန္နရာတွေဟာ သီချင်းဆိုပြီး ကကြတယ်။ ဇော်ဂျီတွေဟာ ကျောက်ဖျာပေါ်မှာ ဆေးကြိတ်နေလိုက်ကြတာ ဂျိတ် ... ဂျိတ်။ ဂျိတ် ... ဂျိတ်နဲ့။ မောင်တို့ လိုက်ကြည့်ကြမလား။

ပ၊ သ၊ ဒေါ် ။ ။ ကြည့်ချင်တယ် ... ဘိုးဘိုးရဲ့။

ရသေ့ ။ ။ အေး ... အေး။ ငါ့မြေးများ သင့်သင့်မြတ်မြတ်သာ နေကြ။ တစ်နေ့မှာ မြင်ကြရမှာပေါ့ကွယ်။ ကဲ ... ကဲ ... သွားကြ။ စားကြ ပေ့ ... ပေ့။ နေဦးကွယ့်၊ နေဦးကွယ့်။ ဘိုးဘိုး အိုက်လိုက်တာကွာ။ ဘိုးဘိုး ရေချိုးချင်တယ်။ ရေလောင်းပေးကြစမ်းကွယ်။





ဒေါ်။ ။ ပေ့ ... မောင်ပဥ္စ။ ဂူထဲမှာ ရေခွက်သွားယူကွာ။ (ပဥ္စသည် ဂူထဲသို့ ဝင်စေ။) ပေ့ ... မောင်သခ်။ (ကဟာန်ဖြင့် သံချပ်ထိုးစေ။)

တို့အဘိုးက၊ ရေချိုးချင်သတဲ့။

ရေမိုးကြည်လင် အေးမြရဲ့လား။

ရေကန်ထဲမှာ ရေကြည်ရဲ့လား။ အေးရဲ့လား။

ကြည့်စမ်းကွာ။

သ ။ ။ (ရေကန်ကို ကြည့်ပြီးနောက်) ပေ့ ... မောင်ဒေါန။ (ကဟာန်ဖြင့် ဆိုရမည်မှာ)

တို့အဘိုးရဲ့၊ ရေချိုးကန်ဗျ။

သိကြားစီမံ စိမ်းလဲ့မြသား။

ရေတွေဟာ စိမ်းလို့၊ ကြည်လို့၊ အေးလို့။

ပ ။ ။ (ရေခွက်ကို ကိုင်မြှောက်လျက်၊ ထွက်လာစေ။ ရေခွက်ကို ဝဲဘက် ယာဘက် ယိမ်းထိုးလျက်)

မိုးပေါ်ပျံတဲ့ ငှက်ကဲ့

အမြီးက၊ ငေါ့ငှဲ ငေါ့ငှဲ။

မိုးပေါ်ပျံတဲ့ ငှက်ကဲ့

အမြီးက၊ ငေါ့ငှဲ ငေါ့ငှဲ။

ဒေါ်။ ။ မောင်ပဥ္စ။ ပေးစမ်း–ရေခွက်။ ပေ့ ... မောင်သခ်။ ရော့ ... ရေခွက်။ မင်းက ရေခပ်။ ရေခပ်ပြီးလျှင် ငါ့ကိုပေး။ ငါက အဘိုးကို ရေလောင်းပေးမယ်။ မောင်ပဥ္စ ... မင်းက ချေးတွန်းကွာ။ ဟုတ်လား။ ကိုင်း ... ရေခပ်ပေ့။

သ ။ ။ ခပ်ပြီနော်။ ပော ... ရော့ ... ရေခွက်။ (ဒေါနသို့ ကမ်းပေး။)

ဒေါ်။ ။ (လှမ်းယူပြီးနောက်) ရေလောင်းပြီနော်။ လူလူ ... လူလူ ...။



www.burmeseclassic.com

www.burmeseclassic.com



ပ ။ ။ (ရသေ့ကြီး၏ ကျောဘ်၌ ချေးတွန်းဟန်ဖြင့်) တွန်းတယ်ကွာ ... တွန်းတယ်ကွာ။

သ ။ ။ (ရေခွက်ကို ပြန်ယူ၍ ရေခပ်စေ။ ထို့နောက်) ဟော ... ရော့ ... ရေခွက်။

ဒေါ ။ ။ ရေလောင်းပြီနော်။ လူလူ ... လူလူ ...။

ပ ။ ။ တွန်းတယ်ကွာ ... တွန်းတယ်ကွာ။

သ ။ ။ ဟော ... ရော့ ... ရေခွက်။

ဒေါ ။ ။ ရေလောင်းပြီနော်။ လူလူ ... လူလူ ...။

ပ ။ ။ တွန်းတယ် ကွာ ... တွန်းတယ်ကွာ။

ရသေ့ ။ ။ ဟော့ ... တော်ပြီ။ တော်ပြီ။ (တစ်ကိုယ်လုံး တုန်လျက်) အဘိုး ချမ်းလာပြီကွ။ မောင်သခ် ... ဘိုးဘိုးရဲ့ အပေါ်ခြုံသက်န်းကို ပေးစမ်း။

သ ။ ။ (ကြိုးတန်း၌ တင်ထားသော အပေါ်ခြုံကို ယူပြီးနောက်) အဘိုး ဖမ်းနော်။ ပစ်ပေးလိုက်မယ်။ လာလေရော့ ... လဟာယ်။ (ရသေ့ကြီး ဆီသို့ မပစ်ဘဲ ဒေါနဆီသို့ ပစ်ပေးလိုက်စေ။)

ရသေ့ ။ ။ (တုန်လျက်) ဟ ... အဘိုးဆီကို ပစ်ပါ ...။

ဒေါ ။ ။ မောင်သခ်ကလည်း ... အဘိုးဆီကို ပစ်လိုက်ပါဆို။ မပစ်ဘဲကိုး။ ကဲ ... အဘိုး ဖမ်းနော်။ လာလေရော့ ... လဟာယ်။ (ရသေ့ကြီး ဆီသို့ မပစ်ဘဲ မောင်ပဋ္ဌဆီသို့ ပစ်ပေးလိုက်စေ။)

ရသေ့ ။ ။ ဟ ... ချမ်းလှပါပြီဟ။ မောင်ပဋ္ဌရ ... ငါ့ဆီကို ပစ်လိုက်စမ်းပါ။

ပ ။ ။ အဘိုး ... ဖမ်းနော်။ လာလေရော့ ... လဟာယ်။ (သခ် ဆီသို့ ပစ်စေ။)

သ ။ ။ အဘိုး ... ဖမ်းနော်။ လာလေရော့ ... လဟာယ်။ (ဒေါန ဆီသို့ ပစ်စေ။)





ဒေါ ။ ။ အဘိုး ... ဖမ်းနော်။ လာလေရော့ ... လဟာယ်။ (ပဋ္ဌ ဆီသို့ ပစ်စေ။)

(အတွင်းမှ "သယ်" ဟူသော အသံ မြည်စေ။ ပဋ္ဌသည် ရသေ့ကြီးဆီသို့ ပြေး၍ ခြုံပေးလိုက်စေ။ သခ်နှင့် ဒေါနတို့လည်း ရသေ့ကြီးရှိရာသို့ ပြေးလာ၍ ရသေ့ကြီး နောက်၌ ပုန်းကွယ်နေကြစေ။)

ဘီလူး ။ ။ (ခုန်ထွက်လာ၍) သယ် ...။ ငါဟဲ့ဘီလူး၊ စုံမြိုင် ဦးမှာ၊ အမှူးယက္ခ၊ ပေဋ္ဌဆို၊ မင်းပျိုပျိုကို၊ မြိုင်ညိုစုံခြေ၊ လိုက်လို့ငယ် ဖွေ လိုက်တယ်၊ သည်နေရာမှာ တွေ့ပါပေါ့လားကရို ...။ မပြေးနဲ့ဟဲ့။ (ပဋ္ဌကို လက်ညှိုးထိုးထားစေ။)

နဂါး ။ ။ (ခုန်ထွက်လာ၍) သယ် ...။ ငါဟဲ့ နဂါး၊ ရေလျှာ၊ မြေလျှာ၊ ဖွေအရှာ၊ နေရာတွေ များခဲ့ပေါ့၊ ကားခနဲယနေ့၊ မင်းငသခ်၊ သည် ကုမ္ဘာ၊ သည်မှာပင် တွေ့ပါပေါ့လား ... ကရို။ မပြေးနဲ့ဟဲ့။ (သခ်ကို လက်ညှိုးထိုးထားစေ။)

ကျား ။ ။ (ခုန်ထွက်လာ၍) အင့်ဟင် ကရို ... ငါဟဲ့ ကျားမင်း၊ စုံမြိုင်တွင်းမှာ၊ တောနင်း၍ရှာ၊ သည်မှာဒေါန၊ သည်ဂူဝမှာ၊ အလှသား တွေ့ပါပေါ့လား ... ကရို။ မပြေးနဲ့ဟဲ့။ (ဒေါနကို လက်ညှိုးထိုးထား စေ။)

ရသေ့ ။ ။ (မားမားမတ်မတ် ရပ်လျက်) အလို ...။ ဘယ်က ရန်သူ၊ ငါ၏ဂူသို့၊ ရန်မူ၍သာ အသင်နဂါး၊ ကျားနဲ့ဘီလူး၊ ငါ့နယ်ဦး၊ ကျူးကျော်၍ လာကြသလဲ။ တေဇာရောင်ကြွေ့၊ ငါရသေ့ကို၊ မတွေ့မကြားဖူး သလော။ ။ သည်မှာ မင်းသား၊ မင်းသုံးပါး၊ ရင်ဖွား ငါ့သွေး၊ ငါချစ်၍ မွေးသည်ကို၊ ကြွေးကာဟစ်ကာ၊ နင်တို့လာ၍ ငါမကြောက်၊ (လက်မှာ ပတ်ထားသော စိပ်ပုတီးကို ပြ၍) ပုတီးဝရစိန်၊ အာဏာရှိန်နဲ့၊ ချိန်လို့သာ ပေါက်လိုက်မယ်၊ ခေါင်းပျောက်လို့ သေကြရော့ ... လဟာယ်။ (ပုတီးဖြင့် ပေါက်ဟန်ပြုစေ။)



www.burmeseclassic.com

www.burmeseclassic.com



(နဂါး၊ ကျား၊ ဘီလူးတို့သည် နဂါးခေါင်း၊ ကျားခေါင်း၊ ဘီလူးခေါင်းတို့ကို ချွတ်ချ၍ ပြေးဝင်ကြစေ။)

ပ ။ ။ (ဘီလူးခေါင်းကို ကောက်ယူပြီးနောက်) သယ် ... နင် မပြေးနဲ့။

သ ။ ။ (နဂါးခေါင်းကို ကောက်ယူပြီးနောက်) သယ် ... နင် မပြေးနဲ့။

ဒေါ ။ ။ (ကျားခေါင်းကို ကောက်ယူပြီးနောက်) သယ် ... နင် မပြေးနဲ့။

ပ ။ ။ ဟော့ ... သူငယ်ချင်းတို့။ သူငယ်ချင်းတို့။ (အောက်ပါ ဗုံထောက်သံ ဆိုရန်။)

ဆရာတော် တို့အဘိုးရဲ့
တန်ခိုးမျှာ တေဇာ။

ရဇော့ ။ ။ (မိမိ၏ရင်ကို ပုတ်ပြလျက်) ဟဲ့ ... တပည့်တို့။ ငါ့ကို ဆိုကြတာလားကွ။ (ဆို၍ ကစေ။)

ပ ။ ။ ဆရာတော် တို့အဘိုးရဲ့
တန်ခိုးမျှာ တေဇာ
မိုးမကာ မြေမသာ
ရွှေမေတ္တာ တရား
တို့များဖြင့် အသက်ရှည်မယ်
ကျက်သရေ တိုးလို့ ဆပွား။

(သခ်၊ ဒေါနတို့က လက်ခုပ်တီး၍ စည်းလိုက်ကြစေ။ ရသေ့ကြီး ကစေ။)

[ ၁၉၃၅ ]

[ ၁၉၃၅ ခုနှစ် ကုသိုလ်ဖြစ် မိဘမဲ့ ကလေးသူငယ်များ ဂေဟာ၏ နှစ်ပတ်လည် ကျောင်းကပွဲအတွက် ဤဇာတ်ငယ်ကို ရေးပေးခြင်း ဖြစ်သည်။ ]

ကာလီဒါသ ၏

သကုန္တလပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com

[ တောကစားရန်၊ ပုရပြည့်ရှင်–ခုသန္တ မင်းကြီးနှင့်၊ ရထားမှူးတို့ ရထားစီး၍ ထွက်လာစေ။ ခုသန္တ မင်းကြီး၏ လက်တော်၌ လေးစကြာနှင့် မြားတို့ကို ကိုင်လာစေ။ ]

ရထားမှူး ။ ။ (မင်းကြီးနှင့် သမင်ကို ကြည့်လျက်) လေးစကြာရှင်ဘုရား ။ ။ မြိုင်တစ်ခွင်ဝယ်၊ ရွှေသမင်လှ၊ ရွှေမြားတော် သမည်ဟု၊ ဘုန်းဘုရားသဏ္ဌာန်၊ ဒေဝါသိကြား၊ နတ်တစ်ပါးသို့၊ အလားပုံ မှုဟန်နှင့်၊ တူတန်တော်မူလှပါကြောင်း ဘုရား။

မင်း ။ ။ ရထားမှူးငဲ့၊ ဒီသမင်ကြောင့်၊ ကိုယ်တော်မြတ် ဟောမဝန်မှာ ခရီးဖြင့် အတန်လွန်ခဲ့ပြီ။ ကြည့်စမ်း မောင်မင့်။ ။ သမင်ရွှေရေး၊ ပုံပုံကလေး၊ ကြောက်သွေးပိုလျှံ၊ လည်တိုင်ကို ပြန်တဲ့၍၊ ငါ့ထံမျှော်စား၊ သမင့် သားငယ်၊ သနားဖွယ်သာ၊ မြားစကြာကို၊ ကြောက်ရှာလွန်းလို့ ထင်ပါ့– ရထားမှူးငယ်။

သူပြေး၍ ခုန်ပေါက်၊ လမ်းတစ်လျှောက်လဲ၊ မြိုးပြောက်ကြဲပြန့်၊ မြက်တစ်ပိုင်းပြတ်၊ သူ့ဝါးဖတ်တို့၊ လတ်ဆတ်၍ သန့်ပါဘိ၊ လန့်ကြောက်၍သာ၊ သူ့အစာကို၊ ချခဲ့ရှာရော့၊ ဘယာသက်ဘေး၊ သည်အရေးကြောင့်၊ အပြေးလျင်မြန်၊ မိုးတိမ်ယံမှာ၊ ခုန်ပျံမတတ်၊ ငှက်လို့ပင် မှတ်သင့်ငဲ့။ ကြည့်





စမ်း မောင်မင့်။ ။ ရွှေသမင်နှယ်၊ အပြေးလျင်လိုက်တာ၊ နီးတစ်ခါ ဝေးတစ်လှည့်နဲ့၊ မျက်ခြည်ပင် ပြတ်လှပါပေါ့လား၊ မောင်မင့်။

ရထားမှူး ။ ။ မှန်လှပါ၊ ဘုရားကျွန်တော်လည်း၊ မြေကြမ်းသည့်နေရာများကို၊ ရောက်တဲ့အခါမှာ၊ မြင်းဇက်ကို ချုပ်တင်း၍၊ ရထားကို ခပ်နှေးနှေးနှင်ပြီး၊ ရွှေသမင်ကို၊ တာဦးပေးခဲ့ပါတယ်။ ယခုအခါ၊ ညီညာသောမြေတလင်းသို့ ရောက်နေပြီ ဖြစ်ပါ၍၊ ဒီတစ်ကြိမ်ဖြင့် ရွှေသမင်ကို အမီလိုက်နိုင်ကောင်းပါတယ်၊ အားလျှော့တော်မူပါနဲ့ ဘုရား။

မင်း ။ ။ ကောင်းလှပြီ၊ မြင်းဇက်ကို လျှော့လိုက်စမ်း မောင်မင့်။

ရထားမှူး ။ ။ နာခံလျက်ပါ ဘုရား။ (မြင်းဇက်ကို လျှော့၍၊ ရထားကို အသော့နှင်ပြန်သည်။)

ရှုတော်မူပါ ကေရာငယ်။ ။ ဓာနည်အသ၊ ဇက်ကြိုးလှကို၊ လျော့ချခဏ၊ ရထားလှလည်း၊ မိုးဝတိမ်ယံ၊ ခုန်မတတ် မြန်ခဲ့ပြီ။ မြင်းတော်ယဉ်လည်း၊ ကောင်းကင်လျှင်သွေး နားရွက်ချီချီ၊ လည်ချီချီ၊ အားသီလို့ပြေးကြ၊ အမွေးက တထောင်ထောင်၊ ရထားနောက်လမ်း၊ မြိုင်စခန်းမှာ၊ ပုတ်တန်းကြီး နေမှောင်ခဲ့ပါပြီ– ရွှေလေးရှင် ဘုရား။

မင်း ။ ။ ရထားမှူးငဲ့၊ ငါ၏ မြင်းတော်များလည်း၊ ရွှေသမင်ကို မီလုလု ရှိနေပြီ။ ကြည့်စမ်း မောင်မင့်။ ။ ရထားယာဉ်လည်း၊ နှင်လေလျက်သာ၊ မြန်းလွန်းတော်မူရှာ၍၊ မှာမှာဝန်းကျင်၊ ပန်းသစ်ပင်၊ မထင်မရှား၊ မှုန်မွှားမွှားထဲ၊ ထင်ရှားဧကန် ဖြစ်ခဲ့တယ်။ နှစ်ခုကွဲပြား၊ ဝတ္ထုများလည်း၊ တစ်သားတည်းပင် ထင်ခဲ့တယ်။ ကွေ့ကောက်မလှ၊ မြင်သမျှလည်း၊ ဝင်းပဖြောင့်လို့ စင်းခဲ့တယ်။ အနီးပတ်ရံ၊ မြိုင်တစ်တန်လည်း၊ ဝေးရာမှာ ကုန်ခဲ့၍၊ ဝေးလံသည် ဟိုခရီးလည်း၊ အနီးသို့သာ၊ ဆိုက်လာပါပေါ့လား မောင်မင့်။

မှန်း– ရှေ့နားကသမင်၊ ရွှေလေးကို ဒေါင်တင်၍၊ ဝိညာဉ်ကို ဖြတ်တော့မယ်။ ကြည့်စမ်းကွယ့် ရထားမှူး။ (သမင်ကို လေးတော်နှင့် ချိန်ရွယ်လေသည်။)



www.burmeseclassic.com

www.burmeseclassic.com



(ကားတွင်းမှအသံ) လွှတ်တော်မူပါ ဒကာတော် ရေမြှေရှင်၊ လွှတ်တော်မူပါ။ ဤရွှေသမင်၏ အသက်ကို ချမ်းသာပေးတော်မူပါ။

ရထားမှူး ။ ။(အသံကြားရာဆီသို့ နားထောင်ရင်း၊ လှမ်းကြည့်လျက်) ရွှေဘုန်းတော်ကြောင့်၊ ကိုယ်တော်မြတ် လေးစကြာဖြင့် ချိန်ရွယ်ထားသော သမင်ကို ကယ်ဆယ်ရန်၊ ရသေ့နှစ်ပါး ချဉ်းကပ်လာပါပြီ ဘုရား။

မင်း ။ ။ဟင် ... ဒါဖြင့်လျှင်၊ ရထားကို ရပ်စမ်းကွယ့်။

ရထားမှူး ။ ။နာခံလျက်ပါ ဘုရား။ (ရထားကို ရပ်လိုက်လေသည်။)

[ရသေ့နှစ်ပါး တောအကြားမှ ထွက်လာစေ။]

ရသေ့ ။ ။ (လက်တစ်ဖက်ကို ဆန့်တန်းလျက်) အို ... ဒကာတော် ရေမြှေရှင်၊ ဤသမင်မှာ ရသေ့များ သုတ်သင် ကျွေးမွေးထားသော သမင် ဖြစ်ပါတယ်။ ဆရာတော်တို့က အရှူခံသဖြင့် ဓိဝိတဒါန ပြုအပ်ပါတယ်၊ ဒကာတော်။ လူတို့ ဥက္ကတ်၊ အို ... မင်းမြတ်ငယ်။ ။ မီးခတ်သည့်ဖောပန်း၊ ညှိုးပျက်လို့ နွမ်းသကဲ့သို့၊ သခ်မ်းသုတ်သင်၊ ဤသမင်လည်း၊ ဝိညာဉ်စဉ်လွင့်၊ စိန်ချွန်တော်ဒဏ်သင့်၍၊ သေခွင့်ဖြစ် နီးတော့မယ်၊ ထီးတစ်ရာ့ ရာဇာက၊ လေးစကြာကို ယူကာ သိမ်းသင့်ပါငဲ့။ စကြာနတ်ပေး၊ မင်းတို့လေးကား၊ ဖြစ်ဝေးမရှက်၊ နှိပ်စက်ကလူ၊ ခံရသူကို၊ ကူညီစရာ၊ ခမ္မတာတဲ့၊ နှလုံးဖြူလွင်၊ ပြစ်မျိုးစင်အား၊ မဆင်မခြင့်၊ မြားဒဏ်သင့်၍၊ အခွင့်မလျော်၊ ချိန်ဆတော်မူပါဦး–ဒကာတော်။

မင်း ။ ။ ကောင်းလှပါပြီ။ လေးစကြာကို သိမ်း၍၊ ဣန္ဒြေကို ချုပ်ထိန်းပါတော့မယ်၊ ဆရာတော်ဘုရား။

ရသေ့ ။ ။ သာဓု၊ သာဓု၊ သာဓု ... ။ ဒကာတော် ရေမြှေရှင်မှာ မြတ်သော ပုရရိုးမှ ဆင်းသက်၍ မြတ်သော နှလုံးသားနဲ့ ပြည့်စုံပါပေတယ်။ နောင်အခါလည်း ဒကာတော် ရေမြှေရှင်၌ စကြာကို အစိုးရနိုင်သော သား





ကောင်း ရတနာများ ဖွားသန့်စင်ပါစေ ဆိုတာကို၊ ဆရာတော်တို့က ဆုတောင်းမင်္ဂလာ ပြုပါတယ်၊ ဒကာတော်။

မင်း ။ ။ ဆုမွန်ကောင်း တောင်းသည်ကို ကြားနာရသဖြင့်၊ ရွှင်လန်း ဝမ်းမြောက်လှပါတယ် ဘုရား။

ရသေ့ ။ ။ ကောင်းလှပြီ ဒကာတော်။ ဆရာတို့မှာ၊ ယခုအခါ၊ သခ်မ်းချောင်မှာ အသုံးပြုဖို့၊ ထင်းအခွေ ထွက်လာခဲ့တော့၊ လမ်းခုလတ်မှာ ရောက်နေပေပြီ။ သို့သော်၊ ဟောဒီ မာလိနီ မြစ်ကမ်းတစ်လျှောက် သွားရင်း၊ တပည့်ပေါင်း များစွာနှင့် သီတင်းသုံးလျက် နေတော်မူသော ကန္နဝဆရာရသေ့ကြီး၏ သခ်မ်းဘုံကို ဒကာတော်မင်းမြတ် ရောက်ပေလိမ့်မည်။ ဒကာတော် မင်းမြတ်မှာ ဆောင်ရွက်စရာ အခြားကိစ္စများ မရှိပါက၊ ကန္နဝဆရာတော်ကြီး၏ သစ်သီးရေစာ၊ ရိပ်သာယာတို့ကို ခံယူသင့်ပါတယ်။ အို... ဒကာတော်မင်းမြတ်။

သခ်မ်းချောင်ဝယ်၊ ရန်မှောင်မရှိ၊ ပကတိလျှင်၊ အခိသီလ၊ ကျင့်ကြဘာဝနာ၊ ချောင်ချမ်းသာကို၊ ဒကာရှုမျှော်၊ ရောက်ခဲ့သော်က၊ ဒဏ်တော်စုံခ၊ ရုံးညာလှ၏၊ စောင်မသည်ပိုး၊ အကျိုးဖြစ်ပုံ၊ လက်ရုံးမြတ် သင့်ဂုဏ်ကို၊ သင်ရာဇာ မြင်ကြုံကောင်းပါငဲ့ ဒကာတော်။

မင်း ။ ။ မှန်လှပါ။ ကန္နဝဆရာတော်ကြီးမှာ သခ်မ်းဘုံ၌၊ ယခု သီတင်းသုံးတော် မူလျက်ပါပဲ ဘုရား။

ရသေ့ ။ ။ ယခုအခါ ကန္နဝဆရာတော်ကြီးဖြင့် သခ်မ်းဘုံမှာမရှိပေဘူး။ သူ့သမီး ရသေ့မ သကုန္တလာအတွက် ယတြာပြုရန်၊ သောမတိသအရပ်ကို ကြွသွားတော်မူတယ်။ သူ့သမီးဖြင့် သခ်မ်းဘုံမှာ ရှိလေငဲ့ ဒကာတော်။

မင်း ။ ။ ကောင်းလှပါပြီ၊ ဆရာရသေ့ကြီးကို မဖူးမြော်ရသော်လည်း သမီး ရသေ့မအား၊ တပည့်တော် အဖူးအမြော် လာရောက်ကြောင်း၊ လျှောက်ထားစေရန် သခ်မ်းဘုံကို ဝင်သွားပါဦးမည် ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ ။ ။ ကောင်းလှပြီ။ ဆရာတို့လည်း လိုရာခရီးကို ဆက်လက်ဖို့ ကိစ္စက ရှိသေးတယ်။ ဒကာတော်က ခွင့်ပြုပေတော့ဗျား။ (ရသေ့များ ဝင်စေ။)

မင်း ။ ။ ရထားမှူးငှဲ့။ ရသေ့တို့ မွေ့လျော်တဲ့ သခ်မ်းဘုံဟာ နှလုံး ကြည်လင်စရာ ကောင်းပေတယ်။ ရထားကို နှင်စမ်းဦး မောင်မင့်။

ရထားမှူး ။ ။ နာခံလျက်ပါ ဘုရား။ (ရထားကို နှင်ပြန်သည်။)

မင်း ။ ။ (ပတ်ဝန်းကျင်ကို ရှုစားလျက်) ရထားမှူးငှဲ့၊ ဒီနေရာဟာဖြင့် ရသေ့တို့၏ သခ်မ်းချောင် ပရိဝုဏ်ပဲလို့ ကိုယ်တော်မြတ် မှတ်စွဲတော် မူတယ် မောင်မင့်။

ရထားမှူး ။ ။ စွဲယူတော်မူရင်းကို မိန့်တော်မူမှ၊ ကြားသိရပါမည် ဘုရား။

မင်း ။ ။ ကြည့်စမ်း မောင်မင့်။ ။ ဤသစ်ပင် ဤမြေသာမှာ၊ ဆံမညှာဆံကဲ၊ သရကာကျေး၊ နုတ်နီကြွေးက၊ ဖွေးဖွေးပြန့်လို့ ကျဲတော့တယ်။ ကျည်ကျောက်ဆုံ၊ ကျောက်ရဂုံ၊ နှစ်စုံတွဲလဲ၊ ဆီရည်စိုလို့ ရွှဲတော့တယ်။ ရသေ့ကျွေးမွေး၊ သမင်ထွေးလည်း၊ မပြေးမလွှား၊ ငါတို့နားမှာ၊ ကစားလို့သာ နေတော့တယ်။ သည်မှာတစ်ဖန်၊ ရေလှောင်ကန်မှာလည်း၊ ဖန်ဝါသက်န်း၊ သစ်ခေါက်ပြုတ်ရည်၊ နီတွေတွေ၊ ပေပေကျဲလို့ စွန်းတော့တယ်။ မြစ်ခွင်တက်ဆင်း၊ အမြစ်ပျဉ်းလည်း၊ လေညင်းဆော်ပင့်၊ ဘယ်ညာကို ဝင့်ကြ၍၊ နီရဲတဲ့ ပန်းရဂုံ၊ ရသေ့ချောင် လျှိုရိုးက၊ မီးခိုးကြောင့်မှုန်။ ။ သမင်မျှ သူ့တစ်ငုံငယ်၊ ကြောက်တုန်လှလေဘူး။ ။ ဟိုသို့လာ သည်သို့ သွားငယ်နှင့်၊ မြသားရောင် မြက်အခင်းမှာ၊ ရှင်လို့ ခုန်မြူး။ ။ တယ်ထူးတဲ့ သခ်မ်းတော်ရာ ပါကလား မောင်မင့်။ ကိုယ်တော်မြတ်လည်း ထူးခြားတဲ့ သည်လက္ခဏာများကို ဆင်ခြင်၍၊ သခ်မ်းချောင် ပရိဝုဏ်ရယ်လို့ စွဲယူတော်မူမိတယ်။





ရထားမှူး ။ ။ မှန်လှပါ၊ စွဲယူတော်မူသည့်အတိုင်း၊ အမှန်ပင် ဖြစ်ပါကြောင်း ဘုရား။

မင်း ။ ။ ရထားမှူးငှဲ့၊ ဆိတ်ငြိမ်တဲ့ ချောင်ရိုးမှာ တိုးဆင့်၍ မမောင်းနှင့်တော့။ ရထားကို တန့်ပြီးသကာလ၊ ကိုယ်တော်မြတ် သည်နေရာကပဲ ဆင်းကြွတော်မူမယ်။

ရထားမှူး ။ ။ မှန်လှပါ။ မြင်းဇက်တော်ကို ချုပ်ကိုင်မိပါသဖြင့် ကိုယ်တော်မြတ် ဆင်းကြွရန် အဆင်သင့်ရှိကြောင်းပါ ဘုရား။

မင်း ။ ။ (ရထားမှ ဆင်းသက်၍ ပတ်ဝန်းကျင်ကို ရှုစားရင်း) အင်း ... လက်နက်လေးမြား၊ ရွှေသားရတနာ၊ မင်းတန်ဆာများဟာ၊ ရသေ့သူမွန်တို့ တရားနှလုံးသွင်းရာ သခ်မ်းဘုံနှင့်ဖြင့် မလျော်ပေဘူး။ မောင်ရထားမှူးက သိမ်းဆည်းထားရမယ်။ (မင်းဝတ်တန်ဆာ၊ လေးမြားတို့ကို ပေးစေ။) ကိုယ်တော်မြတ် ပြန်မလာခင်လည်း၊ မြင်းတော်များကို ရေမိုးသုံးသပ်၍ ထားရမယ် မောင်မင့်။

ရထားမှူး ။ ။ မှန်လှပါဘုရား။ (ရထားနှင့်တကွ ဝင်စေ။)

မင်း ။ ။ (လျှောက်ရင်း ရှုစားလျက်) ဩော် ... ရသေ့တို့သခ်မ်းဟာ စိတ်ချမ်းမြေ့စရာပါကလား။ ဝင်တော်မူဦးမှ သင့်တော်မှာပဲ။ (လက်ရုံးသား လှုပ်လာသဖြင့်) အလို ... ရုံးညာရွှေလက်၊ လှုပ်ချက်ကယ်ဆန်း၊ ဖူးစာကြင်မိတ်၊ သည်ကိုရိပ်လို့၊ နိမိတ်များ သမ်းသလား။ သခ်မ်းရိပ်လှုံ၊ သူတော်ဘုံမှာ၊ ကြုံရန်ခက်ခဲ၊ ဘယ်ကြောင်းနဲ့လို့၊ အံ့အဲစဖွယ်၊ မကြုံလေတန်၊ ကြုံတတ်ရန်၊ ကံကိုတွယ်၍၊ ယိုးမယ်ဖွဲ့ရမှာပေါ့လေ။

ကားတွင်းမှအသံ ။ ။ ဒီဘက်လမ်းက သွားရအောင်၊ မမရို့။ ဒီဘက်လမ်းက သွားရအောင်။

မင်း ။ ။ (နားထောင်လျက်) သခ်မ်းချောင် လက်ယာဘက်က၊ မိန်းကလေးအသံ လိုလိုပါကလား။ အတွေ့ သွားလေဦးမှပဲ။ (လျှောက်သွား၍) အလို ... ရသေ့မကလေးတွေ၊ ရေအိုးတော် အရွယ်သင့်တွေနဲ့ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းမန်တွေကို ရေအလောင်းလာကြတယ် ထင်ရဲ့။ ယဉ်ကျေးလိုက်ကြပါဘိ ရွှေပြည်အောင်ချာ၊ နန်းဘုံသာဝယ်၊ ကလျာမျှော့ပန်း၊ မှန်ကြေးမုံမှာ၊ လှဂုဏ်ကို ဆန်းကြသော်လည်း၊ မြိုင်ခန်းပျော်မွေ့၊ မြိုင်ခလေ့၊ သည်မေ့ကလျာ သည်မာလာတို့က၊ အလှတွေ သာလှပါကလားကွယ်ရို့။ ငါကိုယ်တော် သည်ခြုံရိပ်က၊ တစ်ဆိတ်ကလေး စောင့်ဆိုင်း၍ ကြည့်ဦးမှပဲလေ။

[ သကုန္တလာနှင့် ရသေ့ပျိုမ နှစ်ပါးတို့ ရေအိုးများကို ပိုက်၍ ထွက်လာကြစေ။]

အနုသူယ ॥ ॥ မမလေးရဲ့၊ ကြည့်စမ်းပါဦး။ ခမည်းတော်ဘုရားက မမလေးကို ဟောဒီ ပန်းပင်ကလေးတွေလောက် မမြတ်နိုးပါဘူး။ တကယ်လို့ မြတ်နိုးရင်းမှန်ရင်၊ ဒီပန်းပင်ကလေးတွေရဲ့ နံဘေးက ရေမြောင်းတွေမှာ ရေသွင်းပေးဖို့၊ မမလေးကို ဘာခိုင်းစေတော်မူမှာလဲ။ မမလေးလည်း နုနယ်တဲ့ စံပယ်ပွင့်ကလေးပဲ မဟုတ်လား။

သကုန္တလာ ॥ ॥ အို ... ဒီလိုမပြောပါနဲ့ နုသူသူရယ်။ မမလေး ကိုယ်တိုင်ကလည်း သည်ပန်းပင်ကလေးတွေကို တစ်အူတုံ့ဆင်း ညီမအရင်းလို့ အောက်မေ့လှပါတယ်။ ခမည်းတော်ဘုရားရဲ့ အခိုင်းတော်သက်သက် ကြောင့်သာ မဟုတ်ပါဘူး။ မမလေးကလည်း စေတနာထားလျက်ပါ နုသူသူ ရဲ့။

ပိယံဝါဒ ॥ ॥ ကုန္တလာအမိရေ့။ မမဖြင့် ဒီဘက်က နွေဦးရာသီ အလိုက် ပွင့်ဖူးကြတဲ့ ပန်းသစ်ပင်တွေကို ရေလောင်းပြီးပေပြီ။ ဆောင်းရာသီ တုန်းက ပွင့်ဖူးခဲ့ကြတဲ့၊ ဟိုနားက သစ်ပင်တွေဖြင့် ကျန်နေသေးတယ်။ သူတို့ကိုလည်း ရေလောင်းပေဦးမှ ဖြစ်မယ်။ ဒါမှ စေတနာမြတ် ထားရာ ရောက်တော့မပေါ့။ အခု မမတို့ ပန်းသစ်ပင်တွေကို ရေလောင်းပေးတာဟာ သူတို့ဆီက အပွင့်အဖူးတွေကို ပန်ဆင်ချင်လို့ မဟုတ်ဘူးနော်။ လာဘ်လာဘ ကို မျှော်လင့်ပြီး ပြုစုဆောင်ရွက်ပေးတာဟာ၊ မြတ်တယ်လို့ မဆိုသာပေဘူး။ စေတနာသက်သက်နဲ့ ပြုစုပေးမှ မြတ်ပေတယ်။

သကုန္တလာ ॥ ॥ ဒါပေါ့ မမပိယံရဲ့။ မမရဲ့ စိတ်ထားကဖြင့် မြင့်





ပါတယ်။ (ဆောင်းရာသီက ပွင့်ဖူးခဲ့ကြသော ပန်းရုံများဆီသို့ သွား၍ ရေလောင်းနေကြစေ။)

မင်း ॥ ॥ (မိမိဘာသာ ညည်းညူသည်မှာ) အလို၊ ကန္ဒဝဆရာ တော်ကြီးရဲ့ သမီး သကုန္တလာဆိုတာဟာ၊ သည်ကလျာပဲ ထင်ရဲ့။ ဩော်... ဆရာတော်ကြီးနှယ်၊ အရောင်ညှိုးညှိုး သစ်ခေါက်ဆိုးအဝတ်ကိုမှ ဝတ်ပေး ရက်လေခြင်းနော်။ ဘာဝနာသုံး၊ ရသေ့ဘုန်းငယ်၊ မြကုံးကေရှင်၊ စိန်တစ်ပင် အား၊ အဆင်တော်နွမ်း၊ သစ်ခေါက်မြန်း၍၊ ကြမ်းတမ်းမလျော်၊ ချောင်မှာ ပျော်ဟု၊ ခိုင်းတော်မူတတ်၊ တောင့်တင်းခိုင်မာ၊ နွယ်မဟာကို၊ ရွှေကြာနှင့် ဖြတ်သကဲ့သို့၊ မအပ်တော်မူလှပါကလား ဆရာတော်ဘုရား။ ဒီသစ်ပင် အကွယ်နားက၊ သူ့အဖော်တစ်စုနဲ့ နေဟန်ကို ရှုစားဦးမှပဲ။

သကုန္တလာ ॥ ॥ နုသူသူငဲ့ ... မမပိယံ ဆင်ဝတ်ပေးတဲ့ ရင်လျား လျှော်တေဟာ ကျပ်တည်းလိုက်တာ၊ လျှော့ပေးစမ်းပါ။

[ အနုသူယ ရင်ကို လျှော့ပေးစေ။ ]

ပိယံဝါဒ ॥ ॥ အင်း ... အင်း၊ အမိက မမကို အပြစ်တင်မစောနဲ့ ဦး။ အမိကိုယ်တိုင်ကလည်း အရွယ်တော်ဝင်စမို့၊ လှလည်းလှ၊ စိုလည်းစို၊ အလိုလို ဖွံ့ထွားလာတော့၊ နုပျိုတဲ့ ကိုယ်အရွယ်ကို အပြစ်တင်ရလိမ့်မယ်။

မင်း ॥ ॥ (ဘာသာ ဆိုရမည်မှာ) အင်း ... မမပိယံ၊ မိန့်လိုက်ဟန် များဟာ မှန်လိုက်တာ။ အဘယ်ကလျာ၊ ကုန္တလာငယ်၊ ဖန်ဝါလဲ့ထုံ၊ ရင်ဝတ် ရုံက၊ ပဒုံကြာစစ်၊ သည်တဖြစ်လဲ၊ ကလျစ်ကလျူ၊ ကညာဂုဏ် မူလွန်းလို့၊ နွေဆန်းခါမီ၊ သည်ရာသီဝယ်၊ ရော်ရီရွှေသား၊ ရွက်ချပ်ကြားက၊ ပွင့်ထွားတဲ့ မာလာလို၊ ဝင်းလို့ငယ် စိုပါဘိ။ ဩော် ... ကိုယ်ရုံလွှာ သစ်ခေါက်ဆိုးပေမဲ့၊ သည်ကလျာ ဆင်ဝတ်တော့၊ တစ်မျိုးကို အဆင်းလှပြီး၊ ယဉ်စစရှိပါကလား။ အလှဘုရင်၊ သည်ကလျာဆင်ရင်တဲ့၊ အဆင်ညစ်ညှိုး၊ သစ်ခေါက်ဆိုးကို၊ အဆိုးမဆို၊ မောင်ကဖြင့် ညိုပါဘု၊ ထိုထိုအိုင်ကမ်း၊ မှော်ပင်နွမ်းကြောင့်၊ ကြာပန်းပို၍ လှရတယ်။ တိမ်မှောင်ညစ်ခင်း၊ သန်းခေါင်မင်းကြောင့်၊ လမင်း



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ပရတယ်။ အလှကလျာ၊ သည်ကညာလည်း၊ ရှိုလွှာဖန်ဆွတ်၊ သည် အဝတ်ကြောင့်၊ ကြည်ညွတ်အူသည်း၊ အလှဖြင့် ကဲပေတယ်။

သကုဏ္ဍလ ။ ။ ဟိုနားက သရက်ပင်ကလေးဟာ၊ သူ့အကိုင်းတွေကလည်း နွဲ့နွဲ့နှောင်းနှောင်း၊ လေထဲမှာ တပျောင်းပျောင်းနဲ့၊ ကျွန်မတို့ကို အကူတောင်းနေတယ် ထင်ပါရဲ့။ အမိ ရေလောင်းပေးလိုက်ဦးနော်။

[ သကုဏ္ဍလလည်း သစ်ပင်အနီးသို့ သွားစေ။ ]

ပီယံဝါဒ ။ ။ အမိရေ၊ အဲဒီဟိုနားမှာ ခေတ္တလောက် ရပ်လိုက်စမ်းပါဦး။ အဲ ... အဲ ... ငြိမ်ငြိမ်ကလေး။

သကုဏ္ဍလ ။ ။ ဘာလုပ်ခိုင်းတာလဲ မမရဲ့။

ပီယံဝါဒ ။ ။ ဩော် ... အမိက သရက်ပင်နားမှာ အခုလို ရပ်နေတော့၊ သရက်ရဲ့ ပင်စည်မှာ နွယ်ပင်ကလေး ရစ်ခွေနေသလို၊ လှလွန်းလို့ပါ အမိရဲ့။

သကုဏ္ဍလ ။ ။ အင်း ... အင်း ... မမက အမြွက်အပင့်တွေနဲ့ စကားတတ်လိုက်တာ။ ဒါကြောင့်မို့ မမကို ပီယံဝါဒလို့ ခေါ်ကြတာ။

မင်း ။ ။ (မိမိဘာသာ) ပီယံဝါဒ ပြောလိုက်တဲ့ စကားဟာ အမြွက်အပင့် မဟုတ်သေဘူး။ အမှန်ပေပဲ။ မယ့်လက်မောင်းငယ်၊ နွဲ့နှောင်းညာတံ၊ ဆိုပါတန့်ငဲ့၊ သန္တာစိုရွှမ်း၊ မယ့်နှုတ်ခမ်းလည်း၊ နီမြန်းမာလာ ဆိုစရာပါ့၊ မူရာယဉ်ကျေး၊ ငယ်မှသွေးနှင့်၊ မြိုင်မွေးကလျာ၊ သည်ကညာငယ်၊ လှပေါင်းစုံဖြာ လှချည့်ကွယ်ရှိ။

အနသူယ ။ ။ အလို ... ဒီဘက်မှာလည်း 'ဝနသော်တာ' လို့ မမလေး နာမည်ပေးထားတဲ့ စံပယ်ရုံကလေးပါလား။ ကြည့်စမ်းပါဦးတော့၊ သူကလည်း တစ်ကိုယ်တည်း မရွှင်မွေ့လို့ ကြင်ဖေ့တော် သည်သရက်နဲ့ မင်္ဂလာ အကြည်ဆက်ပြီး နေပါပေါ့လား။

သကုဏ္ဍလ ။ ။ (အနီးသို့သွား၍ ရွှင်လျော်သော အမူဖြင့်) ဟုတ်ပါသူရယ်။ သူတို့ကလည်း မောင်နှံစုံ ယှဉ်ပူး၍ ရွှင်မြူးလို့ နေပါကလား။





ကြည့်စမ်းပါဦး၊ စံပယ်ရုံကလည်း သူ့အပွင့် စံပယ်ပန်းတွေနဲ့ တကယ်တမ်း လန်းဆတ်ပြီး၊ အလွမ်းမာတ်နှင့် နွဲ့နေတာပဲ။ ဒီဘက်က သရက်ပင်ကလည်း သူ့အပင် သရက်ကင်းတွေနဲ့၊ မင်းယောကျ်ား ပုံသဏ္ဍာန်လို ဂုဏ်ဟန်တော် ကြွယ်ဝင့်၍ တင့်တယ်လှပါကလား နှသူသူရဲ့။ (ဆို၍ စံပယ်ရုံနှင့် သရက်ပင်တို့ကို တစ်လှည့်စီ ကြည့်နေလေသည်။)

ပီယံဝါဒ ။ ။ (ပြုံးလျက်) နှသူသူရဲ့၊ ညည့်မမကလေးက သူ့ စံပယ်ရုံ ဝနသော်တာကို ဒေါမာန်ပါပါနဲ့ စိုက်ကြည့်နေလိုက်တာ၊ ကြောက်စရာ အေရယ်။

အနသူယ ။ ။ ဘာဖြစ်လို့တုံး၊ မမပီယံရဲ့။

ပီယံဝါဒ ။ ။ အို ... ညည့်မမကလေးက သူစိုက်တဲ့ စံပယ်ရုံကို၊ ဟိုသရက်ပင် သူတော်ကောင်းနဲ့ ဘယ်ပုံများ အကြောင်းဆက်မိကြတာလဲတဲ့။ သူလည်းပဲ ကြင်ဖက်တော် သူတော်ကောင်းနဲ့ ဘာဖြစ်လို့ အကြောင်းမဆက်ဘဲ နေရမှာလဲတဲ့။ ကြည့်ပါလား။ ညည့်မမလေးရဲ့ မျက်နှာပုံပန်းကိုက ကြင်ဖက်ကို မျှော်တမ်းတဲ့ လက္ခဏာပါလား၊ နှသူသူရဲ့။

သကုဏ္ဍလ ။ ။ အင်း ... အင်း ... မမသာ မျှော်တမ်းနေ။ ကိုယ်လိုချင်ရင်၊ ကိုယ်လိုချင်တယ်လို့ ပြောလိုက်ပါလား၊ အလကား။ (ဆို၍ သစ်ပင်များကို ရေလောင်းလျက် နေကြပြန်သတည်း။)

အနသူယ ။ ။ မမလေးရဲ့ ... ဒီဘက်ကို လာစမ်းပါဦး။ မမလေးကို ယုယသလို၊ ခမည်းတော်ဘုရား ကိုယ်တော်တိုင် စိုက်ပျိုးပြုစုတော်မူတဲ့၊ ဒီဘက်က အာသာဝတီ နွယ်ပင်ကြီးကို မေ့နေပြီလား။

သကုဏ္ဍလ ။ ။ အို ... ဟုတ်ပါရဲ့၊ မေ့ပါဘူး နှသူသူရယ်။ (နွယ်ပင်ဆီသို့ လာရောက်ပြီးလျှင် နွယ်ပင်ကို သေချာစွာ ကြည့်လျက်) အို၊ ... အံ့ဩဖို့ ကောင်းလိုက်တာ။ မမပီယံရဲ့ ကြွလာတော်မူစမ်းပါဦး။ ထူးဆန်းလွန်းလို့ပါ။

ပီယံဝါဒ ။ ။ ဘာများလဲ အမိရဲ့။



www.burmeseclassic.com

www.burmeseclassic.com



သကုဏ္ဏာလ ။ ။ လာပဲကြည့်စမ်းပါဦး။ နွယ်တန်းကြီးမှာ သူ့ရာသီအချိန် မဟုတ်ဘဲနဲ့၊ ပွင့်ဖူးနေလိုက်ကြတာ အမြစ်မြေအထိ စီတန်းနေတာပဲ။

နှစ်ဦးစလုံး ။ ။ အဟုတ်။ (ပြေးသွားကြစေ။)

သကုဏ္ဏာလ ။ ။ အို ... အဟုတ်ပါ မမရဲ့။ လာပဲ ကြည့်စမ်းပါဦး။ ကဲ ... မြင်ရဲ့လား။

ပီယံဝါဒ ။ ။ (အဖူးအပွင့်များကို မြင်သဖြင့် ဝမ်းသာအားရလျက်) အလို ဟုတ်ပါရဲ့။ အဖူးအပွင့်တွေ လှလိုက်တာ။ တန်တော့၊ တန်တော့၊ တို့ညီမကတော့ ကံပေါ်တာပဲ။ အမိမှာ ကြင်သူဆိုက်လို့ အကြိုက်တွေ့တော့မယ်၊ တယ်မကြာတော့ဘူး။

သကုဏ္ဏာလ။ ။ (စိတ်ဆိုးဟန်ဖြင့်) ကြည့်ပါလား၊ စ ပြန်ပြီ။ မမသာ အကြိုက်တွေ့။

ပီယံဝါဒ ။ ။ သြော် ... မမ အကောင်းပြောတာပါ။ စ တာမဟုတ်ပါဘူး။ ဟောဒီနွယ်ပင်မှာ ဖူးတံကလေးတွေ ချီလာပြီ ဆိုလျှင်၊ အမိမှာ ကြင်သူ ပေါ်လာလိမ့်မယ်လို့ ခမည်းတော်ဘုရား မိန့်တော်မူဖူးတယ်။ အမိ သတိမထားလိုက်ဘူးလား။

အနသူယ ။ ။ အောင်မယ် ... ဒါကြောင့်မို့ကိုး။ မမလေးက ဒီနွယ်ပင်ကြီးကို နေ့တိုင်းနေ့တိုင်း ယုယုယယနဲ့ ရေလောင်းတာ။ ရိပ်မိပါပြီ၊ ရိပ်မိပါပြီ။

သကုဏ္ဏာလ ။ ။ ဟော ... စ ပြန်ပြီ။ မဟုတ်ရပါဘူး နှသူသူရယ်။ ဒီနွယ်ပင်ကိုလည်း မမလေး ချစ်မြတ်နိုးတာပဲ။ ဒီတော့ သူ့ကိုလည်း နေ့တိုင်းပဲ ရေလောင်းပေးရမှာပေါ့။ (သစ်ပင်များကို ရေလောင်းနေကြပြန်သည်။)

မင်း ။ ။ (ဘာသာ ဆိုပြန်သည်မှာ) ဘုရား ... ဘုရား၊ သည်ကလျာဟာ၊ ခတ္တိယ အနွယ်တော်က ဖွားသန့်စင်လာလျှင်ဖြင့် အကြောင်းသင့် မှာပဲ။ သူ့ရုပ်လက္ခဏာတော်ကလည်း ခတ္တိယနွယ်ဖွားလို့ ထင်စရာပဲ။





လှကလျာ၊ မင်းကုဏ္ဏာငယ်၊ နွယ်လာသနစ်၊ ခတ္တိယစစ်ရယ်လို့၊ အနှစ်စ်ပွင့်၊ မဟေသီတန်၊ ရွှေညီရုံ၊ ဒေဝီခံသင့်တယ်လို့၊ သည်ဘုရင့်စိတ်ထဲ၊ မ်းပုံတော် ကဲခဲ့ပေါ့၊ သူပဲ နန်းကေခိုင်၊ စင်ဖြူစိတ်ဖော၊ မောင့်သဘောကာလိုခိုင်၊ မှန်နိုင်ကောင်းပါငဲ့ မိမိငယ်။ အကယ်ပင် ခတ္တိယနွယ်ရိုးလို့၊ မျိုးစုံ သိရအောင် စုံစမ်းဦးမှပဲလေ။

သကုဏ္ဏာလ ။ ။ (တုန်လှုပ်လျက်) အလို ... အလို ... ရန်သူတော်းအမိုက်ဟာ စံပယ်ရုံက ခွာပြီး၊ မျက်နှာမှာ ဝဲနေပါပေါ့လား။ (မျက်နှာ၌ လျက်နေသော ပျားကို ကြောက်လန့်သော အမူအရာဖြင့် မောင်းနေစေ။)

မင်း ။ ။ (အရေးယူ ရှုစားလျက်၊ မိမိဘာသာ ဆိုပြန်သည်မှာ) ခိမ့်ကလျာ၊ မင်းကုဏ္ဏာငယ်၊ ဘယ်ညာပျံလွှား၊ မျက်လွှာနားဝယ်၊ ပျားာင်ပံခတ်၊ မာယာလိုလို-ကြာလိုလို၊ ရင်ဖိုလို့ တတ်ရှာထင်ရဲ့။ ။ ... သတ္တဝါဆွေ၊ ပျားမောင်မွှေငဲ့၊ ရွှေမျက်နှာနွမ်း၊ သည်မယ့်ပန်းမှာ၊ သန့်းဝဲခုန်၊ နုနယ်ညှဲထွား၊ မယ်ရွှေပါးလည်း၊ ကြောက်အားနဲ့ တုန်ရှာပေါ့၊ ာင်ဟုန်က တပီပီ၊ မင့်နှုတ်က တစီစီ၊ မေတ္တာတော် ချွေစကားကို၊ ယ်နားမှာ တည်ရော့သလား။ ။ လှဲ့လုပ်ကယ် လှဲ့လီ၊ ရွှေပျားကို အသာာင်းလေတော့ ညွတ်ပျောင်းကာ ဘယ်ညာယိမ်း၊ တိမ်းတဲ့တိမ်းပြီ။ ။ ယ်နှုတ်ခမ်း ဣန္ဒနီဝယ်၊ မင်းပြီလို့ ရှင်လန်း။ သည်ဘုရင့်မှာဖြင့်၊ ကေပွင့်ကို ယ်အနွယ်လို့၊ တကယ်ပင် မသိတုန်းပေမို့၊ ဘုန်းပြိုင်သူ ဟိုရွှေပျားရယ် ကြောင့်၊ အားနွဲ့လို့ နွမ်း။ ။ ပန်းရနံ့ပျော်၊ ပျားရန်မော်ငဲ့၊ တော်ဝင်တဲ့ ည်အလှကို၊ မင်း လက်ရ ယူပေတော့ကွယ်။

သကုဏ္ဏာလ ။ ။ ကူကြပါဦး၊ မမရို့။ သည်ပျားနှယ် ထန်လှချည့်။

ပီယံဝါဒ ။ ။ (ပြုံးလျက်) အို ... မမတို့က ဘာမို့လို့ အမိကို င်မှာလဲ။ ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ ဒုဿန္တ မင်းကြီးကို ပင့်ခေါ်လိုက်ပါး။ သူက မမတို့ရဲ့ သခ်မ်းဘုံကို အစိုးရတော်မူတဲ့ မင်းတစ်ပါးပဲလား ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မင်း ။ ။ အင်း ... အခွင့်ကောင်းတော့ ကြုံလာပေါ့။ ကိုယ်တော် ရောင်ပြလိုက်ဦးမှပဲ။ အလို ... ဒီလိုဆိုလျှင်လည်း ငါကိုယ်တော်ကို ပြည့်ရှင် မှန်း သိနေကြဦးမယ်။ လူသာမညယောင် ဆောင်လိုက်ဦးမှ သင့်လျော်တော့ မပေါ့။

သကုဏ္ဍလ ။ ။ ခက်တော့တာပဲ။ မမတို့ကလည်း မကူလာ၊ ပျား ကလည်း ဝိုင်းလျက်၊ အမိဘာသာ အလွတ်ရုန်းတော့မယ်။ (ဆို၍ ခြေတစ် လှမ်း လှမ်းလျက် ပတ်ဝန်းကျင်ကို ကြည့်ကာ) အို ... ဒီပျားဟာ၊ လိုက်လာ ပြန်ပါပြီ၊ ကူကြပါဦး မမရို့၊ ကူတော်မူကြပါဦး။

မင်း ။ ။ (သစ်ပင်ချုံနွယ်မှ ထွက်လာ၍) သယ် ... ဓာတီ မြင့်မြတ်၊ ခတ္တိယဟု၊ ပုရုနွယ်ရင်း၊ ခပ်သိမ်းရန်မာန်၊ ပြားဝပ်နွံတဲ့၊ နိုင်ငံတွင်း ဝယ်၊ ရန်တင်းရဲဝံ့၊ အလုပြာဖြူ၊ သည်ဒါရူတို့ကို၊ ဘယ်ရန်သူ စွန့်မလဲ၊ နောက်တွန့်၍ ရှဲကြကွယ့်နော်။

[ ရသေ့မများ ဒုဿန္တမင်းကို မြင်ကြသဖြင့်၊ ထိတ်လန့် တုန်လှုပ်ကြ လေသည်။]

အနုသူယ ။ ။ ကြောက်စရာ ရန်သူတော်ကြီးတော့လည်း မဟုတ် ပါဘူး။ ဟောဒီ ကျွန်မတို့ရဲ့ အမိကို ပျားကလေးက ခြောက်လှန့်ပြီး ကျီစယ် နေတာပါ မောင်ကြီးရှင့်။ (သကုဏ္ဍလကို လက်ညှိုးညွှန်၍ ပြစေ။)

မင်း ။ ။ (သကုဏ္ဍလဘက်သို့ လှမ်း၍) နှမတို့က၊ သူတော် မြတ် သန်မ်းမှာ ရွှင်လန်းတော်မူကြတယ် ထင်ပါရဲ့နော်။

[ သကုဏ္ဍလကလည်း ရှက်သွေးကြောင့် တိတ်ဆိတ်စွာ မျက်နှာ ငုံ့လျက် နေသည်။ ]

အနုသူယ ။ ။ ဟုတ်ကဲ့ ... ပျော်ကြပါတယ်။ အခုလည်း မောင် ကြီး တစ်ပါး ကြွလာတော်မူလို့၊ ဝမ်းမြောက်လှပါတယ်။

ပိယံဝါဒ ။ ။ ကျွန်မကလည်း ဝမ်းမြောက်ပါတယ်။ မောင်ကြီး ကြွလာတော်မူတဲ့ အခါမှာ၊ ခြေလက်ဆေး၍၊ ကျွေးမွေးသော သစ်သီးရေများ





များလည်း သုံးဆောင်သွားပါ။ (သကုဏ္ဍလဘက်သို့ လှမ်း၍) ညီမ–ကုဏ္ဍလ ငဲ့၊ ဟောဒီ မောင်ကြီးဖို့ သစ်သီးတို့ ရေတို့ကို ယူချေပါ အမိရဲ့။

မင်း ။ ။ နေပါစေ မမရို့၊ အပင်ပန်း မရှာကြပါနဲ့။ ဖော်ရွေတဲ့ စကားကပဲ ဝတ္တရား ကျေပွန်လှပါတယ်။

အနုသူယ ။ ။ ထိုင်ပါဦးလား မောင်ကြီးရဲ့။ ဒီသစ်ပင်ခြေရင်းမှာ အရိပ်အေးချမ်းပါတယ်။

မင်း ။ ။ ကောင်းလှပါပြီ။ မမတို့လည်း မောပန်းကြပေလိမ့် မယ်။ ဒီနေရာမှာပဲ ခေတ္တ နားနေကြသေးတာပေါ့။

ပိယံဝါဒ ။ ။ (သကုဏ္ဍလနားသို့ ချဉ်းကပ်၍ ပြောသည်မှာ) မမတို့က ရှိုင်းလို့ဖြင့် မတော်ပေဘူးနော်။ ခေတ္တ ထိုင်ကြဦးမှ ဖြစ်မယ်။

[ ရသေ့မတို့ ထိုင်ကြသည်။ ]

သကုဏ္ဍလ ။ ။ (မိမိဘာသာ ဆိုသည်မှာ) ဩော် ... မြင်စက ဘာလိုလို၊ ရင်ထဲက ဖိုလှချည့်၊ သည်တစ်ခါဖြင့် မယ့်ဖြစ်ပုံ ဆန်းလှပါကလား နော်။

မင်း ။ ။ မမတို့မှာ နုပျိုတဲ့ အရွယ်တော်ချင်းကလည်း ညီတယ်၊ အတင့်တယ်ချင်းကလည်း ညီကြတဲ့ အပေါ်မှာ၊ တစ်ဦးနဲ့တစ်ဦး ချစ်ချစ် ခင်ခင်နဲ့ နေထိုင်ကြတာကို မြင်ရတော့၊ မောင်ကြီးဖြင့် ဝမ်းမြောက်မိပါ တယ်။

ပိယံဝါဒ ။ ။ (အနုသူယကို ကပ်၍) နုသူသူငဲ့၊ ညည်းနဲ့သိလို့ လား။ ဘယ်ကလူလဲ၊ ပုံပန်းကတော့ သိမ်မွေ့တဲ့ ပုံပန်းပဲ။ ခံ့လည်း ခံ့ညား၊ ယောကျ်ားမြတ် လက္ခဏာနဲ့လည်း ပြည့်စုံတယ်။ ထီးရိပ်နန်းဖွား နိုင်ငံသခင် များ ဖြစ်နေမှာလား။

အနုသူယ ။ ။ ဩော် ... မမပိယံနှယ်၊ ခက်ကောင်း ခက်ရချည့်။ ကျွန်မလည်း ဘယ့်နဲ့သိမှာလဲ။ မေးကြည့်လိုက်ရရင် မကောင်းဘူးလား၊ မေးကြည့်လိုက်မနော်။ (မင်းဘက်သို့ လှည့်၍) မောင်ကြီးရှင့်၊ ရဲဝံ့စွာ ... ယ်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်း အောက်မေ့တော်မူပါနှင့်၊ မောင်ကြီးက ဘယ်အမျိုး ဘယ်အနွယ်၊ ဘယ်ဌာန ဘယ်နိုင်ငံက ပါလဲ။ ယခုအခါ ကျွန်မတို့ရဲ့ သခ်မ်းဘုံကို ကြွလာတော်မူတဲ့ အကြောင်းရင်းများကို မောင်ကြီးက မိန့်ကြားမှ သိရပါမယ်။ စေတနာ မေတ္တာနဲ့ မေးပါတယ်၊ မောင်ကြီးရှင့်။

သကုဏ္ဍလ ။ ။ (မိမိဘာသာ ဆိုသည်မှာ) ချစ်သွေးမခုန်စမ်းပါနဲ့ အေရယ်။ ညည်းသိလိုတဲ့ အရေးကို နှုသူသူက မေးနေပြီ မဟုတ်လား။

မင်း ။ ။ (မိမိဘာသာ ဆိုသည်မှာ) မှန်ရာကို ဖွင့်ပြောလိုက်ရရင်၊ သင့်လေမလား။ ဟယ် ... ဖုံးဖိပြီး ထားဦးမှပေါ့။ (အနုသူယသို့ လှမ်း၍) ဒီလိုပါ၊ မောင်ကြီးက ဒုဿန္တ မင်းကြီး၏ တိုင်းပြည်ကပါ။ မောင်ကြီးမှာ အတတ်ပညာများကို ရှာဖွေဆည်းပူးနေသူ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒုဿန္တ မင်းကြီးက ခိုင်းစေတော်မူတာနဲ့ နိုင်ငံတကာကို လှည့်လည်ပြီး၊ သတ္တဝါအများ တရားစရိုက် မှန်ကန်စွာ ကျင့်ကြမည်၊ မကျင့်ကြသည်တို့ကို လိုက်လံပြီး ကြည့်ရှုစောင့်ရှောက်ရပါတယ်။ ယခု ရောက်လာရတဲ့ အကြောင်းကလည်း မောင်ကြီးမှာ ကဏ္ဍဝဆရာတော် ရသေ့ကြီးရဲ့ သခ်မ်းဘုံ၌ ရန်ဘယာ မြူမှသမ်းဘဲ၊ အေးချမ်းသာယာ ရှိစေရန် အစောင့်အရှောက် လှည့်လာခဲ့ပါတယ်။

အနုသူယ ။ ။ သြော် ... ဒါဖြင့်လျှင်၊ ဒီသခ်မ်းဘုံမှာ ကျွန်မတို့ မိန်းမသားတွေကို စောင့်ရှောက်ကြည့်ရှုမယ့် သူတော်သူမြတ်တစ်ပါး ပေါ်ပေါက်လာသလို ဆိုပါတော့။ ဝမ်းသာလိုက်တာ မောင်ကြီးရယ်။

[ သကုဏ္ဍာမှာ ရှက်သွေးကြောင့် ကာဏ္ဍမြွေပျက်ယွင်း၍ နေလေသည်။]

ပိယံဝါဒ ။ ။ (သကုဏ္ဍလနှင့် မင်းတို့၏ ဖောက်ပြန်သော အမူအရာကို မြင်သဖြင့် သကုဏ္ဍလအား တိုးတိုးကပ်၍) အမိရေ့၊ အခုနေ ခမည်းတော်ဘုရားများ ရှိရင် ...။

သကုဏ္ဍလ ။ ။ ရှိရင် ဘာဖြစ်မှာတဲ့လဲ။





ပိယံဝါဒ ။ ။ ရှိရင်၊ ခမည်းတော်ဘုရားက၊ သူ့ အင်မတန် ချစ်မြတ်နိုးတော်မူတဲ့ ရတနာကလေး တစ်ပါးကို ချက်ချင်း ပေးသနားတော်မူလိုက်မှာပေါ့။

သကုဏ္ဍလ ။ ။ (စိတ်ဆိုးဟန်ဖြင့်) သွားပါ။ မမတို့စကားက ဆန်းပြားလှတယ်၊ အမိ နားမထောင်ချင်ဘူး။

မင်း ။ ။ အနို့... မမရို့ ညီမကလေးအကြောင်းကို တစ်ခွန်းလောက် မေးစမ်းပါရစေ။ စိတ်ရှိတော်မူကြပါနဲ့နော်။

အနုသူယ ။ ။ အို–မေးတော်မူပါ မောင်ကြီးရှင့်။ သိလိုလို့ မေးတော်မူရင်ပဲ ကျွန်မတို့မှာ ဂုဏ်တက်မိပါတယ်။

မင်း ။ ။ ဒီလိုပါ မမရို့၊ ကဏ္ဍဝဆရာတော်ကြီးမှာ ယခုအသက်အရွယ်တိုင်အောင်၊ ကာမဂုဏ်ကို ငြီးငွေ့ပြီး၊ ရသေ့ သူမြတ်ဘဝနဲ့ ကျင့်သုံး ဆောက်တည်လာတယ်လည်း ဆိုရဲ့။ မမရို့ ညီမဟာလည်း၊ ဆရာတော်၏ သမီးလည်း ဆိုရဲ့။ အဲဒါ မောင်ကြီးဖြင့် အံ့ဩလို့မဆုံး ဖြစ်နေရပါတယ်။

အနုသူယ ။ ။ သြော် ... ဒီလိုပါ မောင်ကြီးရှင့်၊ ခတ္တိယအနွယ်တော် ဖြစ်တဲ့ ကောသိလပြည့်ရှင်မင်းကို မောင်ကြီး ကြားဖူးမှာပေါ့နော်။

မင်း ။ ။ အို ... ကောသိလပြည့်ရှင်ဟာ ဘုန်းသမ္ဘာတော်နဲ့ ပြည့်စုံတဲ့ မင်းတစ်ပါးပဲ။ မောင်ကြီး ကြားဖူးတာပေါ့။

အနုသူယ ။ ။ အဲ ... ၊ အဲ ... မောင်ကြီးနှမတော်မှာ၊ အဲဒီ ကောသိလမင်းရဲ့ ရင်သွေးတော်ပါပဲ။ နောင်မှ ခမည်းတော်ဘုရားက စွန့်ပစ်ထားတော်မူခဲ့လို့ ကဏ္ဍဝဆရာတော်ကြီးက ကောက်ယူမွေးစားပြီး၊ သမီးအရင်းလို မြတ်နိုးတော်မူပါတယ်။

မင်း ။ ။ အို ... ။ မောင့်နှမလေးကို စွန့်ပစ်ထားခဲ့လို့၊ ဆရာတော်ဘုရားက ကောက်ယူ မွေးမြူတော်မူတယ်။

အနုသူယ ။ ။ မှန်ပါတယ်၊ မောင်ကြီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ။ ။ ဒါဖြင့်ရင် ဘယ်လို အခင်းရယ်လို့၊ အကြောင်းစုံ လင်းစမ်းပါဦးလား။

အနုသူယ ။ ။ ဒီလိုပါ မောင်ကြီးရဲ့ ... ။ အခါတစ်ပါးက ကောသိလ ပြည့်ရှင်မင်းမှာ၊ မြိုင်ရိပ်ခိုပြီး၊ ကမ္မဋ္ဌာန်းတရားကို ပွားများ ကျင့်သုံးလို့ နေပါတယ်။ ဒီအခါမှာ နတ်ဆိုးပါပများလည်း အကျင့်သိက္ခာ နဲ့ ပြည့်စုံတဲ့ ပြည့်ရှင်မင်းကို မလိုမုန်းထားပြီး၊ မေနက ဆိုတဲ့ နတ်သမီး တစ်ပါးနဲ့ ဖြားယောင်းစေပါတယ်။

မင်း ။ ။ ဩော် ... အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ သူတွေကို၊ ဒီ နတ်ပါပတွေဟာ အလိုလို အကြောစိမ့်ပြီး ထိတ်လန့်ကြတယ် ထင်ပါရဲ့ နော်။ ကဲ ... ကဲ ... ဆက်ပြီး လင်းစမ်းပါဦး။

အနုသူယ ။ ။ အဲဒါနဲ့ ... တစ်ခါကျတော့၊ မိုးရာသီကလည်း ဆန်းစ၊ မေနက နတ်သမီးကလည်း မေ့မောမတတ် လှပသော အဆင်းကို ဆောင်ပြီး၊ ပြည့်ရှင်မင်း ... ကို ... ။ (စိတ်ရှုပ်ထွေးလာသဖြင့် အပြော ရပ်နေလေသည်။)

မင်း ။ ။ သိပါပြီ ... သိပါပြီ။ ဩော် လက်စသတ်တော့၊ နှမ ကလေးက နတ်သမီးရဲ့ ရင်သွေးတော် အစစ်ပေကိုး။

အနုသူယ ။ ။ မှန်ပါတယ် မောင်ကြီးရှင့်။

မင်း ။ ။ အင်း ... ဒါကြောင့်ပဲ ထင်ရဲ့။ လူ့ဘုံလူ့ဇာတ်၊ မိန်းမ မြတ်ပင်၊ မွေးတတ်စရာ၊ သည်ကလျာကို၊ ဘယ်မှာ တတ်နိုင်စွမ်းပါအံ့။ လျှပ်ဝါထိန်ရဲ၊ စိန်တနဲလည်း၊ မြေထဲကသာ၊ ခွဲလို့လာ၊ ဘယ်မှာပေါ်လို့ ထွန်းနိုင်ပါ့မလဲ မမရို့။

[ သကုန္တလာလည်း ရှက်သွေးလျှံ၍၊ စိတ်ရှုပ်ထွေးကာ ခေါင်းငိုက်စိုက် ကျလျက် နေသတည်း။ ]

မင်း ။ ။ (မိမိဘာသာ ဆိုသည်မှာ) ဩော်... ကိုယ်တော်မြတ် ထင်တိုင်းဖြင့်၊ မှုမရိုင်း သွေမှန်လို့၊ ဇာကန်ပင် ခတ္တိယဇာတိပေပဲ။





ပီယံဝါဒ ။ ။ (သကုန္တလာကို တစ်ချက်ကြည့်ပြီးလျှင်၊ မင်း ဘက်သို့ တစ်ဖန်လှည့်၍) မောင်ကြီးကို ကြည့်ရတာ၊ နောက်ထပ် မေးမြန်း လိုသေးတဲ့ လက္ခဏာပဲ။ မေးပါဦးလေ။

[ သကုန္တလာလည်း ပီယံဝါဒကို လက်ညှိုးဖြင့်ဝင့်၍ ကြိမ်းမောင်းလိုက် လေသည်။ ]

မင်း ။ ။ ကောင်းလှပါပြီ။ မောင်ကြီးမှာ မမရို့ သခ်မ်းဘုံကို ရောက်လာတော့၊ အလွန်တရာမှ အံ့ဩနှစ်သက်မိပါတယ်။ အနို့-စိတ် ရှိတော်မူပါနဲ့၊ တစ်ခွန်းလောက်မေးဖို့ အခွင့်ပြုပါဦး။

ပီယံဝါဒ ။ ။ မေးတော်မူပါ၊ မေးတော်မူပါ။ မမတို့ ရသေ့မ များမှာ၊ မေးလာသူရှိရင် မထိန်မချန် မှန်ရာကို ပြန်ကြားဖို့ အခွင့်ရှိပါတယ်။

မင်း ။ ။ ဩော် ... မေးလိုတာကတော့၊ မမရို့ညီမ၊ ကုဏ္ဍလ ဝယ်၊ ကာမလူ့ခွင်၊ မဝင်ခင်သာ၊ ဖြူစင်စွာနှင့်၊ ဖန်ဝါနီနှမ်း၊ ဤသက်န်းကို၊ ဆင်မြန်း၍သာ နေတာလား။ သို့ပါဟုတ်ဘဲ၊ လောကီမခင်၊ သည်အဆင်နှင့်၊ ထာဝစဉ်မြဲမယ်လို့၊ ယူစွဲတဲ့မိဋ္ဌာန်၊ သည်မယ့်မျက်လုံး၊ သမင်ဘုန်းတို့နှင့်၊ ပျော်သုံးမယ်ကြ၍မို့၊ တစ်သက်ပန်ပင် နေတော့မှာလား။

ပီယံဝါဒ ။ ။ မမတို့မှာတော့၊ တစ်သက်ပန်လုံးပဲ၊ ဖြူစင်သော ခလေ့နဲ့၊ ရှင်မွေ့မယ်လို့ အဓိဋ္ဌာန်ထားခဲ့ပါတယ်။ မမရို့ ညီမမှာတော့၊ ခမည်းတော်ဘုရားက၊ ဘုန်းပြိုင်မယ့်ကေရှင်၊ ပန်ဆင်ဖို့အခွင့်၊ ရွှေတစ်ပွင့် ဖြစ်စေရမယ်လို့ မိန့်တော်မူထားပါတယ် မောင်ကြီးရှင့်။

မင်း ။ ။ (ဝမ်းမြောက်၍ မိမိဘာသာ ဆိုသည်မှာ) ဩော် ... ဆွရန်အခင်း၊ အခုဖြင့် ရှင်းပေပေါ့၊ မီးပြင်းသဏ္ဍာန်၊ ပွေအောင်ဖန်တဲ့၊ စကလျာင့်၊ ခုမှဖြစ်လေ၊ သည်ဖအေဝယ်၊ ရွှေလည်ဆင်ကုံး၊ မြတနှုန်းကို၊ ဘင်ရုံးဖို့သာ ဖြစ်ပါပေါ့လားနော်။

သကုန္တလာ ။ ။ (စိတ်ကောက်၍) နသူသူငဲ၊ အမိ မနေချင်တော့ ဘူး၊ သွားတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



အနုသူယ ။ ။ အို … ဘယ်ကိုတုံး … မမလေးရဲ့။ ဘာကိစ္စများ ရှိလို့လဲ။

သကုန္တလ ။ ။ မမပီယံဟာ၊ အနှောင့်မလွှတ် အသွားမလွှတ်၊ ပြောချင်ရာတွေကို လျှောက်ပြောနေတယ်။ မယ်တော်ကို သွားတိုင်မယ်။ (ပြော၍ ထစေ။)

အနုသူယ ။ ။ မဟုတ်ပါဘူး၊ နေပါဦး။ တပင်တပန်း ကြွလာတော်မူတဲ့ မောင်ကြီးကို အားနာရပါသေးတယ်။ လောကဝတ်ကျေပွန်မှ သင့်မှာပေါ့ မမလေးရဲ့။

[ သကုန္တလကလည်း စကားပြန်မပြောဘဲ၊ လှမ်းဟန် ပြင်ပြန်သည်။]

မင်း ။ ။ (မိမိဘာသာဆို) ဩော် … ပြောပြောဆိုဆိုနဲ့ အဟုတ်ကို ကြွတော်မူမှကိုး။ (ထ၍ လက်ဖြင့်တားမည်ဟန် ပြုပြီးမှ၊ ကိုယ်ရှိန်ဣန္ဒြေကို ရုပ်သိမ်း၍) အို … မေတ္တာထားမည့်သူမှာ ဣန္ဒြေမယ့် မသရမ်းဘဲ၊ အလွမ်းတော်သန်သန်နဲ့၊ စေတနာမှန်လိုက်တာကလည်း အကောင်းသားပါပဲလား။ ။ ဩော် … မေတ္တာ့တံထွာ၊ သည်အာဏာကို၊ ဖိကာတား၍၊ သိမ်းထားဣန္ဒြေ၊ နောက်ဆုတ်လို့နေသော်လည်း၊ သည်ဖေနဲ့စိတ်ကူး၊ ရေးပုံတော် ထူးလွန်းလို့၊ ကြည်နူးဖွယ်ရန်၊ လွမ်းလို့သာ ဖန်လှပါကလား … ကွယ်ရို့။

ပီယံဝါဒ ။ ။ (သကုန္တလ၏ နောက်သို့ လိုက်လှမ်း၍) အို… အမိကလည်း စိတ်ကောက်လွယ်လိုက်တာ၊ မသွားပါနဲ့၊ လာပါ ပြန်ထိုင်ပါ။

သကုန္တလ ။ ။ အမိ ဘာဖြစ်လို့ ပြန်ထိုင်ရမှာလဲ၊ သွားမယ် ဖယ်။

ပီယံဝါဒ ။ ။ ဟော၊ ဟော … ကြည့်စမ်း၊ အမိ မသွားရသေးဘူး။ ဒီနားက သစ်ပင်ကလေး နှစ်ပင်က၊ အမိကိုယ်စား၊ မမ ကူပြီး ရေလောင်းပေးခဲ့ရတာကို အမိ မေ့နေပြီလား။ ဒီကျေးဇူးကို ဆပ်ရဦးမယ်။ နောက်ပြီးမှ လိုရာကို သွားရမယ်။ လာ … ။ (ဆို၍ သကုန္တလ၏ လက်ကို ကိုင်ဆွဲ၍ ခေါ်လေသည်။)





မင်း ။ ။ အို … ဒီလိုဖြင့် မမတို့ရဲ့ ကျေးဇူးကို မောင်ကပဲ ဝင်ကူပြီး ဆပ်ပေးပါ့မယ်။ နှမကလေးမှာ ပင်ပန်းလှပါပြီ။ ။ ကြည့်ပါမမ၊ မင်းပီယငယ်၊ အလှတစ်ပင် မြကေမျှင်ဝယ်၊ လက်ပြင်တော်နွဲ့၊ ရွှေအားတော် ယဲ့လှပေါ့၊ နုတ်ကဲ့ရင်ဖွား၊ မယ်လက်ဖဝါးလည်း၊ ညှံ့ထွားနုနု၊ သွေးခြည်တော် ဥပါပေါ့။ ကရုဏာဆင့်၊ ကြင်နာတော်မူသင့်ဖွဲ့၊ ပင့်ရှုတဲ့ သက်ဘဝင်၊ မောလို့ပဲ ထင်ရဲ့၊ ပန်ဆင်တဲ့ စံပယ်ပန်း၊ မြကေသီမှာ၊ ခွေရီလို့ နွမ်းတဲ့ပြင်၊ ရော့ရမ်းတဲ့ ဆံပင်၊ အခွေဆိုင် ပတ်သိမ်း၍၊ တိမ်းလို့သာ ပြင်နေပါပေါ့လား၊ မမရို့။ ကဲ … ကဲ၊ နှမကလေးရဲ့ ကိုယ်စား၊ မောင်ကြီးကပဲ ကျေးဇူးဆပ်ပါ့မယ်။ ဟော၊ ရော့ … ရော့ … ဟောဒီပစ္စည်းကို လက်ခံတော်မူကြပါ။ (ဆို၍ ပတ္တမြားလက်ဝတ်တော်ကို ချွတ်၍ ပေးစေ။ ပီယံဝါဒလည်း လှမ်းယူလိုက်ပြီးလျှင်၊ အနုသူယပါ လက်ဝတ်တော်ကို ကြည့်ကြပြန်ရာ၊ 'ဒုသျှန္တ' ဘွဲ့တော်ကို မြင်၍၊ အံ့အားသင့်ကာ တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြလေသည်။)

မင်း ။ ။ အို … အထင်တော် မလွဲကြပါနဲ့ဦး။ ဒီလက်ဝတ်တော် ရတနာဖြစ်ရင်လည်း၊ မောင်ကြီးက သူတစ်ပါးကို တစ်ဆင့်ပေးကမ်းဖို့ မလျော်ပါဘူး။ ကျေးဇူးဆပ်လိုတဲ့ စေတနာထားရင်ပဲ၊ ကျေးဇူးဆပ်ပြီးရာ ရောက်နေပါပြီ။

အနုသူယ ။ ။ ကဲ … ကဲ … ပြည့်ရှင်မင်းပဲလား၊ မောင်ကြီး ရိုးရိုးပဲလားတော့ မသိဘူး။ မမလေးကိုယ်စား၊ လက်ဝတ်တော်ရတနာနဲ့ ကျေးဇူးဆပ်လို့၊ မမလေး ရေမလောင်းရတော့ဘူးပေါ့။ လွှတ်ပါပြီ၊ လွှတ်ပါပြီ။ အို … အခု ဘယ်သွားဦးမလဲ။

သကုန္တလ ။ ။ (မိမိဘာသာ ညည်းညူရမည်မှာ) ဩော်… သည်က သဘောအတိုင်းသာဖြင့်၊ တွေ့ဦးကတည်းက၊ မောင့်အနားက တစ်ဖဝါးမှ မခွာရက်ပါဘူး မောင်ရယ်။ ခက်လိုက်ပါဘိ။

ပီယံဝါဒ ။ ။ ကဲ … သွားမှာ သွားလေ။



www.burmeseclassic.com

www.burmeseclassic.com



သကုန္တလာ ။ ။ အို ... မသွားနိုင်ပါဘူး။ မမရဲ့ အစေအပါးလိုက်လို့၊ ခိုင်းနေလိုက်တာ။ သွားချင်မှ သွားမှာပေါ့၊ မမရဲ့။ (ပြန်ထိုင်လေသည်။)

မင်း ။ ။ (သကုန္တလာကို ရှုစားရင်း၊ မိမိဘာသာ ဆိုပြန်သည်မှာ) သည်က မေတ္တာထားသလို၊ နှမလေးက ပြန်လို့မှ ထားပါ့မလားနော်။ ဟယ် ... ထားကောင်းပါရဲ့။ ။ သူ့မူရာတော်၊ သည်ဘက်မြော်လို့၊ မခေါ်မဖိတ်၊ ရွှေခွန်းတော်ဖိတ်သော်လည်း၊ ဆိတ်ဆိတ်ကယ်သာ၊ သည်မှာ မြွက်ကြား၊ မောင့်စကားကို၊ ရွှေနားတော်တင်ရှာရဲ့၊ မျက်နှာငွေလ၊ သည်ဘက်ကျွန်းကို၊ ထွန်းမပြလည်း၊ လှသည့်အနွယ်၊ မောင်မှာဝယ်၊ ရွယ်လေရက်သာ၊ ဘယ်ဘက်မှ မလှည့်ရှာပါကလား မမရို့။

ကားတွင်းမှအသံ ။ ။ ဟော ... သီတင်းဖော်တို့ရဲ့။ သခ်မ်းချောင်က ကျေးငှက် သားသမင်တွေကို သတိဝီရိယနဲ့ သိမ်းဆည်းထားကြကွယ်တို့။ သခ်မ်းချောင်အနီးမှာ၊ ဒုဿန္တမင်းကြီးဟာ၊ တောကစားတော်မူနေသကွယ့်။ ။ ဟော သူတော်၊ သီတင်းဖော်တို့၊ ပြည်တော်သခင်၊ ပုရှရှင်လည်း၊ မြိုင်ခွင်တစ်လျှောက်၊ သခ်မ်းနားမှာ၊ တောကစားရောက်ခဲ့လို့၊ ကသောက်ကရက်၊ နေနီပြက်သလို၊ သူ့မြင်းခွာက၊ မြုမှုန်ထ၊ မြိုင်ဝမှာ ညိုခဲ့ပေါ့။ စိုပဲ့သကျန်း၊ ခြောက်အောင်လှန်းတဲ့၊ သစ်ကိုင်းတန်းမှာလည်း၊ ပရမ်းပတာ၊ ကျိုင်းနိုကောင် အုံလာသလို၊ ပုံပမာ ဤအခင်းဖြင့်၊ လက်ငင်းပဲ တွေ့ကြပြီ၊ သီတင်းဖော်တို့။

မင်း ။ ။ (မိမိဘာသာ ဆိုသည်မှာ။) အလို၊ ကိုယ်ရံတော်များဟာ၊ ကိုယ်တော်မြတ်ကို အရှာကြူးလို့၊ ဆိတ်ငြိမ်တဲ့ ချောင်ဦးမှာ၊ အနှောင့်အယှက် ဖြစ်နေပါပေါ့လား။

ကားတွင်းမှအသံ ။ ။ ဟော... သီတင်းဖော်တို့ရဲ့၊ ဆင်ရိုင်းတစ်ကောင်ဟာ၊ တောလန့်ပြီး၊ ကျွန်ုပ်တို့၏ ချောင်အနီးမှာ၊ အင်မတန် ကြမ်းတမ်းနေသကွယ့်။ ချောင်သူချောင်သားတို့ရဲ့ အန္တရာယ် ဖြစ်နေပြီကွယ်ရို့။ ။ ဟော ... သူတော်၊ သီတင်းဖော်တို့၊ မြိုင်မော်တစ်ခွင်၊ ချောင်တစ်ပြင်





ဝယ်၊ ဆင်မာန်စွယ်ကျိုး၊ ချုံအလျှိုလျှို၊ မြို့ထိုထိုကို၊ မုန်ယိုလို့ ချိုးနေပေါ့။ ဆိုးလိုက်တဲ့ ... သူ။ နွယ်ပင်ပိတ်ပေါင်း၊ သူ ခိုအောင်း၍၊ ဖြောင်းဆန်အောင် ဆူလှချည့်၊ ချောင်ငှက သမင်၊ ချောင်မှာငြိမ်အေး၊ ရှုပ်လို့ထွေး၊ အပြေးငယ်နှင်ကြပေါ့၊ သည်ဆင်ဆော့သွမ်း၊ ချောင်ထိုထိုမှာ၊ တဇွေလို သရမ်းလှချည့်ကွယ်ရို့။

(ရသေ့မများ ကြောက်လန့်တကြား ဖြစ်ကြလေသည်။)

မင်း ။ ။ ဖြစ်မှ ဖြစ်ရပလေ။ ဆိတ်ငြိမ်တဲ့ သည်ချောင်မှာ၊ မောင်သက်သက်လာပြီး၊ ဒုက္ခပေးရာ ရောက်နေပါပြီ။ ကဲ ... ကဲ ပြန်ဦးမှပဲ။

ပီယံဝါဒ ။ ။ ဟုတ်ကဲ့ မောင်ကြီးရှင့်။ မမတို့ဖြင့် ဒီဆင်ကြောင့် စိုးရိမ်လှချည့်ရဲ့။ မမတို့ကိုလည်း ပြန်ဖို့ အခွင့်ပြုပါဦး။

အနသူယ ။ ။ (သကုန္တလာသို့ လှမ်း၍) မမဖုလေးရဲ့၊ ဂေါတမီမယ်မယ်ဖြင့်၊ ကျွန်မတို့အတွက် ပူပန်နေရှာလိမ့်မယ်။ ကဲ– လာ၊ လာ... ပြန်ကြဦးစို့ရဲ့။

သကုန္တလာ ။ ။ (ထလိုက်ရင်း ခြေကျဉ်ဟန်နှင့်) အလို ... ဘုရား၊ ဘုရား။ ခြေကျဉ်လိုက်တာ မမရယ်။ ခဏ္တ ဆိုင်းပါဦး၊ နသူသူရဲ့။

မင်း ။ ။ ဖြည်းဖြည်းပဲ ကြွတော်မူကြပါ မမရို့။ ဆင်အန္တရာယ်ကိုဖြင့် မောင်ကြီး တားဆီးပါ့မယ်။ စိတ်ချတော်မူကြပါ။

ပီယံဝါဒ ။ ။ ကောင်းလှပါပြီ။ မမတို့ဖြင့် မောင်ကြီးကို အခုမှတွေ့ရသော်လည်း၊ မောင်အရင်းကဲ့သို့ ချစ်ခင် ရှိသေပါတယ်။ အခုဖြင့်၊ ဆင်အန္တရာယ်ကြောင့် လောကဝတ် ကျေပွန်သင့်သလောက် မကျေပွန်ရသေးဘူး။ နောင်တစ်ခါများဖြင့် မောင်ကြီးနဲ့တွေ့ပြီး လောကဝတ် ကျေပွန်ချင်ပါသေးတယ်။ အခုဖြင့် စိတ်ရှိတော်မူပါနှင့်၊ မောင်ကြီးရှင့်။

မင်း ။ ။ အို ... မမတို့က လက်ခံ စကားပြောတာကိုပဲ၊ မောင်ကြီးက မင်္ဂလာတစ်ပါးလို့ အောက်မေ့ပါတယ်။ ကဲ ... ကြွကြပေရော့၊ ကြွကြပေရော့။



www.burmeseclassic.com

www.burmeseclassic.com



သကုဏ္ဏလ ။ ။ နုသူသူငဲ့၊ ခြေဖဝါးမှာ မြက်သမန်း ရှလိုက်တာ၊ ကြည့်စမ်းပါဦး။ အို ... ဒီသစ်ခက် အနွယ်ကလေးကလည်း ထဘီမှာ ငြိနေပြန်ပြီ။

[ ဆိုရင်း ဒုဿန္တမင်းကြီးဘက်သို့ တစ်ချက်တစ်ချက် ငဲ့ကာစောင်းကာ ကြည့်ပြီးလျှင် ထွက်ခွာသွားလေသည်။ ]

မင်း ။ ။ (ပင့်သက်ရှူ၍) အင်း ... သူတို့ဖြင့် သွားကြပေါ့။ ကိုယ်တော်မြတ်လည်း ပြန်ရမှာပေါ့လေ။ သြော် ... သည်ကလျာကြောင့်၊ ပြည်တော်ပြန် ခက်ချေပေါ့။ ဟယ် ... တတ်နိုင်ပါဘူး။ သူ့ကို စောင့်စားရင်း၊ ဒီသခ်မ်းချောင်အနီးမှာ ယာယီ သစ်ခက်နန်း ဆောက်ပြီး၊ ခေတ္တ စံလေမှ သင့်တော့မှာပဲ။ ။ ကုဏ္ဏလာမြတခဲငယ်၊ သည်စိတ်မှာ စွဲလှချည့်၊ ဘယ်နှဲ့ငယ်လေ၊ ဖြေလို့ငယ် ပြေပါ့မယ်။ သည်ရွှေကိုယ် သည်ခန္ဓာ၊ မယ့်ဆီက ခွာပေမင့်၊ မေတ္တာစိတ်ထား၊ မယ့်အနားက၊ တစ်ဖဝါးမကွာ၊ ခွာလို့ငယ် ကွာပါဘူး။ ဖေယျာအောင်လံ၊ လေကိုဆန်၍၊ ရန်းကန်သည့်တူ၊ သည်တစ်မူလို၊ တစ်ဆူမေတ္တာ၊ မယ့်မှာကိန်း၍၊ ညွတ်တိမ်းကာ ပါခဲ့ပေါ့–မိမိငဲ့။ (မင်းကြီး ဝင်စေ။)

(တစ်ခန်းရပ်)

* * *

မင်း ။ ။ စစ်မှူးငဲ့၊ တောကစားဖို့ လွှတ်ထားသော အထောက်တော်များကို ပြန်ခေါ်ရမယ်။ ငါ၏ ကိုယ်ရံတော် စစ်သည်များကိုလည်း၊ ရသေ့တော်တို့ရဲ့၊ သခ်မ်းနေရာကို အနှောင့်အယှက် မပြုကြရန်၊ မောင်မင်းက ဆင့်ဆိုရမယ်။ ။ သီလသမာ၊ ဘာဝနာနှင့်၊ သိက္ခာတင်လေ့၊ ရှင်ဖျော်မွေ့တဲ့၊ ရသေ့တို့ဝယ်၊ မီးနယ်အမျိုး၊ ဣဒ္ဓိကိုး၊ မြေလျှိုးမိုးသို့ ပျံနိုင်တယ်။ မဖွယ်မရာ၊ သူ့သိက္ခာအား၊ ရာရာစစ၊ မာန်မူကြလျှင်၊ တေဇထန်သည်း၊ ဣဒ္ဓိမီးလည်း၊ ညီးညီးလျှံလို့ ရဲတယ်။ ကြပ်ကြပ်ကြီး သတိထားရမယ်–မောင်မင့်။





စစ်မှူး ။ ။ ဗျာဒိတ်တော်မြတ် အတိုင်းပါ ဘုရား။ (အပါးက ခွာစေ။)

မဏ္ဍဗျ ။ ။ ဟော့ ... ဟော့ မုဆိုးအမတ်ရဲ့၊ မင့်ဘာသာ ပေါ့ပါးပြီး၊ မင့်ဘာသာ မွေ့ပါဦးလား။ သွား ... ။

မင်း ။ ။ (ရံရွေတော်များသို့) ရံရွေတော်များငဲ့၊ ယနေ့ ငါကိုယ်တော်မြတ် တောမကစားလိုဘူး။ မောင်မင်းတို့လည်း မုဆိုးအဝတ်များကို လဲချွတ်ထားရမယ်။ ရေဝတင့်၊ မောင်မင့် နေရာမှာပင် ခစားပေတော့။

တံခါးစောင့် ။ ။ နာခံလျက်ပါ ဘုရား။ (ဝင်စေ။)

မဏ္ဍဗျ ။ ။ မှန်လှပါ၊ ရွှေဘုန်းတော်ကြောင့်၊ ကိုယ်တော်မြတ် ယနေ့စီရင်လိုက်သော အရေးမှာ ရှင်းလင်း သေသပ်လှပါကြောင်း ဘုရား။ ဤနေရာတွင် ပူအိုက်လှပါတယ်။ ရိပ်ခင်းသာတဲ့ ဟိုနားက သစ်ပင်အောက်မှာ၊ ပြောင်းရွှေ့၍ စံနေတော်မူသင့်ကြောင်းပါ ဘုရား။

မင်း ။ ။ ကဲ ... ကဲ ... မောင်မင်းပဲ ရှေ့က သွားစမ်း။

မဏ္ဍဗျ ။ ။ မှန်လှပါ၊ ကြွတော်မူပါရော့ ဘုရား။ (သစ်ပင်ဆီသို့ သွား၍ ထိုင်ကြစေ။)

မင်း ။ ။ မဏ္ဍဗျငဲ့၊ ကိုယ်တော်မြတ် တစ်ခုမေးချင်တယ်။ လောကမှာ မြင်လျှင်မြင်ချင်း စေတနာ ရွှင်လန်းပြီး၊ နှစ်သက် အားတက်စရာ ဖြစ်လောက်အောင်၊ လှဆန်းတင့်တယ်သော ရတနာမျိုးကို မောင်မင်း မြင်ဖူးရဲ့လား။ မောင်မင်း မြင်ဖူးမယ် မထင်ပါဘူး။

မဏ္ဍဗျ ။ ။ မှန်လှပါ။ ကိုယ်တော်မြတ် ဘယ်လို မိန့်တော်မူပါသလဲ ဘုရား။ ယခု ကျွန်တော်မျိုးကြီး၏ အရှေ့မှာ တင့်တယ်စွာ စံစားတော်မူလျက် ရှိကြောင်းပါ ဘုရား။

မင်း ။ ။ အေးဟယ်၊ ကိုယ့်အရှင် ဖြစ်တော့ ထင်တာပေါ့။ ကိုယ်တော်မြတ်က၊ ကန္ဒဝရသေ့ကြီးရဲ့ သမီးရတနာ သကုဏ္ဏလကို မြင်ဖူးရဲ့လားလို့ မေးလိုတာ၊ မောင်မင်း။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍဗျ ။ ။ (မိမိဘာသာ ဆိုရမည်မှာ) အင်း၊ မီးလောင်ရာ လေပင့်လိုက်ရင်တော့၊ တကတဲ ထလောင်တော့မှာပဲ။ (သံတော်ဦးတင်ပြန်သည်မှာ) မှန်လှပါ၊ ကိုယ်တော် မိန့်တော်မူတဲ့ သကုဏ္ဏလ ကလျာမှာ၊ ကာမဂုဏ် ခလေ့နဲ့ မတွေ့လိုသော ရသေ့သမီး ဖြစ်ပါတယ်။ သူ့ကို မရှုစားချင်ပါနဲ့ ဘုရား၊ သင့်တော်မည် မထင်ပါဘူး။

မင်း ။ ။ ဟဲ့ ... အရှုး၊ မောင်မင်း ဘာနားလည်လို့လဲ။ ။ ကောင်းကင်နန်းဝယ်၊ သစ်ဆန်းစန္ဒ၊ ဘော်ငွေလအား၊ မြင်ရလေမူ၊ အဘယ်သူသည်၊ မရှုမတ၊ မချမ်းမြဘဲ၊ လွမ်းစမသစ် နေမလဲ။ ဤသို့မြချမ်း၊ စိတ်အလွမ်းအား၊ ညစ်ညမ်းကိလေ၊ မတော်ပေ၊ မလျော်ချေလို့ ဆိုမလား မောင်မင့်။ ။ မဏ္ဍဗျငဲ့၊ ငါကိုယ်တော်သည် မြတ်သော ပုရုန္တယ်ရိုးမှ ဆင်းသက်လာသော မင်းတစ်ပါး ဖြစ်သည့်အားလျော်စွာ တားမြစ်ပိတ်ပင်ထားသော ရှုပါရုံတို့၌၊ စိတ်နှလုံး ထုံတော်မမူဘူး၊ မောင်မင့်။

မဏ္ဍဗျ။ ။ သည်အတိုင်းတာဖြင့်၊ သကုဏ္ဏလ ကလျာ၏အကြောင်းကို၊ အလုံးစုံ လင်းကျင်းတော်မူမှ၊ သိရမည့် ကျွန်တော်မျိုးကြီး ဖြစ်ပါကြောင်းပါ ဘုရား။

မင်း ။ ။ မဏ္ဍဗျငဲ့၊ အလှကလျာ၊ ကုဏ္ဏလာဖြင့်၊ ဒေဝါနတ်မွေး၊ နတ်ရင်သွေးပေပဲ။ မေးလိုက်တဲ့ သူ့ကံ၊ မိခင်တစ်ပါး၊ စွန့်လွှတ်သွားလို့၊ သနားဖွယ် ကျန်ရစ်တော့၊ ဆံကျစ်တဲ့ရသေ့၊ သည်ကလျာကို၊ သူ့သာတွေ့လို့၊ ကောက်၍မွေးမြူ၊ မော်ပင်မြက်ကြား၊ ကံမတရားကြောင့်၊ စံစားတော်မူရတဲ့၊ စံပယ်ဖြူ အလှကလေးပေပဲ မောင်မင့်။

မဏ္ဍဗျ။ ။ (ရယ်မော၍) ကိုယ်တော့်နယ် ဘုရား၊ လောကပြောင်းပြန်၊ စံပယ်ကို ကာပြန်၍၊ ခံပွင့်ဆီ ခြေကန်ရုန်းနေပါပေါ့လား။ ကိုယ်တော်မြတ်မှာ၊ အလှအယဉ်၊ အလွင်အကြော့၊ အချော့အပလီ၊ နန်းကေသီတွေဟာ ရွှေနန်းပေါ်မှာ အပုံရှိလျက်သားနဲ့၊ ရသေ့သမီးကိုမှ၊ အလိုတော်နဲ့ တွေ့နေသကိုး ဘုရား။





မင်း ။ ။ ဟဲ့ ... မဏ္ဍဗျ၊ မောင်မင်းက သည်ကလျာကို မမြင်ဖူးသေးပဲကိုး။ မြင်ဖူးလျှင် မောင်မင်း သည်လို သံတော်ဦးတင်မယ် မဟုတ်ပေဘူး။

မဏ္ဍဗျ ။ ။ မှန်လှပါ။ ကိုယ်တော်မြတ်ပင်၊ သို့ကလောက် ချီးမွမ်းတော်မူလျှင်လည်း သည်ကလျာဟာဖြင့်၊ ဇကန်ငါးဖြာသော ကောင်းခြင်းလက္ခဏာနှင့် ပြည့်စုံလိမ့်မယ်လို့ အောက်မေ့ကြောင်းပါ ဘုရား။

မင်း ။ ။ ကလျာတို့ လက္ခဏာနဲ့ဖြင့် ညီပေတယ် မောင်မင့် ။ ။ မဏ္ဍဗျငဲ့၊ ဘဝထိုထို၊ မယ့်ကုသိုလ်ငယ်၊ အို ... ဘယ်နဲ့ဆန်းပါဘိ၊ တင့်လျှမ်းတဲ့ ကျက်သရေ၊ ပြေလှတဲ့ သူ့အဆင်း၊ ကြော့ရှင်းတဲ့ သူ့မူဟန်၊ မိန်းမမြတ် သည်တစ်ပါးကို၊ ဘယ်ကံများ ဖန်တယ်လို့၊ ကြံတိုင်းပဲ မောခဲ့တယ်၊ မောင်မင့်။

မဏ္ဍဗျ ။ ။ မှန်လှပါ၊ ကိုယ်တော်မြတ် မိန့်တော်မူသည့် အတိုင်းသာဖြင့်၊ သည်ကလျာမှာ အပြစ်တော်ရှင်းလွန်းလို့၊ မိန်းမချင်းပင် စကားတင်းဆိုကြမလား မပြောတတ်ပါဘူး ဘုရား။

မင်း ။ ။ ကိုယ်တော်မြတ်လည်း သည်အတိုင်းပဲ အောက်မေ့တော် မူမိတယ်၊ မောင်မင့်။ ။ အလှကလျာ၊ မင်းကုဏ္ဏဝယ်၊ ဆိုရာမဲ့ကင်း၊ လူမရောက်နိုင်၊ ရဂုံမြိုင်မှာ၊ ကြိုင်လို့သင်းတဲ့၊ ဇင်မင်းပမာ၊ သယံဇာတ၊ အသွေးလှတဲ့၊ မြရတနာငဲ့ပြင်၊ အခါနွေဦး၊ ပင်မှာမြူးတဲ့၊ အဖူးပုရစ်၊ ရသာပျံ့ရှား၊ ဝတ်ဆံဖွားတဲ့၊ ပျားရည်နှစ်သို့၊ အပြစ်ဆရမ်း၊ မယ်တစ်ဆူမှာ၊ မြူလောက်မျှ သမ်းပါဘု၊ နန်းသူများကေဆံ၊ ဥက္ကတ်ဇာနည်၊ ယောကျ်ားပီ၊ လှရည်ကို ချွန်နိုင်မှ၊ တန်မေမည်အတိ၊ သည်လိုယောကျ်ား၊ မြေတစ်လွှားမှာ၊ ရှိများမှ ရှိပါ့မလား၊ မောင်မင့်။

မဏ္ဍဗျ ။ ။ မှန်လှပါ၊ သို့ကလောက်ပင် ကြန်အင်လက္ခဏာနဲ့ ပြည့်စုံလျှင်လည်း၊ ခပ်မြန်မြန် သိမ်းမြန်း၍၊ ရွှေနန်းကို အပါခေါ်မှ သင့်တော်



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်။ တော်တော်ကြာရင် ဆံကျစ်ရသေ့တွေရဲ့ လက်ထဲသို့ ရောက်သွားလို့၊ သနားစရာ ဖြစ်နေပါ့မယ် ဘုရား။

မင်း ။ ။ သည်လောက်လည်း စိုးရိမ်ဖို့ မလိုသေးဘူး မောင်မင့်၊ သူ့မှာ ခမည်းတော် ကန္တဝဆရာရသေ့ကြီး ရှိသေးတယ်။ အခုခါမှာ ရသေ့ကြီးက သစ်မ်းဘုံကို ပြန်ကြွမလာသေးဘူး။

မဏ္ဍာဗျ ။ ။ အနို့ ... သည်ကလျာရဲ့ မူရာတော်များကလည်း ကိုယ်တော့်ဘက်ကို ပါပုံပဲလား၊ ဘုရား။

မင်း ။ ။ မဏ္ဍာဗျင့်၊ လူသူမနီးတဲ့ တောကြီးထဲမှာ၊ ရသေ့တို့လေ့နဲ့ ရှင်မွေ့ကြတဲ့ ရသေ့မကလေးများ ဖြစ်လေတော့၊ ယောကျ်ားဆိုရင်၊ အလွန်တရာမှ ရှက်တတ် ရွံ့တတ်ကြတယ်။ နို့ပေတဲ့– ကိုယ်တော်တစ်ပါး မျှော်ရှုစားက၊ မထားတတ်ရှာ၊ မျက်နှာမလှည့်၊ လွဲဖယ်လို့ငဲ့သော်လည်း၊ ယိမ်းနွဲ့နွဲ့သူ့နေကိုယ်၊ ပြုံးလို့သာချိုပါရဲ့၊ လိုတော့မယ်ခုပဲ၊ မရဲတဲ့ သူ့မူဟန်ကို၊ ဣန္ဒြေ ကာရံလို့ ထားပေတယ်၊ မောင်မင့်။

မဏ္ဍာဗျ ။ ။ ကိုယ်တော်ကလည်း ဘုရား၊ သမီးကညာဟာပဲ ဣန္ဒြေတော့ ထားရမှာပေါ့–ဘုရား။ မြင်လျှင်မြင်ချင်းပဲ ကိုယ်တော့်ရင်ခွင်မှာ ဝင်နွဲ့စေချင်လို့လား။ သည်လိုတော့ ဘယ်ဖြစ်နိုင်မှာလဲ၊ ကိုယ်တော် ...။

မင်း ။ ။ ဩော် ... ကိုယ်တော့်အပါးက၊ ခွာသွားစဉ်ကဖြင့်၊ စုံမက်တဲ့ အရိပ်လက္ခဏာတော့ ပြခဲ့ပေတယ်၊ မောင်မင့်။ ။ ကိုယ်တော်နားက၊ သွားမယ့်အခါ၊ သူပြင်ရှာတော့၊ 'ကူပါမမ၊ မယ် မထနိုင်'။ ယိုင်မလိုလို၊ ခရာပို၍၊ သည်ကိုရှုစား၊ သစ်ခက်နွယ်လဲ၊ မငြိဘဲနှင့်၊ ဆွဲလို့ထားသတဲ့၊ အသွား ကသိကရီ၊ ထဘီကို သူလှမ်း၍၊ စမ်းဟန်နှင့် ပလီခဲ့ပေတယ်၊ မောင်မင့်။

မဏ္ဍာဗျ ။ ။ ဩော်–သည်လိုဖြစ်လျှင်၊ ကိုယ်တော့်မှာ အလွမ်းနဲ့ ဆွေးဆွေးပြီး၊ တွေးစရာအပုံပဲ ရှိနေပြီပေါ့။ ဒါကြောင့်မို့– ကိုယ်တော်ဟာ သစ်မ်းဘုံကို အလွန်တရာ အရေးယူ မြတ်နိုးနေတာကိုး။





မင်း ။ ။ မဏ္ဍာဗျင့်၊ ကိုယ်တော်မြတ်၊ နောက်ထပ်တစ်ကြိမ် သွားလိုသေးတယ်။ ဘယ်လို ပရိယာယ် မာယာများ ဆင်ပြီး သွားရရင် ကောင်းမလဲ မောင်မင့်။

မဏ္ဍာဗျ ။ ။ မှန်လှပါ ... ၊ ရေမြေ့သခင် အရင့်အမာချည်းပါပဲ၊ ပရိယာယ် မာယာ ဆင်နေရဦးမှာလား ... ဘုရား။

မင်း ။ ။ ကဲ ... ကဲ ... မောင်မင်းက ဘယ်လိုအကြံကို ဆက်သမလဲ။

မဏ္ဍာဗျ ။ ။ မှန်လှပါ၊ အလွယ်ကလေးပါ။ ရသေ့တွေရဲ့ သစ်မ်းနေရာကို အခွန်ကောက်လိုက်ပါလား၊ ဘုရား။

မင်း ။ ။ ဟဲ့ ... အရူး၊ တိတ်စမ်း။ နင် ဘာနားလည်လို့လဲ။ ငါ၏ နိုင်ငံတော်မှာ ဓမ္မဝါဒီ သူတော်စင်များကြောင့်၊ ငြိမ်းချမ်းသာယာနေတဲ့ အကျိုးကျေးဇူးဟာ၊ ရတနာ ကျောက်ကောင်း၊ ထောင်သောင်းမက၊ အဖိုးထိုက်ပေတယ်။ ။ လူသာမညာ၊ ပေးဆောင်ကြတဲ့၊ ငွေစရတနာ၊ သည်ဘဏ္ဍာကား၊ မကြာပျက်လို့ ယွင်းနိုင်တယ်။ ရသေ့သူမွန်၊ သူတော်ခွန်ကား၊ နှစ်တန်ဘဝ၊ ဘုံဌာန၊ နိစ္စအကျိုး နှင်းပေတယ်၊ မောင်မင်း။

ကားတွင်းမှအသံ ။ ။ အလို ... ၊ ဒီနေရာမှာ စံစားတော်မူနေပါကလား။

မင်း ။ ။ (နားထောင်လျက်) မဏ္ဍာဗျင့်၊ နားထောင်စမ်း။ အသံကဖြင့် ခံ့ညားတည်ကြည်တဲ့ အသံပဲ။ ရသေ့များ ကြွလာကြထင်ရဲ့။

တံခါးစောင့် ။ ။ (ထွက်လာ၍ မင်းအနီး၌ ခစားလျက်) မှန်လှပါ၊ ရသေ့ပျို နှစ်ပါး၊ အရှင့်တံခါးဝမှာ ရပ်လာကြောင်းပါ ဘုရား။

မင်း ။ ။ အဆီးအတားမရှိ၊ ရှေ့တော်သို့ ကြွလာစေ၊ တံခါးမှူး။

တံခါးစောင့် ။ ။ ဗျာဒိတ်တော်မြတ် အတိုင်းပါဘုရား။

(ဝင်သွား၍ တစ်ဖန် ရသေ့ပျိုများနှင့် ထွက်လာစေ။) ကြွတော်မူပါ ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ပျိုနှစ်ပါး ॥ ॥ (မင်းမြတ်ကို လှမ်းလှမ်းမှ ကြည့်လျက်) အင်း ... ရုပ်လက္ခဏာတော်ကဖြင့် ရာဇဂုဏ်နှင့်တကွ ခံ့ညားလျက် နေသော်လည်း၊ ရိုးသေလေးမြတ်၊ အားထားအပ်သော ဂုဏ်နဲ့လည်း ပြည့်စုံပေတယ်။ ဤရုပ်လက္ခဏာမျိုးဟာဖြင့် ငါတို့ ရသေ့သူမွန်များမှာသာ ရှိကြသည် မဟုတ်။ လောကီဓလေ့နှင့်၊ မွေ့လျော်၍ နေကြသော်လည်း အကျင့်တရားနဲ့ ပြည့်စုံကြသော ဘုရင်မင်းမြတ်များမှာလည်း၊ အထင်အရှား အရှိကြသားပါပဲလား၊ သီတင်းတော်။ ॥ ဤမင်းမြတ်ဝယ်၊ ရတနာခြယ်၍၊ စံပယ်ပျော်မြန်း၊ သူ့ရွှေနန်းလည်း၊ သခ်မ်းဘုံသာ၊ တို့ဝိဟာနှင့်၊ မကွာမပြား၊ မခြားနား၊ အလားသဏ္ဍာန် တူပေတယ်။ သစ္စာဓမ္မ၊ ရဲသူရနှင့်၊ ပြည့်ဝကြိုင်သင်း၊ အုပ်ချုပ်ခြင်းလည်း၊ ရှင်းရှင်းအကျင့်၊ ဆိုနိုင်ပေသင့်ပါငဲ့။ သည်မင့်လက်ရုံး၊ သည်မင့်ဘုန်းကား၊ ထက်ဆုံးနိမ္မာ၊ ဝတီသာက၊ ဣန္ဒာသိကြားနတ်အများသော်မှ 'တရားမြတ်ရှင် ပြည်ကြီးရှင်' ဟု၊ မူတင်ဖော်ညွှန်း၊ မင်္ဂလာ မိန့်ခွန်းဖြင့်၊ ချီးမွမ်းလှပေတယ်။ သီတင်းတော်ဗျား။

ဒုတိယရသေ့ ॥ ॥ ဤ ဒုသျန္တမင်းကြီးမှာ ဝတီသာက သိကြားမင်း၏ အဆွေတော်ပဲ မဟုတ်လား သီတင်းတော်ရဲ့။

ပထမရသေ့ ॥ ॥ ဟုတ်ပေတယ်၊ သီတင်းတော်။

ဒုတိယရသေ့ ॥ ॥ ဩော် ... ဒါကြောင့်ပဲ ထင်ရဲ့။ ॥

လေးကြိုးစတြာ၊ သည်ရာဇာ၊ သမ္မာကျော်ဟိုး၊ ပုရုတစ်ဝှမ်း၊ အောင်စည်ရွှမ်းလို့မို့၊ လေးကျွန်းပင် စိုးခဲ့၍၊ မိုးမြင့်ကသိကြား၊ ရန်အသူရာ၊ တစ်ဗျူဟာ၊ ကူလာပါ သူ့စကားကြောင့်၊ ဝတီဖျားဘုံတစ်ခွင်ဝယ်၊ လေးစတြာ ရန်နှင်နဲ့၊ အောင်ပွဲကြီး ယင်ခဲ့ဖူးတယ် မဟုတ်လား၊ သီတင်းတော်ရဲ့။

ပထမရသေ့ ॥ ॥ ဟုတ်ကဲ့ဗျား။ သို့ကလောက်ပင် ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ မင်းပါပေပဲ။ ကဲ ကဲ၊ အနီးကို ချဉ်းကြဦးစို့။

ရသေ့ပျိုနှစ်ပါး ॥ ॥ (အပါးသို့ ချဉ်းကပ်၍) အောင်ပွဲသခင် ဒကာတော် ရေမြေ့ရှင်ဗျား။





မင်း ॥ ॥ (နေရာတော်မှ ဆင်းသက်၍) ဆရာတော် ရသေ့ကလေးများအား ကန်တော့ ဖူးမြော်လျက် နေပါသည် ဘုရား။

ရသေ့နှစ်ပါး ॥ ॥ ကောင်းလှပါပြီ။ ရေမြေ့ရှင်မှာ ဘုန်းသမ္ဘာတော် တိုးတက်၍ အသက်ရှည်ပါစေကြောင်း၊ ကျွန်ုပ်တို့က ဆုပတ္တနာ တောင်းလျက်၊ ဤမွန်မြတ်သော သစ်သီးများကို ဆက်လှမ်းလိုက်ပါသည် ဒကာတော်။ (ဆို၍ သစ်သီးများကို ပေးစေ။)

မင်း ॥ ॥ (ရိုသေစွာ လှမ်းယူစေ။) ဝမ်းမြောက်လှပါတယ်။ ဆရာတော်ကလေးများ၏ ဆန္ဒတော်ကိုလည်း မိန့်မြွက်တော်မူကြပါ ဘုရား။

ရသေ့ပျိုနှစ်ပါး ॥ ॥ တခြားခြင်းရာဖြင့် မဟုတ်ပါ။ ဒကာတော် ရေမြေ့ရှင်မှာ သခ်မ်းဘုံအနီး၌ စံစားလျက်နေသည်ကို သိကြသဖြင့် ကျွန်ုပ်တို့ ရသေ့အပေါင်းက မေတ္တာရပ်ခံလိုပါသည်။

မင်း ॥ ॥ မှန်လှပါ၊ မေတ္တာရပ်ခံဖို့ မလိုပါ။ အာဏာနှင့်ပင် ခိုင်းစေတော်မူနိုင်ကြောင်းပါ ဘုရား။

ရသေ့ပျိုနှစ်ပါး ॥ ॥ ဒီလိုပါ ဒကာတော်။ ယခုအခါ ကျွန်ုပ်တို့၏ သခ်မ်းဘုံမှာ ဆရာတော် ကဏ္ဍဝရသေ့ကြီး မရှိခိုက်တွင်၊ နတ်မိစ္ဆာများ ဝင်ရောက် နှောင့်ယှက်နေကြသဖြင့်၊ ဒကာတော်ကပင် သခ်မ်းဘုံအနီးမှာ ရက်အနည်းငယ်မျှ စံစား၍ စောင့်ရှောက် ကာကွယ်စေလိုကြောင်းပါ၊ ဒကာတော်။

မင်း ॥ ॥ မှန်လှပါ။ ရသေ့သူတော်တို့က ခိုင်းစေတော်မူသဖြင့်၊ ဝမ်းသာအားရ ဖြစ်ရပါသည်၊ စိုးရိမ်တော်မူကြပါနဲ့ ဘုရား။

မဏ္ဍဗျ ॥ ॥ ရွှေဘုန်းတော်ကြောင့် ကိုယ်တော်ရှင်မြတ်မှာ ရေကြည်တော်ကို ငုံလင့်ဆဲ ဖြစ်ပါသဖြင့်၊ အဆင်သင့် ရေတွင်းသို့ သက်ဆင်းတော်မူပါမည့်အကြောင်း ရွှေဖဝါးတော်အောက် ရှိခိုးသံတော်ဦး တင်ဝံ့ကြောင်းပါ ဘုရား။ (မင်းလည်း ပြုံးတော်မူစေ။)

မင်း ॥ ॥ ရေဝတင့်။ လေးစကြာနှင့်တကွ ရထားတော်ကိုပါ ငါ၏ရှေ့တော်သို့ သွင်းခဲ့ရန်၊ ရထားမှူးကို ဆင့်လိုက်ရမယ်၊ မောင်မင့်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးစောင့် ။ ။ ဗျာဒိတ်တော်မြတ် အတိုင်းပါ ဘုရား။ (ဝင်စေ။)

ရသေ့ပျိုနှစ်ပါး ။ ။ လူတို့ ဥက္ကဋ္ဌ၊ အို–မင်းမြတ်ငဲ့၊ မန္တတ်တစ်ပါး၊ မင်းတရားကား၊ ဘိုးဘွားစဉ်လာ၊ ဆင်းသက်ကာဖြင့်၊ မဟာနွယ်မြစ်၊ ဧကရာဇ်၊ အစစ်ဧကန် မှန်ပေတယ်။ ရန်ဟူသမျှ၊ ချိုးနှိမ်ချ၍၊ အမျှာတကာ၊ ပြည်သူမှာလည်း၊ ကိုးရာတစ်ဆူ ဖြစ်ပေတယ်၊ ဒကာတော်။

မင်း ။ ။ မှန်လှပါ၊ ဆရာတော်ကလေးများသာ ကြွလာတော်မူနှင့်ကြပါ။ တပည့်တော် ချက်ချင်းပင် လိုက်ခဲ့ပါမည် ဘုရား။

ရသေ့ပျိုနှစ်ပါး ။ ။ ကောင်းလှပါပြီ။ ဒကာတော် ရေမြေ့ရှင်မှာ ဘုန်းသမ္ဘာတိုးတက်၍၊ သက်တော်ရှည်စေကြောင်း၊ ကောင်းမြတ်သော ဆုတောင်းဖြင့် သွားပါတော့မယ်၊ ဒကာတော်။ (ဝင်ကြစေ။)

မင်း ။ ။ မဏ္ဍာဗျငဲ့၊ ကိုယ်တော်မြတ် မိန့်ခဲ့တဲ့ သကုန္တလာ ကလျာကို မောင်မင်း မဖူးမြော်ချင်ဘူးလား။

မဏ္ဍာဗျ ။ ။ မှန်လှပါ။ ဖူးမြော်ချင်တာကဖြင့် အင်မတန်ပါပဲ ဘုရား။ နို့ပေတဲ့ ဟို နတ်မိစ္ဆာ မကောင်းဆိုးဝါးတွေကိုတော့ ကျွန်တော်မျိုး ကြောက်တယ်ဖျာ့။

မင်း ။ ။ အောင်မယ်၊ ငါကိုယ်တော်မြတ် တစ်ပါးလုံးပင် ပါနေသေးတာပဲ။ ဘာကြောက်စရာ ရှိသတုံး၊ မောင်မင့်။

မဏ္ဍာဗျ ။ ။ ရွှေဘုန်းတော်ကြောင့်၊ သည်အတိုင်းသာဖြင့်၊ ရထားနောက်မြီးက၊ ခိုစီး၍ လိုက်ခဲ့ပါမည် ဘုရား။

[ ထိုအခိုက်တွင် တံခါးစောင့် ထွက်လာစေ။]

တံခါးစောင့် ။ ။ ရွှေဘုန်းတော်ကြောင့်၊ ရထားတော်မှာ အပါးသို့ ဦးခိုက်လာပါသဖြင့်၊ ခြေတော်တင်ရန် အရန်သင့် ရှိကြောင်းပါ ဘုရား။ သို့ရာတွင် အရှင့် မယ်တော်ထံမှ စေတမန် ကရဗက ဆိုက်ရောက်လျက် နေကြောင်းပါ ဘုရား။

မင်း ။ ။ အလို ... မယ်မယ်ဘုရား ထံကလား။





တံခါးစောင့် ။ ။ မှန်လှပါ ဘုရား။

မင်း ။ ။ ရှေ့တော်သို့ အမြန်ဝင်ပါစေ၊ တံခါးမှူး။

တံခါးစောင့် ။ ။ (ဝင်သွားစေ။ တစ်ဖန် ကရဗကနှင့် ပြန်ထွက်လာစေ။) ကိုယ်တော်မြတ် စံနေတော်မူပါတယ်။ အပါးတိုး၍ ခစားဗျား။

ကရဗက ။ ။ အောင်ပွဲရှင် ဘုရား။ ကျွန်တော်မျိုးမှာ အရှင့် မယ်တော်၏ အမိန့်တော်နှင့် ရွှေဖဝါးတော်အောက်သို့ ရောက်လာရကြောင်းပါ ဘုရား။

မင်း ။ ။ ဘယ်လို အမိန့်တော်များလဲ၊ မောင်မင့်။

ကရဗက ။ ။ မှန်လှပါ။ အရှင့် မယ်တော်ဘုရားမှာ ယနေ့မှစ၍ လေးရက်မြောက်သောနေ့တွင် ဥပုသ်ဆောင်မှ ထွက်တော်မူမည် ဖြစ်ပါသောကြောင့် အရှင့်အား အပါးမှာ ခစားရန်အကြောင်း ရှိခိုး သံတော်ဦး တင်ဝံ့ပါသည် ဘုရား။

မင်း ။ ။ မဏ္ဍာဗျငဲ့၊ ခုမှ အခက်ကြုံတော့တာပဲ။ ရသေ့တို့ကို နှောင့်ယှက်နေတဲ့ နတ်မိစ္ဆာများကို သုတ်သင်ဖို့က တစ်ဖက်၊ မယ်မယ်ဘုရားရဲ့ အမိန့်တော်က တစ်ဖက်နဲ့၊ ကိုင်း ... ဘယ်လိုကြံရမတုံး၊ မောင်မင့်။

မဏ္ဍာဗျ ။ ။ (ရယ်မောလျက်) မှန်လှပါ၊ ယုန်ကလေးလို နှာစေးနေလိုက်တာပေါ့ ဘုရား။

မင်း ။ ။ ခက်တော့တာပဲ၊ မောင်မင့်။ အစဉ်းစားရ ကြပ်လိုက်ပါဘိ။ ။ သြော် တာဝန်နှစ်ခု၊ သည်နှစ်မှုဖြင့်၊ ယခုကြုံလာ၊ ဘယ်ကိုရှေ့ထား၊ ဘယ်နောက်ထား၍၊ ဘယ်တရား သာပါလိမ့်၊ စီးလာတဲ့ ရေအလျဉ်၊ ကျောက်ဆောင်ထက် မျက်နှာပြင်မှာ၊ ရိုက်စဉ်၍ ပျက်သလို၊ သာကတော် ပိုလိုက်ပါဘိတော့၊ မောင်မင့်။ မဏ္ဍာဗျငဲ့။

မဏ္ဍာဗျ ။ ။ ဘုရား။

မင်း ။ ။ မယ်မယ်ဘုရားကဖြင့်၊ မောင်မင့်ကို သားတော်တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ မှတ်ယူ မြတ်နိုးတော်မူပေတယ်။ မောင်မင်းပဲ ပြည်တော်ကို ပြန်သွား၍ ကိုယ်တော်မြတ်၏ ကတိထားခဲ့သော အမှုသွားကို မယ်မယ်အား သံတော်ဦးတင်ပြီး သကာလ၊ မောင်မင့်ပဲ ကိုယ်တော်မြတ်ကိုယ်စား မယ်မယ့် အပါးမှာ ခစားဆောင်ရွက်ရမယ်၊ မောင်မင့်။

မဏ္ဍာဗျ ။ ။ သည်လိုဖြင့်ရင်၊ အခု ကျွန်တော်မျိုး၊ ကိုယ်တော်နဲ့ အတူ၊ နတ်မိစ္ဆာ ရန်ပွဲကို မလိုက်တာဟာ၊ ကြောက်လို့ မဟုတ်ဘူးနော်။

မင်း ။ ။ (ပြုံးလျက်) အေးပါဟယ်။ မဏ္ဍာဗျဟာ သူရဲဘောနည်းတဲ့ ပုဂ္ဂိုလ်ား မဟုတ်မှန်း ငါ သိတယ်။

[ မောင်သိန်းဟန် (ဝိဇ္ဇာဘွဲ့ရ) ဘာသာပြန်သည်။ ]

[ ဂန္ထလောက၊ အမှတ် ၁၁၃ မှ ၁၁၆၊ ၁၁၈၊ ၁၂၁၊ ၁၂၄။
ဇွန်၊ စက်တင်ဘာ၊ နိုဝင်ဘာ၊ ဖေဖော်ဝါရီ၊ မေ။ ၁၉၃၄–၁၉၃၅ ]

မဲဇာတောင်ခြေရေဘု
သရုပ်ဖော် ပြဇာတ်

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်ဆောင်သူများ

လက်ဝဲသုန္ဒရ

မိရွှဲ = လက်ဝဲသုန္ဒရ၏ အိမ်သူ

အောင်တင် = အမြင့်မင်းသား အိမ်တော်မှ လူပျိုတော်

မိမိတ် = နန်းတွင်းအပျိုတော်

နန်းမြို့တော် အစောက်ဝန်

အစောက်ရုံး သွေးသောက်ကြီး

အစောက်ရုံး ကင်းအမှုထမ်း (၄ ဦး)

ဆင်ဖြူရှင်မင်းတရား

မင်းတရား၏ နန်းမတော် မိဖုရား

မင်းတရား၏ မယ်တော်

မယ်တော်၏ အပျိုတော် (၃ ဦး)

မိဥ = မိရွှဲ၏ အိမ်ဖော်

ဖိုးဆင် = သစ်ဖောင်ဦးစီး

ဖိုးလုံး = ဖိုးဆင်၏ ဖခင်

မင်းချင်း (၅ ဦး)



## အောင်တင် နှင့် မိမိတ်တို့ တွေ့ကြခန်း

နေရာ ။ ။ ရတနာသိယံ ရွှေဘို နန်းမြို့တော် သစ်တပ်အနီး။

အချိန် ။ ။ ညနေစောင်း။

**ဆိုင်းက ရှတ်တီးစေ ။** ။ [မိမိတ် ထွက်လာစေ။ ဇာတ်ခုံအနောက်ပိုင်းရှိ သစ်တပ်သို့ ရောက်စေ။ ထိုင်စောင့်စေ။ တစ်အောင့်ကြာသော် အောင်တင် ထွက်စေ။ မိမိတ်ဆီသို့ ရောက်လာစေ။ ခြေဟန် လက်ဟန်ဖြင့် စကားပြောနေကြစေ။ တစ်အောင့်ကြာသော် အစောက်ရုံး သွေးသောက်ကြီး ဓားထမ်းလျက်၊ ကင်းအမှုထမ်းလေးဦး လှံကိုင်လျက် ဇာတ်ခုံအရှေ့ပိုင်းသို့ ထွက်လာကြစေ။]

သွေးသောက်ကြီး ။ ။ (ခပ်တိုးတိုး) ဟဲ့ ... ဟိုမှာကြည့်စမ်း၊ ဘယ်သူတွေတုံး။

ကင်းအမှုထမ်း ။ ။ (လှမ်းကြည့်) ဟိုက်... မိန်းမတစ်ယောက်နဲ့ ယောက်ျားတစ်ယောက်ပါလား။ (ထိုနောက် လက်ဟန်ခြေဟန် ပြ၍ အချင်းချင်း ခပ်တိုးတိုးပြော။)

သွေး ။ ။ (သေသေချာချာ ကြည့်စေ။) ကြည့်စမ်း... ၊ စော်စော်ကားကား၊ လာ ... မင်းတို့သုံးဦးက ဒီဘက်က လိုက်ဖမ်း၊ မင်းက ဟိုဘက်က လိုက်ဖမ်းစမ်း။

[ **ဆိုင်းက ဗိန်းမောင်းတီးစေ** ။ ။ လိုက်ဖမ်းကြစေ။ အမှုထမ်း သုံးဦးက ယောက်ျားကို လိုက်ဖမ်းရင်း ဝင်ကြစေ။ အမှုထမ်းတစ်ဦးက မိမိတ်ကို ဖမ်းမိ၍ သွေးသောက်ထံသို့ ခေါ်လာစေ။]



www.burmeseclassic.com

www.burmeseclassic.com



သွေး ။ ။ ကြည့်စမ်း။ လက်စသတ်တော့ မိမိတ်ပါလား။ မိုက်ပါဘိ မိမိတ်ရယ်။ နန်းတော်ကြီးက အပျိုတော်လည်း ဆိုရဲ့။ နန်းတွင်းစည်းကမ်းကို နင် ဖောက်ရသလား။ နင် တယ်မိုက်ပါလား။

မိမိတ်။ ။ ကြောက်ပါပြီ သွေးသောက်မင်းရဲ့။ အသက် ချမ်းသာပေးတော်မူပါ သွေးသောက်မင်းရဲ့။ ကြောက်လှပါပြီတော့၊ သွေးသောက်မင်းရဲ့။

သွေး ။ ။ သယ် ... ကြောက်လှပါပြီ ပြောရုံနဲ့ ဘယ်ပြီးမှာလဲ။ နင်နဲ့ စကားပြောတဲ့ အကောင်ဟာ ဘယ်သူလဲ။ ပြော ... အခုချက်ချင်းပြော။

မိတ် ။ ။ (ဦးသုံးကြိမ် ချလျက်) ကြောက်ပါပြီ သွေးသောက်မင်းရဲ့။

သွေး ။ ။ ဘာကြောက်ပါပြီလဲ။ နင်နဲ့ စကားပြောတဲ့ အကောင်ဟာ ဘယ်သူလဲ၊ မှန်မှန်ပြော။ မပြောရင် နင့်လည်ပင်းကို ဟောဒီဓားနဲ့ ကလီလိုက်မယ်။

မိတ် ။ ။ (ငိုလျက်) ဟီး ... ဟီး၊ ပြောပါ့မယ်တော့။ ဟီး... ဟီး။

သွေး ။ ။ ပြော... ၊ အခုပြော။ ကဲဟယ်။ (ဓားပြားနှင့် ရိုက်လိုက်စေ။)

မိတ် ။ ။ အမယ်လေး၊ အောင်တင် ပါတော့။ အောင်တင်ပါ သွေးသောက်မင်းရဲ့။

သွေး ။ ။ အောင်တင်၊ ဘယ်က အောင်တင်လဲ။ အမြင့်မင်းသားအိမ်တော်က လုပ္ပျိုတော်သား အောင်တင်လား။

မိတ် ။ ။ ဟုတ် ... ဟုတ် ဟုတ်ပါတယ်တော့။ ဟီး ... ဟီး... ဟီး။

သွေး ။ ။ ကိုင်း ကောင်းကြရောပေါ့ကွာ။ အောင်တင်ဆိုတဲ့ အကောင်ဟာ အမြင့်မင်းသား အိမ်တော်က လုပ္ပျိုတော်သားလည်း ဆိုရဲ့၊





နန်းတွင်းစည်းကမ်းကို ဖောက်ရသလား။ နင်တို့ အမှုဟာ အမှိုက်ကစပြာသာဒ် မီးလောင်တော့မှာပဲ။ အောင်တင်ကို ဖမ်းမိရင် တော်ရဲ့၊ မမိရင် လုပ္ပျိုတော်သားတွေကို ကွပ်ကဲ ဆုံးမနေရတဲ့ အကြီးတော် မင်းလက်ဝဲသုန္ဒရ အမတ်ဟာ ဒုက္ခတွေ့တော့မှာပဲ။ ဟော့ ... ကျီးညို၊ မိမိတ်ကို အနောက်ရုံး အချုပ်ခန်းကို ခေါ်သွား။ ငါလည်း အနောက်ဝန်ဆီကို ကိုယ်တိုင် သွားပြောမယ်။ (ဝင်ကြစေ။)

ကားလိပ်ချ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း॥ ॥၂

## လက်ဝဲသုန္ဒရအမတ်ကို မဲဇာသို့ ပို့ခန်း

**နေရာ** ॥ ॥ ကျောက်မြောင်းမြစ်ဆိပ်ကမ်း။

**အချိန်** ॥ ॥ မိုးသောက်ချိန်။ လက်ဝဲသုန္ဒရ၏ ဇနီး အိမ်သူမယ်ရွှေ၏ အိမ်ဖော် မိဥ ထွက်လာစေ။ လက်၌ အထုပ်ငယ်တစ်ထုပ် ပါလာစေ။ မြစ်ဆိပ်ကမ်းထိပ် ပေါ်မှာ ထိုင်စောင့်နေစေ။

ဖိုးလုံး ॥ ॥ (တစ်အောင့်ကြာသောအခါ ဘကြီးဖိုးလုံး ဆိုသူ ကပျာကယာ ထွက်လာစေ။ မိဥကို မြင်စေ။) ဟဲ့ ... ညည်း မယ်ရွှေအိမ်က မိဥ မဟုတ်လား။

မိဥ ॥ ॥ ဟောတော့် ... ဘကြီး ဖိုးလုံးပါလား။

ဖိုးလုံး॥ ॥ ညည်း ဒီမှာ ဘာလာလုပ်တာလဲ။ ညည်းတစ်ယောက်တည်းလား။

ဥ ॥ ॥ ဒွေးလေး ပါပါတယ်။ ကျောက်မြောင်းဈေးကို ခဏ ဝင်နေလို့ပါ။ ဘကြီးဖိုးလုံးလည်း ဘာလာလုပ်တာတုံးတော့်။ ထိုင်ပါဦးလေ။

လုံး ॥ ॥ (ထိုင်စေ။) စဥ့်ကူးဘက်က ငါကူးလာတာဟ။ စဥ့်ကူးကို ငါရောက်နေတာ ဆယ်ရက်လောက် ရှိပြီ။ မလည်ကို တက်မယ့် လှေကြုံကို လာစောင့်မလို့ဟ။ ငါ့သား ဖိုးဆင်က အခု မလည်မှာ ရှိတယ်။ သူက သစ်ဖောင်ဦးစီးလေ။ သုံးရက် လေးရက်အတွင်းမှာ မဲဇာသစ်တောကို သူတို့ သွားကြမယ်တဲ့။ ဒီနေ့မနက် ကျောက်မြောင်းဆိပ်ကို မလည်လှေကြုံ လာလိမ့်မယ်တဲ့။ အဲဒီ လှေကြုံနဲ့ အဘ လိုက်ခဲ့ပါတဲ့။ သူက စာရေးပြီး မှာတယ်။ ဒါကြောင့်မို့လို့ ဒီကို ငါရောက်လာတာပေါ့ဟ။ ညည်း အခု ဘယ်ကလာတာလဲ။ မန်ကျည်းတုံကလား၊ ရွှေဘိုကလား။





ဥ ॥ ॥ ရွှေဘိုက လာခဲ့တာတော့်။ မနေ့ညနေက ကျောက်မြောင်းကို ရောက်တယ်လေ။ ဒီကို ရောက်လာတာကတော့ ... ॥

လုံး ॥ ॥ (မိဥ အနီးသို့ ချဥ်းလာစေ။) နေစမ်းပါဦး။ သောင်စပ်မှာ ငါ လှေတစ်စင်း တွေ့ခဲ့တယ်။ ငါလိုက်ရမယ့် မလည် လှေကြုံမှတ်လို့ အနားကို အသွား လား ... လား၊ ဓားကိုယ်စီနဲ့ ကင်းအမှုထမ်း နှစ်ယောက်က ငါ့ကို မောင်းလွှတ်တယ်ဟ။ ဒါကြောင့် ငါ ကပျာကယာ ပြေးတက်လာရတာ။ ညည်းက ငါ့အလျင် ရောက်နေတော့ ညည်း သိမှာပေါ့။

ဥ ॥ ॥ သိတာပေါ့ ဘကြီးဖိုးလုံးရ၊ ဘကြီးဖိုးလုံးတို့ မိဥတို့ မန်ကျည်းတုံရွာသား ကိစ္စပေါ့။ အလျင်တုန်းကတော့ အမြင့်မင်းသားရဲ့ အိမ်တော်က အကြီးတော် လက်ဝဲသုန္ဒရ၊ အခုတော့ 'ငမြတ်စံတဲ့တော့်'။ ရာဇဝတ်ကောင် ဖြစ်နေပြီတော့်။ (မျက်ရည်သုတ်စေ။)

လုံး ॥ ॥ ဟယ် ... ကိုရင်ကြီး မြတ်စံ၊ မင်းမျက်သင့်တယ်၊ ဒီလိုဆို မယ်ရွှေတို့ သားအမိလည်း ဒုက္ခပေါ့။ တန်တော့၊ တန်တော့၊ ငအောင်တင်တို့၊ မိမိတ်တို့ အမှုပတ်လာလို့ ဖြစ်မှာပဲ။ မန်ကျည်းတုံမှာတုန်းက သူတို့အကြောင်းကို ငါ ကြားလိုက်ရတယ်ဟ။

ဥ ॥ ॥ ဒီအမှုကြောင့် ဘကြီးဖိုးလုံးရ။ ကိုရင်ကြီး မြတ်စံဟာ အောင်တင်ရဲ့ ဘကြီးတော် မဟုတ်လား။ ဒီတော့ အောင်တင်ကို အကြီးတော်က ဖမ်းပေးရမယ်လို့ အမိန့်ထုတ်တယ်။ ကိုရင်ကြီးမြတ်စံဟာ ကြိုးစားပြီး ရှာပါတယ် ဘကြီးဖိုးလုံးရယ်။ ဒါပေမဲ့ ရှာလို့ မရဘူးတော့်။ မမိဘူးတော့်။

လုံး ॥ ॥ အဲဒီတော့ ကိုရင်ကြီးမြတ်စံကို သတ်စေလို့ အမိန့်ချလိုက်ရောလား။

ဥ ॥ ॥ မသတ်ပါဘူးတော့်။ လက်ဝဲသုန္ဒရအမတ် အပြစ်ရတော့မယ်လို့ သတင်းထွက်လာတော့ မမရွှေလေ၊ ဘကြီးဖိုးလုံး သိမှာပေါ့။

လုံး ॥ ॥ သိတာပေါ့ဟ။ ကိုရင်ကြီးမြတ်စံရဲ့ မိန်းမပဲဟာ။ ငါ သိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဥ ။ ။ ဒီတော့ မမရွဲက မင်းတရားကလေးရဲ့ မယ်တော်ဘုရားထံ ဝင်ပြီး အသနားခံရှာတယ်။ (မျက်ရည်သုတ်စေ။) အမိန့်တော်မှတ်စဉ်က မြေတ်စံရဲ့ နဖူးမှာ စာတန်းထိုးစေတဲ့။ ဒီတော့ မယ်တော်ဘုရားက မြေတ်စံဟာ တစ်သက်လုံး လူဖြစ်ရှုံးပါလိမ့်မယ်၊ စာတန်းတော့ မထိုးပါနဲ့လို့ မယ်တော်ဘုရားက မင်းတရားကလေးကို မေတ္တာရပ်ရှာတယ်။ ဒီတော့မှ မြေတ်စံကို မဲဇာပို့စေလို့ အမိန့်ချပြီး မျက်နှာတော် လွှဲသွားသတဲ့ ဘကြီးဖိုးလုံးရဲ့။ (မျက်ရည်သုတ်စေ။)

လုံး ။ ။ ဟယ် ... ဒါက ပိုဆိုးနေပါပကော။ သူ့သားမယားနဲ့ ရှင်ကွဲ ကွဲကုန်ကြပြီပေါ့။

ဥ ။ ။ နေဦးတော့။ မယ်တော်ဘုရားက အမြော်အမြင် ကြီးပါတယ်။ ကိုရင်ကြီးမြတ်စံဟာ လက်ဝဲသုန္ဒရဘွဲ့ မရခင်ကတည်းက စာဆိုကောင်း ဖြစ်မှန်း မယ်တော်ဘုရား သိတော်မူတယ်တဲ့။ သတိလည်း ရတော်မူတယ်တဲ့။ သူ့ကြင်ဖက်တော် အလောင်းမင်းတရားကြီးရဲ့ နန်းသိမ်းပွဲမှာရော၊ သကြိန်တော် ခေါ်တဲ့ ပွဲမှာရော ကိုရင်ကြီး မြတ်စံဟာ မင်္ဂလာရတုပိုဒ်စုံတွေကို ဆက်သွင်းခဲ့ဖူးတယ်တဲ့။ ဒီရတုတွေကို မယ်တော်ဘုရားက အလွန် နှစ်ခြိုက်တော်မူခဲ့တယ်တဲ့။ ဒီတော့ မယ်တော်ဘုရားက ကိုရင်ကြီးမြတ်စံဟာ စာရေးမြဲ ရေးရမယ်တဲ့။ တစ်နေ့နေ့မှာ သူ့ စာသစ် ကဗျာသစ်ဟာ သူ့အသက်ကို ကယ်လိမ့်မယ်တဲ့။ မယ်တော်ဘုရားက ဒီလို မိန့်ရှာတယ်။ ဒါကြောင့်မို့လို့ မယ်တော်ဘုရားက ဟဲ့ ... မိရွဲ၊ မြေတ်စံရှိရာမဲဇာကို ပုရပိုက်နဲ့ ကံ့ကူဆံ ပို့ဖြစ်အောင် ပို့ဟဲ့လို့ မမရွဲကို သတိပေးတယ်။ ကိုရင်ကြီး မြတ်စံဟာ တစ်နေ့နေ့မှာ အိမ်ကို ပြန်လာခွင့်ရလိမ့်မယ်လို့ ထင်တာပဲတော့။

လုံး ။ ။ အေးဟယ်။ ညည်း ထင်တဲ့အတိုင်း ဖြစ်လာပါစေလို့ ငါလည်း ဆုတောင်းပါ့မယ်ဟယ်။

ဥ ။ ။ အခု မိဥ ဒီမှာရောက်နေတာဟာ ဒီကိစ္စကို ဆောင်ရွက်





ပေးဖို့ မမရွဲက လွှတ်လိုက်လို့ပေါ့။ ဒီအထုပ်ဟာ ပုရပိုက်နဲ့ ကံ့ကူဆံထုပ်ပေါ့။ ဒီမနက်မှာ ကိုရင်ကြီး မြတ်စံဟာ ဒီကျောက်မြောင်းဆိပ်ကို ရောက်လာလိမ့်မယ်။ အခုနက ဘကြီးဖိုးလုံး တွေ့ခဲ့တဲ့ လှေနဲ့ ကင်းအမှုထမ်းတွေဟာ ကိုရင်ကြီးမြတ်စံကို မဲဇာပို့ကြမယ့် လူတွေပဲတော့။

လုံး ။ ။ ဩော် ... ကိုရင်ကြီးမြတ်စံ ဒုက္ခ၊ ဒုက္ခ။ (ထိုအခိုက် အတွင်းမှ မောင်းသံ နှစ်ချက်မြည်စေ။ လက်ဝဲသုန္ဒရအမတ် ထွက်လာစေ။ သူ့ရှေ့က မင်းချင်းတစ်ယောက်၊ သူ့နောက်က မင်းချင်းလေးယောက် လှံကိုင်လျက် ပါလာကြစေ။) ဟော ... ဟော လာကြပဟ။ လာကြပဟ။

ဥ ။ ။ (ပုရပိုက်ထုပ်ကို ကောက်ကိုင်စေ။) မြန်မြန် ပြေးပေးမှပဲ။ (လက်ဝဲသုန္ဒရဆီသို့ ပြေးသွားစေ။ ထိုအခါ လှံကိုင်တစ်ဦးက မိဥကို လှံဖြင့်ချိန်၍ မောင်းလွှတ်စေ။ လက်ဝဲသုန္ဒရသည် အံ့အားသင့်၍ ရပ်တော့မည် ပြုရာ နောက်က လှံကိုင်နှစ်ဦးက လှံဖြင့် ချိန်လိုက်သဖြင့် လျှောက်မြဲလျှောက်သွားစေ။ ယင်းတို့ ကွယ်သွားကြသောအခါ မိဥမှာ မတ်တတ်ရပ်ကာ ငေးလျက် ကျန်ခဲ့စေ။)

လုံး ။ ။ ဟဲ့ ... မိဥ၊ လာလေ။ ပြန်လာလေ။ ဘာငေးနေတာလဲ။

ဥ ။ ။ (ပြန်လာစေ။) တစ်ခါတော့ ခက်ကြပေါ့ ဘကြီးဖိုးလုံးရဲ့။ မိဥတော့ သေလိုက်ချင်တာပဲ။ မမရွဲကို ဘယ်လိုလုပ်ပြီး ပြောရမှာလဲ ဘကြီးဖိုးလုံးရဲ့။

လုံး ။ ။ (ခေါင်းကို တစ်ချက်လောက် ကုတ်စေ။) ဟဲ့ နေဦးဟဲ့။ ချက်ချင်းဆိုသလို ငါ အကြံတစ်ခု ရလာတယ်ဟ။ မခက်ပါဘူး တူမကြီးရာ။ ပုရပိုက်နဲ့ ကံ့ကူဆံထုပ်ကို ငါ ပို့လိုက်နိုင်ပါတယ်။ မလည် လှေကြုံရောက်ရင် ငါ မလည်ကို တက်မယ်။ မဲဇာကို သွားမယ့် ငါ့သား ဖိုးဆင်နဲ့ ပါးလိုက်မယ်ဟာ။ ဒီလိုဆို ဒီအထုပ်ဟာ ကိုရင်မြတ်စံဆီ ရောက်မှာပါ။ ငါ့သား ဖိုးဆင်ကို ညည်း သိတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဥ ။ ။ ဖိုးဆင်လား။ သိတော့ သိပါတယ်။ ဒါပေမဲ့ လူကလေးကို အားကိုးလို့ ရပါ့မလား ဘကြီးဖိုးလုံးရဲ့။

လုံး ။ ။ အံမယ်။ အားကိုးလို့ ရပါတယ်ဟ။ စိတ်ချ၊ စိတ်ချ။ ငါ့သားက သစ်ဖောင်ဦးစီး လုပ်နေပေမဲ့ စာတို့ ကဗျာတို့မှာ ဝါသနာပါသဟ။ ကိုရင်ကြီးမြတ်စံဟာ သာမဏေ ဘဝတုန်းက မပေါ်ပျို့ကို ရေးခဲ့တယ် မဟုတ်လား။ ဒီ မပေါ်ပျို့ကို သူ အကုန် အလွတ်ရတယ်ဟ။ မပေါ်ပျို့ အကြောင်းသာ ပြောရမယ်ဆိုရင် ငါ့သား ဖိုးဆင်ဟာ ထမင်းမေ့၊ ဟင်းမေ့ဟ။ သူက ကိုရင်ကြီး မြတ်စံကို တွေ့ချင်နေတဲ့ အကောင်။ မဲဇာမှာ ကိုရင်ကြီး မြတ်စံကို သူ မတွေ့ရင် တွေ့အောင်ရှာမယ့် အကောင်ပဲ။ မိဥ စိတ်ချ၊ စိတ်ချ။ နေဦးဟ။ ကိုရင်ကြီး မြတ်စံဟာ မန်ကျည်းတုံ ရွှေဘုံသာကျောင်းမှာ သာမဏေဘဝနဲ့ စာသင်နေတုန်းက ငါ့သား ဖိုးဆင်က ကိုရင်ကလေးဟ။ လိင်ပြန်ပြီးကြတော့ ငါ့သားက သူ့ကို ကိုရင်ကြီးလို့ ခေါ်လေ့ရှိတယ်။ အခုတော့ သူက အကြီးတော် လက်ဝဲသုန္ဒရလို့ ဆိုတော့ ငါ့သားက သူ့ကို ဘယ်လိုခေါ်ရမှာလဲဟ။ ပြောစမ်းပါဦး။ တို့က ကျေးတောသားဆိုတော့ နားမလည်ဘူးဟ။

ဥ ။ ။ ရင်းနှီးတဲ့ လူတွေပဲတော်၊ ကိုရင်ကြီးလို့ ခေါ်ရင်လည်း ဖြစ်တာပါပဲ။ အကြီးတော်လို့ ခေါ်လည်း ရပါတယ်။

လုံး ။ ။ အေး... ။ အကြီးတော် ခေါ်လို့ ငါမှာလိုက်မယ်။နင့် ပုရပိုက်နဲ့ ကံ့ကူဆံထုပ် ပေးလိုက်။ ငါ ဖိုးဆင်နဲ့ ပါးလိုက်မယ်။ မယ်ရွှဲကိုလည်း ပြောလိုက်ပါ။ စိတ်ချနေလို့။ (အောက်ဘက် သောင်စပ်ဆီသို့ လှမ်းကြည့်စေ။) ဟော ... ဟိုမှာကြည့်စမ်း၊ မလည် လှေကြုံနဲ့ တူတယ်။ ငါ မြစ်ဆိပ်ကို ဆင်းတော့မယ်။ ညည်းလည်း ပြန်ပေရော့။ ဟဲ့ ... မိဥ၊ စိတ်ချ၊ စိတ်ချ။ (ဝင်စေ။)

ကားလိပ်ချ။

***

---

အခန်း။ ။ ၃

## မဲဇာတောင်ခြေရတုကို ရွှေဘိုသို့ ပို့ခန်း

**နေရာ** ။ ။ မဲဇာချောင်း ကမ်းပါး။
**အချိန်** ။ ။ အုံ့မှိုင်းဆဲ မွန်းတည့်အချိန်။

[ လက်ဝဲသုန္ဒရသည် သစ်တုံး တစ်တုံးပေါ်၌ ထိုင်လျက် ပုရပိုက် လွှာချင်း သုံးချပ်ကို တိုက်ဆိုင်ကြည့်လျက် နေစေ။ ထိုအခိုက် အတွင်းမှ စောင်းသံ ခပ်တိုးတိုး မြည်နေစေ။ ဖိုးဆင် ထွက်လာ၍ လက်ဝဲသုန္ဒရကို မြင်စေ။ လက်ဝဲသုန္ဒရဆီသို့ ဖြည်းဖြည်းသာသာ လျှောက်လာစေ။ ထို့နောက် လက်ဝဲသုန္ဒရ အနီး၌ ဒူးတုပ်၍ ထိုင်နေစေ။]

လက်ဝဲသုန္ဒရ ။ ။ (အနည်းငယ် ကြာမှ၊ ဖိုးဆင်ကို မြင်စေ။) ဩော်... ဖိုးဆင်လားကွယ့်၊ လူကလေး ရောက်နေပြီကိုး။

ဖိုးဆင် ။ ။ မှန်ပါ့၊ ခစားလျက် ရှိကြောင်းပါ။ ကျွန်တော် ရောက်မလာတာ နှစ်ရက်လောက် ရှိသွားလို့ စိတ်မကောင်းပါဘူး အကြီးတော်မင်း။

လက်ဝဲ ။ ။ ကိစ္စမရှိပါဘူးကွယ်၊ အကြီးတော် ဘယ်လိုမှ မအောက်မေ့ပါဘူး။ မင်းတို့တစ်တွေ သစ် အတော်ရကြပြီလား။

ဆင် ။ ။ ရကြပါပြီ။ သစ်ဖောင်လည်း ဖွဲ့ပြီးပါပြီ။ မနက်ဖြန်မှာ အကြေကို စုန်ကြပါတော့မယ်။

လက်ဝဲ ။ ။ ဩော် ... ဩော်၊ လူကလေးတို့ ပြန်ကြတော့မယ်ပေါ့။ အေး ... အေး၊ ကောင်းတယ် ကောင်းတယ်။ (ပုရပိုက်ကို ကိုင်လျက် ပေးနေပြီးမှ) အတော်ပဲကွယ့်၊ လူကလေး ယူလာတဲ့ ပုရပိုက်ကို လူကလေးနဲ့ပဲ ပါးလိုက်ချင်တယ်။ လူကလေးက မယ်ရွှဲဆီကိုတော့ သွားရောပဲ။ လူကလေး မန်ကျည်းတုံကို ရောက်ဦးမှာလား။

မြန်မာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆင် ။ ။ အချိန်ရရင် ရောက်မှာပါပဲ။

လက်ဝဲ ။ ။ စီးပွားရေးက တစ်ဖက် ဆိုတော့ အချိန်ရချင်မှ ရမယ် ဆိုပါတော့။ ဒါပေမဲ့ အချိန်ယူပြီး ရောက်အောင် သွားပေါ့။ ကိုယ့်ဖွားရာ ဇာတိဆိုတာ မမေ့စကောင်းဘူးကွယ့်။ မဲဇာမှာ အကြီးတော် ရောက်နေတာ တစ်လခွဲလောက် ရှိလာပြီ။ မန်ကျည်းတဲ့ကို သတိရလျက်ချည်းပဲကွယ့်။ အကြီးတော် ရောက်စက မဲဇာချောင် ရွှေဂူတော်ဘုရားမှာ မဲဇာရပ်သူကလေးတွေ ကဆုန်ညောင်ရေသွန်းကြတာကို မီလိုက်သေးတယ်။ လူကလေးကော မီလိုက်သေးသလား။

ဆင် ။ ။ ကျွန်တော်က ကဆုန်လပြည့်ကျော်ခါမှ ရောက်လာတဲ့ အတွက် မမီလိုက်ပါဘူး။ ဒါပေမဲ့ အလျင်တစ်ခေါက် ရောက်လာတုန်းကတော့ ရွှေဂူတော် ညောင်ရေသွန်းပွဲကို ကျွန်တော် မီခဲ့ပါတယ်။

လက်ဝဲ ။ ။ အေး ... တော်ရဲ့ တော်ရဲ့။ သူတို့ ညောင်ရေသွန်းပွဲဟာလည်း တစ်မျိုး ပျော်စရာ မကောင်းဘူးလားကွယ်။ ဒါပေမဲ့ ရွှေဘိုက ညောင်ရေသွန်းပွဲနဲ့ လွဲရလို့ အကြီးတော်မှာ ဝမ်းနည်းကြေကွဲဖြစ်လိုက်ရသေးတယ်။ အခုလို ဆီးနှင်းတွေ ကျပြီး အုံ့မှိုင်းနေတဲ့ အခါများမှာဆိုရင် အကြီးတော်ဟာ နေပြည်တော်က စေတီတော်တွေကို သတိရသကွယ့်။ ဇမ္ဗူဆီမီးတို့၊ ဂူကြီးသခင်တို့၊ ရွှေလင်းပင်တို့၊ ရွှေခြသေ့်မွေ တို့ပေါ့ကွယ်။ ရွှေမြို့တော်ကြီးနဲ့ ရွှေထီး ရွှေနန်းတွေကိုလည်း သတိရသကွယ့်။ မဲဇာမြစ်ရဲ့ သဲခင်းသာကို မြင်ရပြန်တော့လည်း တို့ အကြေအရပ်က ရောဝတီမြစ်ကြီးကို သတိရပြန်သကွယ့်။ အို ... သတိရတာတွေကတော့ မိုးမဆုံးမြေမဆုံးပါပဲ လူကလေးရယ်။

ဆင် ။ ။ ကျွန်တော် ရွှေဘိုကို ပြန်ရောက်တဲ့အခါ ဒီအကြောင်းကို ပြောပြပါ့မယ်။ အကြီးတော်ရဲ့ ဇနီး အိမ်သူထံ ကျွန်တော်ကိုယ်တိုင် သွားပြီး ပြောပါ့မယ်။

လက်ဝဲ ။ ။ သာဓု၊ သာဓု၊ သာဓု။ ကောင်းလေစွ၊ ကောင်းလေစွ။ လူကလေးရဲ့ အကြီးတော်မှာ အဲဒီလို သတိရ အောက်မေ့တဲ့ စိတ်ကလေးတွေ ခဏခဏ ပေါ်တတ်လွန်းလို့ ရတု ပိုဒ်စုံတစ်ပုဒ်ကို စပ်ဆိုခဲ့တယ်။ စိတ်ပြေလက်ပျောက် ဖြစ်အောင်ပေါ့ကွယ်။ လူကလေး ပေးထားတဲ့ ပုရပိုက်ထဲမှာ ရှိလေရဲ့။ ဟောဒီ ပုရပိုက်ပဲကွယ့်။ အကြီးတော် ပျို့ရွှယ်စဉ်က ရေးခဲ့တဲ့ မဟော်ပျို့ကို လူကလေး ကြိုက်တယ်လို့ဆိုတော့ အခုရေးတဲ့ ရတုပိုဒ်စုံကိုလည်း လူကလေး ကြိုက်မှာပါပဲ။ (ပုရပိုက်ကို ဖွင့်စေ။) ဟောဒီ အစပိုဒ်မှာ 'မဲဇာတောင်ခြေ၊ စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်' လို့ အစချီထားတယ်။ အချပိုဒ်မှာ 'ရွှေပြည်ဌာန ဝေးသော်ကြောင့်' လို့ ချထားတယ်။ ဒုတိယအပိုဒ်မှာ 'သဲသာသောင်မြေ' လို့ အစချီထားတယ်။ အချပိုဒ်မှာ 'လေပြည်လာက အေးသော်ကြောင့်' လို့ ချထားတယ်။ တတိယအပိုဒ်မှာ 'ပွဲခါညောင်ရေ' လို့ အစချီထားတယ်။ အချပိုဒ်မှာ 'နေခြည်ဖြာမှ နွေးသော်ကြောင့်' လို့ ချထားတယ်။ ဒီပုရပိုဒ်ကို လူကလေး ဆောင်ကြဉ်းသွားပါ။ ရွှေဘိုကိုရောက်ရင် မယ်ရွှဲလက် အပ်လိုက်ပေတော့။ (ပုရပိုက်ကို ပေးစေ။ ဖိုးဆင် လှမ်းယူစေ။) ကိုင်း ... အချိန် အတော်လင့်သွားပြီကွယ့်။ လူကလေးရဲ့ သစ်ခုတ်သမားတွေ၊ ဖောင်သမားတွေက လူကလေးကို မျှော်နေကြရော့မယ်။ လူကလေးရေ့ ... ပြန်ပေတော့ကွယ့်၊ ပြန်ပေတော့။

ဆင် ။ ။ ဦးသုံးကြိမ် ချ၍ ကန်တော့ခဲ့ပါတယ် အကြီးတော် မင်း။

လက်ဝဲ ။ ။ အေး ... သာဓု၊ သာဓု၊ သာဓု။ ခလုတ်မထိ ဆူးမငြိဘဲ မိဘရပ်ထံသို့ ချောချောမောမော ရောက်ကြပါစေကွယ်။

ကားလိပ်ချ။

***





www.burmeseclassic.com

www.burmeseclassic.com

—— အခန်း။ ။ ၄ ——

## လက်ဝဲသုန္ဒရ လွတ်ငြိမ်းခွင့် ရခန်း

**နေရာ** ။ ။ ရတနာသိဃ် နေပြည်တော် ဆင်ဖြူရှင်မင်းတရား၏ နံ့သာဆောင်။

**အချိန်** ။ ။ နံနက် ညီလာခံ စဲသောအချိန်။ သလွန်တစ်ခု။

[ ကားလိပ် ဖွင့်လိုက်သောအခါ မင်းတရားသည် အဆောင်ထဲတွင် ဖြည်းညင်းစွာ စကြံလျှောက်လျက် ရှိစေ။ သလွန်ခြေရင်း၌ အနောက်ဝန် ခစားလျက် ရှိစေ။]

ဆင်ဖြူရှင် ။ ။ (စကြံလျှောက်ရင်း) မယ်တော်ဘုရားဟာ ဒီ နံ့သာဆောင်ကို အင်မတန် နှစ်သက်တော်မူတယ် အနောက်ဝန်ရဲ့။ နံ့သာဆောင်မှာမှ သားတော်ကို တွေ့ချင်သတဲ့။

အနောက်ဝန် ။ ။ မှန်ပါ့၊ သင့်မြတ်လှကြောင်းပါ ဘုရား။

ဆင်ဖြူရှင် ။ ။ (မတ်တတ်ရပ်လျက်) မယ်တော်ဘုရားကို နန်းမတော်ကြီး သွားကြိုနေပြီလား။

အနောက်ဝန် ။ ။ မှန်ပါ။ ကြိုနေကြောင်းပါ။ မကြာခင် ကြွလာပါတော့မယ်။

အပျိုတော် ။ ။ (ထိုအခိုက် အပျိုတော်တစ်ဦး ထွက်လာစေ။) မယ်တော်ဘုရား ကြွလာပါပြီ ဘုရား။ နန်းမတော်ဘုရားလည်း နောက်တော်ပါးက ပါလာကြောင်းပါ ဘုရား။

ဆင်ဖြူရှင် ။ ။ ကောင်းပြီလေ၊ ငါကိုယ်တိုင် ဆီးကြိုမယ်။ (မယ်တော် ဝင်လာမည့်ဘက်ဆီသို့ မျှော်ကြည့်နေစေ။)





(မယ်တော်ဘုရား ပုရပိုက်ကို ကိုင်လျက် ဖြည်းဖြည်းသာသာ ထွက်လာစေ။ နန်းမတော်ဘုရားနှင့် အတူ အပျိုတော်သုံးဦး လိုက်လာကြစေ။ နောက်ဆုံး၌ လက်ဝဲသုန္ဒရ၏ ဇနီး အိမ်သူ မယ်ရွှဲ ပါလာစေ။ ဆင်ဖြူရှင်မင်းက လက်အုပ်ချီလျက် မယ်တော်ကို ကြိုစေ။ မယ်တော်က သားတော်၏ ပခုံးကို ကိုင်၍ ပြုံးပြစေ။ ဆင်ဖြူရှင်က မယ်တော်ကို သလွန်တော်ဆီသို့ ပင့်ခေါ်စေ။ မယ်တော် ထိုင်သောအခါ ဆင်ဖြူရှင်နှင့် နန်းမတော်တို့သည် သလွန်ခြေရင်း၌ နေရာယူ၍ ထိုင်ကြစေ။ အားလုံး ထိုင်၍ ဝပ်တွား ခစားလျက် ရှိကြစေ။)

ဆင်ဖြူရှင် ။ ။ မယ်မယ်ဘုရား ကျန်းမာတာကိုတော့ မျက်မြင်ဖြစ်နေပါပြီ။ စားတော်ခေါ်လို့၊ စက်တော်ခေါ်လို့ ကောင်းပါရဲ့လား မယ်မယ်။

မယ်တော် ။ ။ အေး ... သားတော်၊ သမီးတော်တို့ ပို့သသော မေတ္တာကြောင့် ကောင်းပါသကွယ့်။ အနို့ သားတော်၊ သမီးတော်တို့ကော ကောင်းကြရဲ့လား။

ဆင်ဖြူရှင် ။ ။ မယ်မယ်ရဲ့ မေတ္တာကြောင့် စားကောင်း၊ စက်ကောင်း ကြပါတယ် မယ်မယ်။

မယ်တော် ။ ။ ဝမ်းမြောက်ပါတယ်ကွယ်၊ ဝမ်းမြောက်ပါတယ်။ မယ်မယ် အခု ကြွလာတာဟာ ဘာကိစ္စမှ အထွေအထူးရှိလို့ မဟုတ်ဘူးကွယ့်။ သားတော်မောင်ဟာ ပျို့လင်္ကာ ကြိုက်တတ်မှန်း မယ်မယ်က သိလို့ စာကောင်း ကဗျာကောင်းများ ရလာရင် သားတော်မောင်ကို သတိရသကွယ့်။ ဒါကြောင့်မို့ မယ်မယ်ကိုယ်တိုင် ကြွလာခဲ့တာပဲ။ (ပုရပိုက်ကို ပြလျက်) ဟောဒီမှာ စာသစ် ကဗျာသစ် တစ်ပုဒ်ကွယ့်။ ဟောဟိုမှာ ခစားနေသူဟာ မိရွှဲကွယ့်။ မြတ်စံရဲ့ အိမ်သူ မိရွှဲလေ။ ဟောဒီ ပုရပိုက်ဟာ မယ်ဘုရားထံ မိရွှဲ ယူလာတဲ့ ပုရပိုက်ပဲ။ ကဲ ... ကဲ သားတော်မောင်တို့မှာ မင်းရေး မင်းကိစ္စတွေက များလေတော့ အချိန် သိပ်မကုန်စေချင်ဘူးကွယ့်။ သားတော်မောင် သလွန်ပေါ်ကို ကြွခဲ့ပါလေ။ မယ်မယ် ခွင့်ပြုပါတယ်။ (ဆင်ဖြူရှင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သလွန်ပေါ်သို့ ရောက်သောအခါ) ရော့ … ပုရပိုက်။ (ဆင်ဖြူရှင် လှမ်းယူစေ။) မယ်မယ့်ရှေ့မှာ ဖတ်ကြည့်စမ်းပါကွယ်။ (ဆင်ဖြူရှင်သည် သလွန်ပေါ်တွင် ပုရပိုက်ကို ဖတ်စေ။ ဇာတ်ခုံပေါ်တွင် မီးမှိန်။ ဆင်ဖြူရှင်အပေါ် မီးထိုးပြထားစေ။ စောင်းသံ ပေးစေ။ အတွင်းမှ မဲဇာတောင်ခြေ ရတုကို ဆိုပေးစေ။)

[ ၁။ မဲဇာတောင်ခြေ ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် မဲဇာချောင်းရေ တွေတွေ စီးနေပုံ။ ထိုနောက် စေတီများနှင့် ရွှေထီးရွှေနန်း ပုံတို့ကို ဆလိုက် ထိုးပြစေ။

၂။ သဲသာသောင်မြေအတွက် ဧရာဝတီမြစ်ဆိပ်ကမ်းနှင့် သဲသောင်ပုံ ဆလိုက် ထိုးပြစေ။

၃။ ပွဲခါညောင်ရေအတွက် မိန်းကလေးများ ရွှေဂူစေတီသို့ ညောင်ရေအိုး ကိုယ်စီရွက်လျက် သွားနေကြပုံ၊ ညောင်ရေသွန်းသူများက သွန်းနေကြပုံ ဆလိုက် ထိုးပြစေ။]

(ရတုဆုံးသောအခါ မီးပြန်လင်းလာစေ။ ဆင်ဖြူရှင် တစ်ခဏ ငြိမ်၍ မော့ငေး နေစေ။ စောင်းသံ မြည်နေဆဲ။)

ဆင်ဖြူရှင် ။ ။ (ထိုနောက် မယ်တော်ကို တစ်လှည့်၊ မိရွဲဆီသို့ တစ်လှည့် ကြည့်စေ။ စောင်းသံ ရပ်စေ။ ဆင်ဖြူရှင်က လက်အုပ်ချီလျက်) မယ်မယ်ဘုရား၊ သားတော်မောင် သတိရလာပါပြီ။ မယ်မယ် သတိပေးတဲ့အတွက် မယ်မယ့်ကို ကျေးဇူးတင်ပါတယ် မယ်မယ်။ နန်းမြို့တော် စည်းကမ်း သေဝပ်စေချင်သောကြောင့်သာ ဟိုတုန်း ဟိုတစ်ခါက’ အပြစ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အခုအခါမှာ စည်းကမ်း အရေးကြီးပုံကို သဘောပေါက်လောက်ကြပြီ ထင်ပါတယ်။ မြေတစ်စုံကို လွတ်ငြိမ်းချမ်းသာခွင့် ပေးပါတော့မယ် မယ်မယ်ဘုရား။

မယ်တော် ။ ။ သာဓု၊ သာဓု။ ငါ့သားတော်မောင် ဘုန်းကြီးလို့ သက်တော်ရာကျော် ရှည်ပါစေသော်။





ဆင်ဖြူရှင် ။ ။ (လက်အုပ်ချီလျက်) မယ်မယ်က ဆုပေးရင် သားတော်မောင် ရစမြဲပါပဲ မယ်မယ်။ (အနောက်ဝန်သို့) အနောက်ဝန်မင်းဗျား၊ မယ်မယ့် မျက်မှောက်မှာ အမိန့်တော် မှတ်မယ်။

အနောက်ဝန် ။ ။ မှန်ပါ။ အမိန့်ကို နာခံလျက်ပါ ဘုရား။

ဆင်ဖြူရှင် ။ ။ အနောက်ဝန်မင်း ကိုယ်တိုင် မြေတစ်စုံကို မဲဇာမှ ပြန်ခေါ်စေဗျား။

ကားလိပ်ချ။

* * *

[ ဤပြဇာတ်ကို ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ကဇာတ်ဌာနခွဲ ယဉ်ကျေးမှု လဟာပြင်ဇာတ်ရုံ၌ ၁၉၈၀ ပြည့် စာဆိုတော်နေ့ ညဦးယံအချိန် အမျိုးသားစာပေ ဆုပေးပွဲ၌ ဝန်ကြီးက ဆုရသူများအား ဆုပေးပြီးနောက် ကဇာတ်ဌာနခွဲမှ ပညာသည်များက ပထမအကြိမ် ကပြခဲ့သည်။ ]

[ စာပေလုပ်သားမဂ္ဂဇင်း၊ မတ် ၁၉၈၂ ]

BURMESE CLASSIC .com

www.burmeseclassic.com